# နှင်ဝါသမီး

မော်ဆန်တဲ့ပြတိုက်

GRAPHIC DESIGN
THEIN SHWE KYI

# နတ်သမီး

မျော်ဆန့်တွဲပြတိုက်

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုကြီးပေါက် - 09 420243327
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
နတ်သမီး
မှော်ဆန်တဲ့ပြတိုက်
ဖျူးစာပေ ၊ ၂၀၁၅။
၂၇၂ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) မှော်ဆန်တဲ့ပြတိုက်

## အခန်း (၁)

"ဘာ မာမီ ဘာပြောလိုက်တယ်"

ထိုင်ရာက ဝုန်းခနဲ ထပြီး နှင်းမရ၏ဒေါသတကြီးအမေးကြောင့် မိခင်ဒေါ်ဝေဝေမိုးနှင့် ဦးလေး ဦးအောင်မိုးတို့ ပါးစပ်အဟောင်းသားဖြင့် ကြည့်နေကြသည်။ နှင်းမရကတော့ ဒေါသကြောင့် ဘာကိုမှမမြင်နိုင်ဘဲ မိခင်ဖြစ်သူကိုသာ မှုန်တင်းသောမျက်နှာနှင့်ကြည့်ပြီး

"မာမီ ပြောစမ်းပါ ပြန်ပြောစမ်းပါ"

"သား မရ ပြန်ထိုင်စမ်း"

နှင်းမရ ပခုံးလေးကို ခပ်ကြမ်းကြမ်းဖိနှိပ်ပြီး ဦးအောင်မိုး ပြန်ထိုင်ခိုင်းပေမယ့် မရပါ။ ဖွတ်ပင်ပေရပ်ပြီး မိခင်ဖြစ်သူကိုသာ မျက်ထောင့်နီကြီးနှင့် စိုက်ကြည့်နေသည်။

ဒေါ်ဝေဝေမိုး သားဖြစ်သူနှင့် မျက်လုံးချင်းဆုံမကြည့်ရဲဘဲ ခေါင်းကြီးငုံ့ထားသည်။

"သား လေးလေးပြောနေတယ်နော်၊ မအေကို ဘယ်လိုပုံစံနဲ့

ကြည့်နေတာလဲ"

နှိုင်းမရ ဒေါသတွေက ဦးလေးဖြစ်သူ ဦးအောင်မိုးဆီသို့ ရောက်သွားသည်။

"သားမေးတာကိုဖြေလေ၊ ဦးသန့်စင်ကို မာမီလက်ထပ်မယ် ဟုတ်လား"

ဒေါသကြောင့် နီရဲနေသောမျက်နှာ မျက်ရည်တွေပြည့်လျှံနေသော မျက်ဝန်းတွေကိုကြည့်ပြီး ဦးအောင်မိုးရင်ထဲ နင့်နေအောင် ခံစားသွားရသည်။ မျှော်လင့်ချက်အပြည့်နှင့်ကြည့်နေသော တူလေးအား ဘယ်လိုအားပေးနှစ်သိမ့်ရမှန်းမသိ။ အစ်မဖြစ်သူကိုကြည့်တော့လည်း ငိုတော့မည့်အနေအထားမှာ။ ဦးအောင်မိုး ဘာလုပ်ရမှန်းမသိ။

"ခဏလောက်ထိုင်ပါဦး သားရယ်၊ လေးလေး တောင်းပန်ပါတယ်"

မေးတာကို လေးလေးမဖြေသေးဘဲ ဒေါသတွေအလွန်အမင်းထွက်နေသော သူ့ကိုသာ အတင်းထိုင်ခိုင်းနေသည်။ မာမီကတော့ ပျက်ယွင်းနေသော မျက်နှာနှင့်ငြိမ်ငြိမ်လေး ထိုင်နေသည်။ သူ့မျက်နှာကို လည်း လုံးဝ မကြည့်။

"မာမီ"

ကျယ်လွန်းသော သူ့အသံကြောင့် မာမီ ဆတ်ခနဲတုန်သွားပြီး မရဲတရဲအကြည့်လေးနှင့် ပြန်ကြည့်နေသည်။ မာမီ့အကြည့်တွေက တောင်းပန်တိုးလျှိုးအကြည့်တွေနှင့် ဟုတ်တယ်ဟု ပြောနေသည်။ ဒီလောက်သေချာနေတာတောင် မဟုတ်ပါစေနဲ့ဟုပဲ သူ ဆုတောင်းနေမိသည်။

"မာမီ သား မေးတာဖြေလေ"

နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေပေမယ့် မာမီ့ဆီက ဘာသံမှ





ကမလာ။

"ဟုတ်တယ် သား၊ အစ်ကိုသန့်နဲ့မမ လက်ထပ်တော့မှာ"

မာမီ့ကိုယ်စား လေးလေး ခပ်တင်းတင်းမျက်နှာနှင့်ဖြေတော့ မာမီ ညာခနဲ သူ့ကိုအကြည့်

"ဟာဗျာ"

"ဂွမ်း"

ညှော်ခန်းဗီရိုပေါ်တင်ထားသော အလှထားဖန်အိုးလေးက နှိုင်းမရ၏ ဒေါသအောက်မှာ အစိတ်စိတ်အမွှာမွှာ။

"သား သားလေး"

မာမီ ဝုန်းခနဲ ထလာပြီး သူ့ကိုအတင်းဖက်တော့

"မထိနဲ့"

သူ အတင်းဆောင့်ရုန်းလိုက်သည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ သား"

နောက်ပြန်လဲကျတော့မည့် ဒေါ်ဝေဝေမိုးကို ဦးအောင်မိုး ဖမ်းဆိန်းပြီး နှိုင်းမရအား ဒေါသတကြီးလှမ်းမေးလိုက်သည်။ နှိုင်းမရ အသက်ကို ခပ်ပြင်းပြင်းရှူပြီး ဘာတစ်ခွန်းမှ ပြန်မပြော။

"မင်းသိပ်ရိုင်းတယ် သား"

လေးလေး စွပ်စွဲတာကို သူ မနာပါ။ ဒီထက်နာစရာက သူ့ရင်ထဲမှာရှိနေပြီးသား။ မာမီကတော့ တရှုံ့ရှုံ့ငိုနေသည်။

"သားရိုင်းတယ် ဟုတ်လား လေးလေး၊ ဟုတ်တယ် သားက အရိုင်းအစိုင်းကောင်၊ မိဘကိုမိဘမှန်းမသိတဲ့ကောင်"

"သား/ သားလေး"

"သား မရ"

သူ့ပါးစပ်က မရပ်မနားပြောသလို အိမ်ထဲကနေ ကမူးရှူးထိုး ပြေးထွက်လာတော့ မာမီနှင့်လေးလေး အော်ဟစ်ပြီး နောက်ကပြေးလိုက်လာသည်။ သော့ခတ်ထားသော ခြံတံခါးပေါ်ဖက်တက်တော့ လေးလေး အတင်းဆွဲချပြီး သူ့တစ်ကိုယ်လုံးကို သိုင်းဖက်ထားသည်။ သူအတင်းရုန်းကန်ပြီး

"လွှတ် လေးလေး၊ သားကိုလွှတ်"

"သား စိတ်ကိုထိန်းစမ်း"

"သားလေး မာမီ တောင်းပန်ပါတယ် သားရယ်"

ဒေါသကြောင့် အတင်းရုန်းနေသော သူ့ကိုလေးလေး လွှတ်မပေးသည့်အပြင် ပိုပြီးတင်းကြပ်စွာ ဖက်ထား၏။ မာမီကတော့ သူ့ကို တတွတ်တွတ် တောင်းပန်ပြီးချုံးပွဲချငိုပါတော့သည်။

"ဟဲ့ မိချို့နဲ့အပု ဒီမှာ မမကိုလာခေါ်စမ်း"

သူ့ကိုအတင်းချုပ်ထားရင်းမှ အိမ်ပေါက်ဝမှာ ပြူတစ်ပြူတစ်လုပ်နေသော မိချိုနှင့်အပုကို လေးလေးအော်တော့ နှစ်ယောက်သား အပြေးအလွှားရောက်လာကြသည်။ မာမီ့ကိုနှစ်ယောက်သား တစ်ဖက်တစ်ချက်ဆီတွဲပြီး ထိန်းထားသည်။

"ခေါ်သွားလေ မမ သွားနားလိုက်တော့"

"လာ မေမေကြီး"

လေးလေး ထပ်အမိန့်ပေးမှ အပုတို့နှစ်ယောက် မာမီ့ကိုချော့မော့ခေါ်သွား၏။ သားဖြစ်သူကို စိတ်မချစွာ မာမီလှည့်ကြည့်လှည့်ကြည့် ဖြင့်ပါသွားသည်။

"လာပါ သားရယ် လေးလေးစကားကိုနားထောင်ပါ"

ဖွတ်ပင် သူ ရုန်းကန်နေပေမယ့် လေးလေးကလည်း ဖွဲမလျှော့။





"သားမာမီနဲ့လေးလေးကိုချစ်တယ်ဆို"

"ချစ်တယ် မာမီ့ကိုရော လေးလေးကိုရော သိပ်ချစ်တယ်၊ မာမီနဲ့ လေးလေးက သားရဲ့ဘဝပဲ၊ မာမီနဲ့လေးလေးကသာ သားကိုမချစ်တာ"

"ဘာဖြစ်လို့မချစ်ရမှာလဲ၊ ဒီသားလေးတစ်ယောက်ပဲရှိတာ မာမီရော လေးလေးရော တုန်နေအောင်ချစ်တာပေါ့"

"ချစ်ရင် ဘာဖြစ်လို့ နောက်ယောကျ်ားယူရတာလဲ၊ လေးလေး ကရော သဘောတူတာပဲလား"

"သားရယ်"

"ဘာဖြစ်လဲ ဆက်ပြောလေ"

"သားမသိသေးတာတွေ အများကြီးရှိတယ်"

လေးလေးစကားကို သူ လက်မခံနိုင်ပါ။

"လေးလေး"

လေးလေးက လေးတွဲစွာ သူ့ကိုကြည့်သည်။

"သားအခု ဆယ်တန်းအောင်လို့ ကျောင်းပြီးရင် သားဦးစီးပြီး မာမီနဲ့လေးလေးကို ရှာကျွေးမှာ၊ ခဏခဏလည်း ပြောခဲ့ပြီးပါပြီ၊ လေးလေး တစ်ယောက်လုံးလည်း အနားမှာ မားမားမတ်မတ် ရှိနေတယ်၊ ဒါကို မာမီက တခြားတစိမ်းတစ်ယောက်ကို လက်ထပ်ချင်ရတာ ဘာ ကြောင့်လဲ၊ စီးပွားရေးမပြေလည်လို့ အားကိုးအားထားရှာရအောင်လည်း သားတို့ဒီလောက် ချမ်းသာနေတာ လိုသေးလို့လား၊ ပြော လေးလေး ဒီအရွယ်ကြီးကျမှ မာမီ လက်ထပ်ချင်တာ ဘာကြောင့်လဲ"

"သားရယ် ဖခင်မဲ့တဲ့ သားအတွက်လည်းပါပါတယ်"

"မလိုဘူးလေ၊ သားဘဝမှာဖခင်မရှိလည်း မာမီနဲ့လေးလေးရဲ့ မေတ္တာနဲ့တင် ပြည့်စုံလုံခြုံပြီးသား"

"အစ်ကိုသန့်ကလည်း သားကို သားအရင်းတစ်ယောက်လို လေးလေးတို့ထက်မလျော့တဲ့မေတ္တာနဲ့ ချစ်တဲ့သူပါ၊ ဖခင်မေတ္တာပါထပ်ရလာမယ့် သားရဲ့ဘဝလေးက ပိုပြီးပြည့်စုံမသွားဘူးလား"

"မပြည့်စုံဘူး၊ ပထွေးက ပထွေးပဲ လေးလေး၊ သူ့ဟာသူ ဘယ်လိုမေတ္တာတွေပဲ ပေးပေး သားလက်မခံဘူး"

လေးလေးဆွဲဆွဲငင်ငင် သက်ပြင်းချတာကို လုံးဝဥပေက္ခာ ပြုလိုက်သည်။ လေးလေးက ချက်ချင်းပင် မျက်နှာကိုပြင်လိုက်ပြီး

"ကဲပါ လေးလေးအခန်းကိုသွားရအောင်၊ ပြီးရင် သားပြောချင်တာတွေပြော၊ လေးလေး နားထောင်ပေးမယ်"

လေးလေးအတင်းပင် အခန်းထဲ တွဲခေါ်လာခဲ့သည်။ လေးလေးအခန်းထဲရောက်တော့ လေးလေးက အိပ်ရာပေါ်ပစ်လှဲချလိုက်သည်။

အသားကုန်ပေါက်ကွဲခဲ့သည့်အတွက် မောသွားသော သူ့ကို လေးလေးကြည့်ပြီး

"သားက အရမ်းနူးညံ့သူလေးပါ၊ အခုလို သောင်းကျန်းပစ်လိုက်တာကို လေးလေး မယုံနိုင်ဖြစ်နေတယ်"

"လေးလေးက ပြောရက်တယ်နော်"

ငိုသံပါကြီးနှင့် သူပြောတော့ လေးလေး နားမလည်သလို ကြည့်သည်။

"ဘယ်သားသမီးက မိဘနောက်အိမ်ထောင်ပြုတာကို ကြည်ဖြူမလဲ၊ လေးလေးဆိုရင်ရော ဘယ်လိုခံစားရမလဲ၊ မသိတတ်သေးခင်ကဆိုထားပါ၊ တစ်သက်လုံးနေလာပြီးတော့မှဗျာ"

မချိတင်ကဲ သူ့အပြောကို လေးလေး စိတ်မကောင်းသည့် အကြည့်နှင့်ကြည့်သည်။





"လေးလေးသာ အိမ်ထောင်ပြုမယ်ဆိုရင် သား သဘောတူတယ်၊ နေပါဦး လေးလေးကရော မာမီနောက်အိမ်ထောင်ပြုမှာကို မတားတဲ့အပြင် သဘောတူတဲ့ပုံပဲ၊ လေးလေးက သဘောမတူရင် မာမီ ရပ်တန်းက ရပ်မှာ"

"အစ်ကိုသန့်က ခါးခါးသီးသီး ဖြစ်စရာလူမှ မဟုတ်တာ သားရယ်"

"ဟာ ဒါပေမဲ့ မဖြစ်သင့်ဘူးလေ လေးလေးရယ်၊ သူ့မှာ မိသားစုရော မရှိဘူးလား"

"မရှိဘူး သူက လူလွတ်တစ်ယောက်ပဲ"

"မာမ့်နားကို ချဉ်းကပ်လာဖို့လာတဲ့သူမှန်းသာ အစတည်းက သိရင် မောင်းထုတ်ပစ်တယ်"

"သား ဘာဖြစ်လို့ အခုလို ရိုင်းရိုင်းစိုင်းစိုင်း စကားတွေ ပြောတတ်နေတာလဲ"

"သားပြောပြီးပြီလေ သား အခုလိုရိုင်းရတာ မာမ့်ကြောင့်လို့"

"မင်း သိပ်ခက်ပါလား သားရယ်"

လေးလေး စိတ်ပျက်သည့်အကြည့်နှင့် သူ့ကိုကြည့်ပြီး ဘာစကားမှဆက်မပြောတော့။ ဝမ်းနည်းစိတ်တွေ တလိပ်လိပ်တက်လာသည်။ တစ်သက်လုံးလိမ္မာခဲ့သောသူက အခုတော့ စိတ်ပျက်စရာ စိတ်ညစ်စရာလူတစ်ယောက်ဖြစ်သွားပြီလား။

ဦးသန့်စင် ခင်ဗျားကြီးကို အရမ်းမုန်းတယ်။

စိတ်ထဲက အားရပါးရ ကြိမ်းဝါးလိုက်သည်။ မျက်စိထဲမှာတော့ သူ့ကိုတွေ့တိုင်း အကြင်နာမျက်ဝန်းတွေနှင့် ပြုံးပြသော ဦးသန့်စင်မျက်နှာကြီးက ဖျောက်ဖျက်လို့မရ။

သွားစမ်းပါ ဘယ်လောက်ကြင်နာကြင်နာ ခင်ဗျားကြီးက ကျုပ်

[illegible]

"အိပ်တော့မလို့လား"

ကျောခိုင်းထားသော လေးလေးဆီက အသံထွက်လာသည်။

"အင်း"

မျက်လုံးကိုမှိတ်ချလိုက်ပြီး သူ ဒါပဲပြောတော့ လေးလေး စောင်ခြုံပေးသည်။ ဒီတစ်ညတော့ ဆန္ဒပြသည့်အနေနှင့် မာမီနှင့်သွားမအိပ်တော့ဟု ဆုံးဖြတ်လိုက်သည်။

သူ့ဘဝမှာ မာမီနှင့်ခွဲအိပ်တာ ပထမဆုံးဖြစ်သည်။ သူ တော်တော်နှင့်အိပ်မပျော်ဘဲ လူးလွန့်နေပေမယ့် လေးလေးကတော့ တုတ်တုတ်မျှမလှုပ်။ အိပ်ပျော်နေတာလား၊ အိပ်ချင်ဟန်ဆောင်နေတာလားမသိ။

■ ■ ■

## အခန်း (၂)

အသိစိတ်ကနိုးပေမယ့် မျက်လုံးတွေက ဖွင့်မရအောင် လေးလံနေသည်။ အာခေါင်တွေလည်း ခြောက်ပြီး ရေသောက်ချင်ပေမယ့် လူက သလို့မရ။

"လေးလေး အင်း အင်း"

"သား သား ဘာဖြစ်လို့လဲ"

သူ့ရဲ့ညည်းညူသံကြောင့် လေးလေး ဆတ်ခနဲ ထိုင်ပြီး လက်ကို သာကိုင်သည်။

"ဟင် လက်တွေပူနေပါလား"

သူ့နဖူးပါ လေးလေးထပ်စမ်းပြီး

"ကိုယ်တွေလည်း ပူနေတယ် သား မရ"

"ဟင်"

မျက်စိမဖွင့်ဘဲ ထူးတော့ သူ့တစ်ကိုယ်လုံးအနှံ့စမ်းပြီး လေးလေး ပျာယာခတ်သွားသည်။

"တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေပါလား သား သားလေး"

တစ်ကိုယ်လုံး အဖျားရှိန်ကြောင့် လေးလံနေတော့ လေးလေး စိုးရိမ်တကြီးခေါ်သံကြားပေမယ့် နှုတ်ခမ်းလေးလှုပ်ဖို့တောင် မတတ်နိုင်တော့။

"သား မရ"

သူ့ဆီက ဘာသံမှထွက်မလာတော့ လေးလေး စိုးရိမ်တကြီးနှင့်

"မဖြစ်ဘူး မမကိုသွားပြောပြီး ဒေါက်တာကျော်စည်ကို ဖုန်းဆက်ခေါ်မှ၊ သား ခဏလေးနော် ခဏလေး"

သူ ခေါင်းညိတ်ပြလိုက်တာ လေးလေးတွေ့မှာပါ။

"ဟဲလို ဒေါက်တာ၊ ကျွန်တော် အောင်မိုးပါ"

လေးလေး ဒေါက်တာကျော်စည်ဆီ ဖုန်းခေါ်ရင်း မာမီ့ကိုခေါ်ဖို့ ထွက်သွားသည်။

ကိုယ်လက်တွေလှုပ်လို့မရအောင် တစ်ကိုယ်လုံး လေးလံကိုက်ခဲနေသည်။ မကြာခဏ ဖျားဖူးပေမယ့် ဒီလောက်မခံစားရဘူးပါ။ ဒါသည် မာမီ့အတွက် ခံစားရလွန်းလို့ ဖြစ်မည်။

"သားလေး မာမီ့သားလေး"

ဟော မာမီလာပြီ။ လေးလေး သွားပြောလိုက်သဖြင့် မာမီ စိုးရိမ်တကြီး သားဖြစ်သူဆီရောက်လာသည်။

"အမလေး တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေပါလား မောင်လေး"

သူ့တစ်ကိုယ်လုံး မာမီစမ်းပြီး ငိုသံပါကြီးဖြင့် လေးလေးကိုပြောနေသည်။

"ဟုတ်တယ် မမ၊ ဒေါက်တာကျော်စည် ရောက်လာတော့မှာပါ၊ သိပ်မစိုးရိမ်ပါနဲ့"





"မစိုးရိမ်လို့ဖြစ်မလား သားလေး ဖြစ်မှဖြစ်ရလေ သားရယ်၊ ဒါ မာမီ့ကြောင့်"

သူ့ကိုကြည့်ပြီး မာမီစိုးရိမ်တကြီး ငိုနေတော့ မှိတ်ထားသော မျက်လုံးနှစ်ဖက်ကို ဖြည်းဖြည်းလေးဖွင့်ပြီး ခိုးကြည့်လိုက်သည်။ ချက်ချင်းပင် သူ့ရဲ့အဖျားတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သလိုပင်။ မာမီ ကြိတ်ရှိုက်နေပြီး လေးလေးအနားမှာ မတ်တပ်ရပ်နေသည်။

သူ့တစ်သက်မှာ မာမီ ဒီလောက်ငိုတာ တစ်ခါမှမတွေ့ဘူးပါ။ မာမီ ငါ့ကိုချစ်သားပဲဟုတွေးပြီး သူပျော်သွားသည်။ မာမီ့မျက်ရည်တွေကို သုတ်ပေးချင်သည့်စိတ်ကို မနည်းထိန်းထားရသည်။

"မေမေကြီး ဘာဘာ ဒေါက်တာ ရောက်ပါပြီ"

မိချိုအသံနှင့်အတူ ဒေါက်တာ ဝင်လာသံကြားရသည်။

"ကြွပါ ဒေါက်တာ"

"ဘာဖြစ်တာလဲ"

"ညည်းသံကြားလို့စမ်းကြည့်တော့ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေတယ် ဒေါက်တာ"

ဒေါက်တာကျော်စည် သူ့နဖူးစမ်း လက်ကသွေးခုန်နှုန်းကို စမ်းပြီး

"အပူတက်နေတာ"

"စိုးရိမ်ရလား ဒေါက်တာ"

"မစိုးရိမ်ရပါဘူး အန်တီ၊ ဆေးတစ်လုံးထိုးပြီး ဆေးသောက်လိုက်ရင် ပျောက်သွားမှာပါ"

ဒေါက်တာကျော်စည်က အပူချိန်တိုင်းပြီး ဆေးထိုးပေးသည်။

"အပူက ၁၀၄ ဒီဂရီတောင်ရှိတယ်၊ မနက်ဖြန်တစ်ရက် လာခဲ့ဦးမယ်၊ အဖျား ၁၀၄ ဒီဂရီရှိတဲ့အတွက် လုံးဝအဖတ်မကျွေးပါနဲ့၊ မနက်

နေ့လယ် ည ဆေးသုံးခွက်စာပေးခဲ့မယ်၊ အိုဗာတင်းနဲ့ကော်ဖီကလွဲလို့ တခြား ဘာမှမတိုက်ပါနဲ့''

''ဟုတ်ကဲ့ပါ ဒေါက်တာ''

''သိပ်မစိုးရိမ်ပါနဲ့၊ မနက်ဖြန်ဆို အဖျားတော်တော်ကျသွားမှာပါ၊ မရ တစ်ခါမှအခုလောက် အဖျားမကြီးဖူးပါဘူး၊ အအေးများပတ်သွားလား''

ဒေါက်တာကျော်စည့်အမေးကို ဒေါ်ဝေဝေမိုး မဖြေနိုင်ဘဲ ခေါင်း ကြီးငုံ့နေသည်။ ဦးအောင်မိုး အစ်မဖြစ်သူကို ဖျတ်ခနဲကြည့်ပြီး ဒေါက်တာ ကျော်စည်ဘက်လှည့်ကာ

''ဟုတ်မယ် ဒေါက်တာ''

''လုံးဝအအေးပတ်မခံပါနဲ့ နွေးနွေးထွေးထွေးထားပါ''

''ဟုတ်ကဲ့ပါ ဒေါက်တာ''

''ကျွန်တော့်ကိုခွင့်ပြုပါဦး''

''ဟုတ်ကဲ့ပါ ဒေါက်တာ''

ဒေါက်တာကျော်စည် အခန်းထဲက ပြန်ထွက်သွားသည်။ လေး လေးလိုက်သွားပုံရသည်။ မာမီက နောက်ထပ်စောင်တစ်ထည် သူ့ကိုယ် ပေါ်ဆွဲခြုံပေးပြီး သူ့တစ်ကိုယ်လုံးကိုလည်း ပွေ့ဖက်ထားသည်။

မာမီရယ် သား သိပ်ချစ်တဲ့မာမီရယ်။

သူ အရမ်းဝမ်းနည်းပြီး ငိုချင်နေသည်။

ငယ်ငယ်လေးတည်းက ဖခင်မဲ့သွားသည့်အတွက် မာမီက သူ့ရဲ့ ဘဝ သူ့ရဲ့ကမ္ဘာပါ။ မာမီ့ကိုမျက်စိအောက်က အပျောက်မခံနိုင်အောင် သိပ်ချစ်သည်။ မာမီနှင့်သူ့ကိုသိပ်ချစ်သည့် မာမီရဲ့တစ်ဦး တည်းသောမောင် လေးလေးရှိနေလျှင် ဘာကိုမှမလိုတော့အောင် အစစ ပြည့်စုံနေသည်။

ဒါကို မာမီက နောက်အိမ်ထောင်ပြုမယ်ဆိုတော့ သား မပေါက်





ကွဲသင့်ဘူးလား။

''ဟင်း ဟင်း''

''သားလေး''

သူ့ရဲ့ညည်းသံကြောင့် မာမီ ကြင်ကြင်နာနာခေါ်နေသည်။ သူ မထူးဘူး။ မာမီ့ကိုမကြည့်မိအောင် ဖွတ်ပင်မျက်လုံးကိုမှိတ်ထားလိုက်သည်။ ခဏကြာတော့ လေးလေး ပြန်ဝင်လာသည်။ သူ့နဖူးလေးကို စမ်းပြီး

''စောစောကလောက် မပူတော့ပါဘူး၊ ဆေးသောက်ဖို့ မိချိုကို အိုဗာတင်းယူလာခိုင်းထားတယ်၊ မမ သွားနားလိုက်လေ''

''မမ မနားတော့ပါဘူး၊ ပင်ပန်းတာမှမဟုတ်တာ''

''လူမပင်ပန်းပေမယ့် သားတော်မောင်အတွက် စိတ်တော့ ပင်ပန်းသွားတယ်မဟုတ်လား''

ဒေါ်ဝေဝေမိုး ခေါင်းညိတ်လိုက်ပြီး

''မောင်လေး နားလိုက်ပါ၊ မမ သားလေးနားမှာနေလိုက်ဦးမယ်၊ ဆိုင်ကိုလည်း မောင်လေးပဲ သွားလိုက်တော့''

''ဟုတ်ကဲ့''

မာမီနှင့်လေးလေးပြောတာ သူ ငြိမ်ပြီးနားထောင်နေသည်။ ဆိုင်နှင့် ဖောက်သည်တွေကို အင်မတန်သံယောဇဉ်ကြီးသော မာမီက. သူ့ဆိုင်ကို တော်ရုံကိစ္စနှင့်မသွားဘဲမနေ။ အခုတော့ ချစ်တဲ့သားလေး နားမှာနေချင်လို့ ဆိုင်တောင်မသွားတော့ဘူးဆိုတော့ သူ အရမ်းပျော်သွားသည်။

''အိုဗာတင်းရပြီ ဘဘကြီး''

''ပေး ပေး''

''သားကိုနှိုးပြီး ဆေးတိုက်လိုက်ရအောင် မမ''

ဦးအောင်မိုး တိုက်ရမည့်ဆေးထုပ်ကို အရန်သင့်လုပ်ထားသည်။

"သားလေး"

"သား ဆေးသောက်ရအောင်"

အိပ်ပျော်ဟန်ဆောင်ပြီး သူ ငြိမ်နေတော့ မာမီနှင့်လေးလေး အသံတိတ်သွားသည်။

"နိုးမှတိုက်ရင် ကောင်းမလား"

"မကောင်းဘူး မမရဲ့၊ အိုဗာတင်းရော ရေနွေးရော ပူတုန်းအပြင် စောစောသောက်တော့ စောစောအဖျားကျတာပေါ့"

"သားလေး သားလေး"

မာမီ သူ့ကိုယ်လေးကိုကိုင်ပြီး ရွရွလေးလှုပ်နှိုးနေသည်။ မာမို့ရဲ့ ကရုဏာသံလေးက သူဆက်ပြီးအိပ်ချင်ဟန်ဆောင်မနေနိုင်အောင် သနားသွားသည်။

"ဟင်"

"သားလေး ဆေးသောက်လိုက်ရအောင်နော်"

လေးလေးပါ တစ်ဖက်ကိုရောက်လာပြီး သူ့ကိုပွေ့ထူနေ၏။

မျက်စိမဖွင့်ဘဲ လေးလေးနှင့်မာမီ ဆေးတိုက်၊ အိုဗာတင်းတိုက်တာကို သူ လိုက်လုပ်နေလိုက်သည်။ မျက်စိမဖွင့်ဘဲ ပြန်လှဲချလိုက်သည်။ ခဏကြာတော့ တကယ်ပင် သူ အိပ်ပျော်သွားသည်။

■ ■ ■

## အခန်း (၃)

တစ်ရက်တည်းနှင့် သူ နေကောင်းသွားသော်လည်း မာမီနှင့် လေးလေးကို ချွဲပြီး သုံးရက်လောက်မထဘဲ အိပ်ရာထဲမှာပဲနေလိုက်သည်။ မာမီနှင့်လေးလေးလည်း တော်တော်ပင်ပန်းသွားကြသည်။

"သားလည်း နေကောင်းသွားပြီဆိုတော့ ဒီညတော့ မာမီနဲ့သွားအိပ်တော့မယ်နော် လေးလေး"

လေးလေးက သူ့မျက်နှာကိုစိုက်ကြည့်ပြီး

"သားမာမီကို စိတ်ပြေသွားလို့လား၊ စိတ်ပြေပြီဆိုရင် သွားအိပ်လေ"

သူက လေးလေးလက်မောင်းကြီးကို ဖက်တွယ်ပြီး ကလေးဆိုးကြီးအသံနှင့်

"လေးလေးကလည်း သားက မာမို့ကိုစိတ်ဆိုးချင်လို့မှ မဟုတ်တာ၊ ဟိုလူကြီးနဲ့ယူမယ်ဆိုလို့ စိတ်ကောက်ပြလိုက်တာ"

"ဟုတ်ပါပြီ အခုရော စိတ်ကောက်ပြေသွားလို့လား"

"ဟုတ်တယ်လေ"

"သားက မယူဖြစ်တော့ဘူး ထင်လို့လား"

လေးလေးအမေးကြောင့် ထိတ်ခနဲ ဖြစ်သွားသည်။ ဒါပေမဲ့ သူ လက်မခံချင်စွာ ခေါင်းတခါခါနှင့်

"ဟင့်အင်း လေးလေး၊ သားကလွဲပြီး မာမီ ဘယ်သူ့ကိုမှ မချစ်ရဘူး"

သူ ဖြစ်နေပုံကိုကြည့်ပြီး လေးလေး စိုးရိမ်သွားသည်။ သူ့ခေါင်းလေးကိုလည်း ကြင်ကြင်နာနာ ပွတ်ပေးနေသည်။ ခဏကြာမှ

"သား"

"ဗျာ"

"မင်းယောကျ်ားမဟုတ်ဘူးလား"

ခပ်တင်းတင်းမျက်နှာကြီးနှင့် သူ မဖြေတော့ လေးလေး ပြုံးလိုက်သည်။

"ဒါဟာ သဘာဝ သားရဲ့၊ ဒါကိုမှလက်မခံနိုင်ဘဲ ကန့်လန့်တိုက်နေရင် ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးနေတာပဲ၊ လက်တွေ့ပဲ အလူးအလဲ ခံစားရပြီးပြီမဟုတ်လား"

"မာမီ့အတွက် ဒီလောက်လေး ခံစားရတာကို သားမမှုပါဘူး၊ ဒါပေမဲ့ လေးလေးပြောတဲ့ သဘာဝဆိုတာကြီးကို သား လက်မခံဘူး၊ လေးလေးဆိုရင် လက်ခံတယ်လို့ သားပြောပြီးပြီလေ၊ လေးလေးကိုလည်း သားသိပ်ချစ်ပေမယ့် လေးလေးက အိမ်ထောင်တစ်ခါမှမပြုဖူးဘူး၊ ခံစားရလည်း ကြိတ်ခံစားမယ်၊ ခွင့်လွှတ်လို့ရတာကိုး၊ မာမီမှာက ယောကျ်ားလည်း ရှိခဲ့ဖူးတယ်၊ အရွယ်ရောက်နေတဲ့ သားတစ်ယောက်လည်းရှိတယ်၊ မယူဘဲ နေမြဲအတိုင်းနေကြတော့ရော ဘာဖြစ်မှာမို့လဲ၊ ဒါကို သဘာဝ





ဆိုတာတော့ သား လက်မခံနိုင်ဘူး၊ မာမီ့ကိုသားကိုယ်တိုင်ပြောမယ်"

"နေဦး သား"

ထွက်သွားဖို့ခြေလှမ်းပြင်နေသော သူ့လက်ကို လေးလေးဖမ်းဆွဲထားပြီး

"ခဏလောက်ထိုင်ပြီး လေးလေးပြောမှာကို နားထောင်ပေးပါလား"

လေးလေးမျက်နှာကိုတစ်ချက်ကြည့်ပြီး သူ ထိုင်ချလိုက်သည်။ ပေါက်ကွဲပစ်ချင်သည့်စိတ်တွေကို ဖွတ်မိုတ်ထိန်းပြီး

"သားကို ဘယ်လိုမှ ရှန်းထွက်မရတဲ့စကားလုံးတွေနဲ့ နှစ်သိမ့်ဦးမှာလား လေးလေး"

"မနှစ်သိမ့်တော့ပါဘူး၊ မာမီနဲ့လေးလေးကိုချစ်ရင် လက်လျှော့လိုက်ပါလို့ တောင်းပန်ချင်တာပါ"

"ချစ်လို့လည်း သား လက်မခံချင်တာပေါ့၊ သားနဲ့လေးလေးလောက် မာမီ့အပေါ်ဘယ်သူကောင်းနိုင်မှာလဲ၊ ဒီလူကြီးက သူစိမ်းပါ၊ မာမီ့အလှနဲ့မာမီပိုင်ဆိုင်တဲ့ဥစ္စာမစ္စည်းတွေကို ချစ်တာပါ၊ ဒါကို မာမီ့ကိုလေးလေးပြောမပြဘူးလား၊ လေးလေး မတားဘူးလား"

လေးလေး လက်မောင်းကို အငမ်းမရပင် သူကိုင်လှုပ်ပြီး အားကိုးရှာနေသည်။ လေးလေးခေါင်းပဲ တွင်တွင်ခါနေပါသည်။

"သားနဲ့လေးလေး မာမီ့ကို ဝိုင်းပြောကြမယ်လေ"

"ထပ်ပြီး ကိုယ့်ကိုယ်ကိုယ် စိတ်ဒုက္ခရောက်အောင် မလုပ်ပါနဲ့တော့ သားရယ်"

သူ အံကိုတင်းတင်းကြိတ်ပြီး လေးလေးကိုမကြည့်ဘဲ

"အေးပေါ့လေ လေးလေးကိုယ်တိုင်ကလည်း ကျေနပ်သဘော

တူနေတာကို''

"အကြောင်းကြောင်းတွေကိုကြည့်ပြီး လေးလေး ကျေနပ်ရ တာပါ၊ လေးလေးက မမကိုငယ်ငယ်လေးတည်းက ချစ်ကြောက်ရိုသေရ သူဆိုတာ သားလည်းသိပါတယ်၊ လေးလေးကိုတော့ နားလည်ပေးစေ ချင်တယ်''

လက်ခံချင်စရာ လေးလေးစကားတွေကို သူ ဘာကြောင့် လက်မခံချင်ရလဲမသိ။ လေးလေးပြောသလို အစ်မကိုချစ်ကြောက်ရိုသေရသော လေးလေးက ဘာများတတ်နိုင်မှာလဲ။

ဘာစကားမှမပြောတော့ဘဲ မျက်ထောင့်နီကြီးနှင့်တစ်နေရာတည်းကို စူးစိုက်ကြည့်နေလိုက်သည်။ သူ့ပခုံးလေးကို လေးလေးဖျစ်ညှစ်လိုက်ပြီး

"စိတ်တွေကို လျှော့လိုက်ပါ သားရယ်၊ အများကြီး ခံစားရသက်သာသွားလိမ့်မယ်၊ နောက်တစ်ခု လေးလေးပြောချင်တာက ဦးသန့်စင်ကို စကားမပြောရင်နေပါ၊ ပြဿနာတော့မရှာပါနဲ့၊ သားက မိကောင်းဖခင်က မွေးတဲ့ လူလိမ္မာလေးပါ၊ လေးလေးကိုတကယ်ချစ်ရင် လေးလေးစကားကို နားထောင်နော်''

လေးလေးပြောသလို တကယ်ပဲ စိတ်တွေလျှော့ချလိုက်ရတော့မှာလား။

"သား လေးလေးနဲ့ပဲအိပ်မလား၊ ဟိုဘက်အခန်းကို ပြင်နိုင်းလိုက်ရမလား''

"လေးလေးနဲ့ပဲ အိပ်မယ်''

တွေဝေခြင်းမရှိ သူပြောတော့ လေးလေးမျက်နှာ ကျေနပ်ရိပ်တွေ သမ်းသွားပြီး

"ဒါဆို အိပ်တော့နော်၊ လေးလေး စာရင်းတွေသွားလုပ်လိုက်





ဦးမယ်''

လေးလေးထွက်သွားတော့မှ စိတ်တွေကို ထွက်ပေါက်ပေးသည့်အနေနှင့် ခေါင်းအုံးတွေ မွေ့ရာတွေကို လက်သီးနှင့်စိတ်ရှိလက်ရှိ ထိုးပစ်လိုက်သည်။

"မာမိ သိပ်ရက်စက်တယ်''

စိတ်ရှိလက်ရှိပင် အော်ဟစ်ပစ်လိုက်သည်။

■ ■ ■

## အခန်း (၄)

မာမီ့ကိုမတွေ့အောင် သူရှောင်နေသည့်အချိန်မှာပဲ ဦးသန့်စင်နှင့်မာမီ ရပ်ကွက်လူကြီးတွေရှေ့မှာ လက်မှတ်ထိုးပြီး အိမ်မှာပင် မင်္ဂလာဆွမ်းကျွေးသည်။

ခံစားရတာရော ရှက်တာရော ပြောမပြတတ်အောင်ပင်။

"တောက်"

"ရက်စက်လိုက်တာ မာမီရယ်"

ထိုအချိန်ကစပြီး သူက ဘယ်အရာမဆို အကောင်းမမြင်ဘဲ အမြဲစိတ်တိုနေတတ်သည်။ သိုးလေးတစ်ကောင်လို နူးညံ့သော သူ့စိတ်တွေကလည်း ကျားတစ်ကောင်လို ခက်ထန်ကြမ်းတမ်းသွားသည်။

"သားလေး"

မာမီ လှမ်းခေါ်တာကို မသိဟန်ဆောင်ပြီး လေးလေး အခန်းထဲ တန်းဝင်ခဲ့သည်။ မျက်ရည်အဝဲသားနှင့် ကျန်ခဲ့သည့်မာမီ့မျက်နှာလေးကို မြင်ယောင်နေတော့ ခေါင်းတစ်ခုလုံး ခါရမ်းပစ်လိုက်သည်။





"တောက် ဦးသန့်စင် ခင်ဗျားကိုအရမ်းမုန်းတယ်"

အဲဒီလူကြီး မာမီနှင့်ယှဉ်တွဲထိုင်နေလျှင် သူ့ဒေါသတွေ ဘယ်လိုမှ ထိန်းမရ။ သူ့ကိုယ်သူ အိမ်ကြီးသခင်အတိုင်း မာမီ့နားမှာ မိန့်မိန့်ကြီးထိုင်ပြီးကပ်နူးနေမှာပေါ့။

ဥပဓိရုပ်ဖြောင့်ဖြောင့်နှင့် အမြဲပြုံးချိုနေသော ဦးသန့်စင်ကို မြင်သူတိုင်း ချစ်ခင်ရိုသေကြပေမယ့် သူကတော့ ချစ်ခင်ဖို့ဝေးစွာ ရှိလည်း မရှိသေပါ။ ရုပ်ကလည်း ယောကျ်ားပီပီသသ ချောမောပြီး ညွှန်ကြားရေးမှူး တစ်ယောက်လည်းဖြစ်သည့် ဦးသန့်စင်မှာ ယူစရာမိန်းမ ဒီလောက်ရှားသလား။ ဒါပေမဲ့လည်း မာမီလို အဘက်ဘက်ကပြည့်စုံသည့် မိန်းမတစ်ယောက်ကို ဦးသန့်စင်မက်မောတာ ဆန်းတော့မဆန်းပါ။ ဒီကြားထဲ ကိုယ့်မာမီကလည်း ဒီလူကြီးမှ ဒီလူကြီးဖြစ်နေတော့။

"တောက်"

သူ့ရဲ့တက်ခေါက်သံကျယ်ကျယ်ကြောင့် အခုမှ အခန်းထဲကိုဝင်လာသော လေးလေး လန့်သွားသည်။

"ဟာ လေးလေး ကန်တော့ ကန်တော့"

လက်အုပ်ချီပြီး လေးလေးကိုတောင်းပန်တော့ လေးလေးနှုတ်က မပြောဘဲ ခပ်တည်တည်အကြည့်ဖြင့်သာ တုန့်ပြန်သည်။

"လန့်သွားလား လေးလေး"

"မသိဘူး"

"လေးလေးကလည်း"

တစ်ဖက်လှည့်နေသော လေးလေးကိုယ်ကြီး သူ့ဘက်သို့ အတင်းဆွဲလှည့်ပစ်လိုက်သည်။

"စိတ်တိုတာ ကောင်းတယ်များ အောက်မေ့နေလား"

လေးလေး သူ့မျက်နှာကိုသေသေချာချာကြည့်ပြီး မေးတော့ မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့ပစ်လိုက်ပြီး

"မကောင်းဘူးလေ၊ ဒါပေမဲ့ သားစိတ်တိုအောင် ဘာလို့လုပ်လဲ"

"နေပါဦး ဘာတွေများလုပ်နေလို့ စိတ်ကတိုရတာလဲ"

"အဲဒီလူကြီး မာမီ့နားမှာထိုင်နေရင် သား လူသတ်ချင်စိတ်ပေါက်တယ်"

သူ့မျက်နှာကို လေးလေး တအံ့တဩကြည့်သည်။

"မရ သားက အရမ်းဖြူစင်တဲ့ကလေးပါ၊ ဘာဖြစ်လို့ အရောင်တွေဆိုးချင်ရတာလဲ၊ သား ဒီလောက်ပြောင်းလဲသွားတာကို လေးလေး မယုံနိုင်ဖြစ်နေတယ်"

"သား ဘဝကြီးတစ်ခုလုံး ဖောက်ထိုးဖြစ်သွားတာကိုလည်း ပြောဦးလေ"

"မရ ရယ်၊ မင်း သိပ်ခက်တယ်ကွာ"

လေးလေး ဒါပဲပြောပြီး တစ်ဖက်လှည့်သွားသည်။

သူ့မှာသာ ဘယ်သူ့ကိုမကျေနပ်မှန်းမသိသော ဒေါသတွေဖြင့်။

■ ■ ■

## အခန်း (၅)

ဆယ်တန်းအောင်စာရင်းထွက်တော့ သူ ဂုဏ်ထူးနှစ်ခုနှင့် အောင်သည်။

"ဝမ်းသာလိုက်တာ သားလေးရယ်၊ မေ့သားလေး အရမ်းတော်တာပဲ"

မရဲတရဲလေး သူ့တစ်ကိုယ်လုံး သိမ်းကြုံးဖက်ပြီး မျက်ရည်ဝဲဝဲလေးနှင့် မာမီပြောတော့ နှုတ်ကတစ်ခွန်းမှ ပြန်မပြော။ စိတ်ထဲကတော့ မာမီ့အယုအယကိုမခံရတာကြာပြီဖြစ်သည့်အတွက် ပီတိတွေတဖွားဖွား ဖြစ်နေသည်။ ဒါပေမဲ့ သူ့ရင်ထဲက ပီတိက သိပ်ကြာကြာမခံပါ။ ပြုံးပြုံး ကြီးထိုင်ကြည့်နေသော မာမီ့ယောကျ်ားဦးသန့်စင်နှင့် မျက်လုံးချင်းဆုံမိသည့်အခါမှာတော့ မာမီ့ရင်ခွင်ထဲက ဖွတ်ပင်ထွက်လာခဲ့သည်။

ပြုံးနေသော လေးလေးမျက်နှာ ချက်ချင်းပင် ပျက်သွားသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး သူ ပြန်လာတော့ လေးလေးက ကောင်းကောင်း

ဘာမှမပြော။ လေးလေးက လုပ်စရာရှိတာတွေကိုသာ လုပ်နေပြီး သူ့ကို လုံးဝလှည့်မကြည့်။

"လေးလေး ထမင်းစားမယ်လေ"

ရေချိုးအဝတ်အစားလဲပြီးတော့ စာရင်းတွက်နေသော လေးလေးအနားသွားကာ ပွတ်သီးပွတ်သပ်လုပ်ရင်း ချော့လိုက်သည်။ လေးလေး သူ့အလုပ်မပျက်ဘဲ

"စားပြီးပြီ"

"ဘယ်တုန်းက စားတာလဲ၊ လေးလေးက သားတောင်မစောင့်နိုင်တော့ဘူးပေါ့"

"မင်းကိုစောင့်ရအောင် ဘယ်အချိန်ပြန်လာမှန်းမှ မသိတာ"

"သားဘယ်တုန်းက အချိန်လွန်အောင်နေဖူးလို့လဲ"

"ဗိုက်ဆာလို့ စားလိုက်တာကွာ"

သူ့ကိုကြည့်ပြီး လေးလေး ခပ်ဆောင့်ဆောင့် ဖြေသည်။ စိတ်ထဲ ဘယ်လိုကြီးဖြစ်သွားမှန်းမသိပါ။ သူ့ကိုအမြဲတမ်းစောင့်ပြီး ထမင်းစား သော လေးလေးက ဗိုက်ဆာလို့စားပြီးပြီတဲ့။

နေ့လယ်ကကိစ္စမကျေနပ်လို့ ဆန္ဒပြတာသိသားပဲ။ သူ့ကိုသိပ်ချစ်နိုင်လွန်းသည့် လေးလေးတောင် ဦးသန့်စင်နှင့်ပတ်သက်လာလျှင် မလုပ်ဘူးတာတွေလုပ်တတ်လာသည်။ ဒါသည် ဒီလူကြီးအသိမ်းအသွင်းကောင်းလွန်း၍ဖြစ်သည်။ ဒီထက်ကြာလာလျှင် သူတောင်နေစရာမရှိ ဖြစ်တော့မည်။

"လေးလေး သားကိုစိတ်ဆိုးနေတာလား"

တစ်ခုခုဆို စိတ်ထဲမထားတတ်သည့်အကျင့်အတိုင်း လေးလေးကို မေးတော့

"စိတ်ဆိုးရအောင် ငါကမိန်းမ မဟုတ်ဘူး"





"လေးလေး ဘယ်လောက်ဖုံးဖုံး အဲဒီလိုပြောတာကိုက သိသာနေပြီ"

လေးလေးက ခပ်ပေပေကြည့်ပြီး

"မင်း ဘယ်လိုကောင်လဲ"

"သားက မာမီနဲ့လေးလေးကလွဲရင် ဘယ်သူ့ကိုမှမချစ်တဲ့ သားအလိမ္မာလေးပဲ"

သူဖြေလိုက်သောစကားမှာ ဘာတွေများ ရယ်စရာပါသွားလဲ မသိ။ လေးလေး အူလှိုက်သည်းလှိုက် ရယ်သည်။

"လေးလေးက ဘာလို့ရယ်ရတာလဲ"

သူ့ရဲ့မှုန်ကုပ်ကုပ်အမေးကို ချက်ချင်းပင် လေးလေးဖြေသည်။

"ရယ်စရာကောင်းလို့ ရယ်တာပေါ့၊ သူ့ကိုယ်သူများ လိမ္မာတဲ့သားတဲ့၊ တော်တော်လိမ္မာတဲ့သား"

"မဟုတ်လို့လား မာမီနဲ့လေးလေးအတွက် လိမ္မာတဲ့သားမဟုတ်ဘူးလား"

လေးလေး ဘာတစ်ခွန်းမှမပြော။

"လေးလေး ပြောလေ"

"လိမ္မာပါတယ်၊ သားက သိပ်လိမ္မာတဲ့ကလေးပါ၊ အစ်ကိုသန့်ကိုကျတော့ ဘာဖြစ်လို့ ရိုင်းရိုင်းပြပြ ဆက်ဆံရတာလဲ"

"ဒါကတော့ လေးလေးရယ်"

"ဘာမှဆင်ခြေမပေးနဲ့ သား၊ မင်းကိုလေးလေးမေးမယ်"

လေးလေး ဘာမေးမှာလဲ သူ စိတ်ဝင်တစား ကြည့်လိုက်သည်။

"မာမီ့ကိုချစ်လား"

"အရမ်းချစ်တယ်"

"သားအခုလို လုပ်နေတော့ သားမာမီ စိတ်မဆင်းရဲရဘူးလား။ မာမီစိတ်ဆင်းရဲတော့ သားရော စိတ်ချမ်းသာလား"

သူ့မျက်နှာတည့်တည့်ကိုကြည့်ပြီး လေးလေး မေးနေတော့ နူတ်ခမ်းကိုစူထားလိုက်သည်။

"ဖြေလေ မဖြေတတ်တော့ဘူး မဟုတ်လား"

"ဘာလို့မဖြေတတ်ရမှာလဲ ပျော်တယ်"

သူ့ကိုကြည့်ပြီး လေးလေး မပြုံးချင်ဘဲ ပြုံးသည်။

"ရွဲ့ပြီးမပြောပါနဲ့ သားရယ်၊ မာမီ ဒီလူကြီးကိုယူလို့ ဒီလိုဖြစ်ရတာ လို့ ပြောချင်တာမဟုတ်လား"

"လေးလေးကိုယ်တိုင်ကလည်း သားလွန်တယ်ပဲ ပြောချင်တာမဟုတ်လား"

"အဲဒါဆိုရင်လည်း သားကိုချစ်တဲ့စိတ်နဲ့ပဲဖြစ်မှာပါ၊ အများအမြင်မှာ သားကိုလိမ္မာတဲ့ကောင်လေးတစ်ယောက်အဖြစ်ပဲ မြင်စေချင်တယ်"

"လေးလေးစေတနာကို သားနားလည်ပါတယ်၊ ဒီလူကြီးကို မုန်းနေသရွေ့တော့ လူလိမ္မာတစ်ယောက်ဖြစ်လာမှာ မဟုတ်ဘူး"

ပြောမရသည့်တူကို စိတ်ကုန်သွား၍ပဲလား ပြောချင်စိတ်မရှိတော့၍ပဲလားမသိစွာ ထုံးစံအတိုင်း လေးလေး ဘာတစ်ခွန်းမှမပြောတော့။

■ ■ ■

## အခန်း (၆)

အောင်စာရင်းထွက်ပြီးတိုင်း သူငယ်ချင်းတွေကို မာမီတစ်ခုခု လုပ်ကျွေးနေကြဖြစ်သည်။ ဒီနှစ်က ဆယ်တန်းဂုဏ်ထူးနှင့်တောင် အောင်ထားတော့ မာမီက ကြီးကြီးကျယ်ကျယ်လုပ်ဖို့ စီစဉ်နေသည်။ သူ ဘာတစ်ခွန်းမှ မပြောဘဲ ငြိမ်နေလိုက်သည်။

"သားလေး"

သူငယ်ချင်း ဝေယံတို့အိမ်က သူပြန်လာတော့ မာမီနှင့်ဦးသန့်ဇင် ထုံးစံအတိုင်း ဧည့်ခန်းမှာထိုင်နေကြရင်း မာမီလှမ်းခေါ်သည်။

"ဗျာ"

"လာပါဦး သားရဲ့"

"သားကိုယ်က ချွေးတွေနဲ့မို့ မာမီ ဘာပြောမလို့လဲ"

နေရာမှာပင် ပေရပ်နေပြီး သူလှမ်းမေးတော့ မာမီအပြုံးလေးဖြင့်

"သားလေး ဘာကျွေးချင်လဲ၊ သားလေးကြိုက်တာပြော"

"ဘာမှမကျွေးချင်ဘူး"

သူ့ရဲ့ခပ်ပြတ်ပြတ်စကားကြောင့် မာမီ တအံ့တသြကြည့်ပြီး

"သား ဘာပြောတာလဲ"

"ဘာမှမကျွေးချင်ဘူးလို့ပြောတာ၊ ခါတိုင်းနှစ်တွေလို မလုပ်ဘူးလို့ပြောတာ"

"ဘာဖြစ်လို့လဲ သားရယ်၊ နှစ်တိုင်းလုပ်နေကြကို"

"နှစ်တိုင်းနဲ့မတူလို့ မလုပ်ချင်တော့တာ မာမီ"

မာမီ ဘာဖြစ်ကျန်ခဲ့မည်မသိ။ အခုလိုပြောလိုက်ရသည့်အတွက် သူ ကျေနပ်သွားသည်။ သူ့ဆန္ဒကိုမဆန့်ကျင်တတ်သည့်မာမီက ထိုကိစ္စကို ရပ်တန်းကရပ်ပစ်လိုက်မည်ဟု သူ ထင်နေသည်။

နောက်တစ်နေ့ ဝေယံတို့နှင့်ဂစ်တာတီးပြီး ပြန်ဖို့ပြင်နေစဉ်

"ငါတို့မနက်ဖြန် စောစောလာခဲ့မယ်နော်"

"ဘယ်ကိုလာမှာလဲ"

သူ နားမလည်စွာမေးတော့ ဝေယံ ခပ်ဆောင့်ဆောင့်အသံကြီးနှင့်

"မင်းအိမ်ကိုလေ"

"ငါ့အိမ်ကို ဘာလာလုပ်မှာလဲ၊ ဒီကိုပဲလာပါ၊ ငါတောင် အိမ်မှာမနေချင်လို့ အချိန်ပြည့်လမ်းဘေးမှာနေတာ မင်းတို့မြင်တယ်မဟုတ် လား"

"ဒီလိုနေ့ကတော့ မနေချင်လို့ ရမလားကွ"

"ဘာလဲ မင်းတို့တွေ ဘာတွေပြောနေတာလဲ"

ဝေယံနှင့်ကိုမင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး

"မနက်ဖြန် ခါတိုင်းနှစ်တွေလိုပဲ မင်းစာမေးပွဲအောင်တဲ့အတွက် ဂုဏ်ပြုပွဲလုပ်ဖို့ အန်တီဝေ လာဖိတ်ထားတယ်လေ"

"ဟုတ်တယ် မရ၊ မင်းမသိသေးဘူးပေါ့"





"တောက်"

သူ့ဒေါသတွေ ဘယ်လိုမှ ထိန်းမရတော့ပါ။

"မရ မရ"

"ဟော့ကောင် မရ၊ နေဦးလေ ဒုက္ခပဲ ကိုမင်း အန်တီဝေတို့ကို သွားရမ်းတော့မယ်"

"တို့လိုက်သွားမလား"

"မကောင်းဘူး"

အသားတွေတဆတ်ဆတ်တုန်သည်အထိ ဒေါသဖြစ်ပြီး ခြေလှမ်းကျဲကြီးတွေဖြင့် အိမ်ပြန်လာခဲ့သည်။

နှစ်စဉ်လုပ်နေကြအတိုင်း ပြင်ဆင်ခြယ်သနေသော အလုပ်သမားတွေကြားမှာ ဦးသန့်စင်က ဟိုလိုလုပ် ဒီလိုလုပ်ဟု အမိန့်ပေးနေပြီး မာမီရှေ့မှာအကဲပိုပြနေသည်။ မာမီကတော့ ယောက်ျားပြောနေသမျှ တပြုံးပြုံးနှင့် ကျေနပ်နေပြီး သူ ဝင်လာတာတောင် မမြင်နိုင်။

ထိုမြင်ကွင်းကိုကြည့်ပြီး သူ့ဒေါသတွေ ပိုကြွလာသည်။

လေးလေးလည်း မလှမ်းမကမ်းထိုင်ပြီး ဦးသန့်စင်လုပ်သမျှ ကြည့်နေ၏။

"မာမီ"

သူ့အသံကျယ်ကျယ်ကြောင့် အားလုံးလှည့်ကြည့်ကြသည်။

"အဲဒါ ဘာလုပ်တာလဲ မာမီ၊ သားမလုပ်ချင်ဘူးလို့ ပြောပြီးပြီပဲ"

"မလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ သားလေးရယ်"

ဒေါသဖြစ်နေသော သူ့ကိုကြည့်ပြီး မာမီ လေပြည်လေးနှင့်ပြောရင်း အနားလျှောက်လာသည်။ သူ့ပါးကိုလည်းမမီမကမ်း အတင်းနမ်းပြီး

"သားလေးက လိမ္မာပါတယ်၊ အားလုံးစီစဉ်ပြီးသွားပြီ သားရဲ့"

ပြန်ပျော့သွားတော့မည့် သူ့စိတ်တွေသည် အပြုံးလေးဖြင့် စိုက်ကြည့်နေသော ဦးသန့်စင်နှင့် မျက်လုံးချင်းဆုံသွားတော့

"မသိဘူး မာမီ၊ စိစဉ်ပြီးသွားလည်း ဖျက်လိုက်"

"ဖျက်လို့ဘယ်ဖြစ်မှာလဲ သားရဲ့"

ဦးသန့်စင်ပါ အနားရောက်လာပြီး ဝင်ပြောတော့ ဒေါသတွေ ထိန်းမရတော့ပါ။

"ကျွန်တော်တို့မိသားစုကိစ္စမှာ ဦးလေး ဝင်ပြောစရာလည်း မလိုဘူး၊ ဝင်ပါစရာလည်း မလိုဘူး"

မျက်နှာထားတင်းတင်းနှင့် သူပြောလိုက်ပေမယ့် ဦးသန့်စင် မျက်နှာ နည်းနည်းမှမပျက်ပါ။ မာမီရဲ့ခပ်တင်းတင်းမျက်နှာနှင့် လေးလေးရဲ့အကြည့် အောက်မှာ နည်းနည်းတော့ တုန်လှုပ်သွားပေမယ့် သူ လုံးဝ မလျှော့သော လေသံနှင့်

"သားသဘောမတူဘူးနော် မာမီ၊ ဆက်မလုပ်ပါနဲ့"

"နိုင်းမရ"

တစ်ခါမှမခေါ်စဖူး လေးလေးအသံမာမာနှင့်ခေါ်တော့ သူ ဝမ်းနည်းသွားသည်။ ဦးသန့်စင်နှင့်မာမီ ပတ်သက်မှ သူ့ဘဝမှာ တစ်ခါမှ မခံစားဘူးတာတွေ ခံစားနေရသည်။

"လူကြီးတွေ ကောင်းတာလုပ်တာကို ဘာမှထပ်မရှုပ်နဲ့၊ သွား အခန်းထဲမှာသွားနေ"

အံကိုတင်းတင်းကြိတ်ပြီး အနားက ချာခနဲလှည့်ထွက်လာခဲ့သည်။ လေးလေးအခန်းထဲရောက်မှ ရှိုက်ကြီးတငင် ငိုပစ်လိုက်သည်။ သူ့ဘဝမှာ ဒီလောက်ကြာကြာတစ်ခါမှ မငိုဘူးပါ။ ခဏကြာတော့ လေးလေးရောက်လာပြီး သူ့ကျောလေးကို လာသပ်တော့ ပိုဝမ်းနည်းသွားသည်။





"မင်း သိပ်ခက်ပါလား သားရယ်၊ လိမ္မာတယ်ဆို၊ တကယ့် ကာလမှာတော့ မာမီနဲ့လေးလေးထက် သားက ကိုယ့်ကိုယ်ကိုယ်ပိုချစ် တာပါ"

"မဟုတ်ဘူး"

ငိုရင်းက သူအော်ပြောတော့

"မဟုတ်ရင် အားလုံးစိတ်ဆင်းရဲအောင် ဘာလို့အရွဲ့တိုက်နေ တာလဲ"

သူ ဘာမှပြန်မပြောဘဲ ဒေါသတွေကို လျှော့ချနေသည်။

"ကဲပါ မျက်ရည်တွေသုတ်လိုက်၊ ယောကျ်ားဖြစ်ပြီး မျက်ရည် က ကျရသေးတယ်"

ပြောရင်းကပင် လေးလေးက လက်ကိုင်ပဝါလေးထုတ်ပြီး သူ့ကိုမျက်ရည်သုတ်ပေးနေသည်။

"သားကိုလေးလေး နောက်ဆုံးပြောမယ်၊ မနက်ဖြန်ကိစ္စကို လူကြီး တွေလုပ်သမျှ အေးအေးဆေးဆေး လိုက်နာပါ၊ တစ်ခုခု ကလန်ကဆန် လုပ်ရင် လေးလေးဒီအိမ်က အပြီးထွက်သွားတော့မယ်"

"လေးလေး"

မျက်ရည်တွေကြားက သူ အလန့်တကြားခေါ်လိုက်တော့ လေး လေးခပ်စူးစူးတစ်ချက်ကြည့်ပြီး အခန်းထဲက ထွက်သွားသည်။

"ဟာကွာ"

ခေါင်းအုံးတွေကိုသာ စိတ်ရှိလက်ရှိ လက်သီးနှင့်ထိုးပစ်လိုက် သည်။

လေးလေးရဲ့ကြောက်စရာကောင်းသော ခြောက်လှန့်မှုကြီးကြောင့် မနက်ဖြန်ကို စိတ်မပါစွာ လာသမျှလူတွေကို ညွှံခံရဦးမည်။

"ဒယ်ဒီရေ သား အရမ်းသတိရတယ်၊ ဒယ်ဒီဘာဖြစ်လို့ အစော ကြီးသေသွားရတာလဲ၊ သား အဖြစ်ကိုကြည့်ပါဦး။ မာမီ့ကို ဒယ်ဒီခွင့်လွှတ် နေတာပဲမဟုတ်လား''

မတမ်းတတတကြာနေသည့် ဒယ်ဒီ့ကိုအော်ဟစ် တမ်းတပစ် လိုက် သည်။

သူက ဒယ်ဒီ့ကို မာမီ့လောက်မချစ်ပေမယ့် ဒယ်ဒီကတော့ သူ့ကို သိပ်ချစ်သည်။ ဒယ်ဒီမရှိတော့ပေမယ့် သူ့ဘဝသည် အများကြီး ကျေနပ်စရာ ကောင်းနေပါသေးသည်။ အခုတော့ . . . ။

■ ■ ■

## အခန်း (၇)

ဒီလိုနှင့်ပဲ ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းနေသော သူ့ဘဝကြီးက ခြောက်ကပ်ကပ်နှင့်ပင် တက္ကသိုလ်နောက်ဆုံးနှစ်သို့ ရောက်လာခဲ့သည်။ သူ့ပတ်ဝန်းကျင်မှာတော့ ဦးသန့်စင်နှင့်ပတ်သက်ပြီး လူဆိုးဆိုသော ဘွဲ့ ကိုရထားသည်။

အဓိပ္ပာယ်မရှိ ကုန်ဆုံးလာသော သူ့ဘဝကြီးအကြောင်းစဉ်းစား ပြီး ဂီတာကြိုးတွေကို ဆော့ကစားနေသည်။

''သူ့မှာ သမီးတစ်ယောက်ရှိတာ မင်း မသိသေးဘူးမဟုတ်လား မရ''

အဆက်အစပ်မရှိသော ကိုမင်းစကားကို ဂီတာကြိုးတွေဆော့ ကစားရင်းက

''ဘယ်သူ့မှာလဲ''

''ဘယ်သူကမှာလဲ၊ မင်းဘွားတော်ရဲ့ချစ်ချစ်ကြီးကိုပြောတာ''

"စိတ်မဝင်စားဘူး။ ဒီလူကြီးအကြောင်း မပြောနဲ့၊ ကျက်သရေယုတ်တယ်"

"အန်ကယ်က သဘောကောင်းကြီးပါကွာ၊ မင်းကိုဆိုလည်း အရိပ်တကြည့်ကြည့်နဲ့၊ နှစ်တွေပဲကြာလာပြီ မင်းစိတ်တွေပြောင်းလိုက် လိုက်"

ကိုမင်း စကားဆုံးအောင်မပြောလိုက်ရ။ ကိုမင်း၏ရင်ဘတ်က အင်္ကျီနှစ်စကို သူ ကိုင်ဆွဲလိုက်ပြီး မျက်ထောင့်နီကြီးနှင့်ကြည့်ကာ

"တော်တော်ရှည်တဲ့ကောင်"

"ဟေ့ကောင် မရ လွှတ် အဟွတ် အဟွတ်"

"မရ. မလုပ်နဲ့လေ လွှတ်လိုက် လွှတ်လိုက်"

ဝေယံ မတ်တပ်ထရပ်ပြီး ဆွဲထားသော သူ့လက်ကို အတင်းဖြည်နေသည်။ ကိုမင်းဘက်ကိုလည်း လှည့်ပြီး

"မင်းကလည်း သူမကြိုက်တာကို မပြောပါနဲ့"

ကိုမင်း ပွစိပွစိလုပ်နေတော့ ဝေယံ ခပ်တည်တည်ကြည့်ပြီး

"နောက်ကို မင်းလျှာမရှောင်နဲ့ ကိုမင်း၊ မရ မင်းကလည်း ဒေါသမကြီးသင့်တာကြီးနေတယ်၊ ကိုယ့်ကိုယ်ကိုယ်ညှဉ်းဆဲနေတာနဲ့ အတူတူပဲ"

ဝေယံ ပြောတာမှန်ပေမယ့် သူ ဘာတစ်ခွန်းမှပြန်မပြော။

"နေရာတကာ ဒေါသကြီးနေတော့ ဦးသန့်စင်နဲ့ယှဉ်ရင် မင်းက လူဆိုးပဲ"

ဟုတ်တော့လည်း ဟုတ်ပါသည်။ အမှန်တရားကို ကန့်လန့်တိုက်နေသော သူ့ကိုယ်သူ မှားမှန်းသိပေမယ့် မှားတယ်ဟု ဝန်မခံချင်။ တစ်သက်လုံးလိမ္မာခဲ့သောသူက ပထွေးရောက်လာမှ လူဆိုးဖြစ်သွားသည်။

"တောက်"

ဒေါသတကြီး သူ တက်ခေါက်တော့ ကိုမင်းနှင့်ဝေယံလန့်သွား





ကြသည်။

"ငါတောင်းပန်ပါတယ် မရရယ်၊ မင်းမကြိုက်တာကို ပြောမိတဲ့အတွက် ငါ့ကိုခွင့်လွှတ်ပါ"

"မင်းကိုမကျေနပ်လို့ မဟုတ်ပါဘူး။ ဝေယံ ပြောသလိုမဲ့ ငါကသည်း ဒီလူကြီးနဲ့ပတ်သက်ရင် စိတ်ကိုထိန်းလို့မရဘူး၊ လေးလေးကလည်း ခဏခဏ ပြောတယ်"

"မင်းစိတ်ကို နည်းနည်းလောက် လျှော့လိုက်ပါလား မရရယ်၊ အဲဒါဆိုရင် အားလုံးစိတ်ချမ်းသာသွားလိမ့်မယ်"

ဘာတစ်ခွန်းမှ သူ ပြန်မပြောပေမယ့် ခေါင်းတော့မညိတ်မိသေး။

"ကဲ လုပ်ငန်းစကြရအောင်"

ဝေယံ နှိုးဆော်လိုက်တော့မှ ဂီတာကြိုးလေးတွေကို လှုပ်ခတ်ကစားလိုက်သော ဂီတာလေးကို သူ့ရင်ခွင်ထဲမှာရှိနေလို့ကတော့ အရာအားလုံးမေ့နေသည်။

သူ ဝေယံနှင့်ကိုမင်းတို့သူငယ်ချင်းသုံးယောက်ကတစ်ရပ်ကွက်ထဲမှာ အတူကြီးပြင်းလာကြသော အရွယ်တူအတန်းတူသူငယ်ချင်းတွေဖြစ်သည်။ မူကြို၊ စ,တက်ထဲက အခုတက္ကသိုလ်နောက်ဆုံးနှစ်ရောက်သည်အထိ တတွဲတွဲဖြစ်ကာ တစ်ယောက်အကြောင်းတစ်ယောက်သိပြီး ပြောမနာတွေဖြစ်သည်။

သုံးယောက်လုံး သဘောကောင်း မဟုတ်မခံတွေဖြစ်သည်။ ငယ်ငယ်တည်းက ဂီတာတီး၊ သီချင်းဆိုတာဝါသနာပါပြီး အားတာနှင့် ရပ်ကွက်၏လမ်းထိပ်အုတ်ခုံမှာ သီချင်းဆိုဂီတာတီးကြသည်။ သုံးယောက်သား အတီးရောအဆိုရောဆီမှာ စျာန်ဝင်နေစဉ်မှာပဲ မျက်စိရှေ့သို့ ထော်လော်ကန့်လန့်တွေ ဝင်လာသည်။

"နင် ဂျစ်ကန်ကန်မလုပ်နဲ့နော်၊ နာချင်လို့လား"

"အမယ် လူပါးဝလို့ လုပ်ကြည့်ပါလား"

သူတို့ထက်ငယ်ပုံရသော ကောင်မလေးတစ်ယောက်ကို ခပ်ရွယ်ရွယ်ယောက်ျားနှစ်ယောက် ဘေးတစ်ဖက်တစ်ချက်စီ ဝိုင်းရံထားပြီး ဘာတွေအဝေမတည့်ဖြစ်နေလဲမသိပါ။

သုံးယောက်သား တီးခြင်းဆိုခြင်းကို အရှိန်လျှော့ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

"ကဲ နင် အေးအေးဆေးဆေး ခေါ်တုန်းလိုက်မလား မလိုက်ဘူးလား"

"ဘာလို့လိုက်ရမှာလဲ"

"ဒီကောင်မ စွာနေတယ်"

"ရှုပ်တယ်ကွာ ဆွဲသာခေါ်သွားတော့"

"လွှတ် လွှတ်စမ်း ခွေးကောင်တွေ"

အမြင်ကတော့ လုံးဝမတော်ပါ။ သူတို့အချင်းချင်းက ဘာ ပြဿနာတွေရှိတာလဲ မသိ။ တစ်ခါတုန်းက အခုလိုပုံစံမျိုး ခပ်ဆန်ဆန် ရှေ့မှာလာဖြစ်နေတော့ သုံးယောက်သား ဝိုင်းဆော်ပလော်တီးလိုက်ပြီးမှ မကောင်းသည့်မိန်းမနှင့်ပေါင်းပြီး ဂွင်ဖန်လိုက်ခြင်းဖြစ်သည်။ သုံးယောက်လုံး မိဘတွေကျေနပ်အောင် ရှိခိုးမတတ် တောင်းပန်လိုက်ရုံတင်မကဘဲ လျော်ကြေးပါ ပေးလိုက်ရသည်။

ခဲမှန်ဖူးသည့် စာသူငယ်လို ဟိုတစ်ခါလိုဖြစ်မှာကြောက်ပြီး သုံးယောက်လုံး အကြည့်လေးဖြင့်သာ စပ်စုနေမိသည်။

"ဟဲ့ ခွေးကောင်တွေ လွှတ်"

ကောင်မလေးက အတင်းရုန်း၊ ငနဲသားနှစ်ကောင်က အတင်း





ဆွဲနှင့် လမ်းမကြီးပေါ်မှာ တော်တော်ကို အရုပ်ဆိုးအကျည်းတန်နေသည်။

ကိုယ့်ဝင်းကိုယ့်ခြံနှင့် အစဉ်အမြဲသော့ခတ်ထားသည့် ရပ်ကွက်ဖြစ်သည့်အတွက် အခွင့်ကောင်းယူပြီး အမဲဖျက်သလို ကောင်မလေးကို အတင်းဆွဲနေခြင်း ဖြစ်သည်။

"အစ်ကိုတို့ ကျွန်မကိုကယ်ပါဦး၊ သူတို့နှောင့်ယှက်နေလို့"

အဆိုအတီးမပျက်သော သူတို့ကို ကောင်မလေး ငိုသံပါနှင့် သမ်းအကူအညီတောင်းတော့ သုံးယောက်သား လှမ်းကြည့်လိုက်ကြသည်။ သူတို့သုံးယောက်၏အေးစက်စက်ပုံစံကိုကြည့်ပြီး ငနဲသားနှစ်ကောင်ကလည်း နပ်သည်။ တစ်ယောက်က ကောင်မလေးလက်မောင်းကို ဆုပ်ကိုင်ထားသျက်က

"ဟဲ့ မိမာ နင်ဂျင်းထည့်ချင် တခြားသူတွေထည့်၊ ဒီက ညီလေးတွေက ဒီရပ်ကွက်သားတွေ၊ နင့်အထာလောက်တော့ သူတို့ကညက်ပြီးသား"

"ဘာဂျင်းထည့်တာလဲ ကျွန်မ ဘာဂျင်းမှမထည့်ဘူး၊ ရှင်တို့သာ ကလိန်ကကျစ်တွေ၊ သူတို့ပြောတာမယုံပါနဲ့ အစ်ကိုတို့ရယ်၊ ကျွန်မဘကယ်ကို ဒုက္ခရောက်လာတာပါ"

"နင်တော့ ငါလုပ်မိတော့မယ်နော် မိမာ"

"ဘာမိမာလဲ၊ ကျွန်မနာမည် မိမာ မဟုတ်ဘူး၊ ရှင်တို့သာ ကျွန်မကိုသိတဲ့ပုံနဲ့ ကလိန်ကကျစ်လုပ်တာ"

"ဟာကွာ ငါလုပ်လိုက်လို့"

တစ်ယောက်က သူ့အားကြီးနှင့် ကောင်မလေးကို ရိုက်ဖို့လက်ရွယ်တော့ သူ မနေနိုင်တော့။

"မလုပ်နဲ့"

နွတ်ကပြောလိုက်သလို လူကလည်း ဂီတာကြိုးချပြီး အနားကို လျှောက်သွားလိုက်သည်။ သူထလာတော့ ဝေယံနှင့်ကိုမင်းလည်း နောက်ကပါလာသည်။

ငနဲသားနှစ်ကောင်နှင့် သူမကိုယ်သူမ မိမာမဟုတ်ဘူးဟု ငြင်းနေသော ကောင်မလေးကို တစ်ယောက်တစ်လှည့် အကဲခတ်ကြည့်လိုက်ပြီး

"ခင်ဗျားတို့ချင်း ဘာပြဿနာတွေရှိလဲတော့ မသိဘူး၊ ဒါပေမဲ့ ကျုပ်တို့ရှေ့မှာ အမြင်မတော်တာကိုတော့ ကြည့်နေလို့မရဘူးဗျာ"

"ဒီမှာ ညီလေး ကြည့်မရရင်လည်း မသိဟန်ဆောင်နေလိုက်ပေါ့ကွာ၊ ဒီကောင်မက တို့ညီရဲ့မိန်းမ၊ ညီ မရှိတုန်း အိမ်မှာမနေချင်လို့ ထွက်ပြေးသွားတာ"

"မဟုတ်ဘူး သူတို့ပြောတာ မဟုတ်ဘူး အစ်ကို၊ ကျွန်မက အခုမှ တောကတက်လာတာပါ၊ အသိတစ်ယောက်ကိုရှာရင်း သူတို့ကို အကူအညီတောင်းမိတာကို အခုလို အနိုင်ကျင့်ပြီး မဟုတ်တာတွေပြောတာပါ"

"တော်စမ်း နှင့်ပါးစပ်ပိတ်ထား မိမာ"

"ကဲပါကွာ ကြာတယ် ဆွဲသာခေါ်"

"ဟာ လွှတ်စမ်း ဂလိန်ကကျစ်ကြီးတွေ"

ငနဲသားနှစ်ယောက် ဆွဲခေါ်ရာသို့ ကောင်မလေး ပါးစပ်က လည်း အော်ရင်း ယက်ကန်ယက်ကန် ပါသွားသည်။

သုံးယောက်သား မျက်လုံးချင်းဆုံသွားပြီးနောက် ဝေယံနှင့် ကိုမင်းမြန်သလားမမေးနှင့်၊ ငနဲသားနှစ်ယောက်နား ဆတ်ခနဲရောက်သွားပြီး ကောင်မလေးကိုဆွဲနေသောလက်တွေကို ပြိုင်တူဖြုတ်ချလိုက်သည်။ ငနဲနှစ်ကောင်





ဒေါသတွေက ဝေယံတို့နှစ်ယောက်ဆီ ရောက်ကုန်သည်။

"မင်းတို့ဘာလုပ်တာလဲ၊ ကိုယ်နဲ့မဆိုင်ရင် အေးအေးနေလို့ ပြောပြီးပြီမဟုတ်လား"

"ကျုပ်တို့က ပိုပြီးတောင် အေးအေးနေချင်သေးတယ်၊ ခင်ဗျားတို့လာရှုပ်နေလို့"

"ငါတို့ပြဿနာ ငါတို့ရှင်းနေတာ၊ မင်းတို့နဲ့ဘာဆိုင်လို့လဲ"

တစ်ယောက်က ဒေါသတကြီးလှမ်းဟောက်သလို နောက်တစ်ယောက်ကလည်း မိုက်တိမိုက်ကန်းမျက်နှာနှင့် ကြည့်နေ၏။

"ဒါဆို ခင်ဗျားတို့အားလုံး ရပ်ကွက်လူကြီးအိမ် လိုက်ခဲ့ကြ၊ ဟိုကျမှ ကြည့်ရှင်း"

"ဘာဆိုင်လို့ ငါတို့က ရပ်ကွက်လူကြီးအိမ် လိုက်ရမှာလဲ၊ ကြာတယ်အောင်ကြီး ဒီကောင်မကို ဆွဲသာခေါ်"

"လာ နင့်လင်နဲ့တွေ့မှသိမယ်"

"မလာဘူး လွှတ် ခွေးတွေ"

သုံးယောက်သားမျက်စပစ်ပြီး ဆော်ပလော်တီးလိုက်မှ ငနဲသားနှစ်ယောက် ဖနောင့်နှင့်တင်ပါး တစ်သားထဲကျအောင် ပြေးပါတော့သည်။ ငနဲသားနှစ်ကောင် ခပ်ဝေးဝေးရောက်သွားမှ ကောင်မလေးဆီ အားလုံး အကြည့်ရောက်သွားသည်။

"မင်းကရော သူတို့နဲ့ တကယ်ရှင်းတယ်နော်"

"တကယ်ရှင်းပါတယ် အစ်ကို၊ ကျွန်မ ကျိန်ဆိုကျိန်ရဲပါတယ်"

ခပ်တည်တည်သူ့အမေးကို ကောင်မလေး အသံတုန်တုန်နှင့် ဖြေသည်။

အနီးကပ်ကြည့်မှ ကောင်မလေးမျက်နှာလေးသည် နုနုဖတ်ဖတ်

နှင့် အပြစ်ကင်းစင်နေသည်။ မြွေရေခွံအိတ်အစိမ်း အစင်းကြားလေးအား ဆုပ်ကိုင်ထားသော သူမလက်ကလေးနှစ်ဖက်သည် တဆတ်ဆတ်တုန်နေ၏။ ကြောက်စိတ်ကြောင့် မျက်လုံးဝိုင်းဝိုင်းလေးတစ်စုံထဲတွင် မျက်ရည်တွေတွဲခိုနေသည်။

ဝတ်ထားသောလုံချည်နှင့် အင်္ကျီကလည်း ရိုးရိုးလေးဖြစ်သည်။

ဘာလုပ်မှာလဲဆိုသော အထာနှင့် ဝေယံ မျက်စပစ်ပြတော့ သူကလည်း မသိဘူးလေဆိုသည့်ပုံစံမျိုးနှင့် ပခုံးနှစ်ဖက်တွန့်ပြလိုက်သည်။

"မင်းက ဘယ်ကလဲ၊ သူတို့နဲ့ဘယ်မှာတွေ့ပြီး ဘယ်လိုဖြစ်ကြတာလဲ"

ဆရာကြီးစတိုင်နှင့် ကိုမင်းက စတင်စစ်ဆေးနေသည်။ ရယ်ချင်စိတ်ကို ထိန်းပြီးခပ်တည်တည်နှင့် သူ့ လက်ပိုက်ထိုင်လိုက်ပြီး ဝေယံကတော့ မတ်တပ်ရပ်လျက်ပင် ခါးထောက်ကြည့်နေသည်။

"ကျွန်မက မုတ္တမနားရွာတစ်ရွာကပါ၊ အဖေနဲ့ရင်းနှီးတဲ့ ဟိုဘက်လမ်းထဲကအသိတွေ ရွာလာလည်ရင်း ကျွန်မကို အလုပ်လုပ်ဖို့ ခေါ်တယ်၊ အဖေရှိတုန်းကတော့ တစ်ယောက်တည်းကျန်ခဲ့မှာမို့ ရွာမှာပဲ လုပ်ကိုင်စားတယ်၊ အခု အဖေဆုံးသွားတော့ ကျွန်မတစ်ယောက်တည်း အားကိုးရာမရှိတော့လို့ အားကိုးတကြီး တက်လာကာမှ သူတို့ကပြောင်းသွားကြပြီတဲ့"

စကားဆုံးတာနှင့် ကောင်မလေး ငိုပါတော့သည်။

"ဟေ့ ဟေ့ မငိုနဲ့လေ၊ ငါတို့က မချော့တတ်ဘူး"

ဝေယံပြောတော့ မျက်ရည်တွေကို လက်ဖမိုးလေးနှင့်သုတ်နေသည်။

သူမပြောတာ တကယ်ဆိုလျှင်တော့ တော်တော်သနားစရာကောင်းသည့် ကောင်မလေးဖြစ်သည်။





"ဟိုဘက်လမ်းက နာမည်ဘယ်သူလဲ၊ ခြံနံပါတ်ကော ဘယ်လောက်လဲ"

"နာမည်က ဦးသန်းထိုက်ပါ၊ ဒီမှာ လိပ်စာပါပါတယ်"

လက်ထဲမှာ အသင့်ကိုင်ထားသော တွန့်ကြေနေသည့် စာရွက်လေးကို ကိုမင်းလက်ထဲထည့်ပေးနေသည်။ ကိုမင်း လိပ်စာကိုဖတ်ကြည့်ပြီး သူမကိုကြည့်ကာ

"ဒီတော့ မင်းဘယ်လိုလုပ်မှာလဲ"

"ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူးရှင်"

ကောင်မလေး ငိုသံပါကြီးနှင့်ပြောပြီး ကိုင်ထားသော ပိန်ဆွဲအိတ်ကလေးအား အောက်ချလိုက်သည်။ သူမပြောသလို ဘာလုပ်ရမှန်းမသိအောင် မျက်နှာတစ်ပြင်လုံး ပြိုတော့မည့်မိုးလို ညိုမည်းနေသည်။

"အဖေဆုံးသွားတော့ အမေကရော တခြားညီအစ်ကို မောင်နှမများ မရှိဘူးလား"

"ကျွန်မက တစ်ဦးတည်းသော သမီးပါရှင်၊ အမေကလည်း ကျွန်မငယ်ငယ်လေးတည်းက ဆုံးသွားပါတယ်"

"ဆွေမျိုးသားချင်းရော"

"မရှိပါဘူးရှင်"

"ရွာကရင်းနှီးတဲ့လူတစ်ယောက်ကရော မင်းကိုခေါ်မထားနိုင်ကြဘူးလား"

"သူတို့သားအမိတွေတောင် အရွယ်ရောက်တာနဲ့ ရန်ကုန်ကို အလုပ်လုပ်ဖို့ ပို့လိုက်တာ"

"ရန်ကုန်ရော ရောက်ဖူးလား"

"အခုမှ ပထမဦးဆုံးရောက်ဖူးတာပါ"

"ဘယ်ဆိုးလို့လဲ၊ ပထမဦးဆုံးသာရောက်ဖူးတယ်၊ လိပ်စာကို ထိထိကျကျ ရှာနိုင်တယ်နော်"

"ဒီလိုပဲ မေးရတာပေါ့"

ကောင်မလေးက စိတ်မရှည်သလို ခပ်ဆောင့်ဆောင့်ဖြေတော့ ကိုမင်း မဲ့ပြုံး၏။

"မင်း စာရေးတတ်လား"

"ရွာမှာတော့ ရှစ်တန်းအောင်တဲ့အထိ နေခဲ့ပါတယ်"

"ဘယ်ဆိုးလို့လဲ၊ အခု ရန်ကုန်တက်လာတော့ ရွာကအိမ်ကို ရောင်းခဲ့တာလား"

"ကျွန်မတို့မှာ အိမ်မရှိပါဘူး၊ အဖေနဲ့ကျွန်မက သူများခြံထဲမှာ ကပ်နေတာပါ"

ကိုမင်း ဘာဆက်မေးရမှန်းမသိတော့ သူနှင့်ဝေယံကို လှည့်ကြည့်သည်။

"မင်း ဘာဆက်လုပ်မယ် စိတ်ကူးလဲ"

ဒီတစ်ခါ အလှည့်ကျသူကတော့ ဝေယံ ဖြစ်သည်။

"ကျွန်မ အလုပ်တစ်ခုခုလုပ်ချင်ပါတယ်"

"မင်းလိုရှစ်တန်းအောင်လောက်နဲ့ ရန်ကုန်မြို့မှာ လမ်းဘေး တံမြက်စည်းလှည်းတဲ့အလုပ်တောင် မရဘူး"

"ကျွန်မကလည်း အဲဒီလို အလုပ်တွေကို ပြောတာမဟုတ်ပါဘူး အိမ်တစ်အိမ်မှာ ထမင်းချက် အဝတ်လျှော် အိမ်ဖော်အလုပ်ကိုပြောတာ"

သူမအပြောကြောင့် သုံးယောက်လုံး မျက်လုံးအပြူးသားနှင့် ဝိုင်းကြည့်ကြသည်။

"မင်းရုပ်ရည်နဲ့များ သူများအိမ်မှာ အိမ်ဖော်လုပ်မယ် ဟုတ်လား"





ဝေယံ၏တအံ့တဩအမေးကို သူမ အပြုံးလေးနှင့်

"အဲဒါ ဘာဆန်းလို့လဲ အစ်ကိုရယ်၊ ရွာကကောင်မလေးတွေဆို ဆယ့်လေးနှစ် ဆယ့်ငါးနှစ်လောက်နဲ့ ရန်ကုန်မှာအိမ်ဖော်လာလုပ်နေကြတာ အများကြီးပဲ"

"မိဘတွေက မပြောကြဘူးလား"

"မိဘတွေစဲ ခိုင်းကြတာလေ"

"ဟာ မင်းတို့မိဘတွေက တော်တော်ရက်စက်ကြတာပဲ"

ဟုတ်ပါ့ တော်တော်ရက်စက်သည့်မိဘတွေပဲ၊ ကိုယ့်သမီး အပျိုပေါက်ကလေးတွေကို သူတို့မို့ ခိုင်းရက်သည်။ ဒီကောင်မလေးနှင့် တွေ့မှ အထူးအဆန်းစကားတွေချည်း ကြားနေရသည်။

"တော်သေးတာပေါ့ မင်းအဖေကတော့ မင်းကို အဲဒီလို မခိုင်းဘူးမဟုတ်လား"

"ဟုတ်ကဲ့ ကျွန်မအတင်းပြောတာတောင် အဖေက ခွင့်မပြုဘူး"

"ဘယ်ခွင့်ပြုမှာလဲ၊ ဒီလိုပုံလေးနဲ့ သူများအိမ်မှာ အိမ်ဖော်သွားလုပ်လို့ ယုတ်မာတဲ့အိမ်ရှင်နဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ"

သူလည်း ဝေယံပြောသလို တွေးလိုက်မိသည်။

"ဘယ်တတ်နိုင်မလဲ အစ်ကိုရယ်၊ အနေအထိုင်တတ်ဖို့ အရေးကြီးပါတယ်"

"မင်းကရော အိမ်ဖော်အလုပ်ကိုလုပ်ချင်တယ်ပေါ့"

"ဟုတ်ကဲ့ လောလောဆယ်မှာ ဒီအလုပ်ပဲ အဆင်ပြေမယ်ထင်တယ်"

"ရှစ်တန်းအောင်တဲ့အထိတောင် ပညာတွေသင်လာပြီးမှ မင်း

ဒီအလုပ်လုပ်ဖို့ မစဉ်းစားသင့်ဘူး၊ ဈေးရောင်းချင်တယ်ဆို တော်သေးတယ်''

"ဈေးရောင်းရအောင် ဘယ်မှာလဲ အရင်းအနှီး၊ နေစရာအိမ် ကရော လောလောဆယ် ဒီနေ့တောင် ဘယ်မှာအိပ်ရမလဲမသိဘူး''

''ဟော့ ဟော့ ငိုတော့မငိုလိုက်ပါနဲ့''

ဝေယံ အရှုံးပေးသလို သူနှင့်ကိုမင်းကို ဆလံပေးနေသည်။

သူမ ပြောတာဟုတ်ပါသည်။ အရင်းအနှီးက ထားပါဦး။ အခုမှ ရန်ကုန်ကို ရောက်ဖူးသော သူမသည် ဘယ်မှာနေပြီး ဘယ်လိုရောင်းဝယ် စားတတ်မှာလဲ။ သူမအသက်ကလည်း အလွန်ဆုံးရှိမှ ဆယ့်ခြောက် ဆယ့် ခုနစ်ထက်မပိုနိုင်။ ဘာမှ ပြင်ဆင်ခြယ်သထားခြင်းမရှိတာတောင် မျက်နှာ ရော ကိုယ်လုံးရောအလှသည် ယောကျ်ားတွေ သွားရည်ကျစရာပါ။

သူ့မှာသာ ညီမရှိလျှင် ဒီကောင်မလေးက ညီမအရွယ်ဖြစ်သည်။ ဒီတော့ ထွေထွေထူးထူး မစဉ်းစားချင်တော့။

''မင်းနာမည် ဘယ်သူလဲ''

တစ်ချိန်လုံး ငြိမ်နေသော သူ့ဆီက အသံကြောင့် သူမ မျက်နှာ ငယ်လေးနှင့်ကြည့်ပြီး

''ရွှေကဗျာပါ အစ်ကို''

''အဟ ရှာသူကြီးရဲ့နာမည်ကလည်း မိုက်လှချည်လား''

သူမ နာမည်ပြောတော့ ဝေယံ လှောင်လိုက်သည်။

''အသက်ကရော''

''ပြီးခဲ့တဲ့လက (၁၇)နှစ် ပြည့်ပါတယ်''

''မင်း တကယ်ပဲ ဒီအလုပ်လုပ်ဖို့ ဆုံးဖြတ်ပြီးပြီလား''

''ဟုတ်ကဲ့''

''မင်းဆုံးဖြတ်ချက်ကို ကန့်ကွက်မယ့်သူ မရှိပါဘူးနော်''





''မရှိပါဘူးရှင်၊ ကျွန်မက တစ်ကောင်ကြွက်ပါ၊ ကျွန်မဘဝကို ကျွန်မဘာသာပဲ ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်''

ပြောရင်းကပင် ဝမ်းနည်းလာပုံနှင့် မျက်ရည်တွေ ချက်ချင်း ဝဲလာ သည်။

''ဒါဆို မင်း ငါနဲ့လိုက်ခဲ့''

''ရှင်''

''ဟော့ကောင် မရ''

''မရ ဘာ ဘာပြောလိုက်တယ်''

သူ့ဆုံးဖြတ်ချက်ကို သူမ တအံ့တဩဖြစ်သွားသလို ဝေယံတို့ နှစ်ယောက်ကလည်း ဟန့်တားဖို့ပြင်နေသည်။ ဆုံးဖြတ်ချက်ကို မပြင် တော့သည့် သူက ဝေယံတို့ကို လက်ကာပြလိုက်ပြီး

''ငါ သူ့ကိုခေါ်သွားလိုက်မယ်၊ ငါ့မှာသာ ညီမမရှိရင် ငါ့ညီမ အရွယ်ပဲ၊ စောစောကလိုလူမျိုးတွေနဲ့ ထပ်မတွေ့ဘူးလို့မပြောနိုင်ဘူး၊ သူ့ဘဝလုံခြုံအောင် ငါပဲခေါ်သွားလိုက်တော့မယ်''

''မင်းအိမ်က လက်ခံပါ့မလား''

''လက်ခံအောင် သူ့ရဲ့အဖြစ်မှန်ကို ပြောပြရမှာပေါ့၊ ငါမှမခေါ် ရင် မင်းတို့ခေါ်မလား''

''ငါက ခေါ်ချင်ပါတယ်၊ ဒါပေမဲ့ ငါ့အိမ်ကအကြောင်းလည်း မင်း သိတဲ့အတိုင်း''

ဝေယံ သူ့ပေါ်ကျမှာစိုးပြီး ရှင်းပြနေသလို ကိုမင်းကလည်း

''ဟုတ်တယ် မရရဲ့၊ ငါ့အိမ်မှာလည်း ကောင်မလေးတွေက များပြီး သုပ်စရာအလုပ်က သိပ်မရှိ''

''တော်ပြီ ဒီလောက် ရှင်းပြစရာမလိုဘူး၊ ငါသဘောပေါက်တယ်၊

ရတယ်၊ ငါပဲခေါ်သွားလိုက်မယ်၊ ကဲ ရွှေကဗျာ မင်းပစ္စည်း ဒါ အကုန်ပဲလား"

မျက်နှာငယ်လေးနှင့် သူတို့ပြောသမျှနားထောင်နေသော ရွှေကဗျာဆိုသော ကောင်မလေးဘက်လှည့်မေးတော့ သူမ မျက်လွှာလေးချပြီး

"ဟုတ်ကဲ့ အစ်ကို"

"မင်းနောက်ကြောင်းရှင်းတာတော့ သေချာတယ်နော်"

"စိတ်ချပါ အစ်ကို၊ ဒီထက်ပိုပြီးတော့လည်း အစ်ကို ယုံအောင် မပြောတတ်တော့ပါဘူး"

"ပြီးတာပဲ မင်းကိုငါမှမခေါ်ရင် ဒုက္ခရောက်သွားမှာစိုးလို့၊ ငါက အိမ်ကလူတွေကို မင်းအတွက် အာမခံပေးရမှာ၊ မဟုတ်ရင် အိမ်ကလူတွေ ငါ့ကိုဝိုင်းပြောကြမှာ"

"ကျွန်မကိုယုံပါ၊ ကျွန်မပြောတာ မဟုတ်တာတစ်ခုမှ မပါပါဘူး"

"ဒါဆို လာ သွားမယ်"

သူ ရှေ့က ဂီတာကြီးထမ်းပြီးသွားတော့ ရွှေကဗျာဆိုသော ကောင်မလေးလည်း အိတ်ကလေးဆွဲပြီး နောက်က ခပ်ကုတ်ကုတ် ပါလာသည်။

သူ့စိတ်ဓာတ်ကိုသိသော ဟိုနစ်ကောင်ကတော့ သူနှင့်ရွှေကဗျာကို တအံ့တဩ ကြည့်နေမှာပင်။ ရွှေကဗျာကို ကြောင်ပြီးခေါ်တာမဟုတ်ဘူးဆိုတာလည်း သူတို့ကောင်းကောင်းကြီးသိသည်။

မာမီနှင့်လေးလေးက သူပြောလျှင် တစ်ခွန်းပဲ။ ရွှေကဗျာက ငယ်ငယ်ချောချောကောင်မလေးဖြစ်နေသည့်အတွက် တစ်မျိုးထင်မှာစိုးသည်။

သူနှင့်ရွှေကဗျာ ခြံထဲဝင်လာတည်းက ခြံစောင့်ဦးမှတ်ဆိတ် ဒါရိုက်ဘာဦးဝင်း မျက်လုံးပြူးကြီးတွေနှင့် ကြည့်နေကြသည်။ အိမ်ထဲရောက်တော့





သည်း ထမင်းချက်ဒေါ်ကြီးသန်း မိချို အပုတို့ အကဲခတ်နေကြသည်။

"မင်း ထမင်းစားပြီးပြီလား"

သူမ မျက်နှာငယ်လေးနှင့် ခေါင်းခါပြသည်။

"ဒေါ်ကြီးသန်း"

"ပြောလေ မရ"

"သူ့ကိုထမင်းကျွေးလိုက်ပါ၊ လောလောဆယ် ဒေါ်ကြီးအခန်းမှာ ခဏထားလိုက်"

"ကောင်းပါပြီ မရ"

ဒေါ်ကြီးသန်းကိုပြောပြီးတာနှင့် ရွှေကဗျာဘက်လှည့်လိုက်ကာ

"မင်းထမင်းစားပြီးရင် ဒေါ်ကြီးသန်းအခန်းထဲမှာ သွားနေ၊ ညနေစောင်းတာနဲ့ ရေချိုးထား။ အဝတ်အစားကို ကောင်းစရာမလိုဘူး။ သန့်သန့်ရှင်းရှင်းဝတ်ထား။ ငါ့အမေနဲ့ဦးလေးလာရင် ခေါ်ခိုင်းလိုက်မယ် ကြားလား"

"ဟုတ်ကဲ့"

ပြောစရာကုန်သွားသည့်အတွက် ရွှေကဗျာကို ဒေါ်ကြီးသန်းတို့နှင့်ထားခဲ့သည်။ အပြင်ထပ်ထွက်ဖို့လည်း စိတ်မပါတော့။ လေးလေးအခန်းထဲဝင်လာခဲ့သည်။ အိပ်ရာထဲလှဲချလိုက်တော့ ဘယ်အချိန်အိပ်ပျော်သွားမှန်းမသိ။

■ ■ ■

## အခန်း (၈)

"ဝွမ်း ဂလွမ်း"

"သမီး ဘယ်လိုဖြစ်တာလဲ"

ကွဲသွားသော ဖန်ကွဲစတွေ ကောက်နေရာမှ ပိုးပဝါ အဒေါ်ဖြစ်သူ ဒေါ်စန္ဒာကို မော့ကြည့်လိုက်သည်။

"သတိထားရင်းက ဘယ်လိုဖြစ်သွားမှန်းကို မသိပါဘူး ဒေါ်လေးရယ်"

စိတ်မကောင်းသံလေးနှင့် ပြောနေသော ပိုးပဝါ ပခုံးလေးကို ဒေါ်စန္ဒာကိုင်ပြီး

"သေသေချာချာ အကွဲစတွေကိုကောက် သမီး၊ လက်လည်းရှဦးမယ်"

"ဟုတ်ကဲ့"

ဒေါ်စန္ဒာ ပြောပြီးတာနှင့် အနားကထွက်သွားသည်။ ဒေါ်စန္ဒာ





ောက်ကျောကိုကြည့်ပြီး ပိုးပဝါ သက်ပြင်းချလိုက်သည်။

ကွဲသွားသော ဖန်ကွဲစတွေကို သေသေချာချာ တစ်ခုချင်းက်ကောက်ရင်း ကိုယ့်ဘဝအကြောင်း စဉ်းစားနေမိသည်။

ဒေါ်လေးစန္ဒာက ပိုးအမေရဲ့ညီမရင်း ပိုးအဒေါ်ရင်းဖြစ်သည်။ မေက ပိုး ငယ်ငယ်လေးနှင့်ဆုံးသွားတော့ ဖေဖေနောက်အိမ်ထောင်ပြုသည်။ ပိုးနှင့်ဒေါ်လေး သတ်သတ်ခွဲနေကာ ရှိသည့်ငွေတွေ ဘဏ်မှာပ်ပြီး တူဝရီးနှစ်ယောက် ဘဝကိုရပ်တည်နေတာ အခုချိန်ထိဖြစ်သည်။

နဂိုထဲက အနေအေးသော ဒေါ်လေးက မေမေဆုံးတော့ ပိုဆိုးသွားသည်။ ဘုရားတရားဘက်ပဲလိုက်စားတော့သည်။ တစ်ဦးတည်းသောစ်မကမွေးသည့် တူမလေးပိုးကို သူ့အသက်တမျှချစ်ပေမယ့် ပရောပရီနေပါ။ ပိုးကတော့ ပြေးကြည့်မှ ဒီတူအရီးနှစ်ယောက်တည်းရှိသည့် အတွက်ီတီတာတာ ချွဲနွဲ့ပြီး ပွတ်သီးပွတ်သပ် နေချင်သည်။ ဒေါ်လေးက ထိုသို့ဟုတ်ပါ။ ပြောစရာရှိလျှင်ပြောပြီး ကျန်အချိန်တွေမှာ ဘုရားရှိခိုး တရားမှတ်၊တီးစိတ်၊ ရွတ်ဖတ်နေရင်းဖြင့် အချိန်ကုန်စေသည်။

ညနေသုံးနာရီဆို ရွှေတိဂုံဘုရား ဝေယျာဝစ္စအသင်းဝင်ထားသည့်အတွက် ပုံမှန်သွားသည်။ ညရှစ်နာရီပြန်ရောက်ပြီး ထမင်းစား၊ ဘုရားရှိခိုးပြီးအိပ်သည်။

အရင်တုန်းကဆို ပိုးက အခုလို အေးစက်စက်မဟုတ်ဘူး။ အနေကြာလာတော့ ဒေါ်လေးတူမပီပီ အခုလိုပုံစံမျိုး ဖြစ်သွားတာဖြစ်သည်။

ပိုးအတွေးတွေကို အဆုံးသတ်ပြီး ကျောင်းသွားဖို့ ပြင်ဆင်လိုက်သည်။

ကျောင်းသွားဖို့ ဖိနပ်စီးနေစဉ်မှာပဲ ဒေါ်လေး ဘုရားဝတ်ချနေသည်။ ပြီးမှ ထိုင်ရာကထလာပြီး ဗီရိုပေါ်က ပိုက်ဆံအိတ်လေးကို လှမ်း

ယူလိုက်သည်။

"သမီးသွားတော့မယ် ဒေါ်လေး"

"မုန့်ဖိုးယူသွားဦးလေ"

"ရှိသေးတယ် ဒေါ်လေးရဲ့"

"သမီးရယ် ငွေတစ်သောင်းပေးထားတာ ဘယ်နှရက်ရှိနေပြီလဲ၊ သုံးပါ သမီးရဲ့၊ အဲဒီလောက် မချွေတာပါနဲ့၊ သမီးမှမသုံးရင် ဘယ်သူသုံးမလဲ၊ အခုဆို နောက်ဆုံးနှစ်ပဲရောက်နေပြီ၊ နောက်ပိုင်းကုန်စရာ ဘာမှမရှိတော့ဘူး"

"ဟုတ်ကဲ့ပါ ဒေါ်လေးရဲ့၊ သမီးသုံးသင့်တာကို သုံးပါတယ်"

ပိုးပဝါ ဘာပြောပြော ဒေါ်စန္ဒာ ပိုက်ဆံအိတ်ထဲက ထောင်တန်တွေ ထုတ်ပေးနေသည်။

ဒေါ်လေး စိတ်မကောင်းဖြစ်မှာစိုးသောကြောင့် ပိုက်ဆံတွေ ပိုးလှမ်းယူပြီး

"သမီးသွားမယ်နော် ဒေါ်လေး"

"အေး အေး ကားသတိထားကူးနော်"

"ဟုတ်ကဲ့"

တူမလေးထွက်သွားရာ မျက်စိတဆုံးလိုက်ကြည့်ပြီး ဒေါ်စန္ဒာ သက်ပြင်းချသည်။

သွေးသားရင်းချာဆို၍ ဒီတူမလေးတစ်ယောက်သာ ရှိသည့်အတွက် ဒေါ်စန္ဒာ အသည်းတွေကွဲထွက်မတတ် ချစ်သည်။ တူမလေးက ပွတ်သီးပွတ်သပ်နေချင်ပေမယ့် တမင်ပင်ဒေါ်စန္ဒာက ခပ်ခွာခွာနေသည်။ ဘဝမှာ နာကျည်းစရာ တုန်လှုပ်စရာတွေကူ ရင်တစ်ခုလုံးနှင့်မဆံ့တော့အောင် များပြားခဲ့လှသည့်အတွက်ကြောင့် လူ့ဘဝမှာပင် မနေချင်တော့





ယောက်အောင် စိတ်ကုန်ခဲ့သည်။ ဒါပေမဲ့ ခိုကိုးရာမဲ့တစ်ယောက်တည်းကျန်ခဲ့မည့် တူမလေး ပိုးပဝါကို ငဲ့ပြီး အသက်ဆက်ရှင်နေခြင်းဖြစ်သည်။

ဒီတူမလေး သင့်တော်မည့်သူနှင့် အိမ်ထောင်ကျပြီးလျှင်တော့ ဒုက္ခဆောင်ကိုစွန့်လွှတ်ပစ်ဖို့ ဒေါ်စန္ဒာ ဆုံးဖြတ်ပြီးသားပါ။ တူမလေးက လိမ္မာပြီး ယဉ်တတ်လွန်းသည်။ ဆယ်တန်းအောင်ပြီးတော့လည်း အဝေး သင်ပဲတက်မည်ဆိုတော့ ဒေါ်စန္ဒာ လက်မခံခဲ့။ တူဝရီးနှစ်ယောက်နေ တတ်စားတတ်သော့ အပိုသိပ်မကုန်။

လိမ္မာလွန်းသည့် တူမက နောက်ဆုံးနှစ်ရောက်သည့်အထိ ရည်းစားမရှိသေးတော့ ရည်ရွယ်ချက်မအောင်မှာ ဒေါ်စန္ဒာ စိုးရိမ်သည်။ ရည်းစားရှိသလားဟုလည်း မေးမထွက်။ တူမနှင့်အဒေါ်ပေမယ့် အဲဒီလောက်ထိ မပွင့်လင်းကြ။ တစ်ခါတစ်ခါ ယောကျ်ားလေးတွေတော့ ဖုန်းဆက်သည်။ တူမက သူမကိုမရှိုးမသား စကားပြောတာနှင့် ဖုန်းချပစ်သည်။

ကျောင်းပြီးသွားသည့်အထိ ရည်းစားမရှိမှာ ဒေါ်စန္ဒာအရမ်းစိုးရိမ်နေသည်။ ကျောင်းပြီးသွားလျှင် အိမ်မှာပဲနေတော့မည့်သူက ရည်းစားထားဖို့ဝေးပြီ။ အတွေးနှင့်ပင် ကိုယ့်ရည်ရွယ်ချက်တွေ အထမမြောက်မှာ ဒေါ်စန္ဒာ ပူပန်နေသည်။

အတွေးတွေနှင့် နစ်မြောနေစဉ် ဖုန်းလာတော့ ကမန်းကတန်းလျှောက်သွားပြီး ဖုန်းကိုင်လိုက်သည်။

"ဟဲလို"

"ဒေါ်လေးလား"

"ဟုတ်ပါတယ်"

"ဒေါ်လေး နီလာပါ၊ ပိုး ကျောင်းသွားပြီလား"

"အခုလေးတင်ပဲ သွားတယ် သမီးရဲ့"

"ဟုတ်လား နီလာ ဒီနေ့ကျောင်းမလာဘူးလို့ ပြောမလို့ ရ ဘယ် ဒေါ်လေး မျိုးမျိုးသွားမှာမဟုတ်သေးဘူး။ သူ့ဆီကိုပဲ ဖုန်းဆက် ပြောလိုက်တော့မယ်"

"အေးပါကွယ်"

"ဒေါ်လေး ဒါပဲနော်"

"ကောင်းပါပြီ သမီးရယ်"

နီလာဆိုသော တူမလေး သူငယ်ချင်းဖုန်းချသွားသည်။ တူမလေးသူငယ်ချင်းတွေက ကိုယ်ပိုင်ကားတွေနှင့်ချည်းပင်။ တူမလေးတစ်ယောက်သာ လိုင်းကားတိုးစီးနေရတော့ ရင်ထဲမှာမကောင်း။ ဘယ်လိုရည်ရွယ်ချက်မျိုးပဲရှိရှိ တူမလေးကိုတော့ သူများထက်မသာလျှင်တောင် တန်းတူဖြစ်စေချင်တာ ဒေါ်စန္ဒာရင်ထဲက ဆန္ဒပါ။

ဩော် ကိုယ်လည်း ပုထုဇဉ်တစ်ယောက်ပေကိုး။

■ ■ ■

## အခန်း (၉)

"သား မရ"

မှောက်ခုံကြီး အိပ်ပျော်နေသော သူ့ကို လေးလေးနှိုးနေတော့ အိပ်မက်မက်နေသလိုလို။ ပခုံးကိုပုတ်မှ မျက်စိဖွင့်ပြီး ပက်လက်လှန်ချလိုက်သည်။

"လေးလေး"

မတ်တပ်ရပ်လျက်ကပင် လေးလေးကြည့်ပြီး

"ဘယ့်နှယ်မှောက်ရက်ကြီး အိပ်နေရတာလဲ၊ သွား မာမီခေါ်နေတယ်"

"ဟာ"

အခုမှ ရွှေကဗျာဆိုသော ကောင်မလေးကို သတိရသွားတော့ လေးလေးက သိသည့်ပုံနှင့်

"အခုမှဟိုကောင်မလေးကို သတိရသွားပြီမဟုတ်လား။ မျက်နှာသစ်ပြီး သွားလိုက်၊ အဲဒီကိစ္စပြောမလို့"

"မာမီ ဘာပြောလဲဟင် လေးလေး"

"အဲဒါကြောင့် သွားလိုက်လို့ ပြောနေတာပေါ့"

"လေးလေးကရော သူ့ကိုခေါ်ထားဖို့ သဘောတူလား"

"မင်းတို့သားအမိကျေနပ်ရင် ပြီးတာပဲ"

လေးလေး ပြောပုံကို သူ မကြိုက်။ တစိမ်းဆန်လွန်းသည်။

"လေးလေးကလည်း အဲဒီလို မပြောပါနဲ့၊ လေးလေးလည်း အိမ်သားတစ်ယောက်ပဲ၊ လေးလေးလည်း ကျေနပ်မှဖြစ်မှာပေါ့"

"ကျေနပ်ပါတယ်၊ လေးလေးက ဘာမကျေနပ်စရာရှိလဲ၊ ကောင်မလေးက သန့်သန့်ပြန့်ပြန့် သွက်သွက်လက်လက်လေး"

သူ ကျေနပ်သွားသည်။ သူလိုချင်တာ ဒီလိုအဖြေမျိုးဖြစ်သည်။ ဒါကို သိလျက်နှင့် လေးလေး သူ့ကိုတမင်လုပ်နေတာ သိသားပဲ။

"ကဲ ကိုယ်တော် ကြွတော့ ဟိုမှာ လူကြီးတွေစောင့်နေတယ်"

ကျေနပ်နေသော သူ့ကိုလေးလေး အတင်းတွန်းလွှတ်တော့ လေးလေးပါးကို ရွှတ်ခနဲနမ်းပြီး ထွက်ပြေးလာသည်။

"ဟာ ဒီကလေးကတော့ကွာ"

ပါးစပ်ကပြောပေမယ့် ဦးအောင်မိုး ပြုံးပြုံးကြီးနှင့်ကျေနပ်နေ သည်။ အစ်မကမွေးသော ဒီတူလေးက ဦးအောင်မိုး၏အသည်းအသက်ဆိုလည်း မမှားပါ။

ငယ်ငယ်လေးတည်းက ဦးလေးဖြစ်သူကို ခင်တွယ်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ဖခင်မဲ့သွားတော့ အမေနှင့်ဦးလေးဖြစ်သူက သူ့ဘဝ သူ့ကမ္ဘာဖြစ်သည်။ မအေဖြစ်သူနောက်အိမ်ထောင်ထူတာနှင့်ပတ်သက် ပြီး မကျေမနပ်ဖြစ်ကာ ရိုင်းစိုင်းနေပေမယ့် ပင်ကိုယ်စိတ်ထားက နူးညံ့သူလေး ဖြစ်သည်။





အခုချိန်ထိ ရည်းစားလည်းမထားဘဲ မအေနှင့်ဦးလေးကို ချွဲ ကောင်းတုန်းဖြစ်သည်။ မောင်နှမနှစ်ယောက်ကလည်း ဒါကိုပဲ ကျေနပ် နေတာပါ။

သူအပြင်ရောက်တော့ မာမီနှင့်မာမီ့ယောက်ျားကြီးက နှစ်ယောက် ထိုင်ဆိုဖာပေါ်တွင် ပူးပူးကပ်ကပ် ထိုင်နေသည်။ မာမီတို့နှင့် မျက်နှာချင်းဆိုင် တစ်လုံးပေါ်မှာ ရွှေကဗျာ ခပ်ရှိုရှိုလေးထိုင်ပြီး မာမီတို့နှင့်စကားပြောနေ၏။

'သူ ခေါ်ခိုင်းလိုက်မည်ဆိုသော ရွှေကဗျာက မာမီတို့နှင့်တွေ့ပြီး သူ့အကြောင်းတောင် ပြောပြပြီးလောက်ပြီ။ သပ်သပ်ရပ်ရပ် ဝတ်ထား သော ရွှေကဗျာက အိမ်ဖော်အလုပ်လုပ်ဖို့မကောင်းဘူး။ မင်းသမီးလုပ်ဖို့ ကောင်းသည်။

"ဟော သားလေးလာပြီ"

မာမီက အခုမှ သူ့ကိုတွေ့သွားသည်။ မာမီ့ဘေး တစ်ယောက် ထိုင်ဆိုဖာမှာ သူ ဝင်ထိုင်လိုက်ပြီး

"မာမီ့ကို သူ ဘာတွေပြောထားပြီးပြီလဲ"

"အားလုံး ပြောထားပြီးပြီ သားရဲ့"

"မာမီ သူ့ကိုခေါ်ထားဖို့ သဘောတူတယ်မဟုတ်လား"

"တူပါတယ် သားရဲ့၊ ကဗျာလေးကိုလည်း သေသေချာချာ မေးပြီးပြီ၊ သူ့မှာရွာလူကြီးထောက်ခံစာလည်းပါတယ်"

"ဒါဆိုလည်း ပြီးတာပဲလေ၊ မာမီပဲသူ့ကို သင့်တော်မယ့်အလုပ် ပေးလိုက်ပေါ့"

"အေးပါ သားရဲ့"

ကိစ္စပြီးပြီဖြစ်သောကြောင့် သူ ထလာခဲ့သည်။ မာမီ့ယောက်ျား ဦးသန့်စင်ကတော့ ပြောသမျှကို ပြုံးပြုံးကြီးနားထောင်နေရုံမှလွဲပြီး ဘာမှ

ဝင်မပြော။

ရွှေကဗျာ့ကိစ္စ အဆင်ပြေသွားသည့်အတွက် သူ ဝမ်းသာသွားသည်။

■ ■ ■

## အခန်း (၁၀)

"လေးလေး"

ခေါင်းဖြီးရင်းက အခုမှ ဆိုင်ကပြန်ရောက်ကာစ လေးလေးကို မှန်ထဲကကြည့်ပြီး ခေါ်လိုက်သည်။ ခုတင်ပေါ် ခြေတွဲလွဲချထိုင်နေသော လေးလေးက သူ့ကိုလှမ်းကြည့်သည်။

"သား သူငယ်ချင်းရဲ့အစ်ကို မင်္ဂလာဆောင်မှာ သားတို့သီချင်း ဆိုရမှာ"

"အဲဒါ ဘာဖြစ်လဲ"

"ဟာ လေးလေးကလည်း ဒါတိုင်းလို ဘေးအုတ်ခုံမှာ မဟုတ်ဘူး။ စင်ပေါ်မှာ တီးဝိုင်းအဖွဲ့နဲ့ဆိုရမှာ"

မှန်ရှေ့မှခွာပြီး လေးလေးရှေ့ ဖျတ်ခနဲ လာရပ်တော့ သူ့ကို လေးလေးကမကြည့်ဘဲ အိတ်ထဲကပစ္စည်းတွေထုတ်ဖို့ ပြင်နေသည်။

"လေးလေးကလည်း အဲဒါတွေ နောက်မှလုပ်စမ်းပါ"

"ဟော့ကောင်"

အိပ်ဖွင့်လို့မရအောင် လေးလေးလက်ကို အတင်းဆွဲထား
နိုင်းကိုသည့်အသံနှင့် ခပ်ပေပေကြည့်နေသည်။

"ဒီမှာ ကိုယ့်တူလေးကို ကွန်ကရက်ကျူလေးရှင်း လုပ်ဦးလေ

"အေးပါကွာ ဂုဏ်ယူတယ်၊ ဂုဏ်ယူတယ် ကျေနပ်ပြီလား"

"ကျေနပ်တယ်၊ အဲဒီအတွက် သီချင်းတိုက်ရမှာမို့ ဒီရက်တွေ
သား အိမ်ပြန်နောက်ကျမယ်"

"ဘာလဲ မအိပ်ဘဲ စောင့်နေရမှာလား"

"လေးလေး စောင့်စရာမလိုပါဘူး၊ စိတ်ပူမှာစိုးလို့နောက်
မယ်ဆိုတဲ့အကြောင်း ကြိုပြောထားတာ"

"မမကို ပြောပြီးပြီလား"

"လေးလေး ပြောလိုက်၊ ဟိုလူကြီးရှိလို့ မပြောချင်ဘူး သွား
တာ့တာ"

ပြောပြီးတာနှင့် လေးလေးအခန်းထဲက ထွက်လာခဲ့သည်။

ဝေယံတို့အိမ်မှာပဲ သီချင်းတိုက်ကြသည်။ မင်္ဂလာပွဲမှာတော
တီးဝိုင်းက အဆိုတော်တွေနှင့်အပြိုင်ဆိုရမှာမို့ သုံးယောက်သား မြောက်
ကြွ ဖြစ်နေကြသည်။

"ရင်တော့ခုန်သားနော်၊ တစ်ခါမှ စင်ပေါ်မတက်ဘူးတော့"

"တစ်ခါတက်ဖူးသွားရင်လည်း ခဏခဏ တက်ချင်နေရောတဲ့"

"ဟုတ်လား မင်းကို ဘယ်သူပြောလဲ"

"တကယ်တက်ဆိုတဲ့သူတွေ ပြောတာ"

ကိုမင်းနှင့်ဝေယံ ပြောနေတာကို သီချင်းတိုးတိုးလေးညည်းရင်း
က ကြားနေရသည်။ သူလည်း ဝေယံတို့လို ရင်ခုန်နေတာပါပဲ။

"မရ မင်းရော ဘယ်လိုနေလဲ"





"ငါလည်းစိတ်တွေ လှုပ်ရှားနေတယ်"

"အေးကွ ဒါ ငါတို့အတွက် အခွင့်အရေးပဲ၊ ဝင်းကိုကို ကျေးဇူး
တင်ရမယ်"

"ဟုတ်တယ် သူ့သူငယ်ချင်းတွေကိုယုံကြည်စွာနဲ့ စင်ပေါ်ကို
တန်းတက်ခိုင်းတာပဲ"

သုံးယောက်သား သဘောတကျ ရယ်ကြသည်။

"ဒါနဲ့ ဟော့ကောင်ကြီး ရွှေကဗျာ့အခြေအနေလေး ပြောပါဦး"

ကောက်ကာငင်ကာ မေးလိုက်သော ကိုမင်းကို သူ လှည့်ကြည့်
ပြီး

"ဘာပြောရမှာလဲ၊ သူ့ကိုအိမ်မှာအလုပ်တစ်နေရာပေးဖို့ ခေါ်
ထားတယ်၊ ကျန်တဲ့အပိုင်းတွေ ငါမသိဘူး"

"မင်းကလည်းကွာ အဲဒီလို စိမ်းစိမ်းကားကားကြီးတော့ မလုပ်
ပါနဲ့၊ သူ့ကိုခေါ်သွားတာ မင်းလေ"

"အဲဒါ ဘာဖြစ်လဲ"

"သူ အားငယ်နေမှာပေါ့"

"အားငယ်ပါလိမ့်မယ် သူက အိမ်ကလူတွေအားလုံးနဲ့ဖြူးဖြောင့်
နေတာပဲ"

"တော်သေးတယ်၊ မင်းသာခေါ်မသွားရင် ဒီကောင်မလေးဘဝ
က မတွေးရဲစရာပဲ၊ ဖြောင့်တော့ ဖြောင့်တယ်နော်"

"ဟုတ်ပ ရုပ်ရည်နဲ့ဘဝပေးက တခြားစီပဲ"

နှစ်ယောက်သား ရွှေကဗျာ့ချီးမွမ်းခန်းဖွင့်နေတော့ သူ မသိဟန်
ဆောင်နေသည်။ တကယ်လည်း ရွှေကဗျာနှင့်ပတ်သက်ပြီး မာမီနှင့် လေး
လေးခေါ်ထားဖို့ သဘောတူထဲက သူနှင့်မဆိုင်ဟု သတ်မှတ်ထားသည်။

ဒီနှစ်ကောင်ကတော့ တွေ့တာနဲ့ ရွှေကဗျာအကြောင်းပဲ မေး နေသည်။

"ကဲ စကားလည်းပြောကြ၊ အလုပ်လည်းလုပ်ကြ၊ ဒီမှာ လက်ဖက်သုပ်နဲ့ ရေနွေးကြမ်း ကော်ဖီ"

"မမဆွေ ကျေးဇူး"

"တို့အစ်မကြီးကို ဒါကြောင့် ချစ်တာ"

"ဖားမနေနဲ့"

သူနှင့်ကိုမင်းကို ဝေယံ ခပ်မဲ့မဲ့ပြောတော့ ဝေယံအစ်မ မမဆွေ ရယ်ပြီး

"အမှန်ပြောတာကို မနာလိုဖြစ်နေတယ် ကဲ ကဲ မောင်လေးတို့ စားကြ လိုတာလည်းပြော"

ပြောပြီး မမဆွေအနားက ထွက်သွားမှ လက်ဖက်စားလိုက် ရေနွေးကြမ်းသောက်လိုက် ဆိုလိုက်တီးလိုက်နဲ့ အချိန်တော်တော်နှောင်းသွားမှ သူနှင့်ကိုမင်း ပြန်လာခဲ့ကြသည်။

သူ အိမ်ပြန်ဘယ်လောက်နောက်ကျနောက်ကျ ဦးမှတ်ဆိတ်က နိုးရတယ်မရှိပါ။ ခြံတံခါးအမြဲအသင့်ဖြစ်နေသည်။ အိမ်ထဲက ဒေါ်ကြီး သန်းလည်း ဒီအတိုင်းဖြစ်သည်။ တီဗွီကြည့်ရင်း ထိုင်စောင့်နေတတ်သည်။

ခြံထဲမှာ ကားရပ်သံကြားတာနှင့် တံခါးအသင့်ဖွင့်ထား၏။

"ဟင်"

သူ့ကိုတံခါးဖွင့်ပေးသူက ဒေါ်ကြီးသန်းမဟုတ်ဘဲ ရွှေကဗျာ ဖြစ်နေတော့ စိတ်ထဲမကြည်မလင် ဖြစ်သွားပြီး မှုန်ကုပ်ကုပ်မျက်နှာထားဖြင့်

"ဒေါ်ကြီးသန်းရော"

"ဒေါ်ကြီးသန်း ဗိုက်အောင့်နေလို့ပါ အစ်ကို"





"မင်းကိုဘယ်သူစောင့်ခိုင်းထားတာလဲ"

"ဘယ်သူမှ မစောင့်ခိုင်းပါဘူးအစ်ကို၊ ဒေါ်ကြီးသန်း ဗိုက်အောင့်နေလို့ ကဗျာ စောင့်နေတာပါ"

"အပုနဲ့မိချိုရော"

"သူတို့အိပ်နေကြပါပြီ အစ်ကို"

"နောက်ကို မင်းမစောင့်နဲ့ ကြားလား"

"ဟုတ်ကဲ့"

သူမ မျက်နှာတစ်မျိုးဖြစ်သွားသည်။ ရွှေကဗျာ တံခါးစောင့်ဖွင့်ပေးသည့်အတွက် သူ့ရင်ထဲ မတင်မကျကြီး ဖြစ်နေသည်။ သူမကို သနားလို့ ခေါ်လာပြီး မာမီတို့ကြည်ဖြူသည့်နောက် ခပ်တည်တည်ပဲနေခဲ့သည်။ သူမကို ကူညီခဲ့တာ ညီမအရွယ်မို့ ကိုယ်ချင်းစာစိတ်နဲ့ ကူညီခဲ့တာဖြစ်သည်။ တခြား ဘာစိတ်မှ သူ့မှာမရှိပါ။ ဒါကို ရွှေကဗျာက ဘယ်လိုအတွေးမျိုးရှိနေသည်မသိ။ သူ့ကိုဆို ပျာနေအောင် ဂရုစိုက်သည်။

အိမ်ကလူတွေကိုလည်း ဘယ်လိုပေါင်းထားလဲမသိ။ အားလုံးက ကဗျာမှကဗျာ ဖြစ်နေကြသည်။ မာမီတို့လင်မယားနှင့်လေးလေးကလည်း ရွှေကဗျာကို တော်တော်အရေးပေးသည်။ အိမ်ဖော်တစ်ယောက်ကို ဒီလောက် အထိ မလိုက်လျောဖို့ မာမီနှင့်လေးလေးကို ပြောရဦးမည်။

အခု သူ့ကိုတံခါးစောင့်ဖွင့်ပေးတာကိုလည်း နေလို့ထိုင်လို့မရ ဖြစ်နေသည်။

"ဘယ်တုန်းက ပြန်ရောက်တာလဲ"

တစ်ရေးနိုးလာသော လေးလေးက မအိပ်သေးဘဲ ထိုင်နေသော သူ့ကိုမေးနေသည်။

"စောစောကမှ"

"မအိပ်သေးဘဲ ဘာလုပ်နေတာလဲ"

"ခေါ်ကြီးသန်း ဗိုက်အောင့်လို့ဆို"

"မသိဘူးလေ"

အိပ်ချင်မူးတူးဖြင့် လေးလေး ဖြေသည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ ဒီကိစ္စတွေကအစ လေးလေး ဘယ်လိုလုပ်သိမှာလဲ။

"ဘာဖြစ်လို့လဲ၊ ဗိုက်အောင့်ရင် မမကိုပြောပေါ့"

ဘာမှပြန်မပြောပေမယ့် သူ့မျက်နှာပျက်နေတာ လေးလေး သိသွားသည်။

"သား ဘာဖြစ်လာတာလဲ"

"အပြင်မှာ ဘာမှမဖြစ်ဘူး၊ အထဲမှာဖြစ်တာ"

"ဟင်"

လေးလေး အလန့်တကြား ထထိုင်လိုက်သည်။

"ဘာဖြစ်လို့လဲ မအေနဲ့ ဘာဖြစ်ပြန်ပြီလဲ"

ဦးသန့်စင်နှင့်ပတ်သက်ပြီး မာမီနဲ့တစ်ခုခုဖြစ်တယ်ထင်ပြီး လေးလေး စိုးရိမ်နေသည်။

"မာမီနဲ့မဖြစ်ပါဘူး"

"ဒါဖြင့် အစ်ကိုသန့်နဲ့လား"

"မဟုတ်ဘူး ရွှေကဗျာနဲ့"

"ကဗျာနဲ့ ကဗျာနဲ့ဘာဖြစ်လို့လဲ"

"ခေါ်ကြီးသန်း ဗိုက်အောင့်တာကို အကြောင်းပြပြီး သားဖြစ်လာတော့ သူ တံခါးဖွင့်ပေးတာ"

လေးလေး သက်ပြင်းချပြီး အခုမှ စိတ်အေးသွားပုံဖြင့်

"သားရယ် လန့်တောင်လန့်တယ် အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်လဲ ဟုတ်လား လေးလေး"

"အေးလေ အဲဒါ ဘာဖြစ်လို့လဲ"

"လေးလေးကလည်း ယောကျ်ားလေးတစ်ယောက်ကို အချိန်တော်ကြီး တံခါးစောင့်ဖွင့်ပေးတာ သင့်တော်မလား"

"အောင်မလေးကွ ဖြစ်မှဖြစ်ရလေ"

လေးလေးရယ်ပြီးပြောတော့ သူ စိတ်တိုသွားသည်။

"လေးလေးက ဘာဖြစ်လို့ ရယ်ရတာလဲ၊ သား မကြိုက်ဘူး၊ နောက်ကို သူမစောင့်စေနဲ့၊ ခေါ်ကြီးသန်းမဟုတ်လည်း အပုနဲ့မိချိုကို စောင့်ခိုင်းသား"

"အေးပါ အေးပါ သား မကြိုက်ရင် လေးလေးကိုယ်တိုင် စောင့်ဖွင့်ပေးမယ်၊ ကျေနပ်ပြီလား အိပ်တော့နော် တစ်နာရီထိုးတော့မယ်"

လေးလေးကပြောပြီးသည်နှင့် လက်တစ်ဖက်က မီးပိတ်သလို သူ့ခန္ဓာကိုယ်ကိုပါ ဆွဲလှဲချလိုက်ပါသည်။

■ ■ ■

## အခန်း (၁၁)

ဝင်းကိုအစ်ကို မင်္ဂလာပွဲနေ့သို့ ရောက်လာသည်။ မင်္ဂလာပွဲက ညနေစောင်းကနေ ညအထိဖြစ်သည့်အတွက် ဒီတစ်ညကိုတော့ ဝင်းကို တို့သံလျင်အိမ်မှာ အိပ်ကြမည်။ တီးဖို့ဆိုဖို့ ရှိုးထုတ်ထားသော သူတို့ သုံးယောက်ကို ဝင်းကိုကြည့်ပြီး သဘောကျနေသည်။

"ငါ့သူငယ်ချင်းတွေက ရုပ်တွေကတော့ အပျံစားပဲ၊ သေသေချာချာ ဆိုဖို့ပဲလိုတယ်၊ ငါက သောက်ရမ်းတွေ စွပ်ပြီးတင်ထားတာ၊ အားလုံးက မင်းတို့ကို စိတ်ဝင်စားနေတာ တွေ့တယ်မဟုတ်လား"

တီးဝိုင်းအဖွဲ့ကရော တခြားဧည့်ခံပွဲလာလူတွေပါ အကဲခတ်နေတာကို ဝင်းကို မျက်စမျက်နဖြင့်ပြ၏။

"အေးပါကွာ စိတ်ချ၊ မင်းမျက်နှာမပျက်စေရဘူး"

"ယုံပါတယ် စိတ်ပူလို့"

"မပူနဲ့သူငယ်ချင်း၊ ငါတို့အစွမ်းအစကို မင်းသိပါတယ်"

"အေးပါ သတိဆိုတာ ပိုတယ်မရှိပါဘူး"





တီးဝိုင်းကစတင်ပြီး မင်္ဂလာသီချင်းတွေဆိုနေကြပြီ၊ ဝင်းကို စိတ်မချ ဘဲ တတွတ်တွတ် မှာတမ်းခြွေလို့မပြီးနိုင်။

"ကဲ ကျေးဇူးရှင် စိတ်ဖြောင့်လက်ဖြောင့် နားအရသာခံပါတော့၊ မျက်နှာမော့နေရအောင် အကောင်းဆုံးကြိုးစားပေးမယ် သွားတော့"

ဝေယံ အတင်းတွန်းလွှတ်မှ ဝင်းကို စင်ပေါ်ကဆင်းသွားသည်။

တစ်နာရီကျော်ကျော်လောက် တီးဝိုင်းအဖွဲ့အစွမ်းပြပြီးမှ ဝေယံ ရင်ဆိုသည်။ ဝေယံဆိုပြီးတော့ လက်ခုပ်သံတွေ တဖြောင်းဖြောင်း ထွက်လာသည်။ အပြုံးမျက်နှာနှင့် ဝေယံ စင်ပေါ်က ဆင်းလာသည်။

ဝေယံပြီးတော့ အဖွဲ့ထဲက မိန်းကလေးနှစ်ယောက်အပြီးမှာ ကိုမင်း လှည့်ကျသည်။ ကိုမင်းသီဆိုပြီးတော့လည်း လက်ခုပ်သံတွေ ညံနေသည်။ မင်းပြီးတော့ ဆက်တိုက်ပဲ သူ့နာမည်ခေါ်တော့ လှိုက်ခနဲ ရင်ခုန်သွားသည်။

သူ ဆိုပြီးတော့ လက်ခုပ်သံတွေ ဆူညံစွာ ထွက်လာပြန်သည်။ ထဲမှာ ဖြစ်နေသော ပီတိတွေက ပြောတောင်မပြတတ်။

နောက်ထပ်တစ်ပုဒ် ထပ်ဆိုကြရသည်။

"ဗဲရီးဂွတ် ဂုဏ်ယူတယ် သူငယ်ချင်းတို့ရာ တကယ်ပြောတာ"

ဝင်းကို တစ်ယောက်ချင်းဆီလက်ကိုဆွဲ နှုတ်ဆက်ပြီး ကျေနပ် ကြီးနှင့်ပြောသည်။ ဒါ့အပြင် သတို့သား သတို့သမီးနှင့် နှစ်ဖက်မိဘ မျိုးတွေကပါ လာချီးကျူးပြီး ကျေးဇူးတင်စကား ပြောကြသည်။ ဝင်းကို ဝ် နားရွက်နှစ်ဖက်တက်ချိတ်မှာတောင် စိုးရသည်။

"တီးဝိုင်းက အဆိုတော်တွေ မျက်နှာကတော့ အီးမှန်ထားတဲ့ တိုင်းပဲ၊ အဟား ဟား ငါက ဒီတီးဝိုင်းကိုငှားချင်တာမဟုတ်ဘူး၊ အဲဒီ ဝိုင်းခေါင်းဆောင်နဲ့ အခုမင်္ဂလာဆောင်တဲ့ သတို့သမီး ငါ့မရီးက သူငယ်ချင်း တွေဆိုတော့ မငှားမကောင်းလို့ ငှားရတာ"

ရေခဲမုန့်စားရင်း တီးဝိုင်းဆီ မသိမသာကြည့်ပြီး ဝင်းကိုပြောသည်

"သူတို့ဝိုင်း ကောင်းပါတယ်"

"တစ်မြို့လုံးမှာ သူတို့ဝိုင်းအကောင်းဆုံးလို့ ပြောတာပဲ၊ ဒါကြော မြောက်နေကြတာ၊ ရုပ်ပါတွေကတော့ မင်းတို့မြင်တဲ့အတိုင်းပဲ"

စတိတ်စင်ဘက်လှည့်ကာ ဝင်းကို မဲ့ရွဲ့ပြီး ကဲ့ရဲ့နေတော့ သုံး ယောက်သားရယ်ကြသည်။

"မင်းတို့ကို နှစ်ပုဒ်ဆီပဲဆိုခိုင်းတာ ငါ မကျေနပ်ဘူး"

"ဘာဖြစ်လဲကွာ လူသိသွားဖို့ပဲ အရေးကြီးတယ်"

"ဟုတ်တယ်လေ တို့က ဧည့်သည်တွေပဲ၊ နှစ်ပုဒ်ဆီဆိုခိုင်းမှာ ပေါ့"

အားလုံး ဝိုင်းချော့မှ ဝင်းကို ကျေနပ်သွားသည်။

"ဟော့ကောင် ဝေယံ ရေခဲမုန့်ချည်း စွတ်စားမနေနဲ့၊ ခဏ တစ်ခုခုသွားစားရအောင်"

"အေး ကောင်းတယ်၊ ငါလည်း ဗိုက်ဆာနေတာ"

"ဒါဆို အခုသွားစားမလား"

ဝင်းကို အားတက်သရော ထပြောသည်။

"ကောင်းပါ့မလား၊ မင်္ဂလာပွဲမပြီးသေးဘဲနဲ့ ဟိုမှာ အဆိုတော် တွေလည်း ဆိုကောင်းတုန်းရှိသေးတယ်"

"ဖြောင်း ဖြောင်း"

ခပ်တိုးတိုး လက်ခုပ်တီးကာ ဝင်းကို ညီမဝမ်းကွဲ ကေသီ ရောက်လာပြီး

"အရမ်းကောင်းတယ် သိလား၊ ဒီညပွဲကတော့ ကိုမရတို့ သုံး ယောက်ပွဲပဲ၊ စောစောထဲက လာပြောချင်နေတာ၊ ချီးကျူးတဲ့သူတွေ ဝိုင်းအုံ





လို့"

"ကျေးဇူးတင်ပါတယ် ကေသီ"

"ကျေးဇူးတင်ရုံနဲ့မရဘူးလေ၊ တစ်ခုခုကျွေးဦးမှပေါ့"

"အံမယ် မိကေသီ နင်ကမကျွေးဘဲ ငါ့သူငယ်ချင်းတွေကို ကျွေးခိုင်းနေတယ် ဟုတ်လား"

"ကိုဝင်းကလည်း ကေသီက အစွမ်းကုန်အားပေးထားတာ၊ ကေသီ စ်ယောက်တည်း မဟုတ်ဘူး၊ သူငယ်ချင်းတွေပါ အားပေးကြတာ၊ ဒီတော့ အားပေးတဲ့သူတွေကို မကျွေးသင့်ဘူးလား"

"ငါ့သူငယ်ချင်းတွေကို နင်တို့ချည်း အားပေးတာ မဟုတ်ဘူး"

"သူကကြားက တွန့်တိုနေတယ်"

"ဟုတ်တယ် တွန့်တိုတယ်"

"ကဲပါကွာ ကျွေးလိုက်ပါမယ်၊ တို့လည်း အခုပဲ တစ်ခုခု သွားစား လို့ ကေသီရဲ့ လိုက်ခဲ့လေ"

"ဟေး ဒါမှတို့အစ်ကိုတွေ"

ကေသီက ဝင်းကိုကို မျက်စောင်းထိုးပြီးပြောတော့ ဝင်းကို မကြည့် ကြည့်နှင့် ကြည့်သည်။

"နေဦးနေ့ဦး ကေသီ့သူငယ်ချင်း တစ်ယောက်ရှိသေးတယ်၊ သူ့ကို သွားခေါ်လိုက်ဦးမယ်၊ ဒီကသူငယ်ချင်းတွေကတော့ ပြန်ကုန်ကြပြီ"

ကေသီက သူ့အစ်ကိုကို ဟင်ပြုပြီး ဝိုင်းက ထသွားသည်။

"တောက် ဒီကောင်မလေးတော့"

ဝင်းကို ဒေါပွနေတာကိုကြည့်ပြီး သူတို့သုံးယောက် ရယ်ကြသည်။

"ဘာလို့သွားခေါ်ရတာလဲ၊ သူကတော့ မကျွေးဘဲ လိုက်ကပ် စားဦးမယ်"

“ခေါ်လိုက်ပါကွာ ကေသီက ကတ်သပ်တဲ့သူမဟုတ်ပါဘူး။ သ
သက်ပျော်ချင်လို့ပါ”

“အေးလေ မင်းကလည်း”

ပြောနေစဉ်မှာပဲ ကေသီက သူငယ်ချင်းဆိုသူကို လက်ဆွဲခေါ် လာသည်။

“ပိုး ထိုင်၊ သူက ကေသီရဲ့အချစ်ဆုံးသူငယ်ချင်းလေ၊ ပိုးပဝါ တဲ့၊ ပိုး နင် သူတို့နာမည်တွေကိုတော့ သိပြီးသားပါနော်”

ပိုးပဝါဆိုသော ကောင်မလေးက အပြုံးလေးနှင့် ခေါင်းညိတ် ပြ၏။

“ပိုးက ကိုဝေယံတို့ကို အရမ်းချီးကျူးနေတာ၊ တကယ့် အဆို တော်ကြီးတွေအတိုင်းပဲတဲ့”

“ကျေးဇူးတင်ပါတယ် ပိုးပဝါ၊ တစ်ခုခုလိုက်စားဖို့ ဖိတ်ခေါ်ပါ တယ်”

ဝေယံရဲ့သွက်သွက်လက်လက် နှုတ်ဆက်ခြင်းကို ဝင်းကို ခပ်မဲ့ မဲ့ကြည့်သည်။

“ကျေးဇူးတင်ပါတယ်”

တိုးတိုးညက်ညက် ပိုးပဝါအသံလေးက သူ့နှလုံးသားထဲအထိ စိမ့်ဝင်သွားသည်။

“ဒါဆို သွားကြမယ်လေ”

ကေသီကပင် ရှေ့ကဦးဆောင်ပြီး ပိုးပဝါ လက်ကိုတွဲထားသည်။ ပိုးပဝါရဲ့နောက်ပိုင်းအလှကို ခဏတော့ ငေးဖြစ်သွားသည်။ အကြည့်လွှဲ လိုက်ပေမယ့် အေးချမ်းတည်ငြိမ်သော သူမမျက်နှာလေးက သူ့မျက်စိ ထဲကမထွက်။ သူ့ကိုယ်သူတောင် နားမလည်အောင် ဘာဖြစ်နေမှန်းမသိ။





တရုတ်စားသောက်ဆိုင်တစ်ဆိုင်ရောက်တော့ ဝင်းကိုနှင့်ကေသီ ပဲ ဦးဆောင်ပြီး စားစရာတွေ မှာနေသည်။ ဝေယံနှင့်ကိုမင်းလည်း တစ်ဆိုင် းကိုအကဲခတ်ပြီး စကားပြောနေသည်။ သူ့မှာသာ အပြုံးမျက်နှာလေးနှင့် က်နှာချင်းဆိုင်မှာထိုင်နေသော ပိုးပဝါကို လူမသိသူမသိ မကြာခဏ ခိုးကြည့် နေမိသည်။

“သံလျင်မှာတော့ ဒီဆိုင်က အကောင်းဆုံးပဲ”

ကေသီ တက်ကြွစွာပြောတော့ ဝင်းကို အခုထိ မကျေနပ်နိုင်ဘဲ က်စောင်းတထိုးထိုးနှင့်

စားစရာတွေ ရောက်လာတော့ ကေသီက ပိုးပဝါရှေ့သို့ ထမင်း ကြော်ပန်းကန် ထိုးပေးလိုက်သည်။

“စား ပိုး၊ ဒါက အဆိုတော်ကြီးတွေ ကျွေးတာဆိုတော့ ဂုဏ် ူစရာကြီး”

ပိုးပဝါက အပြုံးလေးနှင့်ပဲ ခေါင်းညိတ်ပြ၏။

ဆာတာတွေလည်း ဘယ်ရောက်ကုန်မှန်းမသိတော့။ ပိုးပဝါကိုပဲ င်ခုန်စွာ ငေးနေမိသည်။

“သူများကျွေးတာစားရမယ်ဆို နင့်ရုပ်က ပျားရည်လောင်းထားတဲ့ အတိုင်းပဲ”

အခုထိ မကျေနပ်နိုင်သေးဘဲ ဝင်းကိုပြောတော့ ကေသီကလည်း ခံ။

“သူကျွေးတာလည်းမဟုတ်ဘဲနဲ့ တွန့်တိုနေတယ်”

“နင့်ကိုကြည့်လို့ကိုမရဘူး။ ပိုး စားနော် နင်မပါဘူး”

“ဟုတ်ကဲ့ ကိုဝင်း”

ဝင်းကိုကို ပိုးပဝါပြောရင်း သူ့ဆီအကြည့်ရောက်လာသည်။ သူ

ကြည့်နေခိုက်မှ မျက်လုံးချင်းဆုံသွားသည်။ သူ့ရင်တွေ တဆတ်ဆတ် ခုန်နေတာ ဘယ်လိုမှ ထိန်းသိမ်းမရ။

ချောတာလှတာထက် ယဉ်စစနှင့် ချစ်စရာကောင်းသော ပိုးပဝါ ဆိုသော ကောင်မလေးဆီက အကြည့်မလွှဲချင်တော့။ ဒါသည် အချစ်လား။

ကေသီ့သူငယ်ချင်းဆိုတော့ အီကိုနောက်ဆုံးနှစ်တက်နေသူ ဖြစ်မည်။ သူမဘယ်မှာနေတာလဲ။ ဒီည ကေသီတို့အိမ်မှာ အိပ်မှာလား။ ပိုးပဝါ အကြောင်းတွေ အရမ်းသိချင်နေသည်။

စားသောက်ပြီး အိမ်ပြန်ရောက်လာတော့ မင်္ဂလာဧည့်ခံပွဲက ပစ္စည်း တွေတောင် တော်တော်သိမ်းပြီးကုန်ပြီ။

''ကဲ အားလုံးသွားပြီ၊ ကျေးဇူးပဲနော် ဝတ်နိုက်''

ပိုးပဝါ လက်ကို ကေသီဆွဲပြီး ထွက်သွားကြတော့ သူကြည့်ပြီး သက်ပြင်းခိုးချလိုက်သည်။

''ဘယ်လိုဖြစ်တာလဲ ကိုနိုင်းမရ''

ခပ်တည်တည် ကိုမင်း၏အမေးကို သူ ဆတ်ခနဲတုန်သွားပြီး

''ဘာလဲကွာ''

ကိုမင်း ခေါင်းတညိတ်ညိတ်လုပ်နေသလို ကျန်နှစ်ကောင်က လည်း သူ့ကိုကြည့်ပြီးရယ်တော့ တစ်ကိုယ်လုံး ပူထူနေမိသည်။ မိန်းကလေးတွေနှင့် ပတ်သက်လျှင် အလွန်ကင်းသောသူက သူငယ်ချင်းတွေပေမယ့် ရှက်အမ်း အမ်းကြီးဖြစ်နေသည်။

''ဘယ်လိုလဲ ကောင်လေး၊ ပိုးပဝါကို ထိသွားပြီလား''

ဝေယံ့အမေးကို သူ ပြန်မဖြေ။

''စကားတောင် မပြောနိုင်တော့ဘူးလားကွာ''

''သူက သံလျင်ကပဲလား''





''မဟုတ်ဘူး ရန်ကုန်က''

''ဒါ ဒါဆို သူ ဒီည ကေသီတို့အိမ်မှာ အိပ်မှာပေါ့နော်''

''ဟုတ်တယ်''

ဘယ်လိုမှ မဖုံးဖိနိုင်အောင် ပျော်သွားသည်။ သူ့ရဲ့မချိုမချဉ် ပုံစံကို သူငယ်ချင်းတွေဝိုင်းပြီး ထောပနာပြုနေကြသည်။

''ရုပ်ကိုက ကျက်သရေမရှိဘူး''

''ဟုတ်ပ ဟိုကသာ ရည်းစားရှိရင် ဝွမ်းပြီ''

''ဒီလောက် ဣန္ဒြေရတဲ့ကောင်မလေးမှာ ရည်းစားမရှိသေးဘူး နော် ဝင်းကို''

''ရှိပုံတော့ မရပါဘူး၊ ပိုးက အရမ်းအေးတာ''

တွေ့တယ်မဟုတ်လားဆိုသည့် အကြည့်နှင့် သူကြည့်တော့ ဝေယံ နှင့်ကိုမင်း ကိုယ်စီမဲ့လိုက်ကြသည်။

''မင်းကရော ပိုးပဝါကိုရိုးရဲ့လား ဝင်းကို''

ကိုမင်း မေးတော့ ဝင်းကိုဆီ ဖျတ်ခနဲ အကြည့်ရောက်သွား သည်။ စိုးရိမ်စိတ်တွေ တထိတ်ထိတ်ဖြင့် ဝင်းကို ဘာပြောမလဲ ကြည့်နေ တော့

''တစ်ခါမှတောင် စိတ်ကူးမကြည့်မိဘူး''

အခုမှပင် သူ့ရင်ထဲကအလုံးကြီးကျသွားသည်။ ဒါကို ဝေယံ ရိပ်မိစွာ

''မင်းက ဘာသဘောနဲ့မေးတာလဲ ကိုမင်း၊ မင်းမေးပုံက ဟိုမှာ နှလုံးရောဂါရမယ်''

''အေးလေ ဒါကိုသိလို့ ကြားထဲက မေးပေးရတာ၊ ဘာမှမပူ နဲ့တော့ ဟော့ကောင်၊ ပိုးပဝါကို ဝင်းကိုက စိတ်နဲ့တောင် မပြစ်မှားပါဘူး

"အဲဒီအတွက် ကျေးဖူးတင်တယ် သူငယ်ချင်း"

"ရုပ်ကိုက သောက်မြင်ကပ်စရာကောင်းလိုက်တာ"

"အေးလေ"

မျက်နှာပိုးမသေသော သူ့ရုပ်ကိုကြည့်မရစွာ သူငယ်ချင်းတွေ ပေါ်တင်ကြီး ချွတ်နေသည်။

"မင်းတို့ပြောချင်တာပြောတော့ကွာ၊ ဟုတ်တယ် သူ့ကိုမြင်မြင်ချင်း ငါ့စိတ်တွေ အရမ်းလှုပ်ရှားနေတာ"

"ဟင်း ရောဂါတော့ စပြီ"

"ဒါနဲ့ ပိုးနဲ့မင်း ဘယ်တုန်းကသိတာလဲ"

"ကေသီနဲ့စတွေ့ထဲက သိတာ"

"သူ့လိပ်စာရော သိလား"

"သယ်နီးကျွန်းဘက်မှာလို့ ကေသီ ပြောတာပဲ"

"ကိုယ့်ညီမ သူငယ်ချင်းချောချောလှလှလေးကို စိတ်မဝင်စားဘူးဆိုတာ တကယ်ရော ဟုတ်ရဲ့လား ဝင်းကို"

ဝေယံအမေးကြောင့် ဝင်းကို ဒေါသတကြီး ဝေယံကိုကြည့်ပြီး

"ဟေ့ကောင် ဝေယံ မိန်းမချောချောမြင်တိုင်းစိတ်ဝင်စားရအောင် ငါနှာဘူးမဟုတ်ဘူး။ မိန်းမချောချော မမြင်ဘူးတာကျနေတာပဲ"

"အေးပါကွာ စိတ်မဆိုးပါနဲ့၊ မရ ရောဂါက တော်တော်ကြီး စိုးရိမ်ရတော့ အရင်သိနေတဲ့မင်းကို သေချာအောင်မေးကြည့်တာပါ"

မျက်နှာကြီးရှုပ်ပြီး မကျေမနပ်ဖြစ်နေသည့် ဝင်းကိုကို သူ မျက်နှာချိုသွေးလိုက်ပြီး

"အဲဒါဆို ကေသီနဲ့သူ့ကိုခေါ်လိုက်ပါလား ဝင်းကို"





"ဘာလုပ်မလို့လဲ"

"ပိုး မျက်နှာလေးကို ကြည့်နေချင်လို့"

"အဲဒါကြောင့်ပြောတာပေါ့ ဝင်းကိုရဲ့၊ ဒီကောင့်ရောဂါ စိုးရိမ်ရမှတ်ရောက်နေပြီလို့"

"ဆေးတောင်မီပါ့မလား မသိဘူး"

"လုပ်ပါ ဝင်းကိုရယ်"

သူ့ပုံစံက သနားစရာတော်တော်ကောင်းနေပြီလားမသိ။ အားလုံးဝိုင်းကြည့်နေကြသည်။

"ခေါ်ပေးလိုက်စမ်းပါ ဝင်းကိုရယ်၊ ဖုန်းဆက်ပြီးခေါ်လိုက်၊ ခြံထဲမှာ စကားပြောရအောင်၊ ပြော ကေသီ့ဖုန်းနံပါတ်"

ဝင်းကို ရွတ်ပြသော ဖုန်းနံပါတ်တွေကို ဝေယံ နှိပ်နေသည်။

ဝင်းကို အမေနှင့်ကေသီ့အမေက ညီအစ်မအရင်းဖြစ်ပြီး ခြံချင်းကပ်လျက်ဖြစ်သည်။

"ရော့ ဝင်းကို ကေသီ"

ဝေယံ ဖုန်းလေးကို ဝင်းကို လက်ထဲထည့်ပေးလိုက်တော့ သူ့နားရွက်တွေ... ချင်တွေခုန်လာပြန်သည်။

"မအိပ်သေးရင် ပိုးကိုခေါ်ပြီး လာခဲ့ပါလား၊ ငါတို့ခြံထဲမှာ"

"..."

"ပိုးက ဘာတဲ့လဲ"

"..."

"အေး အေးပြီးရော"

"လာခဲ့မယ်တဲ့"

ဖုန်းပိတ်ပြီးတာနှင့် သူ့ကိုကြည့်ပြီး ဝင်းကို ပြောလိုက်သည်။

အပျော်စိတ်တွေနှင့်အတူ ခြေဖျားလက်ဖျားတွေပါ အေးလာသည်။

"ပိုးပဝါက ရွှေကဗျာလောက် မချောဘူးလို့ ငါထင်တယ်"

"ဘာဆိုင်လို့လဲ၊ ပိုးကို ရွှေကဗျာနဲ့ နှိုင်းမပြောပါနဲ့"

"ကဗျာလှတာကိုတော့ မင်း မငြင်းနဲ့ မရ"

"ငါ စိတ်မဝင်စားဘူး။ ငါ သူ့ကိုကယ်လိုက်တာ ရိုးရိုးသားသား ဆိုတာ မင်းတို့သိပါတယ်"

"ကဗျာက အခြေအမြစ်မရှိတဲ့ကောင်မလေးမို့ မင်းစိတ်မဝင်စားတာလား"

ကိုမင်း မေးပုံကို သူမကြိုက်။

"မင်းဘာသဘောနဲ့ အဲဒါတွေမေးနေတာလဲ ကိုမင်း၊ အခြေအမြစ်ရှိတာတွေ မရှိတာတွေ ငါစိတ်ဝင်စားဘူး၊ ရွှေကဗျာကို ငါ နည်းနည်းမှရင်မခုန်တာ၊ ရင်ထဲက သစ္စာစကားပဲ၊ တစ်ခုထပ်ပြောရဦးမယ်၊ ပိုးသာ အခြေအမြစ်မရှိတဲ့ကောင်မလေးဖြစ်နေခဲ့ရင် ငါ့ရင်ထဲကအချစ်တွေ ပြောင်းလဲမသွားဘူး"

သူ့ရဲ့ ရဲရဲဝံ့ဝံ့စကားကို သူငယ်ချင်းတွေယုံကြည်သွားပုံရသည်။

"ဟော ကေသီနဲ့ ပိုးပဝါ လာပြီ"

ဝေယံပြောတော့ စိတ်တွေအရမ်းလှုပ်ရှားလာသည်။ သူမကို မကြည့်ရဲသေး။

"အိပ်တော့မလို့လုပ်နေတာ ကိုဝင်း ဖုန်းလှမ်းဆက်လို့"

"အစောကြီး ရှိပါသေးတယ် ကေသီရယ်၊ တစ်ခါတလေ လာ အိပ်တဲ့ညေ့သည်တွေကို ပစ်မထားပါနဲ့"

"မပစ်ပါဘူး၊ သီချင်းဆိုပြရမယ်"

"ဆိုပြမယ်၊ စားချင်တာလည်း ကျွေးဦးမှာ"





ကေသီ သဘောကျသွားသည်။ ခုံတန်းလျားလေးနှစ်ခုမှာ တစ်ခုက ကိုမင်းနှင့်ဝင်းကို ထိုင်ပြီး နောက်တစ်ခုမှာ သူနှင့်ဝေယံထိုင်သည်။ ဝေယံ အလိုက်တသိ တစ်ဖက်ခုံပြောင်းထိုင်လိုက်တော့ ကေသီနှင့်သူမ ခုံမှာ ဝင်ထိုင်လိုက်သည်။

သုံးယောက်သား သီချင်းတစ်ယောက်တစ်ပုဒ်ဆီ ကိုယ်တိုင်တီး ဆိုပြတော့ ကေသီ လက်ခုပ်တီးသည်။ ပိုးပဝါကတော့ အပြုံးလေးနှင့် အားပေးသည်။

"အရမ်းကောင်းတာပဲ သိလား၊ ကေသီက သီချင်းကောင်း ကောင်းဆို ကြိုက်လိုက်တာကလွဲရင် ဂီတကို မခံစားတတ်ဘူး၊ ပိုးကမှ တကို နင့်နင့်နဲနဲ ခံစားတတ်တာ"

အားလုံးအကြည့်တွေက ပိုးထံသို့။

"ပိုးပဝါက ဂီတကို ဝါသနာပါတယ် ဟုတ်လား"

ဝေယံ မေးတော့ သူမက

"ဟုတ်ကဲ့"

ဟု ဖြေသည်။

"ဒါဆို သီချင်းဆိုတတ်မှာပေါ့၊ လုပ် ဘာသီချင်းဆိုမလဲ၊ တို့ တွေ တီးပေးမယ်"

"ကိုဝေယံတို့ဆိုသလိုတော့ စနစ်တကျ မဆိုတတ်ပါဘူး"

"ဆိုတတ်သလောက်ပေါ့ ပိုးရယ် ဆိုလိုက်ပါ"

ကေသီ့အစ်ကို ကိုဝင်းပါ ဝင်ပြောသလို ကေသီကလည်း ပခုံး ချင်းတိုက်ပြီး ဆိုခိုင်းနေသည်။ နှိုင်းမရ၏အကြည့် စူးစူးအောက်က အတင်းရုန်းထွက်ပြီး

"မဆိုပါရစေနဲ့ရှင်၊ ပိုးက သူများဆိုတာကိုသာ နားထောင်တတ် တာ၊ ကိုယ်တိုင်ကျ သီချင်းတစ်ပုဒ်ကိုတောင် ဆုံးအောင်ရတာမဟုတ်ဘူး"

ပိုး ညာတာကိုသိသည့်ပုံနှင့် သူ ပြုံးကြည့်နေသည်။

"ကဲပါကွာ သူ မဆိုချင်တာကို အတင်းမဆိုခိုင်းပါနဲ့"

ကျေးဇူးတင်သည့်အကြည့်လေးနှင့် ပိုးကြည့်တော့ သူ ပြုံးဖြတာလေးကို ငေးမိသွားသည်။ သူ ပိုးကိုစိတ်ဝင်စားနေတယ်ဆိုတာ ကေသီ စမိတ်ဆက်ပေးထဲက ပိုး ရိပ်မိသည်။ ကေသီကလည်း သိသည်။

နှိုင်းမရက အရမ်းချမ်းသာသည့် သူဌေးသားတဲ့။ ဘာကြောင့်မှန်းမသိ ပိုး အားငယ်သွားသည်။

"ပိုးက ရန်ကုန်ကဆို"

သူ ခပ်တည်တည်နှင့် ပိုးလို့ခေါ်လိုက်တော့ သူမက တအံ့တသြမျက်ဝန်းလေးနှင့်ကြည့်ပြီး

"ဟုတ်ကဲ့"

"ဘယ်မှာနေတာလဲဟင်"

"သဃ်န်းကျွန်းမှာပါ"

သူ ခေါင်းတညိတ်ညိတ်လုပ်နေသည်။

တစ်ဖက်ခုံတန်းလျားမှာ ထိုင်နေသော ဝင်းကိုတို့ဆီ ကေသီ ထသွားပြီး စကားပြောနေတာသည် သူနှင့်ပိုးကို ရှောင်ပေးတာများလားမသိ။ ဘယ်လိုပဲဖြစ်ဖြစ် ပိုးနှင့်အနီးကပ်ဆုံးမှာရှိနေသည့်အတွက် သူ ပျော်နေသည်။ ရင်တွေလည်း အဆမတန် ခုန်နေသည်။ ပိုးရော ပိုးရော ဘယ်လိုခံစားရလဲမသိပါ။

"ကေသီနဲ့တွဲတာ ကြာပြီလား"

"ပထမနှစ်ကျောင်းစတက်ထဲက တွဲတာပါ"

"ဟုတ်လား သံလျင်ကိုရော လာဖြစ်လား"

"ခဏခဏကိုရောက်ပါတယ်"





"တို့တွေနဲ့တစ်ခါမှ မဆုံဖြစ်ဘူးနော်"

သူ တကယ်ကို အံ့သြမိသည်။ ဝင်းကိုနှင့်သူတို့လည်း တက္က လ်စတက်ထဲက တွဲခဲ့ပြီး ဒီသံလျင်အိမ်ကိုလည်း မကြာခဏကို ရောက် တ်ကြသည်။ ဒါတောင် ပိုးနှင့်တစ်ခါမှ မဆုံဘူးပါ။

သူမက အပြုံးလေးနှင့် ခေါင်းညိတ်ပြသည်။

ပိုးက တော်တော်အေးသည့် ကောင်မလေးဖြစ်သည်။ သူ့ အရမ်း ကြွေနေပြီဆိုတာလည်း သိပုံရသည်။ အေးချမ်းပြီး ချစ်စရာကောင်းသော းပဝါဆိုသော ကောင်မလေးကို အရမ်းချစ်နေမိပြီ။

ပိုးမျက်နှာလေးကိုသာကြည့်နေရမည်ဆိုလျှင် မအိပ်ဘဲ တစ်ည းနေဆိုလည်း နေနိုင်ပါသည်။ သူကနေနိုင်ပေမယ့် နှစ်နာရီလောက်မှာ ားလုံးဆန္ဒပြလာကြသည်။

"ဝါး အိပ်ချင်တယ်"

ကေသီက စဖောက်တော့သည်။ သကောင့်သားတွေကလည်း က်စိလေးတွေ စင်းနေကြပြီ။ ပိုးတစ်ယောက်သာ အိပ်ချင်သည့်ပုံမပေါက် ဲ ငြိမ်ငြိမ်လေး ထိုင်နေသည်။

"ကဲ အိပ်ချင်လည်း ဝင်ကြမယ်လေ"

သူက အားလုံးကိုပြောပြီး ပိုးကိုရယ်ပြလိုက်သည်။ ပိုးကလည်း န်ရယ်ပြသည်။ သူ့အတွက် အားလုံးနေပေးပေမယ့် အလိုက်သိရမယ် ာ။ သူကပဲ အရင်ဆုံးထိုင်ရာက ထတော့ အားလုံးဟန်မဆောင်နိုင်ကြ ော့။ အိမ်ထဲဝင်ဖို့ ပြင်ကြသည်။

"အားလုံး ဂွတ်နိုက်နော်"

ပိုးပခုံးကိုဖက်ပြီး ကေသီ နှုတ်ဆက်တော့ ဝေယံတို့လည်း အိပ်ချင် ားနှင့်ပြန်နှုတ်ဆက်နေသည်။

"အိပ်တော့မယ်နော် ပိုး"

"ဟုတ်ကဲ့"

"မနက်မှတွေ့မယ်"

ပိုးက အပြုံးလေးနှင့်ပဲ ခေါင်းညိတ်ပြသည်။

မခွဲချင်ဘူး ပိုးရယ်။

■ ■ ■

## အခန်း (၁၂)

ခေါင်းထဲသို့ အသိစိတ်ဝင်လာသည်နှင့် သူ မျက်လုံးဖွင့်ကြည့် ိက်တော့ ဝင်းကိုတို့သုံးယောက် အိပ်ကောင်းတုန်း။ နာရီကြည့်တော့ ိုးနာရီတောင် ထိုးနေပြီ။ သူ ငုတ်တုတ်ထထိုင်ပြီး

"ဟေ့ကောင်တွေ ဟေ့ကောင်တွေ ထ ထ"

တစ်ယောက်ချင်းကို သူ အတင်းပုတ်နှိုးလိုက်သည်။

"ဟာ ဘာဖြစ်နေတာလဲကွာ၊ အစောကြီးရှိသေးတယ်"

"အေးကွာ ဖိမ်ပျက်လိုက်တာ"

"ဘယ်ကစောရမှာလဲ ဒီမှာကိုးနာရီထိုးနေပြီ"

"ဟာ ဘာဖြစ်နေကြတာလဲကွာ"

ဝင်းကို မျက်စိမဖွင့်ဘဲ အော်တော့ ဝေယံ ငုတ်တုတ်ထထိုင်ပြီး

"ဘာဖြစ်ရမှာလဲ ဒီမှာ နှိုင်းမရ ဂျိုဖောက်နေတယ်"

"ဘာဂျိုဖောက်တာလဲ ထကြတော့လေ ကိုးနာရီကျော်နေပြီ ပြန် င်နေပုံမယ်"

"ပူပူကွာ ညနေပြန်တော့ရော ဘာဖြစ်လဲ"

"ဟုတ်တယ် အိပ်ရေးမဝသေးဘူး၊ ညက မင်းကြောင့်အိပ်ရေး ပျက်ထားတယ်၊ ဒီတော့ ပြန်ချင်ရင် မင်းဖာသာ တစ်ယောက်တည်းပြန်"

ဒီကောင်တွေ ညစ်နေပြီဆိုတာ သူ သိသည်။ သူ့စိတ်တွေက ပိုးဆီမှာ။ ပိုးပြန်သွားပြီလား စိုးရိမ်နေသည်။

"ပြန်မယ်ကွာ ပိုးကိုခေါ်ပြီး ငါ ပြန်တော့မယ်"

ချက်ချင်းပင် ကေသီ့ဆီဖုန်းခေါ်တော့ ပိုး မပြန်သေးဘူးတဲ့။ သူ အရမ်းဝမ်းသာသွားသည်။ မျက်နှာသစ် ကိုယ်လက်သန့်စင်ဖို့ သူ ထလာတော့ နောက်မှာအသံတွေကျန်ခဲ့သည်။

"နှာဘူး"

"တဏှာရူး"

ပြောချင်တာပြော သူကတော့ လုံးဝလှည့်မကြည့်။

မျက်နှာသစ် သွားတိုက် ကိုယ်လက်သန့်စင်ပြီးတော့ သူ အပြင် ထွက်လာခဲ့သည်။ ဝင်းကို အိမ်သားတွေအားလုံး မနက်စောစော ဘုရား သွားကြသည်။ ခြံထဲကနေ ကေသီတို့ခြံဘက် မျှော်ကြည့်နေစဉ်မှာပဲ

"ဟိတ် ဘာကြည့်နေတာလဲ"

ဘယ်အချိန်ကရောက်နေမှန်းမသိသော ကေသီ့အသံကြောင့် သူ လန့်သွားတော့ ကေသီ သဘောကျပြီး အော်ရယ်သလို ပိုးကလည်း ရယ်နေ သည်။

"လန့်လိုက်တာ ကေသီရယ်၊ ဘယ်လိုရောက်နေတာလဲ"

"သူ့ဟာသူ ဘာတွေငေးနေလဲ မသိဘဲ"

သူ အရှက်ပြေရယ်ပြီး ပိုးကိုကြည့်တော့ သူမကလည်း အပြုံး လေးနှင့်ကြည့်နေသည်။





"ကိုဝင်းတို့ ကိုဝေယံတို့ရော"

"အိပ်ကြတုန်းလေ"

"အတူတူအိပ်ကြတာချင်းကို ပိုကိုပိုတယ်၊ ဘာစားပြီးပြီလဲ ကိုမရ"

သူ ခေါင်းခါပြလိုက်သည်။

"ဒါဆို အပြင်မှာတစ်ခုခုသွားစားရအောင်၊ ပိုး သိပ်မကြာပါဘူး ..ခဲ့၊ ဒေါ်လေးဆီလည်း နည်းနည်းနောက်ကျမယ့်အကြောင်း ဖုန်းဆက်ထား ပြီးသားပဲနော် ပိုး"

ထုံးစံအတိုင်း ပိုးက ခေါင်းလေးပဲညိတ်ပြသည်။

ပိုးက သိပ်အေးချမ်းသော ကောင်မလေးပင်ဖြစ်သည်။ အေး ချမ်းသော ပိုးမျက်နှာလေးက သူ့ရင်ကိုလည်း အေးချမ်းမှုတွေပေးနိုင်စွမ်း သည်။ သူ့ကားလေးနှင့်ပဲ ကေသီတို့နားက ဈေးထဲမှာ မုန့်ဟင်းခါးစားကြ သည်။ ပိုးမျက်နှာလေးကို ကြည့်ပြီး စားရလို့လားမသိပါ၊ အခါပေါင်းများစွာက စားခဲ့သော မုန့်ဟင်းခါးတွေထက် ပိုအရသာရှိနေသည်။ ဈေးထဲလျှောက်ပတ်ပြီး ပြန်လာခဲ့သည်။

စကားမပြောဖြစ်ပေမယ့် ခဏခဏကို မျက်လုံးချင်းဆုံခဲ့သည်။ ကေသီကလည်း မသိမသာရှောင်ပေးသည်။ ပိုးတော့ မသိပါ။ သူ့စိတ်ထဲ မှာတော့ သူနှင့်ပိုး ပိုရင်းနှီးသွားသလို ခံစားနေရသည်။

အိမ်ရောက်တော့ သုံးယောက်သား နိုးနေကြပြီး ပိုးမမြင်အောင် သူ့ကိုအမျိုးမျိုးလုပ်ပြနေသည်။

"ကဲ ပြန်ကြမယ်၊ ပိုးပဝါကို ဘယ်သူလိုက်ပို့မှာလဲ"

"ကိုမင်းတို့နဲ့ ကြုံနေပြီပဲ၊ ခေါ်သွားလိုက်ပါလား"

"ကေသီကလည်း အားနာစရာကြီး"

"အားနာစရာ မလိုပါဘူး ပိုး၊ သယ်န်းကျွန်းက ဘာမှဝေးတာ

မှမဟုတ်တာ လိုက်ပို့ပါမယ်''

ကြားက သူအတင်းဝင်ပြောတော့ အသံတိတ်မေတ္တာပို့နေ သည်။ ပိုးကတော့ အားနာသည့်ပုံလေးနှင့် တစ်ခွန်းမှ ဝင်မပြောတော့

''လိုက်သွားလိုက်ပါ ပိုးရယ်၊ ဒီလူတွေက အားနာစရာလူ မဟုတ်တဲ့အပြင် အရမ်းလည်း လိုက်ပို့ချင်နေတော့ ကုသိုလ်ရပါတယ်ဟာ

''ဟုတ်တယ် ပိုးရေ စိတ်ချလက်ချနဲ့သာ ငါ့သူငယ်ချင်းတွေ လိုက်သွား''

ဝင်းကိုပြောသလို ဝေယံကလည်း

''လိုက်ခဲ့ ပိုးပဝါ၊ နှိုင်းမရ အသက်ပေးပြီး စောင့်ရှောက် မယ်''

သူ ပိုးမမြင်အောင် ဝေယံကို အံကြိတ်ပြလိုက်သည်။

''အမလေး အခုမှ အမျိုးမျိုးလုပ်ပြမနေနဲ့''

''အေးလေ''

ပိုးမျက်နှာလေး ရဲပြီး ခေါင်းငုံ့နေတော့ သူ အားနာနေသည်။

သူငယ်ချင်းတွေက ပြောင်ပင် သူနှင့်ပိုးကို နောက်နေကြသည်

ဝေယံ အလိုက်သိစွာ မောင်းသူနေရာဝင်ထိုင်တော့ ကိုမင်း ရှေ့ခန်း ဝေယံဘေးမှာ ဝင်ထိုင်သည်။ ဒီတော့ သူနှင့်ပိုးက နောက်ခန်းမှာ ထိုင်လိုက်ကြသည်။

''အားလုံးပဲ စိတ်ချမယ်နော်၊ ပိုးရေ တာ့တာ၊ အိမ်ရောက်တာ ဖုန်းဆက်လိုက်''

''အင်း''

''ဟော့ကောင် မရ၊ သေသေချာချာ အိမ်ရောက်တဲ့အထိ လိုက် ပို့လိုက်နော်''





''စိတ်ချပါ''

''မပူနဲ့ ဝင်းကိုနဲ့ကေသီရေ ပိုးပဝါကို မဲ့တစ်ပေါက်မစွန်းအောင် စောင့်ရှောက်လိမ့်မယ်''

''ယုံပါတယ် ဒါကြောင့်လည်း ထည့်လိုက်တာပေါ့''

ဝင်းကိုတို့ခြံထဲက ကားလေးထွက်လာခဲ့သည်။ သူအရမ်းပျော် လို စိတ်တွေလည်း လှုပ်ရှားနေသည်။ ပိုးကိုကြည့်တော့ မျက်လွှာလေး အောက်ချပြီး ငြိမ်ငြိမ်လေးထိုင်နေသည်။ အားလုံးက ပြောင်ပင် သူနှင့် နောက်နေတော့ သူမ ရှက်နေပေမယ့် ဟန့်တားခြင်းတော့ မပြု။ ပိုးပုံစံ လေးကိုကြည့်ပြီး ရင်တွေအဆမတန် ခုန်လာသည်။ ဝေယံတို့နှစ်ယောက် က သီချင်းဆိုသည့်အကြောင်းပြောနေတာသည် သူနှင့်ပိုး စကား လွတ် လွတ်လပ်လပ်ပြောလို့ရအောင် ဖြစ်မည်။

''ပိုးတို့ ကျောင်းကို လာလည်လို့ရမလားဟင်''

''ရပါတယ်''

သူမ မကြည့်ဘဲ ဖြေသည်။

''တို့လာလို့ မကြိုက်တဲ့သူတွေ ဘာတွေများရှိမလား မသိဘူး''

''မရှိပါဘူး''

သူမ ရှက်ဝဲဝဲလေးဖြေတော့ အရမ်းပင်ပျော်သွားသည်။

''မိသားစု ဘယ်နှယောက်ရှိလဲ''

''ပိုးနဲ့ ဒေါ်လေး နှစ်ယောက်တည်း''

သူ အံ့ဩသွားပြီး

''မိဘတွေ မရှိဘူးလား''

''ပိုးက ငယ်ငယ်လေးတည်းက အမေမရှိတော့ဘူး၊ အဖေက နောက်အိမ်ထောင်နဲ့နေတယ်''

ဘ၀တူပါလားဆိုပြီး ပိုးကို သနားသွားသည်။

"တို့လည်း ပိုးနဲ့ဘ၀တူပါပဲ၊ ဒယ်ဒီက ဆုံးသွားပြီလေ၊ ပိုးလိုပဲ ဦးလေးလူပျိုကြီးနဲ့နေတာ"

"ဩော်"

ပိုးဘ၀လေးကို သူ ကိုယ်ချင်းစာမိသည်။ ယောကျ်ားတစ်ယောက် ဖြစ်သောသူတောင် မာမီနောက်အိမ်ထောင်ပြုတော့ အရမ်းခံစားရသေးတာ ပိုးလို မိန်းမသားတစ်ယောက်ဆိုလျှင်တော့ ပြောမနေနှင့်ပေါ့။ သူကမှ မာမီနှင့် အတူနေခွင့်ရသေးသည်။ ပိုးက အဒေါ်နှင့်နှစ်ယောက် တည်းနေတာတဲ့။

ပိုးကို သနားလိုက်တာ။

"ပိုးကို ဖုန်းဆက်လို့ရတယ် မဟုတ်လား"

"ရပါတယ်"

ပိုးပြောပြသော ဖုန်းနံပါတ်လေးကို သူ့ဖုန်းထဲထည့်လိုက်သည်။

"တို့ ဖုန်းနံပါတ်လည်း မှတ်ထားနော်"

သူ ရွတ်ပြတော့ ပိုးက အလွတ်မှတ်ထားသည်။

ကားလေး ရန်ကုန်ထဲ၀င်လာသည်။ ကားကလည်း မြန်သလိုပဲ။ ခွေးကောင် ဝေယံက ဖြည်းဖြည်းမမောင်းဘူး။

"ကိုဝေယံ ရွှေ့ကလမ်းထဲ ချိုးလိုက်ပါနော်"

ဝေယံကို ပိုးလှမ်းပြောတော့ ပြောသည့်လမ်းထဲ ကားလေးချိုး ဝင်လိုက်သည်။

"ရပြီ ကိုဝေယံ၊ ပိုး ဆင်းလျှောက်သွားလိုက်တော့မယ်"

"ဘာလို့ ဆင်းလျှောက်ရမှာလဲ ပိုးရဲ့၊ အိမ်ရှေ့အထိ လိုက်ပို့ပေးမှာပေါ့"

"ဟုတ်သားပဲ ပိုးပဝါရဲ့၊ အားနာရမယ့်သူတွေ မဟုတ်ပါဘူး"





ကိုမင်းကပါ လှည့်ပြောနေတော့ ပိုး အားနာသည့်မျက်နှာလေးနှင့် ငြိမ်နေသည်။ ခွဲရတော့မှာမို့ သူ ဂနာမငြိမ် ဖြစ်နေသည်။

"ရပြီ ကိုဝေယံ ဟိုခြံလေးပဲ"

ပိုးညွှန်ပြသော တိုက်ပုလေးရှိသော ခြံရှေ့မှာ ဝေယံ ကားရပ်လိုက်သည်။

"အိမ်ထဲဝင်ပါဦးလား တစ်ခုခုစားရအောင်"

ပိုး အားလုံးကိုကြည့်ပြီး ပြောတော့ ကိုမင်းက

"မဝင်တော့ပါဘူး ပိုးပဝါ၊ ကျေးဇူးတင်ပါတယ်၊ နောက်မှလာခဲ့မယ်"

"နောက်မှလာလွန်းလို့ ပုန်းမနေနဲ့"

"မပုန်းပါဘူး ကိုဝေယံရဲ့"

ငြိမ်နေသော သူ့ကိုကြည့်ပြီး ပိုးက ပြောသည်။

"သွားမယ်နော် ပိုး"

"ဟုတ်ကဲ့"

ပိုး လက်ကလေးပြနေတာကိုကြည့်ပြီး သူ့ရင်ထဲဟာသွားသည်။ ကိုမင်းနှင့်ဝေယံ သူ့ကိုစောင်းပြီး သီချင်းဆိုနေကြသည်။ ပိုးကိုသတိရပြီး ငြိမ်ငြိမ်လေးလိုက်လာခဲ့သည်။

■ ■ ■

## အခန်း (၁၃)

ဒေါ်လေးတရားထိုင်နေတော့ တံခါးကိုဖြည်းဖြည်းလေးတွန်းဖွင့် ဝင်ခဲ့သည်။ အခန်းထဲ တန်းဝင်ခဲ့ပြီး အိတ်ကလေးပစ်ချကာ အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲချလိုက်သည်။

ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်နိုင်အောင် ပိုးရင်ထဲမှာ ဘာတွေဖြစ်နေမှန်းမသိပါ။ သွားခါနီး ပိုးကိုကြည့်သွားသောအကြည့်ကို ပြန်မြင်ပြီး သူ့ကိုသတိရနေသည်။

နှိုင်းမရတဲ့။ သူ့အမေက စိန်ရွှေရတနာဆိုင်မှ အကြီးကြီးဖွင့်ထားတာတဲ့။

ပိုးကို ဝေဒနာတွေ မပေးနဲ့ နှိုင်းမရရယ်။

"ဟဲ့ သမီး၊ အကျႌလည်း မလဲသေးပါလား၊ အိပ်ချင်လို့လား"

ဘယ်လောက်ထိ သူ့အကြောင်းအတွေးတွေ လွန်သွားသည် မသိ။ ဒေါ်လေးအသံကြားမှ ပိုး ဆတ်ခနဲ ထထိုင်လိုက်သည်။ အခုမှ ပိုးက အိပ်ချင်သည့်ပုံနှင့်





"ဟုတ်တယ် ဒေါ်လေးရဲ့၊ ညက တော်တော်နဲ့ မအိပ်ရဘူး"

"ဒါဆိုလည်း အိပ်လိုက်လေ၊ အကျႌလည်းလဲမနေနဲ့တော့၊ လမ်းဘစ်လျှောက်လုံး ကားစီးလာရတော့ ဖုန်တွေသဲတွေကပ်နေပြီ၊ လျှော်ပစ်လိုက်တော့"

ဒါပဲပြောပြီး ဒေါ်လေး အခန်းထဲက ထွက်သွားသည်။ အပို စကား မပြောတတ်သော ဒေါ်လေးက ဘယ်သူလိုက်ပို့လဲတောင် မမေး။ ပိုးဘဝမှာ ပျော်ရွှင်စရာဆိုတာ တော်တော်ကို ရှားသည်။

နှိုင်းမရဆိုသော သူနှင့်တွေ့မှ ...။

အချစ်ဆုံးသူငယ်ချင်းကေသီရဲ့အစ်ကိုတစ်ဝမ်းကွဲ မင်္ဂလာဆောင်ကို ကေသီဂျစ်တိုက်ပြီး အတင်းခေါ်သည့်အပြင် ဒေါ်လေးကလည်း အတင်းတိုက်တွန်းနေတော့ ပိုး သွားလိုက်တာ နှိုင်းမရနှင့်တွေ့ဖို့ ဖန်တီးပေးလိုက်သလိုပင်။

သူ ပိုးကိုသံယောဇဉ်တွေပိုနေတာ အားလုံးသိပြီး ရှောင်ပေးကြသည်။ ပိုး ဘယ်ယောက်ျားနှင့်မှ ရင်းရင်းနှီးနှီး စကားမပြောဘူးပါ။ ကျောင်းမှာရော ရပ်ကွက်ထဲမှာပါ ပိုးမေတ္တာကိုလိုချင်သော ယောက်ျားတွေ အများကြီးရှိသည်။ အချစ်ရေးကို စိတ်မဝင်စားသည့် ပိုးက ဘယ်ယောက်ျားကိုမှ လက်မခံ။ ပိုးရဲ့ဣန္ဒြေသိက္ခာကြောင့်လည်း တော်ရုံယောက်ျားတွေ ရှေ့ဆက်မတိုးတော့။

သူ့ကိုကျတော့ လက်ခံချင်နေမိသည်။ သူ ပြောတာလေးတွေကို နားထောင်နေချင်သည်။ သူနှင့်စကားပြောရတဲ့ ရှိန်းမြမြအရသာလေးကို ပိုးပျော်သည်။ အပျော်တွေ ဆိတ်သုဉ်းခဲ့တာ ကြာပြီဖြစ်သော ပိုး ဘဝသည် သူနှင့်ကျမှ ပြန်လည်လန်းဆန်းလာခဲ့သည်။

သူ့အကြောင်းတွေးပြီး ကလေးဆန်ဆန် သူ့မျက်နှာလေးကို မြင်နေမိသည်။ ခဏကြာတော့ မျက်စိတွေမှေးစင်းပြီး ပိုး အိပ်ပျော်သွားသည်။

အိပ်ရေးပျက်ထားသည့်အတွက် တော်တော်ကြာကြာ အိပ်ပျော်သွား ပြန်နိုးလာတော့ ဒေါ်လေး မရှိတော့။ ပိုးကိုမနိူးရက်လို့ သွားတာဖြစ်မည် ဟုတ်သားပဲ လေးနာရီတောင်ထိုးတော့မည်။

ပိုး မျက်နှာသစ်ဖို့ ပြင်ဆင်နေစဉ်မှာပဲ ဖုန်းမြည်လာသည်။

သူများလားမသိဘူးအတွေးနှင့် လိုက်ခနဲ ဖြစ်သွားသည်။ ရင်ခုန် စွာပဲ ဖုန်းခွက်လေး ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ပိုးလားဟင်"

ပိုးရင်တွေ တဆတ်ဆတ် ခုန်လာသည်။

"အင်း"

"တော်သေးတာပေါ့"

"ဘာကိုလဲဟင်"

"ပိုးမဟုတ်ဘဲ ပိုးအဒေါ်ဖြစ်နေမှာစိုးလို့"

ကလေးဆန်ဆန် သူ့အပြောလေးကြောင့် ပိုးရယ်တော့

"ဘာလို့ရယ်တာလဲ ပိုး ရယ်တာလေးကိုကြည့်ချင်လိုက်တာ"

"အဒေါ်ကိုင်တော့လည်း ပိုးကိုခေါ်ခိုင်းပေါ့"

"ဟင့်အင်း ပိုးကိုပဲ ကိုင်စေချင်တာ"

သူ့ရဲ့ကလေးဆန်ဆန်အပြောလေးကို ပိုး ပြုံးလိုက်သည်။

"ကဲ အခု ပိုးကိုင်ပြီလေ၊ ဘာပြောမှာလဲ ပြော"

"ပိုးနဲ့အရမ်းခင်ချင်တယ်"

"အခုလည်း ခင်နေကြပြီပဲ"

"ဒီထက်ပိုခင်စေချင်တာ ပိုးရဲ့"

"အင်းပါ ခင်ပါတယ်၊ ကိုနိုင်းမရတို့သူငယ်ချင်းအားလုံးကို အရမ်း





င်ပါတယ်၊ ပိုးမှာခင်တဲ့ယောကျ်ားလေးမိတ်ဆွေဆိုလို့ ကိုနိုင်းမရတို့ပဲ ရှိပါ ယ်"

"တကယ်လား ပိုး"

"တကယ်ပေါ့"

သူ့ဘက်က အသံတိတ်သွားတော့

"ဒါပဲ မဟုတ်လားဟင်၊ ပိုး ဖုန်းချလိုက်တော့မယ်နော်"

"နေ နေပါဦး ပိုးရယ်"

"ဘာပြောမလို့လဲ ပြောလေ"

"မနက်ဖြန်ကျရင် ပိုးတို့ကျောင်းကိုလာခဲ့မယ်လေ"

"ပိုး မနက်ဖြန်ကို ကျောင်းမတက်ဘူး"

"ဘာဖြစ်လို့လဲဟင် ပိုး"

အလိုမကျသံပေါက်နေသော သူ့အသံလေးကြောင့် ရယ်ချင်နေ သည်။

"မနက်ဖြန်ကို ဒေါ်လေးက သွားစရာရှိတယ်၊ ပိုး အိမ်စောင့်ရမှာ ိုနိုင်းမရကရော ကျောင်းမတက်ဘူးလား"

"မတက်ဘူး"

"ဘာဖြစ်လို့ မတက်တာလဲ"

"စကားမလွှဲပါနဲ့ ပိုး တို့ကိုမလာစေချင်ဘူးဆိုတာ သိပါတယ်"

"သူ့စိတ်ချည်းပဲ ဒီလောက်တောင်ဖြစ်တာ ပိုးအိမ်ကို လာမလား"

"ဟင် ပိုး ပိုးတကယ်ပြောတာလား"

"အင်း"

"လာမယ် မနက်ဖြန် ပိုးအိမ်ကိုလာခဲ့မယ်"

"ဘယ်အချိန်လာမှာပဲ၊ ထမင်းချက်ထားရမှာလား ကိုဝေယံတို့

ပါ ခေါ်ခဲ့လေ”

“ပိုးအဒေါ်ကရော ဘယ်အချိန်သွားမှာလဲ”

“မိုးလင်းထဲကသွားမှာ၊ ဒေါ်လေးရှိလည်း ရပါတယ်”

သူ့ရယ်သံလေးကို ပိုး နားထောင်နေလိုက်သည်။

“ပိုး”

“ပြောလေ”

“မနက်ဖြန်ကို ကိုးနာရီလောက်လာခဲ့မယ်နော်”

“ပြီးရော ဒါပဲနော်”

“အိုကေ ပိုး”

ပိုး ဖုန်းချလိုက်သည်။

ကိုယ့်ကိုယ်ကိုယ်တောင် အံ့ဩမိသည်။ အခုမှစသိသော ယောကျ်ား တစ်ယောက်ကို အိမ်လည်ခေါ်လိုက်မိတာ ပိုး မှားလား။ ဒါပေမဲ့ မတတ်နိုင် တော့ပါ။ ပိုးကိုယ်တိုင်က သူ့ကိုသံယောဇဉ်တွေတွယ်နေမိတာကိုး။

ပိုး ရှင့်ကို မညာချင်ဘူး နှိုင်းမရရယ်။

အဲဒါကတော့ နှိုင်းမရကို ပိုး ချစ်တယ်။

■ ■ ■

## အခန်း (၁၄)

တော်တော်နဲ့သူ ဖုန်းမချဘဲ ရင်ဘတ်နားကပ်ထားလိုက်သည်။ ဦးမှ ဖုန်းကိုရွရွလေးချပြီး ပြုံးလိုက်သည်။ အရမ်းပျော်နေတာပဲ သူ သိသည်။

အရမ်းချစ်တယ် ပိုးရယ်။

ချက်ချင်းပင် ပိုးကို ပြေးတွေ့လိုက်ချင်သည်။

အပျော်စိတ်တွေနှင့်နောက်လှည့်လိုက်တော့ ကြက်မွေးပိုက်ပြီး သူ့ကိုကြည့်နေသော ရွှေကဗျာက ဆတ်ခနဲ မျက်နှာလွှဲလိုက်ပြီး ကြက်မွေး လေးဖြင့် ဟိုသုတ်ဒီသုတ် သုတ်နေသည်။

သူ ခပ်စူးစူးတစ်ချက်ကြည့်ပြီး

“ရွှေကဗျာ”

“ရှင် ကိုမရ”

အခုမှအပြစ်မရှိသည့်ပုံနှင့် ကြည့်နေသော ရွှေကဗျာက သရုပ် ဆောင်တော့ တော်တော်ကောင်းသည်။

“မင်း မပင်ပန်းဘူးလား”

"ရှင် ဘာပြောတာလဲ ကိုမရ"

ဘာဇုန်မှမရှိသည့် ဆိုဖာတွေကို ကြက်မွေးနှင့်လိုက်ပွတ်နေတာကို ညည်းငွယ်ပြီး သူမေးတာကို နားလည်ပုံမရပါ။

"ဖုန်မရှိတဲ့ဆိုဖာတွေကို လိုက်ပွတ်နေလို့ မပင်ပန်းဘူးလား မေးတာ"

ဘာတစ်ခွန်းမှ ပြန်မပြောပေမယ့် မျက်နှာတော့ပျက်နေသည်။

ဒီကောင်မလေးပုံစံကို သူ လုံးဝမကြိုက်ပါ။ ရိုးရိုးသားသား ကယ်တင်ခဲ့တာကို ဘယ်လိုအတွေးပေါက်နေသည်မသိ။ ခပ်တည်တည်နေသော သူ့ကိုပလူးပလဲ နေချင်ပုံရသည်။ ဇာတ်လမ်းတွေထဲကအတိုင်း အိမ်ပေါ်ခေါ်တင်လာသော အိမ်ဖော်ကောင်မလေးကို တစ်နေ့မေတ္တာရှိကြောင်းဖွင့်ပြောမှာပဲဟု တွက်ထားပုံပင်။

ရွှေကဗျာ ဘယ်လောက်လှလှ သူ စိတ်မဝင်စားပါ။ ခေါ်လာထဲက ကြောင်ပြီးခေါ်လာတာမှမဟုတ်တာ။

မာမီတို့လင်မယားနှင့်လေးလေးကလည်း ဒီကောင်မလေးကို ဝိုင်းပြီးမြှောက်စားနေကြတာ သူနည်းနည်းမှကြည့်မရပါ။ သူ ခေါ်လာလို့ နောက်ဆုံးမှရောက်လာသော ရွှေကဗျာကို ဘာဖြစ်လို့ ဒီလောက်အရေးပေးနေရတာလဲ။ တွေးရင်းကပင်ဒေါသတွေ ထွက်လာသည်။

"သွားတော့ သိပ်လုပ်ချင်နေရင်လည်း နောက်နေ့မှာသာလုပ်တော့၊ ဒါ ဖုန်သုတ်ရမယ့်အချိန်မဟုတ်ဘူး"

"ဟုတ်ကဲ့"

ရွှေကဗျာ သူ့ရှေ့က ခေါင်းငုံ့ပြီးထွက်သွားတော့ မာမီတို့ လင်မယားထွက်လာသည်။ မာမီတို့လင်မယား သူနှင့်ရွှေကဗျာကို အကဲခတ်ပြီး မာမီက

"ဘာဖြစ်လို့လဲ သားလေး"





"သူလေ"

ရွှေကဗျာကို လက်ညှိုးထိုးပြီး သူပြောတော့ မာမီမျက်လုံးပြူးကြီးနှင့်

"ကဗျာ ဘာဖြစ်လို့လဲ သားရဲ့"

မာမီ့ကိုခပ်တည်တည်နှင့်ကြည့်ပစ်လိုက်သည်။ အဲဒီလို သည်းသည်းလှုပ်တာကို သူ မကြိုက်တာ။

"ကဗျာ ဘာဖြစ်လို့လဲ သားရဲ့၊ မာမီ့ကိုပြောပါဦး"

"မာမီ"

သူ ခပ်ဆတ်ဆတ် ခေါ်လိုက်တော့ မာမီကရော မာမီ့ယောကျ်ားပါ သူ့ကိုကြည့်၏။

"ဒီကောင်မလေးကို မာမီ ဘာဖြစ်လို့ ဒီလောက်အရေးပါနေရတာလဲ"

"ဘယ်မှာပါလို့လဲ သားရဲ့"

မာမီ့အသံပျော့သွားတာ သူ သတိထားမိသည်။

"ဘာလို့မပါရမှာလဲ၊ သူ့ကိုဘာဖြစ်လို့ ဆိုင်ခေါ်သွားရတာလဲ၊ ဒုံးနေရာဒုံး တော်နေရာတော်ပဲကောင်းတယ် မာမီ"

ဒီထက်ထပ်ပြောလျှင်လည်း မကောင်းတော့သဖြင့် သူ အနားက ထွက်လာတော့ မာမီ ပါးစပ်အဟောင်းသားဖြင့် ကျန်ခဲ့သည်။ အခန်းထဲရောက်တော့ လေးလေးမှန်ဘီလူးလေးနှင့် အလုပ်ရှုပ်နေသည်။

လေးလေးပစ္စည်းတွေကို တစ်ဖက်သို့ သူ တွန်းပို့လိုက်တော့ လေးလေး လှမ်းကြည့်သည်။ သူ့မျက်နှာမှုန်ကုပ်ကုပ်ကိုကြည့်ပြီး

"ဘာဖြစ်လာပြန်ပြီလဲ"

"လေးလေး"

"ပြော"

မုန့်ဘီလူးမချဘဲ လေးလေးပြောတော့ သူ ဘာမှမပြောဘဲ အိပ်ရာပေါ်ပက်လက်လှန်ချလိုက်သည်။ လေးလေး သဘောပေါက်ပုံနှင့် မုန့်ဘီလူးလေးအား ဘေးရှိခုံလေးပေါ်တင်လိုက်ပြီး

"ကဲ ပြော ဘာပြောမလို့လဲ"

ဒါကြောင့် လေးလေးကို သူ သိပ်ချစ်တာဖြစ်သည်။

"ရွှေကဗျာ့ကို သားခေါ်လာတာ အိမ်မှာအလုထားဖို့မဟုတ်ဘူးနော်"

လေးလေး နားမလည်သောအကြည့်ဖြင့်

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ မာမီနဲ့လေးလေး ဒီကောင်မလေးကို အရေးပေးလွန်းတယ်လို့ သားထင်တယ်"

"မင်းက ဘာတွေထင်နေတာလဲ"

"သူ့ကိုဘာဖြစ်လို့ ဆိုင်ခေါ်သွားရတာလဲ"

"သူ လိုက်ချင်တယ်ဆိုလို့ပါ"

လျော့တိလျော့ရဲ လေးလေးအသံကို သူမကြိုက်ပါ။

"သူက ဘာမို့လိုက်ချင်ရတာလဲ၊ သူလိုက်ချင်တယ်ပြောတိုင်း လေးလေးတို့က ခေါ်စရာလား"

လေးလေး သက်ပြင်းချသံကို မသိဟန်ဆောင်နေလိုက်သည်။

"ကဗျာဆိုင်ကိုလိုက်တာ သား ဘာလို့မကြိုက်တာလဲ"

"လေးလေး ကြိုက်စရာလား၊ သူ့ကိုသားခေါ်လာတာ ခိုင်းဖို့လေ၊ သူဟာ အိမ်အကူတစ်ယောက်ပဲ၊ လေးလေးတို့နေရာတကာ အရေးပေးလို့ ရွှေကဗျာ နေရာတကာပါချင်နေတာ၊ အခု သားဖုန်းပြောတာကို





ထောင်နေတယ်"

"ဟုတ်လို့လား သားရယ်"

"ဟုတ်တယ် ပက်ပင်းကိုတွေ့တာ၊ အလုပ်ဆိုလည်း ဟိုယောင်
င် ဒီယောင်ယောင်နဲ့ ဘာတစ်ခုမှ မယ်မယ်ရရလုပ်တာ မတွေ့ဘူး"

"ကဲပါ သား အခုဘာဖြစ်ချင်လို့လဲ ပြော"

"မာမီနဲ့လေးလေး သူ့ကိုလုံးဝ အရောမဝင်ပါနဲ့၊ သားဖုန်းပြော
ကို ခိုးနားထောင်တာ နောက်ဆုံးဖြစ်ပါစေ လေးလေးပြောလိုက်"

"အေးပါ အေးပါ"

"ခိုင်းစရာရှိတာခိုင်း၊ သူ့ကိုယ်သူ မင်းသမီးမှတ်နေလား မသိ
"

ရောက်လာကာစနှင့်မတူဘဲ ပုံစံပြောင်းနေသော ရွှေကဗျာကို
ည့်မရသလို ပြောတော့ လေးလေး ပြုံးစိစိဖြင့်

"မင်းက မင်းသမီးကိုခေါ်လာတာကို"

"အဲဒါကြောင့် မခိုင်းရက်ဖြစ်နေတာမဟုတ်လား၊ သရုပ်ဆောင်
င်တန်းသာ ပို့လိုက်ပါတော့ လေးလေးရယ်"

"လေးလေးနဲ့မမလည်း အဲဒီလို တိုင်ပင်နေကြတာ"

လေးလေး ရွှဲနေတော့ သူ လေးလေးရင်ခွင်ထဲ ခေါင်းတိုးဝင်
ိက်ပြီး

"လေးလေးနော်"

"ဘာလဲ မင်းက ကဗျာ့ကိုကြည့်လို့မရဘူးမဟုတ်လား"

"ဘာဖြစ်လို့ သားကိစ္စကို လိုက်စပ်စုလဲ"

"နေပါဦး သားက ဘယ်သူ့ဆီ ဖုန်းဆက်လို့ ကဗျာ့ကိုခိုးနား
ထောင်တယ် ပြောရတာလဲ"

သူ ဘာပြောလျှင်ကောင်းမလဲ စဉ်းစားနေသည်။ ပိုးနှင့်ကီစွ
စောသေးသည်။

"လေးလေးကတော့ ဟုတ်မယ်မထင်ပါဘူး။ တိုက်ဆိုင်သွားတာ
ဖြစ်မှာပါ။ ကဲပါ ဘာပဲဖြစ်ဖြစ် မမကို လေးလေး ပြောခိုင်းလိုက်ပါမယ်
သား အိပ်တော့"

သူ ဘာမှထပ်မပြောတော့ဘဲ မျက်စိမှိတ်ထားလိုက်သည်။
ရာမမှန် အိပ်နေသော သူ့ကိုယ်ကြီးကို လေးလေး မရွှေ့နေသည်။
လေးသည် တစ်ဦးတည်းသောတူဖြစ်သည့် သူ့ကို သိပ်ချစ်နိုင်သူတ
ယောက်ဖြစ်သည်။ ငယ်ငယ်လေးတည်းက သူလုပ်ချင်တာမှန်သမျှကို လု
ပေးသည်။ ပူဆာသမျှကိုလည်း တစ်ချက်မညည်းညူပါ။

မာမီနောက်အိမ်ထောင်ပြုသည့်ကိစ္စမျိုးကတော့ လေးလေးလည်
မတတ်နိုင်ဘူးပေါ့။ သူကလည်း လေးလေးကိုသိပ်ချစ်ပါသည်။ မိန်းမယူလျှ
တောင် လေးလေးသဘောတူတဲ့သူမှ ယူမည်ဟု ဆုံးဖြတ်ထားသည်။

ထိုအတွေးတွေးမိတော့ ပိုးကို သတိရသွားသည်။ ပိုးလိုမိ
ကလေးကို မာမီနှင့်လေးလေး သဘောတူမှာပါ။ မနက်ဖြန် ပိုးနှင့်တွေ
ရတော့မည်။ ပိုးလိုက္ခန္ဓေရှင်မိန်းကလေးက အိမ်လာဖို့ခေါ်ထဲက ပိုးရင်
က သူ့အပေါ်ထားသော မေတ္တာကို ခန့်မှန်းလို့ရပါသည်။ အတွေးနှင့်အ
ရင်တွေခုန်သွားသည်။

လွမ်းတယ် ပိုးရယ်။

ပိုးအကြောင်း စဉ်းစားနေသော သူ့ကို လေးလေး ဘယ်လိုထ
သွားလဲမသိ။ ပြုံးစိစိကြည့်ပြီး လေးလေးက သူ့အလုပ်သူ ဆက်လုပ်
သည်။

■ ■ ■



## အခန်း (၁၅)

ကားလေး အိမ်ရှေ့မှာရပ်လိုက်တာနှင့် ပိုးအပြုံးလေးနဲ့ ကြို
ဆိုနေသည်။

"နေကောင်းတယ်နော် ပိုး"

"ကောင်းပါတယ် ကိုဝေယံ"

အပြုံးလေးနှင့် ဝေယံကိုပြောပြီး သူ့ဘက်သို့ ပိုး ကြည့်သည်။
သူကလည်း စဝင်လာထဲက ပိုးကိုကြည့်နေခြင်းဖြစ်သည်။

"ဒီနေ့ ကျောင်းပြေးတာပေါ့"

"အင်းပေါ့"

"ကိုမင်း မပါဘူးလား"

"ကိစ္စလေးရှိလို့ နောက်မှလာမယ်တဲ့"

ပိုးက အပြုံးလေးနှင့် ဦးဆောင်ခေါ်သွားကာ ဧည့်ခန်းရှိ ကျွန်း
ဆက်တီခုံတွေကိုညွှန်ပြပြီး

"ထိုင်ကြနော် ပိုး ကော်ဖီဖျော်လိုက်ဦးမယ်"

"မဖျော်နဲ့ ပိုး၊ အိမ်မှာအပြီးအစီး စားလာပြီးသား၊ ထမင်းပဲ
စားမယ်၊ ထမင်းရောချက်ထားလား ပိုး"

"ချက်ထားပါတယ် ကိုဝေယံရဲ့"

"အဲဒါဆို ထိုင်၊ စကားပြောရအောင်"

ဒီတော့မှ ပိုး ထိုင်သည်။

"ဟိုပုံက ပိုးအဒေါ်ပုံလား"

"ဟုတ်တယ် ကိုဝေယံ"

"ပိုးအဒေါ်က နုတယ်နော်၊ ပိုးနဲ့ညီအစ်မလားတောင် ထင်ရ
တယ်၊ ဒါပေမဲ့ ရုပ်ချင်းတော့ နည်းနည်းမှမတူဘူး"

"ဟုတ်တယ် ပိုးနဲ့ဒေါ်လေးကို လူတိုင်းကညီအစ်မပဲထင်ကြတယ်
မေမေနဲ့ဒေါ်လေးကြားမှာ တစ်ယောက်ရှိသေးတယ်"

"အပျိုကြီးလား"

"ဟုတ်တယ် အပျိုကြီး"

ဝေယံနှင့်ပိုးပြောတာကို သူ နားထောင်နေသည်။ ဝေယံ ပြေ
သလိုပင် ပိုးအဒေါ်က ဓာတ်ပုံထဲမှာတော့ တော်တော်နုပျိုသည်။

"ဒီလောက်လှတဲ့ပိုးအဒေါ်က ဘာဖြစ်လို့ အပျိုကြီးဖြစ်နေရတာ
လဲ"

"မလိုချင်လို့နေမှာပေါ့ကွ"

သူ ဝင်ပြောတော့ ပိုး ခေါင်းခါပြီး

"မဟုတ်ဘူးကိုမရရဲ့၊ သူ့အချစ်ဦးနဲ့ကွဲကွာပြီးတည်းကယောက်ျား
တွေကို စိတ်မဝင်စားတော့ဘူး"

"ဟုတ်လား ဒေါ်လေးရည်းစားက သစ္စာဖောက်သွားလို့လား"

"အဲဒီလိုလည်း မဟုတ်ဘူး၊ ပိုးလည်း သိပ်မသိပါဘူး၊ ဒေါ်လေး





နဲ့သူ့ရည်းစားက ယူခါနီးမှ ကွဲသွားကြတယ်ဆိုတာလောက်ပဲ သိတယ်"

"ပိုးလည်း ပိုးဒေါ်လေးလိုပဲ အပျိုကြီးလုပ်မှာမဟုတ်လား"

အနောင့်အသွားမလွတ် ပြုံးစိစိနှင့် ဝေယံ့အမေးကို သူ မလုံ
မလဲဖြစ်သွားသည်။ ပိုးကိုကြည့်တော့ ပြုံးပြီးခေါင်းညိတ်ပြနေသည်။

"ကောင်းတယ် ပိုး၊ အပူမရှာတာ အကောင်းဆုံးပဲ"

ပိုးမမြင်အောင် ဝေယံကို လှမ်းဆဲလိုက်သည်။ ပြီးမှ ပိုးကို ကြည့်ပြီး

"ကိုဝေယံရော မိန်းမမယူဘဲနေမှာလားလို့ မေးလိုက်ပါလား ပိုးရဲ့"

"မယူဘူး အပူမရှာဘူး"

"အေးပါ စောင့်ကြည့်ကြတာပေါ့"

"ကြည့်လိုက်"

ဝေယံနှင့်သူ့ကိုကြည့်ပြီး ပိုးရယ်နေသည်။

"ပိုး နောက်ဘက်ခဏဝင်ချင်တယ်"

"ဝင်လေ ကိုဝေယံ"

ပိုးဆီက ခွင့်ပြုချက်ရတာနှင့် သူ့ကိုမျက်စိမှိတ်ပြပြီး ဝေယံ
နောက်ဘက်တန်းဝင်သွားသည်။ ပိုးတော့ မသိပါ။ သူကတော့ နှစ်ယောက်
တည်းဆိုသောအသိကြောင့် ရင်တွေ ပရမ်းပတာခုန်နေသည်။ ဘယ်တုန်း
ကမှ အခုလိုမျိုး မဖြစ်ဘူးသော သူ့ကိုယ်သူလည်း တော်တော်ကိုအံ့သြ
မိသည်။ ပိုးကို အရမ်းချစ်မိသွားပြီ။ ပိုးဟာ သူ့ရဲ့အချစ်ဦးဖြစ်သလို ပိုးကိုပဲ
လက်ထပ်မယ်ဆိုတာ ပိုပြီးခိုင်မာသွားသည်။

တော်တော်ကြာကြာ တိတ်ဆိတ်နေခြင်းကို သူ မခံစားနိုင်။ ပိုးက
သူ့ကိုမကြည့်ဘဲ ဘာတွေတွေးနေလဲမသိ။

"ပိုး"

"ဟင်"

သူမ အလန့်တကြားလေး သူ့ကိုကြည့်သည်။

"ပိုးနဲ့တို့က ဘဝတူတွေပါ၊ တို့မာမီကလည်း နောက်အိမ်ထောင်နဲ့ ဦးလေးလူပျိုကြီးတစ်ယောက်လည်းရှိတယ်၊ မာမ့်မောင်ပေါ့၊ လေးလေးလူပျိုကြီး ဘာကြောင့်ဖြစ်တာလဲဆိုတာတော့ တို့ မသိဘူး၊ မာမီနောက်အိမ်ထောင်ပြုတော့ တို့အရမ်းခံစားရတယ်၊ အသက်တောင် ဆက်မရှင်ချင်ဘူး၊ လေးလေးသာမရှိရင် တို့ဘဝ ဘယ်လိုဖြစ်သွားမလဲတောင် မပြောတတ်ဘူး"

ခံစားချက်အပြည့်နှင့် ပြောပြနေသော သူ့အကြောင်းကိုနားထောင်ပြီး ပိုး ရင်ထဲကျူးစက်သွားသည်။

"ပိုး ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ အဲဒီလောက်အထိကို မရ မခံစားသင့်ဘူး၊ အမေကိုချစ်တာတော့ ချစ်တာပေါ့၊ ကိုမရ အဲဒီလိုခံစားပြတော့ရော အမေက ရှေ့ဆက်မတိုးဘဲနေလို့လား"

ပိုး မျက်နှာလေးကို အားမနာတမ်း သူ စိုက်ကြည့်နေမိသည်။

"ပိုးလည်း အဲဒီလို ခံစားခဲ့ရတယ်၊ ကိုမရလိုပါပဲ၊ ဒေါ်လေးက ပိုးရဲ့ဘဝပါ၊ အဲဒီတုန်းထဲက ပိုး အပျော်တွေက ပျောက်လုပျောက်ခင်ပဲ၊ ဒေါ်လေးကလည်း ပိုးကိုချစ်ပေမယ့် တွတ်တီးတွတ်တာ မနေဘူး၊ ပိုးဘဝက အရမ်းအထီးကျန်ပါတယ်"

ဝမ်းနည်းသံလေးနှင့် ပြောနေသော သူမကို ဘယ်လိုနှစ်သိမ့်ရမှန်းပင်မသိ။

"ပိုးက ပိုးအဖေနဲ့အတူတူမနေဘူးလား"

"ဖေဖေနဲ့နေချင်တယ်၊ မိထွေးနဲ့အတူတူမနေချင်ဘူး"

"အဆက်အသွယ်ရော ရှိလား"

"ရှိပါတယ်"





ပိုးမျက်နှာလေး ညှိုးပြီး မျက်ရည်တွေလည်း ဝဲနေသည်။

"ကိုမရကတော့ ဦးလေးနဲ့ရော အမေနဲ့ရော အတူတူနေတာ ...တ်လား"

"ဟုတ်တယ် လေးလေးက မာမ့်ကိုချစ်ကြောက်ရှိသေရှတော့ ...တူတူပဲနေကြတယ်"

"ကိုမရ ဘဝက ပိုးဘဝထက်ပိုပြီးပျော်စရာကောင်းပါတယ်"

"ကိုယ်ဖြစ်ချင်သလိုမှ မဖြစ်ခဲ့တာ၊ ကြိုးစားပြီးပျော်အောင်နေရ ...ာပေါ့"

ပိုးက ခေါင်းလေးတညိတ်ညိတ်ဖြင့် သူ့ကိုစိုက်ကြည့်သည်။

"ပိုး"

"ဟင်"

"ပိုးကို တို့ချစ်နေတာ သိတယ်မဟုတ်လားဟင်"

သိပေမယ့် အခုချက်ချင်းကြီးပြောလိမ့်မည်မထင်သောကြောင့် ပိုး ...က်ဖျားတွေ ချက်ချင်း အေးစက်လာသည်။ သူ့မျက်နှာကိုလည်း မကြည့်...တော့။

"ပိုး စိတ်ဆိုးသွားလား"

ပိုး ဘာတစ်ခွန်းမှမပြောတော့ သူ့မျက်နှာအပျက်ပျက်နှင့်

"ဖွင့်ပြောဖို့ရည်ရွယ်ချက်မရှိပါဘူး ပိုးရယ်၊ ဒါပေမဲ့ ဆက်ပြီးဟန် ...ဆောင်မနေချင်တော့ဘူး၊ အခုမပြောလည်း တစ်နေ့မှာမဖြစ်မနေ ပြောရမှာပဲ"

"ဒါကြောင့် မထူးပါဘူးဆိုပြီး ပြောလိုက်တာပေါ့"

"အဟင်း"

"ဒါကြောင့် ကိုဝေယံကရှောင်ပေးတာလား"

"အင်း ဟုတ်မှာပေါ့ ပိုးရဲ့"

ပိုးမျက်နှာကို သူ စိုက်ကြည့်နေတော့ ပိုးက သူ့ကိုမကြည့်။

"ပိုး"

ပိုးက ဘယ်လိုပုံနှင့်မှ မတုန့်ပြန်တော့ သူ ဆက်ပြောသည်။

"တို့လေ ပိုးကလွဲပြီး ဘယ်မိန်းမကိုမှ မချစ်ဖူးဘူး၊ အဲဒါကိုတော့ ပိုး ယုံပါ"

"ယုံပါတယ် ဒီတော့ ပိုးက ဘာလုပ်ရမလဲ"

ပြုံးစိစိလေး မေးနေသော ပိုးကိုကြည့်ပြီး သူ အရမ်းပျော်သွားသည်။

"ဘာလုပ်ရမှာလဲ ပိုးရဲ့၊ တို့ကိုဘယ်တော့အဖြေပေးမှာလဲဆိုတာ ပြောလေ"

"ဘယ်တော့ပေးရမှာလဲ"

သူ ရယ်နေတာလေးကို ပိုး ငေးကြည့်နေမိသည်။ ပိုးလည်း သူ့ကိုပြန်ချစ်နေသည့်အတွက် ညှဉ်းမထားချင်ပါ။ သူ့ကိုအရမ်းလည်း ပျော်စေချင်သည်။

"ပိုး ပြောလေ"

"ပိုးကို စိတ်ဝင်စားနေတာ သုံးလျှင်မှာထဲက သိနေတာပဲ၊ ကိုယ်ကလည်း ပြန်စိတ်မဝင်စားဘဲ အိမ်လည်ခေါ်ပါ့မလား"

"ဘယ်လို ဘယ်လို ပိုး"

"မသိဘူး"

"ဟား ပိုး အဲ အဲဒါဆို တို့ကို ပြန်ချစ်တယ်လို့ ပြောတာပေါ့နော်"

"မသိဘူး"

"ပိုးရယ်"

သူ မချင့်မရဲကြီးခေါ်ပြီး ပိုးနားရွေ့ထိုင်လိုက်သည်။ ပိုး အလန့်





တကြားဖြင့်

"ဘာလုပ်မလို့လဲ"

"မလုပ်ပါဘူး ပိုးရဲ့၊ ပိုးအနားမှာ ထိုင်ချင်လို့ပါ"

ရှက်နေသော ပိုးမျက်နှာလေးကိုကြည့်ပြီး သူ့စိတ်သူထိန်းမရတော့။

"အရမ်းချစ်တာပဲ ပိုးရယ်၊ ရင်တွေလည်း ခုန်နေတယ်၊ စမ်းကြည့် စမ်း"

ပိုး ဘယ်ဘက်လက်ကလေးကို ဆတ်ခနဲ ဆွဲယူပြီး သူ့ရင်ဘတ်မှာ ကပ်ထားလိုက်သည်။

ပိုး မရုန်းဘဲ ငြိမ်ခံနေသည်။ ပိုးလက်ကလေးကို သူ့လက်နှစ်ဖက်လုံးနှင့် ဆုပ်ကိုင်ပြီး

"ဝမ်းသာတာ ပြောမပြတတ်ဘူး ပိုးရယ်၊ အဲဒီလောက်အထိ မြန်မြန်ဆန်ဆန် အဖြေပေးလိမ့်မယ်လို့ မထင်ဘူး"

"ပိုးလည်း ဖွင့်ပြောမယ်လို့ မထင်သေးဘူး"

"တို့လည်း မပြောသေးဘူး ထင်ထားတာပါ၊ စိတ်ကိုမထိန်းနိုင်တော့ဘူး"

ပြောစရာစကားမရှိသလို တိတ်ဆိတ်သွားကြသည်။

"ပိုး"

"ဟင်"

"တို့ကို အရမ်းချစ်တာပဲလားဟင်"

"ချစ်တယ် ကိုမရနဲ့တွေ့ရမှ ပျော်ရွှင်မှုတွေ ကြည်နူးမှုတွေပြန်ရလာသလို ခံစားရတယ်၊ ပိုးက ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်၊ ချက်ချင်း ပြန်အဖြေပေးလို့ အထင်သေးရင်လည်းသေး"

ပိုးပါးစပ်လေးကို သူလှမ်းပိတ်ပြီး

"ဘယ်လိုပြောလိုက်တာလဲ ပိုးရယ်၊ ပိုး ဣန္ဒြေသိက္ခာအရမ်းရှိတဲ့ မိန်းကလေးဆိုတာ သိတယ်၊ နောက်ပြီး ပိုးကို အရမ်းနားလည်တယ်၊ ပိုးနဲ့တို့ ဘယ်တော့မှမခွဲဘူးနော် ပိုး"

ဘာကြောင့်မှန်းမသိ။ သူ့အပြောလေးက ပိုးရင်ထဲကို အရမ်းခံစားရစေသည်။

"နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကြည့်စမ်း ကိုယ့်ချစ်သူကို အဲဒီလိုပြောစရာလား"

ပိုး ကိုယ်လေးကိုဖက်လိုက်တော့ ပိုးကလည်း သူ့ရင်ခွင်ထဲ အလိုက်သင့်ဝင်လာသည်။

"အရမ်းချစ်တယ် ပိုးရယ်"

"ပိုးလည်း ဒီအတိုင်းပါပဲ"

တစ်ယောက်ရင်ခုန်သံတစ်ယောက် နားထောင်ပြီး ငြိမ်နေကြစဉ်

"အဟမ်း အဟမ်း"

ဝေယံ ချောင်းဟန့်ရင်းဝင်လာတော့ ပိုး သူ့ရင်ခွင်ထဲက အတင်းရုန်းထွက်သည်။

"မင်းကလည်း သာသနာ့ဖျက်ပဲ၊ ရှောင်ပေးလက်စနဲ့ ရှောင်ပေးတော့ ဘာဖြစ်မှာမို့လဲ"

ပိုး ရှက်ပြီးမျက်နှာလေးပျက်နေတော့ ဝေယံကို သူဟောက်လိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော်မျိုး တောင်းပန်ပါတယ်"

ဝေယံ သူ့ကိုပြောပြီး ပိုးဘက်လှည့်ကာ

"ပိုး ငါတို့ကို ဘာမှရှက်စရာမလိုဘူးနော်၊ အခုလို မြန်မြန်ဆန်ဆန် ချစ်သူဖြစ်သွားတဲ့အတွက်ပဲ အရမ်းပျော်တယ်၊ ငါတို့တွေကို ကိုယ့်အစ်ကိုတွေ





လိုပဲ သဘောထား၊ ငါတို့သုံးယောက်က သူငယ်ချင်းဆိုတာထက် ညီအစ်ကိုတွေလိုနေကြတာ"

"ဟုတ်ကဲ့ပါ ကိုဝေယံ"

"ဟုတ်တယ် ပိုးရဲ့၊ ဒီကောင်တွေကို ဘာမှရှက်စရာမလိုဘူး"

ပိုး ပြုံးပြုံးလေးနှင့်ခေါင်းညိတ်ပြပြီး

"ထမင်းစားကြမလားဟင်"

"ပိုး ပြောမှပဲ ဗိုက်ကဆာလာတော့တယ်"

ဝေယံ့ကို မကြည့်သလို ကြည့်တော့ ဝေယံ မသိဟန်ဆောင်ပြီး

"ကဲ စားကြမယ် ထမင်းစားပြီးမှ နှစ်ယောက်သား အေးအေးဆေးဆေး စကားပြောကြ"

"မင်းက ဘယ်သွားမလို့လဲ"

"မသွားပါဘူး ငါက အိပ်မယ်"

"ဒါဆို ပိုးစားဖို့လုပ်လိုက်ဦးမယ်"

ပြောပြောဆိုဆို ပိုးနောက်ဘက် ဝင်သွားတော့ နောက်က သူ ထပ်ကြပ်မကွာ လိုက်သွားသည်။ ထမင်းစားဖို့ ပိုးနှင့်ဝိုင်းကူလုပ်ပေးပြီး သုံးယောက်သား ထမင်းစားခြသည်။

ချစ်သူစဖြစ်သည့်နေ့မှာပဲ ချစ်သူနှင့်ထမင်းလက်ဆုံစားရသောဒီနေ့ကို သူ ဘယ်လိုမှမေ့မှာမဟုတ်ပါ။ ပိုးနှင့်လက်ထပ်ပြီး သားသမီးတွေရလို့ သားသမီးတွေအရွယ်ရောက်လာလျှင်လည်း အမှတ်တရ ဒီနေ့လေးအကြောင်း ပြောပြရမည်။ ပိုးနှင့်ပတ်သက်ပြီး စိတ်ကူးလိုက်သမျှသည် ပျော်စရာတွေချည်းဖြစ်သည်။

ထမင်းစားပြီးတော့ ဝေယံ စာအုပ်တစ်အုပ်ယူကာ ဘုရားစင်ရှေ့မှာသွားဖတ်နေ၏။ သူနှင့်ပိုးကတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်

မဝနိုင်။

"ကိုမရ"

ပိုး ခေါ်သံကြီးကြောင့် မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့ပြီး

"အဲဒီလို မခေါ်နဲ့တော့ ပိုးရာ၊ ပိုးနဲ့တို့က ချစ်သူတွေဖြစ်သွားကြ ပြီဆိုတော့ ချစ်သူတွေခေါ်သလို ခေါ်ရမယ်နော်"

"ဘယ်လိုခေါ်ရမှာလဲ"

"မာမီက ဒယ်ဒီ့ကို ကိုကိုလို့ခေါ်တယ်၊ ပိုးကတော့ မောင်လို့ ခေါ်ရမယ်၊ မောင်ဆိုတဲ့စကားလုံးလေးကို အရမ်းသဘောကျတယ်၊ ချစ်သူ တွေ အဲဒီလိုခေါ်ကြရင် အရမ်းကြည်နူးတယ်၊ ချစ်သူရှိရင် အဲဒီလိုပဲခေါ်နိုင်း မယ်လို့ စိတ်ကူးထားတယ်၊ ခေါ်မယ် မဟုတ်လား ပိုး"

"မောင်က ခေါ်စေချင်ရင် ခေါ်မှာပေါ့"

"ပိုးရယ်"

ပိုးရဲ့လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

"ပိုး"

"မောင်"

"ပိုးရယ် မောင် သိပ်ချစ်ရတဲ့ ပိုးလေးရယ်"

မောင်လို့ ချစ်သူခေါ်လိုက်တာလေးသည် ဘယ်လောက်နူးညံ့ပြီး နက်ရှိုင်းလိုက်သလဲလို့။ သူ့ရင်ထဲက ကြည်နူးပီတိတွေကတော့ ပြောလို့ တောင် မပြတတ်တော့ပါ။

"ပိုးကလည်း မောင့်ကိုသိပ်ချစ်တာပါပဲ"

ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ပါ။ ပိုးတစ်ကိုယ်လုံး သိမ်းကြုံးပွေ့ ဖက်လိုက်သည်။

ဒီနေ့သည် ပိုးအတွက် ဘယ်တော့မှ မမေ့နိုင်သည့်နေ့ကလေး





ဖြစ်သည်။

သူနှင့်ဝေးပြန်တော့ လက်ကလေးပြကျန်ခဲ့သော ပိုးကို သနား နေမိသည်။

မောင့်ကြောင့် ပိုး စိတ်ချမ်းသာစေရမယ်။ အထီးကျန်တဲ့ ပိုးဘဝ လေးကို မောင်ကယ်မယ်။ အတွေးနှင့်ပင် သူ မျော်နေသည်။

■ ■ ■

## အခန်း (၁၆)

"ဟဲ့ ပိုး ဟိုမှာအချိန်မှန်ကြီးလာပြီ"

မောင်နှင့်ကိုမင်းကိုကြည့်ပြီး ကေသီနောက်တော့ ပိုး ရှက်ပြုံးလေး ပြုံးလိုက်သည်။

"တကယ်ကွာ နေ့တိုင်းကိုမှန်နေတာပဲ"

"ဘာမှန်တာလဲ ကေသီရဲ့"

အနားရောက်လာပြီး ကိုမင်းမေးတော့ မောင့်ကိုကေသီ မေးငေါ့ ပြ၏။

"နင်တို့က ရည်းစားမရှိတော့ ကိုယ်ချင်းစာမှာမဟုတ်ပါဘူးလေ"

"အံမယ် ရည်းစားများ မထားချင်လို့ပါနော်"

"ပြောလိုက်စမ်း ကေသီရာ"

"အခုမှ ရည်းစားလေးတစ်ယောက်ရပါတယ်၊ ကြွားလို့မဆုံးဘူး"

"ငါတို့လည်း နားငြီးတဲ့ဒဏ်တွေကို နေ့တိုင်းခံစားနေရပါတယ်ဟာ အတူတူပါပဲ၊ ကုသိုလ်ရပါတယ် ကေသီရယ်"





ကိုမင်းနှင့်ကေသီ အတိုင်အဖောက်ညီနေတာကိုကြည့်ပြီး ပိုးရယ် ...ိုက်သည်။ မောင်ကတော့ ဘယ်သူတွေဘာပဲပြောပြော အရေးကိုမလုပ်။ ...င်းမျက်နှာကို သေသေချာချာကြည့်ပြီး

"ပိုးမျက်နှာလေးချောင်နေသလိုပဲ ညက အိပ်ရေးဝရဲ့လား"

"ဝ ,ပါတယ် မောင်ရဲ့"

"အမလေးနော် ကြည့်လို့ကိုမရတော့ဘူး"

"ဟုတ်တယ် အလွမ်းသယ်ရင် လူမရှိတဲ့တစ်နေရာရာမှာ သွား ...သယ်ကြ၊ ကေသီ လာ နင်နဲ့ငါ ကင်တင်းနဲ့သွားမယ်"

ကေသီ မျက်စောင်းထိုးပြီး ကိုမင်းနောက်က ပါသွားသည်။

"သွားပစေ ကောင်းတယ်"

"မောင်က ဟုတ်လည်းဟုတ်တာပဲ"

"ဘာကိုလဲ ပိုးရယ်"

ပိုးမျက်စောင်းလေး ထိုးလိုက်ပြီး

"သူများကြည့်မရအောင် အကဲပိုနေတာကို"

"ကိုယ့်ချစ်သူကိုယ်ချစ်လို့ အကဲပိုတာ ဘာဖြစ်လဲ၊ ကြည့်မရရင် ...ကြည့်နဲ့ပေါ့"

ကလေးဆိုးကြီး မောင့်ကိုကြည့်ပြီး ပိုး ပြုံးလိုက်သည်။

"ပိုးကလေ သိပ်ချစ်ဖို့ကောင်းတာပဲ၊ အမြဲတမ်း ပြုံးနေတဲ့ ပိုး ...က်နှာလေးက ဖြူစင်တဲ့နှလုံးသားလေးကို ဖော်ပြနေသလိုပဲ"

"ကြည့် ပြောရင်းနဲ့တောင်မှ"

"မောင် တကယ်ပြောတာ၊ ပိုးကို မောင်အရမ်းချစ်တယ်၊ ဖြစ်နိုင် ...င် အမြန်ဆုံး လက်ထပ်ချင်တယ်"

မောင် ပိုးကိုသိပ်ချစ်တယ်ဆိုတာ ယုံပါသည်။ ပိုးကလည်း မောင့်

ကို သိပ်ချစ်သည်။ ကွာခြားလွန်းသော မောင်နဲ့ပိုးဘဝအတွက် စိုးရိမ်သည်။ မောင့်ဘဝက သိပ်ကိုမြင့်မားလွန်းသည့်အတွက် မောင့်ဘက်က ပိုးနဲ့သဘောမတူမှာ အရမ်းကြောက်သည်။

"ပိုး မောင်ပြောတာ ကြားလား၊ ဘာတွေ တွေးနေတာလဲ"

"ဩော် ဟို မတွေးပါဘူး"

"ဟင် မညာပါနဲ့ ပိုးတစ်ခုခုတွေးနေပါတယ်၊ မောင့်ကိုမှန်မှန်ပြော"

"မောင်"

"ပြောလေ ပိုး"

"မောင့်အိမ်က ပိုးနဲ့သဘောတူပါ့မလားဟင်"

"ပိုးရယ် စိုးရိမ်စရာမရှိတာ ကြံဖန်ပြီး စိုးရိမ်နေတယ်၊ မာမီနဲ့လေးလေးက မောင့်သဘောပါ၊ ပိုးလိုမိန်းကလေးမျိုးကို ဘာသဘောမတူစရာရှိလဲ"

ပိုး ခေါင်းလေးပဲညိတ်လိုက်သည်။ မောင် စိတ်ဆင်းရဲမှာစိုးလို့ ပိုး ဆက်မပြောတော့ပေမယ့် စိုးရိမ်မှုတွေကတော့ လျော့မသွား။

"မောင် ဒီနေ့ပဲ ပိုးအဒေါ်နဲ့တွေ့ချင်တယ်"

"ဘာလုပ်မလို့လဲဟင် မောင်"

အလန့်တကြား ပိုးရဲ့အမေးကို ရယ်လည်းရယ်ချင်၊ သနားလည်း သနားသွားသည်။

"မလုပ်ပါဘူး ပိုးရဲ့၊ ပိုးပဲတွေ့ပေးမယ်ဆို တွေ့လည်းတွေ့သင့်ပြီလေ၊ ဘာလို့လဲဆိုတော့ ပိုးနဲ့မောင် ချစ်သူဖြစ်တာ ဆယ့်တစ်ရက်ရှိပြီ"

"မောင်က သေသေချာချာမှတ်ထားတယ်နော်"

"အလေးအနက်ထားတယ်ဆိုတဲ့ သဘောပါ ပိုးရယ်"

"ပိုးကို အဲဒီလောက်တောင် ချစ်သလားဟင်"





"အဲဒီထက် ပိုတယ် သိလား"

ပြောရင်းကပင် ပိုးပခုံးလေးကို ဖျစ်ညှစ်လိုက်သည်။

တကယ်ပါ ဘာကြောင့် ဒီမိန်းကလေးကို စူးစူးနစ်နစ် ချစ်မိသွားသည်မသိ။ သူ့မျက်စိထဲမှာ ချစ်သူပိုးလောက် ချစ်စရာကောင်းပြီး ဣန္ဒြေရသည့်မိန်းမ မရှိဟုထင်သည်။ အေးချမ်းဖြူစင်သော သူမ၏ချစ်သူဖြစ်ရသည့်အတွက်လည်း သူ့လောက်ကံကောင်းသည့်သူ မရှိဟုထင်သည်။

"ပိုးကိုတော့ ပြောပြီး သူကျ ဘာတွေစဉ်းစားနေတာလဲ"

ပိုးက နှုတ်ခမ်းကစူပြီးပြောတော့ သူ အသည်းတွေယားပြီး သူမအောက်နှုတ်ခမ်းလေးကို မနာအောင် လိမ်လိုက်သည်။

"မောင် စဉ်းစားနေတာ ပိုးအကြောင်းကလွဲလို့ ဘယ်သူ့အကြောင်းရှိရဦးမှာလဲ"

"မသိဘူးလေ ပိုးအပြင် တခြားကောင်မလေးတစ်ယောက်ယောက်များ မောင့်မှာရှိသေးလားလို့"

"ကြည့်စမ်း ကြည့်စမ်း မောင့်ချစ်သူလေးက ဒီလိုတောင် ပြောတတ်နေတယ် ဟုတ်လား"

"ပြောတတ်တာပေါ့"

ချစ်သူကိုကြည့်ပြီး သူ ကျေနပ်မဆုံးဖြစ်နေသည်။

"ကဲပါ ပိုး နောက်တစ်ချိန်တက်ပြီးရင် မောင် လိုက်ခဲ့လေ၊ ဒီအချိန်ဆို ဒေါ်လေး အိမ်မှာရှိတယ်၊ အခု မောင်တစ်ခုခုစားရင်း ကင်တင်းနဲ့မှာစောင့်နေလိုက်"

သူ အရမ်းပျော်သွားပြီး

"တကယ်နော် ပိုး"

"ကြည့် ဘယ်သူက ညာမှာလဲလို့"

“ဝမ်းသာလိုက်တာ ပိုးရယ်၊ လာ ဒါဆိုကင်တင်းနဲ်သွားမယ်”

ပိုး လက်ကလေးကိုတွဲပြီး ကင်တင်းနဲ်ရောက်တော့ ကိုမင်းနှင့်ကေသီက စားသောက်လို့တောင် ပြီးတော့မည်။

“ငါ ပိုးတို့အိမ်လိုက်သွားမလို့”

ကိုမင်းနှင့်ကေသီ မျက်လုံးအပြူးသားနှင့် သူတို့နှစ်ယောက်ကို ကြည့်သည်။

“နင် အတန်းမတက်တော့ဘူးလား ပိုး”

“အင်္ဂလိပ်တစ်ချိန်တက်လိုက်မယ်လေ၊ နင်ရော လိုက်မလား ကေသီ”

“မလိုက်ပါဘူး သူများဆွေမျိုးတွေကြားထဲ အမှိုက်ဖြစ်နေဦးမယ်၊ ငါ ပြန်မယ်၊ ကိုမင်းရော လိုက်သွားမှာလား”

“ငါလည်း မလိုက်ပါဘူး”

“ကိုမင်း ကားပါလား”

“ဘယ်ပါမလဲ”

“ဘယ်သွားမှာလဲ ကေသီ လိုက်ပို့ပေးမယ်”

“နင်လိုက်ပို့ပေးမယ်ဆို တာမွေက ငါ့အစ်ကိုအိမ်ပို့ပေးဟာ”

“ပို့ပေးမယ်လေ ဒီကပဲစောင့်မယ်မဟုတ်လား”

ကေသီအမေးနှင့်အတူ ပိုးဘက်လှည့်ကြည့်သလို ကိုမင်းလည်း သူ့ကိုကြည့်သည်။

“ဟုတ်တယ်လေ ဒီကပဲ စောင့်မှာ”

ပိုးကလည်း ခေါင်းလေးညိတ်ပြနေသည်။

“ဒါဆိုလည်း သွားမယ်လေ၊ ပိုး တစ်နာရီကျော်ပြီ”

ကေသီပြောပြီးတာနဲ့ ရှေ့ကထွက်သွားတော့ ပိုး သူတို့ဘက်လှည့်ပြီး





“သွားမယ် မောင်၊ ကိုမင်း သွားမယ်”

“အေး အေး”

သူ အပြုံးလေးနှင့်ခေါင်းညိတ်ပြလိုက်သည်။

ပိုး ထွက်သွားရာလိုက်ကြည့်နေသော သူ့ကို ကိုမင်းခပ်တည်တည်ကြီးကြည့်ပြီး ရေနွေးပန်းကန်ကို ဆောင့်ချလိုက်သည်။ သူ မသိဟန်ဆောင်ပြီး ကိုမင်းအသည်းယားအောင် လုပ်နေမိသည်။

ပိုးနှင့်ပတ်သက်လျှင် အကဲပိုလွန်းသောသူက သူငယ်ချင်းတွေ ကြည့်မရလည်း မရချင်စရာပါ။ သူကတော့ ဘယ်သူတွေ ဘာပြောပြော အပြုံးမပျက်။

■ ■ ■

## အခန်း (၁၇)

"ပိုး ဒေါ်လေးက သဘောတူမှာပါနော်"

"တူပါတယ် မောင်ရယ်၊ မောင့်အကြောင်းတွေအားလုံး ပြောပြ ထားပြီးသား"

"မောင့်ကိုဘာများပြောမလဲ မသိဘူးနော်"

စိုးရိမ်နေသော မောင့်ကိုကြည့်ပြီး ပိုး ရယ်ချင်နေသည်။

"မပြောပါဘူး ဒေါ်လေးက အရမ်းအေးတာ၊ မောင့်လိုလူမျိုးနဲ့ ဒေါ်လေးကျိန်းသေ သဘောတူမှာ"

အိမ်ထဲဝင်ခါနီးအထိ သူတွန့်ဆုတ်ဆုတ်လုပ်နေတော့ ပိုး အတင်း ဆွဲခေါ်နေသည်။

"ကြိုပြောထားရင်ကောင်းမှာ၊ အခုတော့ ဒီပုံစံကြီးကို ဒေါ်လေး မျက်စိနောက်မှာကြောက်တယ်"

"မောင်ကလည်း မဟုတ်တာ၊ အခုခေတ်ယောကျ်ားလေးတိုင်း ဒီလိုဝတ်တာ ဒေါ်လေး နားလည်ပါတယ်၊ ဒေါ်လေးက အဲဒီလောက် မတုံးပါဘူး၊ အခု မောင့်ပုံစံက ဘာဖြစ်နေလို့လဲ"

ဟုတ်တော့ ဟုတ်ပါသည်။ သူ ဝတ်စားထားတာ အခုခေတ်





ုငယ်တွေလို မြင်ရသူ မျက်စိနောက်အောင် ဝတ်ထားတာမှမဟုတ်တာ။ ပေမဲ့ သူကတော့ ပိုးအဒေါ် ငြိုငြင်မှာ အရမ်းစိုးရိမ်သည်။ ပိုးကိုသိပ်ချစ် ာော့ ပိုးရဲ့တစ်ဦးတည်းသော အဒေါ် သဘောမတူမှာကြောက်သည်။

အသင့်ဖွင့်ထားသော တံခါးက ဝင်လိုက်တော့ ပိုးအဒေါ် ဧည့်ခန်း ာထိုင်နေရာက

"လာကြ လာကြ"

ခေတ်ပုံထဲကထက်တောင် နုပျိုသော ပိုးအဒေါ် အပျိုကြီးက ာကယ်ကို ပိုးနှင့်ညီအစ်မဆို ယုံမည်။ ရုပ်ချင်းမတူပေမယ့် တူအရီးနှစ် ာယောက်လုံး တစ်မျိုးစီချောကြသည်။

"ထိုင် ဒေါ်လေး နှိုင်းမရလေ"

"ဒေါ်လေးကို တွေ့ချင်နေတာ ကြာပြီ၊ အခုမှပဲ ပိုးကတွေ့ပေး ာော့တယ်၊ တွေ့ရတာ ဝမ်းသာပါတယ် ဒေါ်လေး၊ ဒေါ်လေးအမြင်မတော် ာရှိရင်လည်း ပြောပါနော်"

"မရှိပါဘူးကွယ် ဒေါ်လေးလည်း မင်းကိုတွေ့ချင်နေတာပါ"

"ဟုတ်ကဲ့ ဒါတောင် ကျွန်တော်အတင်းပြောလို့ ခေါ်လာတာ ဒေါ်လေးရဲ့"

"တူမလေးက မင်းဘက်ကသဘောထားကို စိုးရိမ်နေလို့ပါ"

"ကျွန်တော် ပိုးကို အိမ်ကအကြောင်း ပြောပြထားပြီးပါပြီ ဒေါ်လေး အခုဒေါ်လေးနဲ့တွေ့ပြီးရင် ပိုးကိုလည်း ကျွန်တော့်မာမီ လေးလေးနဲ့တွေ့ပေး ဖို့ စီစဉ်မှာပါ၊ ဒေါ်လေးလည်း ပိုးအတွက်စိတ်မပူပါနဲ့၊ ကျွန်တော့်ကိုစိတ်ချပါ လို့ပဲ ပြောပါရစေ"

"မင်းကိုမြင်ထဲက သိပါတယ်၊ တူမလေး အပြောနဲ့တင် ဝမ်းသာ နေတာ၊ အခု လူပါတွေ့လိုက်တော့ ပိုစိတ်ချသွားပါပြီ"

ဒေါ်လေးစကားကို သူ ကျေနပ်သွားသည်။

"စိတ်ချပါဆိုတဲ့စကားထက် ကျွန်တော်ပိုမပြောတတ်တော့ဘူး ဒေါ်လေး"

"ဒေါ်လေး ယုံပါတယ်၊ ဒါနဲ့ သူငယ်ချင်းတွေရော မပါဘူးလား"

"မပါဘူး ဒေါ်လေး"

"အေးကွယ် နောက်ကို ဘယ်အချိန်ဖြစ်ဖြစ် ဝင်ပါထွက်ပါ တူမလေးအတွက် ဒေါ်လေး တော်တော်စိတ်ချမ်းသာသွားပြီ၊ သူ့ကြောင့်လည်း ဒေါ်လေး ဘဝရှင်သန်နေရတာပါ၊ သမီးအတွက်စိတ်ချသွားပြီဆိုရင်တော့ ဒေါ်လေး ရာသက်ပန် သီလရှင်ဝတ်မှာ"

ဒေါ်လေး ထိုသို့ပြောတိုင်း ပိုး အရမ်းခံစားရသည်။ ရင်ထဲကနေ ဝမ်းနည်းအားငယ်စိတ်တွေ တလိပ်လိပ်တက်လာသည်။ ပိုးမျက်နှာပျက်နေတာကိုကြည့်ပြီး မောင်လည်း မျက်နှာမကောင်း။

ပိုးအတွက်စိတ်ချရသည့်လူလက်ထဲထည့်ပြီးလျှင် ဒေါ်လေး သီလရှင်ဝတ်မည်ပြောတော့ ပိုး တစ်သက်လုံး အိမ်ထောင်မပြုဘူးဟု ကြိတ်ဆုံးဖြတ်ထားသည်။ ဒါဆိုလျှင် ပိုး တစ်ယောက်တည်းစိတ်မချသည့်ဒေါ်လေးလည်း သီလရှင်ဝတ်တော့မှာမဟုတ်ဘူး။

မောင်နဲ့တွေ့တော့ ပိုးဆုံးဖြတ်ချက်တွေ ကျိုးပျက်ကုန်သည်။

"ဒေါ်လေးကလည်း ပိုးကိုစိတ်ချသွားတာနဲ့ ဘာလို့သီလရှင်ဝတ်ရမှာလဲ၊ ကျွန်တော်တို့တွေနဲ့ မိသားစုပျော်ပျော်ပါးပါးနေကြမယ်လေ၊ ဒေါ်လေးကို ကိုယ့်မိဘလို တစ်သက်လုံးလုပ်ကျွေးမှာပါ"

တူမရဲ့ချစ်သူကောင်လေးစကားကြောင့် ဒေါ်စန္ဒာမျက်ရည်ဝဲသည်အထိ ခံစားသွားရသည်။ အရွယ်နှင့်မမျှအောင် ဣန္ဒြေရတည်ငြိမ်သော ဒီတူမလေးချစ်သူရသွားတော့ ဒေါ်စန္ဒာ ပျော်သွားတာ ပြောမပြတတ်အောင်





င်။ တူမလေးချစ်သူသည် လူကောင်းလေးတစ်ယောက်ဖြစ်မည်ဆိုတာ ဒေါ်စန္ဒာ သိသည်။ ဘာကြောင့်လဲဆိုတော့ ဣန္ဒြေသိက္ခာရှိသောတူမလေးက ဗရုတ်သုတ်ခကောင်လေးတစ်ယောက်ကိုတော့ ချစ်သူအဖြစ်ရွေးမှာမဟုတ်ဘူးဆိုတာ သိထားသောကြောင့်ဖြစ်သည်။

အခု လူကိုယ်တိုင်တွေ့လိုက်ရတော့ ဒေါ်စန္ဒာ ပိုပြီး စိတ်ချမ်းသာသွားရသည်။ ဒီလိုမှဖြစ်ပါ့မလားဟု စိုးရိမ်သောကတွေ လျော့ပါးသွားသည်။ ကိုယ့်ရင်ထဲကဆန္ဒတွေ ထုတ်ဖော်တော့ တူမချစ်သူကောင်လေးစကားကြောင့် ပြောမပြတတ်အောင် ကြည်နူးပီတိတွေဖြစ်ရသည်။

ဘယ်လောက်ကြည်နူးပီတိဖြစ်စရာ စကားလေးလဲလို့။

ဘာပြောမလဲ စိတ်ဝင်စားနေသော ကောင်လေးနှင့်တူမကိုအပြုံးလေးနှင့်ကြည့်ပြီး

"ကျေးဇူးတင်ပါတယ် သားရယ်၊ မင်းရဲ့စိတ်ဓာတ်လေးကိုလည်း လေးစားချီးကျူးပါတယ်၊ ဒေါ်လေး ဆုံးဖြတ်ထားပြီးသားမို့ပါ"

"ဒေါ်လေးအသက်ငယ်ငယ်လေးရှိပါသေးတယ်၊ လူ့လောကကြီးကို ဘာတွေများစိတ်ကုန်စရာရှိလို့လဲ ဒေါ်လေးဝတ်ချင်ရင် အသက်ကြီးမှဝတ်ပါ ဒေါ်လေးရယ်"

အသက်မကြီးခင် သေသွားလျှင်ရောဆိုသည့် စကားကိုတော့ ဒေါ်စန္ဒာ ပြောမထွက်တော့ပါ။ ကလေးတွေ၏မျှော်လင့်ချက်ကို ချိုးဖျက်မပစ်ချင်။

အပြုံးလေးနှင့် ဘာမှပြန်မပြောသော ဒေါ်စန္ဒာကိုကြည့်ပြီး ကလေးနှစ်ယောက်ပျော်သွားကြသည်။

"စကားပြောကြပါဦး ဒေါ်လေး တရားနာလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဒေါ်လေး"

ပြောပြီးတာနှင့် ဒေါ်လေးက သူ့အခန်းထဲဝင်သွားသည်။

"ဒေါ်လေးက မောင်တစ်ခွန်းပဲပြောရသေးတယ်၊ လက်ခံမယ့်သဘောရှိတယ်"

"တူလေးရဲ့ဥပဓိရုပ်ကိုကြည့်ပြီး ယုံကြည်သွားလို့ဖြစ်မှာပေါ့ ပိုးရဲ့"

ပိုး ပြုံးနေတာကို သူ ကြည့်ပြီး

"ဒေါ်လေးက ပိုးထက်တောင် စကားနည်းသေးတယ်နော်"

"အင်း"

"လူ့လောကကြီးကို ဘာတွေစိတ်နာစရာများရှိနေလို့လဲမသိဘူး"

"အဲဒီလိုလည်း မဟုတ်ပါဘူး မောင်ရဲ့"

"ပိုးတောင် မောင်နဲ့တွေ့လို့မဟုတ်လား၊ နို့မို့ဆို အဒေါ်နဲ့အတူလိုက်ပြီး သီလရှင်ဝတ်မလား မသိဘူး"

"ပိုတောင်ကောင်းသေးတယ်၊ ကုသိုလ်ရတာပေါ့၊ အခုတလောမောင့်ကြောင့် ပိုးက ဆက်ပြီးရှင်သန်ရဦးမှာပေါ့"

"ဒါဆို ပိုးလည်း သီလရှင်ဝတ်၊ မောင်လည်း ဘုန်းကြီးဝတ်မယ်"

"တကယ်လား"

"အဟဲဟဲ နောက်တာပါ ချစ်ရယ်၊ စိတ်ချည်းပဲ"

ဒီတစ်ခါတော့ သူ့ရင်ခွင်ထဲမှာ ပိုးက ငြိမ်ငြိမ်လေး။

"မြန်မြန်အတူတူနေချင်ပြီ ပိုးရယ်"

သူ့စကားကြောင့် ရင်ခွင်ထဲက ပိုးအတင်းရုန်းထွက်လိုက်သည်။

"ဘာဖြစ်တာလဲ ပိုးရဲ့"

"ဘာမှမဖြစ်ဘူး"

ပိုးကိုကြည့်နေသော မောင့်အကြည့်တွေကို ရင်ဆိုင်မကြည့်ရဲစွာ ခေါင်းလေးငုံ့လိုက်သည်။

■ ■ ■



## အခန်း (၁၈)

ဒီလိုနှင့် ပိုးတို့နှစ်ယောက်လုံး နောက်ဆုံးနှစ်စာမေးပွဲကြီးကို သိပ်ကျွာစွာ ဖြေဆိုပြီးသွားကြသည်။ မနေ့က နောက်ဆုံးနေ့ စာမေးပွဲအပြီးမှာ မောင့်သူငယ်ချင်းတွေနှင့် ပိုးသူငယ်ချင်းတွေ ပျော်ပျော်ပါးပါး လျှောက်လည်ကြသည်။

ဒီနေ့တော့ မောင်နဲ့ပိုး နှစ်ယောက်တည်း ဘုရားသွား၊ ရုပ်ရှင်ကြည့်မှာဖြစ်သည်။

နှစ်ယောက်သား ဘုရားရှိခိုးပြီးတော့ ဘုရားရင်ပြင်တော်ကို ပတ်ကြသည်။

"ပိုး ဗိုက်ဆာပြီလား"

"မဆာသေးပါဘူး၊ မောင်ဆာလို့လား"

"ဟင့်အင်း မောင်က ပိုးမျက်နှာလေးကိုသာ ကြည့်နေရရင်ပြီးပြီ"

ပိုရန်ကောဆိုသည့်အကြည့်နှင့် ပိုးမျက်စောင်းလေးထိုးတော့ ကျေကျေနပ်နပ် ခံယူလိုက်သည်။

"ပိုး ထမင်းစားပြီးရင် အိမ်လိုက်ခဲ့နော်၊ မာမီ လေးလေးတို့
တွေ့ပေးမယ်"

"ပိုး မလိုက်ရဲဘူး မောင်ရယ်"

"ဘာလို့ မလိုက်ရဲရမှာလဲ ပိုးရဲ့၊ တစ်ခါတည်း ဖွင့်ပြောပြီးသား
ဖြစ်သွားတာပေါ့"

"မောင့်ဘာသာ အရင်ဖွင့်ပြောပြီးမှ တွေ့မယ်လေ"

ပိုး အကြောက်အကန်ဖြစ်နေပုံကို သူကြည့်ပြီး ရယ်လိုက်သည်။

"ဒီနေ့ဖွင့်ပြောလိုက်၊ နောက်ရက် ပိုး လိုက်တွေ့မယ်နော်"

"မရပါဘူး ပိုးရယ်၊ ဒီနေ့ပဲလိုက်ခဲ့ပါ၊ ပိုးကို မာမီနဲ့လေးလေး
အရမ်းချစ်သွားမှာ မြင်ယောင်သေးတယ်"

မောင်က သူ့အတွေးနှင့်သူ ကျေနပ်နေသည်။ ပိုးကတော့ ဘာ
ကြောင့်မှန်းမသိ စိုးရိမ်နေတာပဲ သိသည်။

ဘုရားပေါ်ကဆင်းတော့ ပိုးလက်ကလေးကို မောင်တွဲပြီး မျက်နှာ
ကိုပဲ အရိပ်တကြည့်ကြည့်ရှိနေသည်။

"ပိုး ဘယ်ဆိုင်မှာစားချင်လဲ"

"မောင်ကြိုက်တဲ့ဆိုင်မှာစားပါ"

"ပိုးစားချင်တာပြောပါ၊ တရုတ်စာစားမလား၊ မြန်မာထမင်းပဲ စား
မလား"

"မြန်မာထမင်းပဲ စားမလား မောင်"

"ပိုးကြိုက်တာကို မောင်လည်းစားမယ်"

"ဒါဆိုလည်း မြန်မာထမင်းပဲစားမယ် မောင်ရယ်၊ ချဉ်ရည်ဟင်းတို့
ငါးပိရည် တို့စရာတို့စားချင်တယ်"

မောင်က ပြုံးပြီး





"စာမေးပွဲရက်မှာ အစားအသောက်ပျက်နေတယ် မဟုတ်လား"

"ဟုတ်တယ် မောင်"

"ပိုးက မအိပ်မနေစာကျက်တော့ အိပ်ရေးပျက်တာပေါ့၊ မောင်
...သားတဲ့ အားဆေးနဲ့အချိုရည်ဘူးရော သောက်ရဲ့လား"

"သောက်ပါတယ် မောင်ရဲ့"

ပါရမီလမ်းထဲက မြန်မာထမင်းဆိုင်တစ်ဆိုင်ထဲ ထမင်းဝင်စားပြီး
...ထွက်လာတော့ မာမီ့ဆီဖုန်းဆက်ဖို့ ပြင်လိုက်သည်။

"ဒီအချိန်ဆို မာမီနဲ့လေးလေး ဆိုင်မှာပဲရှိမယ် ပိုးရဲ့"

ပိုးကိုလှည့်ပြောပြီး ဖုန်းဆက်ဖို့ပြင်နေစဉ်မှာပဲ

"သားလေး"

ခေါ်သံကြောင့်နောက်ကို လှည့်ကြည့်လိုက်တော့ မာမီနှင့်ဦးသန့်စင်
...တို့ဆီ အပြုံးနှင့်လျှောက်လာနေသည်။

"မာမီ"

ပိုးလည်း လှည့်ကြည့်လိုက်စဉ်မှာတော့ မောင် ခေါ်လိုက်သံကြောင့်
...စ်ကိုယ်လုံးရှိ အကြောအချဉ်တွေ ရှိန်းရှိန်းဖြစ်သွားသည်။ မောင် ပိုးလက်
...ဖျတ်ခနဲ ဆုပ်ကိုင်တော့ ပိုးအတင်းရုန်းသည်။ မောင်က လွှတ်မပေးဘဲ
...ပြီး တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားသည်။ ထိုအချိန်မှာပဲ မောင့်မာမီနှင့်
...ောင့်မာမီ၏ယောက်ျားဖြစ်ပုံရသော ခန့်ခန့်ညားညား အန်ကယ်ကြီး အနား
...ောက်လာပြီး

"ဘယ်သွားမလို့လဲ သား"

မောင့်ကိုမေးနေပေမယ့် မောင့်မာမီမျက်လုံးတွေက ပိုးဆီမှာချည်းပင်။

"သား မာမီ့ကို အခုပဲ ဖုန်းဆက်မလို့၊ တော်သေးတာပေါ့ မာမီ
...ယ်"

"ဘာပြောမလို့လဲ သား"

"သားချစ်သူလေ၊ နာမည်က ပိုးပဝါတဲ့၊ အခုပဲ ပိုးကိုမာမီတို့ဆီ ခေါ်လာဖို့ ဖုန်းဆက်မှာ"

"အော်ဟုတ်လား၊ အတော်ပဲဖြစ်သွားတာပေါ့"

"ပိုး မောင့်မာမီလေ"

ပိုး ဘာပြောရမှန်းမသိအောင် ထူပူနေပါသည်။

မောင့်မာမီက ပိုးကို သေသေချာချာကြည့်ပြီး အပြုံးမျက်နှာလေး ဖြင့်

"ချစ်စရာလေးပဲ၊ သားမှာချစ်သူချောချောလေးရှိနေတာကို ဘာလို့ လျှိုထားရတာလဲ"

"စာမေးပွဲအပြီးကို စောင့်တာပါ မာမီရဲ့၊ အခုပဲ ပိုးဂေ့ခေါ်လာတော့ မလို့ ဖုန်းဆက်ဖို့ပြင်နေတာ၊ မာမီလှမ်းခေါ်လို့ မာမီတို့ဘယ်က ပြန်လာတာ လဲ"

"အသိတစ်ယောက်အိမ်က သားရဲ့"

မောင်နှင့်ရုပ်ချင်းဆင်သော မောင့်မာမီက ပိုးကိုခြေဆုံးခေါင်းဆုံး အကဲခတ်သလို အန်ကယ်ကြီးကလည်း ပိုးကိုပြုံးပြုံးကြီး ကြည့်နေပါသည်။ ပထွေးဖြစ်သည့် အန်ကယ်ကြီးကို မောင်က အသိအမှတ်မပြုပေမယ့် အန် ကယ်ကြီးကတော့ စကားတစ်ခွန်းမှဝင်မပြောသော်လည်း မောင်နှင့်ပိုးကို ကြည့်သည့်အကြည့်တွေမှာ ချစ်ခင်ကြင်နာမှုတွေ အပြည့်ပါနေသည်။

ဒါဟာ အန်ကယ်ကြီး တမင်ဟန်ဆောင်ပြီး ကြင်နာပြနေတာ မဟုတ်ဘူးဆိုတာကိုတော့ ပိုး ကောင်းကောင်းသိသည်။

မောင်ကသာ ပထွေးဖြစ်သည့်အန်ကယ်ကြီးကို မကောင်းတထ လို့ တစ်ခွန်းတောင်မခေါ်တော့ ကြားထဲက ပိုး အားနာရသည်။ ပိုးကိုယ်တိုင်





ကလည်း မိထွေးရှိသည့်သူမို့ မောင့်ကို ကိုယ်ချင်းစာပါသည်။ ဒါပေမဲ့ မောင့် ပထွေးအန်ကယ်ကြီးကိုတော့ ပိုးကလည်းချစ်လည်းချစ် သနားလည်းသနား နေမိသည်။

"အန်ကယ်နဲ့အန်တီ့ကိုတွေ့ရတာ ဝမ်းသာပါတယ်၊ ပိုးကိုလည်း အမြင်မတော်တာရှိရင်လည်း ဆုံးမနိုင်ပါတယ်"

"မရှိပါဘူး သမီးရယ်၊ မရှိပါဘူး"

မောင့်ပထွေး အန်ကယ်ကြီးကပြုံးပြီးပြောသလို မောင့်မာမီကလည်း

"ဟုတ်တယ် သမီးကလိမ္မာမယ့်ပုံပါ"

"သမီးကလိမ္မာမယ့်ပုံဆိုတော့ သားကရော မာမီ"

မောင်က သူ့မာမီပခုံးလေးဖက်ပြီး ထိုသို့မေးလိုက်တော့ မောင့် မာမီက

"သားကလည်း သိပ်လိမ္မာတဲ့ အလိမ္မာတုံးလေးပါပဲ"

"ဟား ဟား ဟား ကြားလား ပိုး၊ မာမီက အဲဒါ ငေါ့ပြောတာ"

"ငေါ့ပြောတယ်ဆိုတော့ မောင်ကဆိုးလို့ပေါ့"

"ဟုတ်တယ် သမီးရေ၊ သားက လူဆိုး၊ ဒါပေမဲ့ အခုတလော သိပ်ကိုနူးညံ့နေတယ်လို့ ထင်နေတာ၊ အခုမှပဲ မာမီ့သားလိမ္မာနေရတဲ့ အ ကြောင်းအဖြေပေါ်တော့တယ်"

"နှိုင်းမရက တော်တော်ဆိုးလို့လား အန်တီ"

ကျေနပ်နေသော မောင့်မျက်နှာကြီးကိုကြည့်ပြီး ပိုးမေးတော့ မောင့် မာမီက ပိုးပခုံးလေးကို ကိုင်လိုက်ပြီး

"နောက်မှ သမီးကို အေးအေးဆေးဆေး ပြောပြမယ်၊ ကဲပါ သွားစရာရှိတာ သွားကြ၊ မာမီတို့လည်း သွားမယ်"

"ဟုတ်ကဲ့ပါ အန်တီ"

"သွားလိုက်ဦးမယ်နော်"

မောင်နှင့်ပိုးကိုကြည့်ပြီး အန်ကယ်ကြီးနှုတ်ဆက်နေတော့ ပိုး အပြုံးလေးဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ကဲ မောင်မပြောဘူးလား ပိုး၊ ကံကောင်းတဲ့သူတွေများကျတော့လည်း အဆင်သင့်ပဲ"

မောင့်မာမီတို့ကို လိုက်ငေးနေသော ပိုးကို မောင်ပြောတော့

"ပိုးဖြင့် အခုထိ ရင်တွေတုန်နေတုန်းပဲ"

"တွေ့တယ်မဟုတ်လား ပိုးကိုတွေ့ရင် မာမီချစ်မှာပါလို့ မောင်ပြောသားပဲ၊ ဘာမှရင်မတုန်နဲ့တော့"

"မောင်"

မောင်က ကားမောင်းရင်းက လှည့်ကြည့်ပြီး

"ပြောလေ ပိုး"

"ဟို မောင့်မာမီဘေးက"

သေချာအောင် ပိုးမေးတော့ မောင့်မျက်နှာချက်ချင်းတည်သွားပြီး

"ဟုတ်တယ် မာမီရဲ့အိမ်ဦးသခင်"

"သူ့ပုံစံလေးက သဘောကောင်းပြီး ကြင်နာမယ့်ပုံလေးပါ မောင်ရဲ့"

မောင်က ဘာတစ်ခွန်းမှ ပြန်မပြော။

"မောင်"

"ဟင်"

"အန်ကယ်ကြီးက စိတ်ထားလည်းကောင်းမယ့်ပုံပါ မောင်ရဲ့"

"အဲဒီတော့ ဘာဖြစ်လဲ"

"အဲဒီတော့ မောင့်ရဲ့တင်းမာမှုတွေက နည်းနည်းတော့ လျှော့





သင့်တယ်လို့ ပိုးထင်တယ်"

မှုန်ကုပ်ကုပ်မျက်နှာနှင့် မောင် ဘာမှမပြော။

"မောင် ပိုးပြောတာ ကြားရဲ့လား"

"အင်း ကြားပါတယ်"

"ကြားရင်လည်း တစ်ခုခုပြန်ပြောဦးလေ"

"မောင်လည်း စဉ်းစားနေတာပါ"

"ဘာကိုလဲ မောင်"

"မာမို့ယောကျ်ား ဦးသန့်စင်အကြောင်းလေ"

"ဦးသန့်စင်တဲ့လား မောင်"

"အင်း"

"ဦးသန့်စင်ဆိုတဲ့နာမည်နဲ့လိုက်အောင် သန့်သန့်စင်စင်ကြီးဖြစ်မှာပါ မောင်ရဲ့"

"ပိုးက ဘာကိုကြည့်ပြီးပြောတာလဲ"

"လူတစ်ယောက်ရဲ့အတွင်းစိတ်က မျက်နှာမှာပေါ်လွင်တယ် မောင်ရဲ့"

မောင်က သက်ပြင်းချလိုက်ပြီး

"မောင်လည်း သိသင့်သလောက် သိပါတယ်၊ မောင်ဘယ်လောက်သူ့ကို မကျေနပ်ဖြစ်ဖြစ် မျက်နှာမပျက်ဘူး၊ မာမီပြောရင်တောင် မပြောဖို့ တားတယ်၊ ဒါပေမဲ့ ပထွေးဆိုတာကြီးက ခြောက်လှန့်နေတော့ မောင် ဘယ်လိုမှ မကြည်ဖြူနိုင်ဘူးဖြစ်နေတယ်"

"ပိုးလည်း မိထွေးရှိတဲ့သူမို့ ကိုယ်ချင်းစာပါတယ်၊ မပတ်သက်လို့လည်းမရတဲ့အပြင် ဦးသန့်စင်က ဂုဏ်သရေရှိလူကြီးလူကောင်းတစ်ယောက်ပါ၊ စောစောကလို မောင့်မာမီနဲ့တော့ မိတ်ဆက်ပေးပြီး သူ့ကိုဂရုစိုက်စရာ

မလိုဘူးဆိုတဲ့ပုံစံမျိုးလုပ်လိုက်တာကျတော့ ရိုင်းရာကျတာပေါ့ မောင်ရယ်"

"ပိုးပြောသလို လေးလေးကလည်း ခဏခဏ ပြောပါတယ်၊ လက်ခံချင်ပေမယ့်လည်း လက်ခံလို့မရဖြစ်နေတယ်"

မောင် ပြောနေပုံလေးကို ပိုး ရယ်လိုက်ပြီး

"တကယ်တော့ မောင့်နှလုံးသား နုနုလေးပါ၊ အမေကိုမကျေနပ်ဖြစ်ပြီး လူကြမ်းကြီးလုပ်ပြနေတာမဟုတ်လား"

"မသိတော့ပါဘူး ပိုးရယ်"

"ကဲပါ ချက်ချင်းကြီးမဟုတ်တောင် တဖြည်းဖြည်းတော့ အန်ကယ်ဦးသန့်စင်ကို မောင်နားလည်လာမှာပါ၊ မောင့်လေးလေးနဲ့ရော ဘယ်တော့တွေ့ပေးမှာလဲ"

မောင့်မျက်နှာလေး ပြုံးလာပြီး

"တွေ့ပေးမှာပေါ့၊ မာမီတို့ဆိုင်ရောက်တာနဲ့ လေးလေးကို ကျိန်းသေပြောပြီ၊ သူ့ကိုအရင်မပြောရကောင်းလားဆိုပြီး လေးလေးမောင့်ကို စိတ်တိုမှာ သေချာတယ်"

ပြောရင်းက ချစ်စဖွယ်ရယ်နေသော မောင့်မျက်နှာလေးကို ပိုးငေးကြည့်နေမိသည်။ မောင်က တကယ်ကို အပြစ်ကင်းစင်ပြီး ချစ်စရာကောင်းသော ကောင်လေးတစ်ယောက်ဖြစ်သည်။ ပိုးကိုလည်း သိပ်ချစ် သိပ်ကြင်နာပြီး ပြောသမျှ အားလုံးခေါင်းညိတ်သည်။ ဖွတ်တရွတ်လုပ်တတ်သည့် ညာဉ်လေးပဲရှိသည်။ မောင်နှင့်ချစ်သူဖြစ်ရတာ ပိုးအရမ်းကံကောင်းပါသည်။

ဒါပေမဲ့ ပိုးရင်ထဲမှာ မောင့်မာမီနှင့်ပတ်သက်ပြီး မတင်မကျဖြစ်နေတာလေးကိုတော့ မောင့်ကိုမပြောဘဲ မနေနိုင်။

"မောင်"

"ပြောလေ ပိုး"





"ပိုးထင်လို့လားတော့ မသိဘူး၊ မောင့်မာမီကြည့်ရတာ ပိုးကို သိပ်နွေးနွေးထွေးထွေး မရှိသလိုပဲ"

"ဟာ မဟုတ်တာပိုးရယ်၊ မာမီ ပြောသွားတာလည်း ပိုး ကြားသားပဲ"

"ပိုးကတော့ စိုးရိမ်တာပဲသိတယ် မောင်၊ မောင့်မှာမိဘသဘောဘူထားတဲ့သူတွေ ဘာတွေမရှိပါဘူးနော်"

မောင်က ရယ်ပြီး

"ကြဲကြဲဖန်ဖန် ပိုးရယ်၊ ပိုး ထင်လို့ပါ၊ မာမီက ရုတ်တရက်ကြီးတွေ့လိုက်ရတော့ အံ့ဩလို့ဖြစ်မှာပါ"

မောင့်ကို အတိုက်အခံမပြောချင်တော့သဖြင့် ပိုး ခေါင်းညိတ်ပြလိုက်သည်။

မောင်ပြောသလို ရုတ်တရက်တွေ့လိုက်လို့ အံ့ဩသွားတာဟုပိုး မထင်ပါ။ ရင်ထဲက တကယ်လှိုက်လှိုက်လှဲလှဲမရှိဘူးဆိုတာ မိန်းမချင်းမို့ပိုးက ပိုသိသည်။ ပြောမည်ဆိုလျှင် အန်ကယ်ဦးသန့်စင်က စကားမပြောပေမယ့် လှိုက်လှိုက်လှဲလှဲ ရှိသေးသည်။

"ဘာမှစိုးရိမ်ပြီး တွေးမနေနဲ့ ပိုး၊ အိမ်မသွားရတော့ဘူးဆိုတော့ပိုး ဘယ်သွားချင်လဲ ပြော"

"ပိုး အိမ်ပဲပြန်ချင်တယ်"

"ပိုးသဘောပဲလေ၊ ဒေါ်လေးလည်းရှိတယ်မဟုတ်လား"

"ရှိတယ် မောင်"

မောင့်ကားလေး ပိုးတို့အိမ်ဘက်ဦးတည်လိုက်သည်။

မောင်က အဲဒီလိုချစ်စရာကောင်းတဲ့သူပါ။ တခြားယောကျ်ားတွေဆို ဘယ်လက်ခံမလဲ။ ပိုးကလည်း မောင်လက်မခံဘူးဆို မောင့်ဆန္ဒကို

လိုက်လျှောမှာပါ။ နောက်ပြီး မောင့်မှာချစ်စရာကောင်းတာတစ်ခုရှိသေးသည်။ အဲဒါကတော့ မောင်က လုံးဝအခွင့်အရေးမယူတတ်သည့် ယောကျ်ားဖြစ်သည်။ ပိုးရဲ့လက်ကလေးကိုကိုင်တာ၊ ပါးလေးကိုနမ်းတာကလွဲပြီး ဒီ့ထက်စည်းမကျော်ပါ။

ဒါကြောင့် ပိုးကလည်း မောင့်ကိုပိုပြီး တန်ဖိုးထားချစ်နေရခြင်းဖြစ်သည်။ ဒေါ်လေးနှင့်လည်း မောင်က အဆင်ပြေသည်။ စကားအလွန်နည်းသောဒေါ်လေးတောင် မောင်လာလျှင် ပျော်နေသည်။ အခုလည်း မောင်ပါလာသည့်အတွက် ဒေါ်လေး ပျော်သွားမှာတွေးပြီး ပိုးရင်ထဲ ကြည်နူးသွားရသည်။

■ ■ ■

## အခန်း (၁၉)

သူထင်သည့်အတိုင်းပင် သူနှင့်ပိုးအကြောင်း နောက်မှသိရသည့်အတွက် လေးလေးက ခပ်တည်တည်ကြီးလုပ်နေသည်။

''လေးလေး သားကိုကစ်နေတာလား''

လေးလေး မသိဟန်ဆောင်ပြီး သူ့ရတနာပစ္စည်းတွေနဲ့ အလုပ်ရှုပ်ဟန်ဆောင်နေတော့ သူ လေးလေးဘေးနား ကပ်သီးကပ်သပ်ထိုင်ကာ

''လေးလေး ပြောလေ''

''ဘာပြောရမှာလဲ''

''သားကို ကစ်နေတယ် မဟုတ်လား''

''ဘာလို့ကစ်ရမှာလဲ၊ ရည်းစားရှိတာ ဘာဆန်းလဲ''

''လေးလေးတစ်မျိုးမထင်နဲ့နော်၊ ကြုံတွဲမဟုတ်ဘူးနော်၊ အတည်တကယ်အတည်''

လေးလေးက ပခုံးနှစ်ဖက်တွန့်လိုက်ပြီး

''ကောင်မလေးက ဘယ်ကလဲ ချောလား''

"သယ်နိုးကျွန်းက ချောလားဆိုတာတော့ သားပြောရင် ပိုတယ် ဖြစ်မယ်၊ လေးလေးတွေ့မှ အရမ်းအံ့ဩသွားလိမ့်မယ်၊ သူ့နာမည်က ပိုးပင် တဲ့၊ သားကတော့ ပိုးလို့ခေါ်တယ်၊ ပိုးကရော သားကို ဘယ်လိုခေါ်လဲဆိုတာ လေးလေး သိချင်လား"

လေးလေးရှုံ့မဲ့ပြီး ခေါင်းခါနေသည်။ လေးလေးကို ပြုံးစိစိကြည့်လိုက် ပြီး

"လေးလေးမကြားချင်လည်း သားက ပြောမှာပဲ၊ ပိုးကလေ သား ကိုမောင်တဲ့"

လေးလေး ရယ်ချင်စိတ်ကိုထိန်းချုပ်ပြီး

"သွားစမ်းပါကွာ ဘာတွေလာပြောနေမှန်း မသိဘူး"

"အဲ လေးလေး အားကျသွားပြီမဟုတ်လား၊ မဖြစ်ပါဘူး ပိုးနဲ့ မြန်မြန်လက်ထပ်မှ လေးလေးလူပျိုကြီးဘဝက ကျွတ်မှာ"

"အံမယ် ဘာမှမဆိုင်ဘူးနော်၊ ကိုယ့်ဟာကိုယ် မြန်မြန်ယူချင်ရင် ယူချင်တယ်ပြောစမ်းပါ"

ဟုတ်နေသည့်အတွက် သူရယ်တော့ လေးလေး မကြည်ကြည့်နှင့် ကြည့်နေသည်။

"ဒါကြောင့် အခုတလော လိမ္မာပြနေတာကို"

"လေးလေးကလည်း အရင်ကရော သားကမိုက်နေလို့လား"

"မလိမ္မာဘူးတော့ ထားလိုက်"

"လိမ္မာပါတယ် လေးလေးရာ၊ တစ်ခါတလေ ရန်ဖြစ်တာလောက် ပဲ၊ ဒါနဲ့ လေးလေးကိုပြောရဦးမယ်၊ ပိုးက အဒေါ်အပျိုကြီးနဲ့နှစ်ယောက်တည်း နေတာ သိလား၊ ပိုးအဒေါ်က အရမ်းချောပြီး နုနေတာပဲ၊ ပိုးနဲ့ဆိုညီအစ်မ လားတောင်ထင်ရတယ်၊ သားနဲ့လေးလေးလိုပဲ၊ သားတော့ ပိုးအဒေါ်ကို





မြင်မြင်ချင်း လေးလေးနဲ့သဘောတူသွားတာ၊ ပိုးအဒေါ်နဲ့လေးလေးက အရမ်း လိုက်တယ်၊ မိတ်ဆက်ပေးမယ် နော် လေးလေး"

"နေပါစေ ကိုယ့်ဟာကိုယ်သာ အဆင်ပြေအောင်လုပ်၊ ဘယ် မိန်းမမှစိတ်မဝင်စားဘူး"

"သားတို့က မပြေမှာမပူနဲ့ ပြေတယ်၊ လေးလေးက မိန်းမတွေ စိတ်မဝင်စားရအောင် အသက်က ဘယ်လောက်ရှိသေးလို့လဲ၊ ပိုးအဒေါ်ကို ကြည့်ပြီးမှ ပြော"

"သူ့ဟာသူ ဘယ်လောက်လှလှ စိတ်မဝင်စားဘူး။ အသက်လေး ဆယ်ကျော်ဆိုတာ အခုခေတ်နဲ့တွက်ရင် သေဖို့တောင် နီးနေပြီ"

"လေးလေးရယ် အသက်လေးဆယ်မပြောနဲ့၊ ငါးဆယ်ခြောက် ဆယ်တောင် ဘဝသစ်ထူထောင်ကြတုန်း။ နောက်ပြီး လေးလေးက လူပျို ကြီးမိန်းမတွေ စိတ်မဝင်စားဘူးဆိုရအောင် လေးလေးက ဘယ်မိန်းမနဲ့ ပတ် သက်ဖူးလို့လဲ ကဲ ပြောလေ"

"ဘာမှမပြောဘူး သွားပါတော့ကွာ"

"မသွားဘူး"

ပေကပ်ကပ်လုပ်ပြီးမသွားတော့ လေးလေးက ပစ္စည်းတွေ ကောက် သိမ်းပြီး သွားဖို့ပြင်နေသည်။

"လေးလေးနေဦး သားလည်းလိုက်မယ်"

အရေးထဲ ခြေထောက်ကျင်နေတော့ သူခုန်ဆွ ခုန်ဆွလုပ်ပြီး အပြေးလိုက်သွားသည်တွင် တစ်စုံတစ်ယောက်နှင့်ဝင်တိုက်မိသွားသည်။

"အင့်"

"အမလေး"

အိမ်ထဲကထွက်လာသော ရွှေကဗျာနှင့်ဝင်တိုက်မိတော့ လဲသွား

တော့မည့် သူမကိုယ်ကို ပြန်ထိန်းပြီး ထိတ်လန့်သည့်အကြည့်နှင့်ကြည့်သည်။

"ဆောရီး"

သူ ဒါပဲပြောပြီး ပြန်လှည့်မကြည့်တော့။

ဝမ်းနည်းစိတ်ကြောင့် ကဗျာ ငိုချင်သွားသည်။

အစ်ကိုက သနားတတ်သည့်လူတစ်ယောက်ဖြစ်ပေမယ့် ကဗျာ့အပေါ်မှာတော့ နည်းနည်းမှကြင်နာမှုမရှိပါ။ အစ်ကိုမှန်ပါသည်။ ကဗျာက လမ်းပေါ်က ခေါ်လာသောကောင်မလေးဖြစ်သည့်အတွက် အိမ်မှာခိုင်းတဲ့ အိမ်ဖော်လိုပဲ ဆက်ဆံတာ မဆန်းပါဘူး။ နောက်ပြီး အစ်ကို့မှာသိပ်ချစ်သည့် ချစ်သူလည်းရှိတာကို။

ချစ်သူနှင့်ဖုန်းဆက်သည့်အချိန်ဆို အစ်ကို့မျက်နှာလေးက ပြုံးပြီး စကားသံလေးကလည်း ချိုနေတာပဲ။ ကဗျာ့ကိုဆိုလျှင် တမင်တင်းမာထားသောမျက်နှာကြီးနှင့်ပါ။

ကဗျာ့ကို ဘာဖြစ်လို့မုန်းတာလဲ အစ်ကိုရယ်။ ကဗျာက အစ်ကို့မျက်စိထဲမှာ ကြည့်မရစရာကောင်မလေး ဖြစ်နေလို့လား။

"သမီး ကဗျာ ဘာလုပ်နေတာလဲ"

မတ်တပ်ကြီးစုံရပ်ပြီး တစ်ခုခုကိုတွေးနေသော ဒီကောင်မလေးကို ဒေါ်ဝေဝေမိုး ကြည့်နေတာ ကြာပြီ။ ပါးစပ်ကလည်း တတွတ်တွတ်နှင့် ဘာတွေရွတ်နေသည်မသိ။

ကဗျာ မျက်ရည်တွေကမန်းကတန်း သုတ်လိုက်ပြီး

"ဘာမှမလုပ်ပါဘူး အန်တီ"

"သမီးငိုနေတာလား။ ဘာဖြစ်လို့လဲ သမီး။ အန်တီ့ကိုပွင့်ပွင့်လင်းလင်းပြောစမ်း"

"မ မငိုပါဘူး အန်တီ"





"အန်တီ့ကို မလိမ်ပါနဲ့၊ သမီးငိုနေတာပါ၊ ဘာလဲ သားနဲ့ဘာဖြစ်လို့လဲ"

"မဖြစ်ပါဘူး အန်တီ၊ သူက သမီးကိုအဖက်လုပ်ပြီး စကားတောင်ပြောတာမဟုတ်ပါဘူး"

"ဪ သမီးက ဒါကို ဝမ်းနည်းနေတာပေါ့၊ သမီးရယ် သားက ဒီလိုပဲနေတတ်တာ သမီးလည်းတွေ့နေသားပဲ"

"သမီးကိုပဲ မနေတာပါ အန်တီရယ်၊ မိချို့တို့ အပုတို့ကျတော့ ပြောင်နောက်နေတာနော်"

"မိချိုနဲ့အပုက ငယ်ငယ်လေးတည်းက နေလာလို့ပါ သမီးရယ်၊ သားက မိန်းကလေးတွေနဲ့ အရောတဝင်မနေတတ်ပေမယ့် ကြင်နာတတ်ပါတယ်၊ သမီးကိုခေါ်လာတာပဲကြည့်၊ ကဲပါ စိတ်မကောင်းဖြစ်မနေပါနဲ့၊ သား နောက်ဆိုသမီးကို နားလည်လာမှာပါ သမီးအိပ်တော့မလို့လား"

"ဟုတ်ကဲ့ အန်တီ"

"သွား သွား သမီး ဘာမှတွေးမနေနဲ့တော့နော်"

ကဗျာလေး နောက်ကျောကိုကြည့်ပြီး ဒေါ်ဝေဝေမိုး သက်ပြင်းချလိုက်သည်။

■ ■ ■

## အခန်း (၂၀)

ဆိုင်ပိတ်သောတစ်နေ့မှာတော့ မာမီကပိုးကို ထမင်းဖိတ်ကျွေးသည်။ လေးလေးနှင့်လည်း မတွေ့ရသေးသည့်အတွက် တွေ့ပေးရန်ဖြစ်သည်။

ပိုး လက်ကိုတွဲပြီးခေါ်လာတော့ လေးလေးနှင့်မာမီ အပြုံးနဲ့ ကြိုဆိုနေသည်။ ခပ်လှမ်းလှမ်းမှာထိုင်နေသော ရွှေကဗျာကလည်း အံ့ဩသည့်အကြည့်တွေနှင့် ကြည့်နေတော့ သူ မသိဟန်ဆောင်ပြီး ပိုးပခုံးလေးကိုပါ ဖက်လိုက်သည်။

"လာ သမီး အန်တီမျှော်နေတာ"

"မမသားက အကဲပိုမယ်ဆိုလည်း ပိုစရာပါ၊ သမီးက သိပ်ချစ်စရာကောင်းတာကို"

မာမီအပြုံးနှင့်ကြိုဆိုသလို လေးလေးကလည်း ပိုးကိုကြည့်ပြီး ချီးကျူးနေတော့ သူ မျက်နှာကိုပိုမော့ပစ်လိုက်သည်။ ပိုးကို မာမီတို့နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်ခိုင်းပြီး သူက မတ်တပ်ရပ်လျက်ကပင်





"ဟဲ ဟဲ ဒါကြောင့် ပိုးကိုမြင်ရင် လေးလေး ချစ်မှာပါလို့ သားပြောတာပေါ့"

ပိုးက ရှက်ပြုံးလေးနှင့် မာမီ လေးလေးကိုကြည့်ပြီး

"ပိုးကို အခုလို ချီးကျူးတာရော နွေးနွေးထွေးထွေး ကြိုဆိုတဲ့အတွက်ပါ အန်တီနဲ့လေးလေးကို ကျေးဇူးတင်ပါတယ်"

"ပိုးကလည်း အဲဒီလို တစိမ်းဆန်တဲ့စကားတွေ မပြောပါနဲ့ ကျေးဇူးတင်တယ်ဆိုတာ တစိမ်းတွေမှ ပြောတာ ပိုးရဲ့"

"သမီးလေးပိုးက ယဉ်ကျေးတဲ့သူဆိုတော့ လူလိမ္မာစကားပြောတာပေါ့ သားရဲ့"

မာမီပြောတော့ ပိုးက ပြုံးနေသည်။

"ပိုး မာမီရဲ့တစ်ဦးတည်းသော အချစ်ဆုံးမောင်အရင်း မောင်ခဏခဏကိုပြောပြနေတဲ့ မောင့်ရဲ့တစ်ဦးတည်းသော အချစ်ဆုံးဦးလေး။ ဦးလေးနာမည်က ဦးအောင်မိုး။ မာမီ့ကိုတော့ ပိုးသိပြီးသားပါ၊ မာမီ့နာမည်က ဒေါ်ဝေဝေမိုး၊ မာမီနဲ့လေးလေးက မောင်တို့ဘိုးဘွားလက်ထက်ထဲက စိန်ရွှေရတနာရောင်းဝယ်ရေးလုပ်ငန်းလုပ်တယ်၊ လေးလေး သားချစ်သူ ပိုးပဝါ"

"ထိုင်ပြီးပြောလည်း ရပါတယ် သားရယ်၊ သမီးရေ လေးလေးကတော့ လေးလေးတူကို သမီးလိုသည်းခံတတ်တဲ့ချစ်သူ ရသွားတာ အရမ်းဝမ်းသာတယ်"

ပိုး ဘေးနားကပ်ကာ သူထိုင်ချပြီး

"ပိုးသည်းခံတတ်တာ လေးလေးက ဘယ်လိုလုပ်သိလဲ"

"မျက်နှာလေးကိုကြည့်ရင် သိတာပေါ့"

"ဟုတ်တယ် သားရဲ့၊ ပိုးမျက်နှာလေးက မာန်မာနတွေကင်းစင်ပြီး ခွင့်လွှတ်သည်းခံတတ်တဲ့ မျက်နှာလေး"

"ပိုးကို အဲဒီလောက်အထိ ချီးကျူးနေတော့ မနေတတ်တော့ဘူး ပိုးကလည်း သဘောထားပြည့်ဝပြီး အဆင့်အတန်းရှိတဲ့အန်တီတို့လေးလေး တို့လိုလူမျိုးတွေနဲ့ပတ်သက်ရမှာ အရမ်းဂုဏ်ယူမိပါတယ်"

"သမီးက သိပ်စကားတတ်တာပဲကွယ်"

"ဒါကြောင့်လည်း မမသား လိမ္မာနေတာပေါ့၊ သမီးကိုလေးလေး တို့က ပြန်ပြီးကျေးဇူးတင်ရမှာပါ"

အပြန်အလှန်ချီးမွမ်းခန်းဖွင့်နေသော မာမီ လေးလေးနှင့်ချစ်သူကို ကြည့်ပြီး သူ ကျေနပ်ပီတိတွေဖြစ်နေသည်။ ကျေနပ်နေသော ပိုးမျက်နှာ လေးကလည်း ခါတိုင်းနေ့တွေကထက် ပိုချစ်စရာကောင်းနေသလိုပဲ။

"ဒါနဲ့ အန်ကယ်ရော"

ပိုးက မျက်လုံးလေး ဟိုဟိုဒီဒီ ကစားရင်း မာမီ့ယောက်ျားကို မေးနေပေမယ့် အကြည့်တွေကတော့ မနီးမဝေးမှာထိုင်နေသော ရွှေကဗျာကို စိတ်ဝင်စားနေတာ သူသိသည်။

သူနှင့်ပိုးက ချစ်သူဖြစ်သည့်သက်တမ်း မကြာသေးသော်လည်း တစ်ဦးအပေါ်တစ်ဦး နက်နက်ရှိုင်းရှိုင်း နားလည်ထားကြသူတွေဖြစ်သည်။

နောက်ပြီး ရွှေကဗျာနှင့်ပတ်သက်ပြီး ပိုးကိုလုံးဝ ပြောပြမထားပါ။ ဒါကလည်း မလိုလို့ မပြောခြင်းဖြစ်သည်။ ပိုး မေးလိုက်သောမေးခွန်းနှင့် အကြည့်ကို လေးလေး သဘောပေါက်စွာ သူ တစ်ခုခုမပြောခင်

"အန်ကယ်က အစည်းအဝေးတစ်ခုသွားတယ် သမီးရဲ့"

"ဪ"

လေးလေး ဖြတ်ပြောတာကို ပိုးက ကျေနပ်ပုံမရ။ ရွှေကဗျာနှင့် ပတ်သက်ပြီး သူ မသိဟန်ဆောင်နေတာကို ပိုး ကလိကလိဖြစ်နေပုံရသည်။ သူ့ကိုပဲတကြည့်ကြည့်လုပ်နေသည်။





"သမီးက အဒေါ်အပျိုကြီးနဲ့နေတာဆို"

"ဟုတ်ပါတယ် လေးလေး။ မေမေက ပိုးငယ်ငယ်လေးတည်းက ...ပါးသွားတော့ ဖေဖေကနောက်အိမ်ထောင်ပြုသွားပါတယ်၊ ဒါကြောင့်ပိုးက ...မေ့ညီမ အပျိုကြီးနဲ့နေတာပါ"

"ဟုတ်လား ဒီကသားနဲ့အတူတူပေါ့"

"ဒါပေါ့ လေးလေး၊ ဒါကြောင့် သားနဲ့ပိုးက တစ်ယောက်နဲ့တစ် ယောက် အပျောက်မခံနိုင်အောင် ချစ်ကြတာ"

ပိုးမပြောခင် သူပြောတော့ လေးလေးက

"သမီးကိုတော့ အားနာပါတယ် ဒီကောင့်ကို တော်တော်အမြင် ...ကပ်နေပြီ"

အားလုံး ဝိုင်းရယ်ကြကာ မာမီကလည်း သားဖြစ်သည့်သူ့ကို ...ချစ်မဝစွာကြည့်ပြီး

"မာမီ့သားလေး ဒီလိုနုနုနယ်နယ်စကားတွေပြောတတ်ပြီး လိမ္မာ ...တာ မာမီဖြင့် အံ့သြလို့မဆုံးဘူး"

"အချစ်က သင်ပေးတာပေါ့ မာမီရယ်၊ ဒါကြောင့် လေးလေးကို ...စ်ကိုယ်တည်းလူပျိုကြီးဘဝနဲ့ မနေပါနဲ့လို့ ပြောနေရတာနော် လေးလေး"

"ဟေ့ကောင်"

ပိုးကိုမျက်စပစ်ပြပြီး သူပြောတော့ လေးလေး မလုံမလဲဖြစ်ပြီး ...ဟောက်လိုက်တာကို အားရပါးရ ရယ်လိုက်သည်။

"သူတို့တူအရီးက အဲဒီလိုပဲ သမီးရေ"

"ကောင်းတာပေါ့ အန်တီရဲ့၊ ဒေါ်လေးဆို သမီးက ဒီလိုနေချင် ...တောင် အနေမခံဘူး၊ ချစ်ပေမယ့် ခပ်စိမ်းစိမ်းပဲနေတယ်၊ ဒါကြောင့် သမီးချစ်သူရသွားတော့ သူ တော်တော်ဝမ်းသာနေတာ၊ ပိုးအတွက် စိတ်

…တာနဲ့ ဒေါ်လေးက သီလရှင်ဝတ်မှာ''

"လူတွေက အဲဒီလိုပါပဲ ပိုးရယ်၊ ဒေါ်လေးက သူချစ်တဲ့သူ …တွေ့ သေးလို့ ကယောင်ကတမ်းတွေ လျှောက်ပြောနေတာ''

"သားလေး လူကြီးကို အဲဒီလို မပြောရဘူးလေ''

ပိုးကိုအားနာကြည့်လေးကြည့်ပြီး မာမီဟန့်တားပေမယ့် သူက မလျှော့။

"မာမီကလည်း သားကအမှန်ပြောတာ''

သူက မျက်နှာပျက်နေသော လေးလေးကိုဖျတ်ခနဲကြည့်ပြီး ပြော လိုက်တော့ ပိုး ရယ်နေသည်။

"ဘာပဲဖြစ်ဖြစ် သမီးပိုးနဲ့ပတ်သက်ရင် အဒေါ်ပဲလေ''

"ပိုးနဲ့ပတ်သက်ရုံတင်မကဘူး မာမီရဲ့၊ တော်ကိုတော်ရမှာ''

"အေးလေ သမီးပိုးအဒေါ်ဆိုတော့ သားအဒေါ်ပဲပေါ့''

"မာမီ မသိပါဘူး''

မာမီက နားမလည်သည့်အကြည့်လေးဖြင့် ကြည့်နေသည်။ လေး လေးကတော့ မျက်နှာတစ်ပြင်လုံး ရဲတွတ်ပြီး

"သမီး ထမင်းဆာပြီလား''

"အန်တီနဲ့လေးလေးဆာရင် စားမယ်လေ''

ပိုးစကားပြောလိမ္မာပုံလေးကို လေးလေးနဲ့မာမီ သဘောကျနေကြ သည်။

"ဘယ်သူဆာဆာ မဆာဆာ မောင်ကတော့ ဆာပြီပိုးရေ''

"ဖြစ်ရမယ်''

"ကဲ ကဲ ဒါဆိုလည်း စားမယ်''

အားလုံး ထမင်းစားဖို့ ထိုင်ရာက ထလိုက်ကြသည်။





"ဪ ကဗျာရေ အန်တီတို့ထမင်းစားလိုက်ဦးမယ်နော်''

"ဟုတ်ကဲ့''

ရွှေကဗျာကို ပိုးအကဲခတ်နေတော့ မာမီက ပိုးပခုံးလေးကို ဖက် …က်ပြီး

"လာ သမီး''

ပိုးကို မျက်စိမှိတ်ပြတော့ ပိုးအကြည့်လေးကို သူ သိသည်။ …းလေးပခုံးကို သူလှမ်းဖက်လိုက်တော့ ဘယ်သူမှမမြင်အောင် သူ့ဗိုက် …က်ကို လေးလေး လိမ်ဆွဲလိုက်သည်။

"အား နာတယ်''

"ဟဲ့ သားလေး ဘာဖြစ်နေတာလဲ''

"အလကား မမသားက အူမြူးနေတာ''

မာမီ့အမေးကို လေးလေး ကမန်းကတန်းဖြေရင်း အံကြိတ်ပြနေ …ာ့ သူ အသံမထွက်ဘဲ ရယ်လိုက်သည်။

"စောစောက ကောင်မလေးက ဘယ်သူလဲ အန်တီ''

ပိုး မာမီ့ကိုမေးနေပြီ။

"ကဗျာကိုပြောတာလား သမီး''

"ဟုတ်မှာပေါ့ သူ့နာမည် ကဗျာလား''

"အိမ်မှာခိုင်းဖို့ ခေါ်ထားတဲ့ ကောင်မလေးပါ''

"ကောင်မလေးက ဖြူဖြူချောချောသန့်သန့်လေးနော်၊ ထင်တောင် …ထင်ရဘူး''

"ပိုးအတွက် မာမီကိုယ်တိုင် စပါယ်ရှယ်ချက်ထားတာ''

မောင့်မာမီ သိသိသာသာ စကားလွှဲလိုက်တာ ပိုး သိသည်။ …တင်မကျဖြစ်နေသောစိတ်ကို ထိန်းချုပ်ပြီး

"အားနာစရာကြီး အန်တီရယ်"

"အားနာစရာမလိုပါဘူး သမီးရယ်၊ တစိမ်းတွေမှမဟုတ်တာ၊ အန်တီက အချက်အပြုတ် အရမ်းဝါသနာပါတော့ အားတဲ့ရက်ဆို ကိုယ်တိုင်ချက်ရမှ ထမင်းစားမြိန်တာ ကဲ ကဲ စားကြမယ်"

"ဟုတ်တယ် စားမယ် စားမယ်"

သူ ပြောလည်းပြော မာမီ လေးလေးနှင့်ပိုးပန်းကန်ထဲသို့ ဟင်းတွေ လိုက်ထည့်ပေးလိုက်သည်။

"ကဲပါ တော်ပါတော့ ကိုယ့်ပန်းကန်ထဲလည်း ထည့်ပါဦး"

လေးလေးပြောတော့ သူက ပိုးထည့်ပေးလိမ့်မယ်ဆိုသော အကြည့်လေးနှင့် ပိုးကိုကြည့်လိုက်သည်။ မာမီတို့ရှေ့မှာ ဟန်ဆောင်နေရပေမယ့် ပိုးအကြည့်ကို သူသိသည်။ ရွှေကဗျာအကြောင်း ပိုး အသေအလဲ သိချင်နေရှာသည်။ ပိုး ဒီလိုစိတ်အနှောင့်အယှက်ဖြစ်နေတာလေးကိုပဲ သူက ကျေနပ်နေသည်။ ကျေနပ်တာပေါ့။ ရွှေကဗျာနှင့်သူ့ကို မနာလိုဖြစ်နေတာကိုး။ ပိုး ဘယ်လောက်အေးသလဲဆို သူနှင့်ချစ်ခဲ့သည့် ကာလတစ်လျှောက်လုံးမှာ ဘယ်မိန်းကလေးနှင့်မှ သဝန်မတိုခဲ့ဘူး။ အခု ပိုးလုံးဝ ဂနာမငြိမ်ဖြစ်နေသည်။

ပိုးက သူ့ပန်းကန်ထဲအပြင် မာမီနှင့်လေးလေးပန်းကန်ထဲပါ ဟင်းတွေခပ်ထည့်ပေးတော့ တပြုံးပြုံးဖြင့် ကျေနပ်နေကြသည်။

"သမီး စားကောင်းရဲ့လား"

"အရမ်းကောင်းတယ် အန်တီ၊ ပိုးက အဲဒီလောက်လက်ရာ ကောင်းကောင်းမချက်တတ်ဘူး၊ အန်တီ့ဆီမှာ သင်ရမယ်"

"သင်ပေးရမှာပေါ့ သမီးရဲ့"

မာမီနှင့်လေးလေးက ပိုးကိုတော်တော်သဘောကျနေကြသည်။ အထူးသဖြင့် လေးလေးဖြစ်သည်။ ပိုးကိုကြည့်ပြီး ပါးစပ်ကိုမစေ့တော့။





ထမင်းစားပြီး သစ်သီးစားရင်း စကားပြောကြသည်။

"စကားပြောကြဦး သမီး၊ ညနေမှ အေးအေးဆေးဆေးပြန်ပေါ့၊ လေးလေး သွားစရာရှိလို့ ခွင့်ပြုဦး"

"ဟုတ်ကဲ့ လေးလေး"

"လေးလေးက ဘယ်သွားမလို့လဲ"

"မြို့ထဲဘက် သွားစရာရှိလို့"

လေးလေး ထွက်သွားတော့ သူ မာမီ့ဘက်လှည့်လိုက်ပြီး

"မာမီလည်း အိပ်ချင်အိပ်တော့လေ"

"ရပါတယ် သားရဲ့၊ မာမီ မအိပ်ချင်ပါဘူး"

"အိပ်ပါ အန်တီရဲ့၊ ပိုးလည်း ပြန်တော့မှာ"

"နေပါဦး သမီးရဲ့၊ အစောကြီးရှိပါသေးတယ်"

"ဒေါ်လေးက ရွှေတိဂုံဘုရားမှာ ဝတ်အသင်းဝင်ထားတော့ [illegible] ရှိလို့ပါ အန်တီ"

"ဪ ဟုတ်ပြီ ဟုတ်ပြီ သမီးဒေါ်လေးနဲ့လည်း တွေ့သေးတာ"

"ဟုတ်ကဲ့ အဆင်ပြေမယ့်နေ့ ဒေါ်လေးကို ခေါ်လာခဲ့မယ်"

"ကောင်းတယ် သမီး၊ နောက်တစ်ပတ်ဆန်းလောက် ဒီနေ့လိုပဲ ထမင်းဖိတ်ကျွေးရင်း သားရေးသမီးရေး ဆွေးနွေးကြမယ်လို့ သမီးဒေါ်လေးကို ပြောလိုက်နော်"

"ဟုတ်ကဲ့ပါ အန်တီ၊ ပိုးကိုခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ သမီးရယ်၊ မကြာမကြာ [illegible]နော် သမီး"

"ဟုတ်ကဲ့ပါ"

"မာမီ ပိုးကိုလိုက်ပို့လိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ပါရှင်"

မာမီ ရွှတ်နောက်နောက်လေးပြောတော့ မာမ့်ပါးနှစ်ဖက်ကိုချစ်စနိုး လိမ်လိုက်သည်။

"ကြည့် လူဆိုးလေး"

မောင့်ကားလေး ခြံရှေ့ရောက်တာနှင့် ပိုး ဘယ်လိုမှ မအောင့်အီး နိုင်တော့ပါ။ မင်သေသေနှင့် ကားမောင်းနေသော မောင့်မျက်နှာကိုကြည့်ပြီး

"မောင်"

"ပြော ပိုး"

"အဲဒီ ကဗျာဆိုတာ ဘယ်သူလဲ"

"ဟောဗျာ ပိုးကိုမာမီပြောတယ်လေ၊ ခိုင်းထားတဲ့ကောင်မလေး ပါဆို"

"ပိုး မယုံဘူး"

"ဘာကိုမယုံတာလဲ ပိုးရဲ့"

ပြောင်စပ်စပ် သူ့ပုံစံကို ပိုးမျက်စောင်းထိုးကြည့်ပြီး

"အဲဒီ ကဗျာဆိုတာ ခိုင်းထားတဲ့ ကောင်မလေး လုံးဝမဖြစ်နိုင်ဘူး"

"ပိုးကလည်း ပိုးကိုမောင်က လိမ်ပါ့မလား၊ ခိုင်းထားတဲ့သူမို့ ခိုင်းထားတဲ့သူလို့ ပြောတာပေါ့၊ ဘာလဲ ရုပ်ကလေးကြည့်ပြီး မယုံတာလား"

ပိုးက ခပ်တည်တည်မျက်နှာနှင့်

"သူ့လိုပဲ သိပ်လှတဲ့အိမ်ဖော်တွေ ပိုး တွေ့ဖူးပါတယ်၊ ဒါပေမဲ့ သူ့ပုံစံကတော့ အိမ်ဖော်နဲ့လုံးဝမတူဘူး၊ နောက်ပြီး မောင့်မာမီ သူ့ကိုကြည့် တဲ့အကြည့်ကလည်း နွေးထွေးကြင်နာမှုတွေ အပြည့်ရှိနေတယ်"

"ခက်တော့တာပဲ ပိုးရယ်၊ ပိုးမယုံရင် မာမီနဲ့လေးလေးကို ပြန် မေးကြည့်လိုက်"

ပိုး စဉ်းစားသလိုလုပ်ပြီးမှ သက်ပြင်းချလိုက်သည်။





"ပိုးစိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်၊ ဘာတစ်မျိုးကြီးလဲဆိုတာ တော့ မပြောတတ်ဘူး၊ သူ အိမ်ဖော်တစ်ယောက်ဆို ဘာဖြစ်လို့ အိမ်ဖော် နေရာမှာမနေဘဲ အိမ်သားတွေပြောတဲ့စကားတွေကို နားထောင်နေရတာလဲ၊ နောက်ပြီး ထမင်းစားကြမယ်ဆိုတော့ အန်တီက သူ့ကိုထမင်းစားဖို့မခေါ် ပေမယ့် ထမင်းစားမယ့်အကြောင်း အိမ်ဖော်တစ်ယောက်ကို ဘာအသိပေး စရာလဲ"

ပိုး မေးတာတွေကို သူ တကယ်မဖြေတတ်ပါ။ ရွှေကဗျာနှင့်ပတ် သက်ပြီး ပိုး အဲဒီလောက် စိတ်ဝင်စားနေတာကိုလည်း အံ့ဩမိသည်။

"မောင်ပြောတာ အမှန်ပါ ပိုးရယ်၊ မောင့်ကိုယုံပါလို့ပဲ ပြောတတ် ဘယ်၊ မာမီတို့လင်မယားနဲ့လေးလေးက သူ့ကိုသနားလို့ အခွင့်အရေးပေး ဘာကို သူက ဒူးနေရာဒူးမနေဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး မာမီနဲ့လေးလေးကို သည်း မောင်အမြဲပြောတယ်၊ ပိုးမယုံရင် ကြိုက်သလိုစုံစမ်းကြည့်၊ ကိုမင်း နဲ့ဝေယံကိုလည်း မေးကြည့်လိုက်"

ပိုးက ဘာတစ်ခွန်းမှမပြော။ မထူးတော့ပါဘူး။ ရွှေကဗျာကို သူ ခေါ်လာသည့်အကြောင်း ပြောလိုက်တော့မည်။ နောက်မှသိရလျှင် ပိုးစိတ်ထဲ သူ့ကို ပိုမယုံသကဲ့ ဖြစ်သွားနိုင်သည်။

"တကယ်တော့ တရားခံက မောင်ပါ၊ ဒီကောင်မလေးကို မောင် ခေါ်လာတာ"

"ဟမ် ဘယ်လို မောင်ခေါ်လာတာ ဟုတ်လား၊ ဘယ်ကခေါ်လာ ဘာလဲ"

ထင်သည့်အတိုင်းပင် ပြူးပြူးပျာပျာဖြစ်သွားပြီး သူ့ကိုမေးနေသည်။

"ပြောမယ် ပိုး ပြောမယ်"

"ဒီလို ပိုးရဲ့"

သူ ထိုသို့အစချီပြီး ရွှေကဗျာနှင့်စတွေ့ပြီး ဖြစ်ခဲ့သည့်အကြောင်း မကြွင်းမကျန် ပိုးကို ပြောပြလိုက်သည်။

ပိုးက ဘာစကားမှမပြောဘဲ ခဏငြိမ်နေပြီးမှ

"မောင်က သူ့အကြောင်းသေသေချာချာမသိဘဲ ဘာလို့ခေါ်လာရတာလဲ၊ ပိုးလည်း ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ အတူတူတွေ့တဲ့ ကိုမင်းနဲ့ ကိုဝေယံတောင် နေနိုင်သေးတယ်"

"ပိုးရယ် မောင့်မှာသာ ညီမရှိရင် ညီမအရွယ်မို့ စာနာပြီး ကယ်တင်လိုက်တာကလွဲရင် တခြားဘာအကြောင်းမှမရှိဘူး။ မာမီနဲ့လေးလေး ကြည်ကြည်ဖြူဖြူလက်ခံပြီးတဲ့နောက်မှာ ဒီကောင်မလေးကိစ္စ မောင်နဲ့ဘာမှမဆိုင်တော့ဘူးလို့ သတ်မှတ်ပြီး စကားတောင် သူ့ကိုပြောတာမဟုတ်ဘူး"

"မောင့်ကိုယုံပါတယ်၊ ဒါပေမဲ့ မောင်ခေါ်လာတဲ့အဖြစ်ကြီးကို လက်မခံချင်တာ"

"ပိုးရယ်"

အရမ်းကို စိုးရိမ်ကြီးနေသော ပိုးပုံစံလေးကိုကြည့်ပြီး သူ မနောက်ပြောင်ရက်တော့။

"မောင့်စိတ်ဓာတ်ကိုလည်း လေးစားပါတယ်၊ ဒါပေမဲ့ သုံးယောက်ရှိတဲ့ထဲမှာ ဟိုနှစ်ယောက်တောင်နေနိုင်သေးတာ၊ မောင်ကဘာဖြစ်လို့ မနေနိုင်ရတာလဲ"

"မောင့်စိတ်နဲ့သူတို့စိတ်မှ မတူတာ ပိုးရဲ့၊ နောက်တစ်ခုက အိမ်မှာဆို မာမီနဲ့လေးလေးက မောင့်သဘောအပြင် ခွဲခြားတဲ့စိတ်လည်းမရှိဘူး၊ ဒါကြောင့်လည်း ရွှေကဗျာ့ကိုအိမ်ဖော်တစ်ယောက်လိုမှ မဆက်ဆံတာ၊ ဝေယံနဲ့ကိုမင်းအိမ်ကလူတွေက အရမ်းအဆင့်အတန်းခွဲတာ၊ ဟိုတလောက မာမီနဲ့လေးလေး ရွှေကဗျာ့ကိုဆိုင်ခေါ်သွားတဲ့ကိစ္စနဲ့ပတ်သက်လို့ မောင်





သောင်းကျန်းပစ်လိုက်ရသေးတယ်"

"မောင်ပဲ ခေါ်လာတာမဟုတ်လား"

"ဟုတ်ပါတယ် ပိုးရယ်"

"အဲဒါ သနားဦးလေ၊ မောင့်မာမီက မောင်မကြိုက်မှန်းသိလို့သာ မောင့်ကွယ်ရာမှာ တော်တော်အရေးပေးမယ့်ပုံရှိတယ်၊ သူ့ကိုကြည့်ရတာ မောင့်ကိုများမှန်းနေလားမသိဘူး"

မောင်ရယ်တော့ ပိုး ဒေါသတွေ စုပြုံကုန်သည်။

"မောင်က ကျေနပ်နေတယ်ပေါ့ ဟုတ်လား"

"ကျေနပ်နေတယ်ဆိုတာ ပိုးသဝန်တိုပုံလေးကိုပါ၊ သဝန်မတိုတတ်ဘူးထင်တဲ့ မောင့်ချစ်သူလေး ဒီလိုကျတော့လည်း သဝန်တိုတတ်သားနော်"

"ဘာပြောတယ် ကိုယ့်ချစ်သူကို တခြားမိန်းမတစ်ယောက်က အိုးပြနေတာကို ဘယ်မိန်းမက သဝန်မတိုဘဲနေမှာလဲ"

ကိုယ့်ကိုယ်ကိုယ်လည်း ဒီလောက်ဖြစ်နေတာကို ပိုး အံ့ဩမိသည်။ မောင့်ကိုသိပ်ချစ်တာမှန်ပေမယ့် အခုလောက်အထိ ဒေါသတွေဖြစ်မယ် ထင်မထားဘူး။

"ဟုတ်ပါတယ် မောင့်ကို မသက်ာစရာ ဘာတွေတွေ့နေလို့လဲ"

"မောင့်ကိုစိတ်မချဘူး၊ ဇာတ်လမ်းတွေထဲကလို အားကိုးအားထားမရှိတဲ့ကောင်မလေးကို သနားပြီး ကယ်လာ၊ နောက်ပိုင်း ဇာတ်လမ်းတွေဖြစ်၊ ပြီးတော့ ညားကြလေသတည်းပေါ့"

"ပိုးရယ် ဇာတ်လမ်းတွေရှိတဲ့အတွက် အပြင်မှာလည်း ရှိကောင်းရှိပါလိမ့်မယ်၊ မောင့်ကိုတော့ ပိုး ယုံဝယုံပါ၊ မောင်သာ ရွှေကဗျာအပေါ် မရိုးသားစိတ်ရှိရင် ပိုးနဲ့တောင်ချစ်သူမဖြစ်ဘူး"

"သူ ရောက်နေတာ ပိုးနဲ့ချစ်သူ မဖြစ်ခင်ထဲကပေါ့"

"ဟုတ်တယ် ပိုး"

"မောင် သူ့ကိုနည်းနည်းမှ စိတ်မဝင်စားဘူးနော်"

"အဲဒီလိုမေးတဲ့သူက ပိုးဖြစ်နေလို့ပဲ"

"သူ့ပုံစံကိုကြည့်ရတာ တောသူတစ်ယောက်လို ခံစားလို့မရဘူး ဖြစ်နေတယ်"

"ပိုး ပိုးဘာဖြစ်လို့ ဒီကောင်မလေးကို စိတ်ဝင်စားနေရတာလဲ မောင်တောင်ရှိတယ် မထင်လို့ ပိုးကိုတစ်ခါမှ ပြောမပြဘူးမဟုတ်လား အလကား ဘာမဟုတ်တဲ့မိန်းမတစ်ယောက်အတွက်နဲ့ တန်ဖိုးရှိတဲ့အချိန်တွေ ကုန်နေပြီ"

"မောင့်ကိုမစိုးရိမ်ရတော့ဘူးလား"

ပိုး စိတ်မချဖြစ်နေပုံကို ရယ်လည်းရယ်ချင် စိတ်လည်းညစ်နေမိသည်။

"မောင့်ကို စိတ်ချပါ ပိုးရယ်"

"မောင့်ကို ယုံတယ်၊ သူ့ပုံစံကို မကြိုက်ဘူး"

"ဒါဆိုလည်း အမြန်ဆုံး လက်ထပ်ကြမယ်လေ၊ ကြာပါတယ် နောက်တစ်ပတ်အထိ စောင့်မနေနဲ့တော့၊ အခုပဲ ဒေါ်လေးကိုခေါ်သွားပြီး မာမီတို့နဲ့တွေ့ပေးလိုက်တော့မယ်"

မောင်က ဒေါသစွက်တဲ့အသံလေးနှင့်ပြောပြီး လမ်းထိပ်သို့လည်း ရောက်နေသည့်အတွက် ကားကိုဒလကြမ်းပင် လမ်းထဲသို့ မောင်းဝင်လာခဲ့သည်။ မောင်စိတ်တိုသည့်ပုံကို တစ်ခါမှမမြင်ဘူးပါ။ အစဉ်အမြဲ ပျော်ရွှင် အေးချမ်းသည့်ပုံလေးကိုပဲ မြင်ဖူးနေတော့ ကြည့်ကောင်းကောင်းနှင့် ပိုး ကြည့်နေမိသည်။

"ဆင်းလေ ဘာလုပ်နေတာလဲ"





အိမ်ရှေ့မှာ ကားရပ်တော့ ပေကပ်ပြီး ပိုး မဆင်းသေးသည့်အတွက် ောင် အရင်ဆင်းပြီး ခေါ်နေသည်။

"မောင်"

မောင်က ပိုးကိုစိုက်ကြည့်နေပြီးမှ

"ပြော"

"စိတ်လိုက်မာန်ပါ မလုပ်ပါဘူးလို့ ပိုးကိုကတိပေးထားတာ မေ့ ွားပြီလား"

"ဘယ်တော့မှ မမေ့ဘူး။ ပိုးက မောင်စိတ်မတိုတိုအောင် ပြောနေ ာကျတော့ရော"

ပိုးက အပြုံးလေးနှင့်မောင့်ကိုကြည့်ပြီး ကားပေါ်ကဆင်းလိုက်သည်။

ပိုးက သူ့လက်မောင်းလေးကို မှီတွဲပြီး အိမ်ထဲဝင်လာသည်။

အမြဲတမ်း အေးဆေးတည်ငြိမ်သည့်ပိုးက ကဂျီကဂျောင်ကျမယ့် ျတော့လည်း သူ ဘာလုပ်ရမှန်းမသိအောင်ပင်။

■ ■ ■

## အခန်း (၂၁)

"တိတ်ပါ သမီးလေးရယ်၊ ဖေဖေလည်း အရမ်းကိုစိတ်ထိခိုက် ခံစားနေရပါတယ်"

မာမီတို့အခန်းရှေ့ကအဖြတ်မှာ ပြောလိုက်သည့်စကားနှင့် ကြား လိုက်ရသောအသံကို သူ တအံ့တသြဖြစ်သွားသည်။ နားကြားများလွဲသလား ဟူသော အတွေးနှင့် ခြေလှမ်းတွေရပ်တန့်သွားသည်။

"ဖေဖေက အရမ်းမျှော်လင့်ထားတာ သမီးရဲ့"

ဟုတ်ပါသည်။ သူ လုံးဝ နားကြားမလွဲပါ။ ဒီအသံသည် မာမီ့ ယောက်ျား ဦးသန့်စင်၏အသံပါ။ ဒါဆို ဦးသန့်စင် ဘယ်သူ့ကိုပြောနေတာလဲ။ ဘယ်သူ့ကိုသမီးဟု ခေါ်နေတာလဲ။ သူ့ကိုယ်သူလည်း ဖေဖေတဲ့။ အတွေး တွေ တစ်ပုံကြီးနှင့် ဆက်နားထောင်နေလိုက်သည်။

"မေတ္တာဆိုတာ ရောင်ပြန်ဟပ်ပါတယ် သမီးရယ်၊ ချစ်တိုင်းလည်း မညားပါဘူး"





အခုထိ သမီးဆိုသူ၏အသံထွက်မလာသေးတော့ သူ အသည်း ...ယားနေသည်။

မာမီရော ဘယ်မှာလဲ။ ဦးသန့်စင်မှာ သမီးတစ်ယောက်ရှိတယ်ဆို ...ာ ကိုမင်းပြောဖူးသည်။

ပိုးတို့အိမ်ကအပြန် ဝေယံအိမ်ဝင် ထမင်းပါစားပြီးမှ သူ ပြန်လာ ...ော့ ညရှစ်နာရီထိုးကာနီးပြီ။ လေးလေးအပြင်က ပြန်မရောက်သေးတာ ...ော့ ခြံစောင့်ကပြောသည်။ မာမီတို့လင်မယားလည်း ဧည့်ခန်းထဲမှာမရှိတော့ ...ပ်ခန်းထဲ ဝင်သွားကြပြီဟုတွေးပြီး အခန်းရှေ့ကအဖြတ်မှာ ကြားလိုက်ခြင်း ...ဖြစ်သည်။

ငါနဲ့ဘာဆိုင်လို့လဲ။ သူ့ဟာသူ ဘာဖြစ်ဖြစ်ဟု တွေးလိုက်ပြီးမှ ...ာမီ့ကို သတိရသွားသည်။

"မာမီ မာမီရော"

ကိုယ်နှင့်မဆိုင်သလို စိတ်လည်းမဝင်စားသော ကိစ္စကို လျစ်လျူရှု ...ပြီး မာမီ့ကို ရှာဖို့ သူ နောက်ဘက်ဝင်လာခဲ့သည်။ မီးဖိုချောင်မှာ အပ ...တစ်ယောက်တည်း သိမ်းဆည်းရှင်းလင်းနေသည်။

"အပု မာမီရော"

"အခန်းထဲမှာလေ ကိုလေး"

အပုကို သူ ပြန်ပြောမနေတော့ပါ။ ဟုတ်မှာပါ။ မာမီပါ အခန်းထဲမှာ ...ရှိနေမှာပါ။ ထိုအချိန်မှာပဲ လေးလေးကားသံကြားတော့ သူ အခန်းထဲအပြေး ...ဝင်ပြီး အိပ်ချင်ဟန်ဆောင်နေလိုက်သည်။

"အံမယ် တော်တော်ကြီးကို အိပ်မောကျနေပုံပဲ"

ငြိမ်နေသော သူ့ကို လေးလေးနှာခေါင်းလာပိတ်မှ

"လေးလေးကလည်း ကိုယ့်တူလေးတစ်ယောက်တည်းရှိတာ သေ

သွားချင် ဘယ်လိုလုပ်မလဲ''

သူ့အပြောကြောင့် လေးလေးမဲ့လိုက်သည်။

''လေးလေး''

''ဘာလဲ''

လေးလေး အဝတ်အစားလဲနေရင်းက လှည့်မကြည့်ဘဲ ထူးသည်။

''နောက်တစ်ပတ်ဆန်းဒေးကို ပိုးအဒေါ်လာမယ်ဆိုလို့ ပျော်နေတယ်မဟုတ်လား''

''ဟာ ဒီကလေး''

လေးလေး တစ်ခုခုလုပ်မှာစိုး၍ ခုတင်ပေါ်ကနေ တစ်ပတ်လိမ့်ပြီး ခုန်ချလိုက်သည်။

''ပေါက်ကရတွေ ကြပ်ကြပ်ပြော သိလား၊ အဲဒီနေ့ကျရင် အိမ်မှာ မနေဘူး''

''လေးလေးကလည်း အဲဒီလိုတော့မလုပ်ပါနဲ့၊ ပိုးအဒေါ်ကို အားနာစရာကြီး''

''ဘာလို့ အားနာရမှာလဲ''

''မလုပ်ပါနဲ့လေးလေးရယ်၊ မာမီနဲ့လေးလေးက သားကိုသိပ်ချစ်တာလို့ ဒေါ်လေးကိုပြောထားတာ၊ လေးလေးမရှိလို့ ဖြစ်မလား''

''ဒါကျတော့ တော်တော်သိတယ်၊ အေးပါ ပါးစပ်ကပေါက်ကရ မပြောနဲ့''

''စိတ်ချ စိတ်ချ မပြောတော့ဘူးနော် လေးလေး''

လေးလေးကိုဆလံပေးနေတော့ လေးလေး အပြုံးမျက်နှာနှင့်

''သွား ရေသွားချိုး''

''ဟုတ် ခဏလေးနော် လေးလေး၊ မာမီ သားပြန်လာတာမသိ





သေး တော်ကြာပြန်မလာသေးဘူးထင်ပြီး စိတ်ပူနေမှာစိုးလို့''

''ကြွ ကြွ''

ပြောင်စပ်စပ်ရုပ်နှင့် လေးလေးကို တာ့တာပြပြီး အခန်းထဲက ထွက်လာခဲ့သည်။ သူ့ကားကိုတွေ့လျှင် သူရောက်နေတာ မာမီသိမှာပါ။ ထမင်းမဝင်စားဘူးဆိုပေမယ့် နည်းနည်းတော့ စပ်စုချင်သေးသည်။

မာမီတို့အခန်းနား သူမရောက်ခင်မှာဘဲ မာမီနှင့်ကောင်မလေး နှစ်ယောက် မာမီတို့အခန်းထဲက ထွက်လာသည်။ မိုးတောင်တော်တော် ချုပ်နေပြီ။ ဦးသန့်စင် သမီးကို လိုက်ပို့ဦးမှာပေါ့။

ဆတ်ခနဲ မာမီတို့မမြင်နိုင်သည့် အကွယ်တစ်ခုမှာ ပြေးပုန်းလိုက်သည်။

ဦးသန့်စင်သမီး၏ပခုံးကို မာမီဖက်ထားပြီး တတွတ်တွတ်ပြောနေသည်။

''မှာင်''

နှုတ်က တအံ့တသြထွက်သွားသည်အထိကို မာမီဖက်ထားသော သူကိုကြည့်ပြီး အထိတ်တလန့် ဖြစ်သွားမိသည်။

''ရွှေကဗျာ''

မျက်လုံးနှစ်လုံး အစွမ်းကုန်ပြူးကြည့်သော်လည်း ဘယ်လိုမှ မမှားပါ။ ရွှေကဗျာက ဦးသန့်စင် သမီး။ ဦးသန့်စင်သမီးက ရွှေကဗျာ။

အံ့သြလွန်းလို့ ပါးစပ်အဟောင်းသားနှင့်ငေးကြည့်နေမိသည်။

ဒါဆို ဦးသန့်စင် စောစောက ခေါ်နေသော သမီးဆိုတာ ရွှေကဗျာပေါ့။ မဖြစ်နိုင်ပါဘူး။ ရွှေကဗျာက သူကိုယ်တိုင် လမ်းမပေါ်က ကယ်တင်ခေါ်လာခဲ့သည့် ကောင်မလေးပဲ။ ရွှေကဗျာ ဒီအခန်းထဲက ထွက်လာတာရော ဘာကြောင့်လဲ။

မာမီတို့တစ်ခုခုခိုင်းဖို့ ခေါ်တာဆိုလျှင်လည်း မာမီအခုလို ကြင်ကြင်နာနာတွေးပွေ့စရာမလိုသလို ဦးသန့်စင်ကလည်း အဓိပ္ပာယ်မရှိသောစကားတွေပြောမှာမဟုတ်ပါ။ မာမီနှင့်ရွှေကဗျာလည်း ရွှေကဗျာနေသော အခန်းဘက်ဆီ တန်းတန်းမတ်မတ်လျှောက်သွားနေသည်။

ချက်ချင်းပင် ဟနေသော မာမီတို့အခန်းထဲ သူ ချောင်းကြည့်လိုက်တော့ ဦးသန့်စင် ပက်လက်လှန်ပြီး တစ်ခုခုကိုလေးလေးနက်နက် စဉ်းစားနေပုံပင်။ သေချာပါသည်။ စောစောက ဦးသန့်စင် သမီးဟုခေါ်သူက ရွှေကဗျာဆိုတာမမှားနိုင်ပါ။

ဘာတွေလဲ။ သူ့ကိုအားလုံးက ဘာတွေလျှို့ဝှက်ထားကြလဲ။ သူ ခေါ်လာသော ရွှေကဗျာက သူမပြောသလို တောကလာသည့် တစ်ကောင်ကြွက်ကောင်မလေး မဟုတ်ဘူးပေါ့။ ရွှေကဗျာကရော ဘာဖြစ်လို့လိမ်ရတာလဲ။ ဘာတွေလဲ။

သူ ခေါင်းတွေအရမ်းရှုပ်လာသည်။

ဒီကိစ္စကို လေးလေးသိကိုသိမည်။ လေးလေးကိုသွားမေးဖို့လုပ်ပြီးမှ သူ စဉ်းစားလိုက်သည်။ သူ့ဆုံးဖြတ်ချက်ကတော့ ကိုယ့်နည်းကိုယ့်ဟန်နှင့် စုံစမ်းပြီး ဟုတ်လို့ကတော့ ပြောချင်တာတွေပြောပစ်လိုက်မည်။

အခန်းထဲ သူရောက်တော့ လေးလေး စာဖတ်နေသည်။ ဘာစကားမှမပြောဘဲ အိပ်ရာပေါ်တန်းလှဲချလိုက်သောသူ့ကို လေးလေး အံ့သြနေမှာပါ။

ရွှေကဗျာကို မာမီတို့မျက်နှာသာပေးပုံတွေ မြင်ယောင်လာတော့ သူ အံကြိတ်လိုက်သည်။

သိကြသေးတာပေါ့ ရွှေကဗျာရယ်။

■ ■ ■



## အခန်း (၂၂)

"မောနင်း မာမီ"

"မောနင်း သား။ ညက ဘယ်အချိန်ပြန်ရောက်လဲ၊ ခုနစ်နာရီခွဲဘဲ့အထိ ကားမတွေ့သေးဘူး"

နံနက်စာအတွက် ထမင်းစားခန်းထဲဝင်လာတော့ မာမီတို့လင်မယားကော်ဖီသောက်နေသည်။ လေးလေးကတော့ ဒီနေ့မနက်စောစော သူငယ်ချင်းအလှူသွားသည်ဟု မိချိုပြောသည်။

ခါတိုင်းနေ့တွေဆိုလျှင် ရွှေကဗျာက ဒီနံနက်စာဝိုင်းမှာ မယောင်မလည်ရှိနေတတ်သည်။ ကော်ဖီငှဲ့ပေး၊ မုန့်ထပ်ဖြည့်ပေးတာမျိုးတွေ လုပ်တတ်သည်။ ဒီနေ့တော့ ရွှေကဗျာကို အရိပ်အယောင်တောင် မတွေ့ရ။ အမြဲတမ်းသက်သက်သာသာအလုပ်ကိုပဲ ရွေးလုပ်သည့် ရွှေကဗျာ့ပုံစံတွေကိုမြင်ယောင်ပြီး ပြုံးလိုက်သည်။

မာမီကပဲ သူ့အတွက် ကော်ဖီငှဲ့ပေးပြီး

"သားလေး ဘာစားမှာလဲ"

"ရတယ် မာမီ"

သူ့ဟာသူပင် မုန့်ပန်းကန်ထဲက မုန့်တစ်ခုကောက်စားလိုက်သည်။ မုန့်စားရင်း ဦးသန့်စင်ကိုမသိမသာ အကဲခတ်တော့ သိသိသာသာကြီး မျက်နှာပျက်နေ၏။ အမြဲတမ်း ပြုံးချိုနေသော ဦးသန့်စင်မျက်နှာပေါ်တွင် အပြုံးတွေ ပျောက်ကွယ်ပြီး တစ်ခုခုစိတ်ထိခိုက်နေသည့်ဟန်က အထင်းသား ပေါ်လွင်နေသည်။

ခါတိုင်းလိုပင် ကော်ဖီသောက် မုန့်စားပြီး ဟန်မပျက်ထွက်လာခဲ့သည်။ အိမ်ရှေ့ဧည့်ခန်းမှာလည်း ရွှေကဗျာကိုမတွေ့။ ပျောက်ခြင်းမထူ ပျောက်နေသည်။

သူအခန်းထဲဝင်လုံနေပြီး မာမီတို့သွားမည့်အချိန်ကိုမှန်းကာ အောက်ဆင်းလာခဲ့သည်။ ထမင်းစားခန်းထဲ တန်းဝင်လာတော့ အခုမှပင် သူဌေးသမီးရွှေကဗျာက ကော်ဖီသောက်နေသည်။ သူတို့မိသားစုထိုင်သည့် ဝိုင်းမှာပင် ကျကျနန ကော်ဖီသောက်နေပုံမှာ ဘယ်လိုပဲကြည့်ကြည့် အိမ်ဖော် တစ်ယောက်ပုံမပေါက်။

ပိုး ပြောတာကို သူ သတိရသွားသည်။

အခုမှ အိပ်ရာကထလာပုံပင်။ နာရီကြည့်လိုက်တော့ ရှစ်နာရီရှိခဲ့ တော့မည်။ သူများအိမ်မှာ မှီခိုနေသော အလုပ်သမားတစ်ယောက်၏ အိပ်ရာ ထသည့်အချိန်လား။ တွေးရင်းနှင့် သဘောပေါက်သွားသည်။

"မိချို"

ဘာလုပ်ရမှန်းမသိအောင် အိုးနင်းခွက်နင်းဖြစ်သွားသည့် ရွှေကဗျာ ပုံကို သူခါးထောက်ပြီး ခပ်တည်တည်နှင့်ကြည့်လိုက်သည်။ အခုမှပင် ကော်ဖီ ခွက်မပြီး ဘယ်မှာထိုင်ရမှန်းမသိ ရွှေကဗျာဖြစ်နေပုံက သူ့မျက်စိထဲမှာတော့ နည်းနည်းမှ သနားစရာမကောင်းပါ။

"မိချို"





သူ နောက်တစ်ခွန်းထပ်ခေါ်တော့ ရွှေကဗျာ သူ့ကိုပြုံးတုံးကြောင် ကောင်ကြည့်ပြီး

"မိချို ဈေးသွားတယ် အစ်ကို၊ ကော်ဖီသောက်မလို့လား"

ရွှေကဗျာ ပြောလည်းပြော သောက်လက်စကော်ဖီခွက်ကိုလည်း စားပွဲပေါ်လှမ်းတင်လိုက်သည်။ ပျာယာခတ်နေသည့် ရွှေကဗျာက ကော်ဖီ ခွက်ကို ကမန်းကတန်း တင်လိုက်သောကြောင့် ကော်ဖီပန်းကန်လုံး ကျကွဲ သွားသည်။

"ဂွမ်း"

ကော်ဖီရည်တွေ သူ့ခြေခုံပေါ်အထိ စင်ကုန်သည်။

"ကန်တော့ ကန်တော့ပါ အစ်ကို"

တကယ်ပဲ ဦးသန့်စင်သမီးဆိုလျှင်တော့ ရွှေကဗျာအဖြစ်က သနား စရာပါ။

"ဟယ် ဘယ်လိုဖြစ်တာလဲ ကိုလေး"

အပု ဝင်လာပြီး တအံ့တဩမေးရင်း ရွှေကဗျာကိုကြည့်နေလိုက် သည်။

ရွှေကဗျာ မျက်နှာငယ်လေးနှင့် အပုကိုကြည့်နေသည်။

"ကိုလေး ခြေထောက်တွေ ပေကုန်ပြီ ကျွန်မသုတ်ပေးမယ်"

အပုချက်ချင်းပင် အဝတ်စုတ်တစ်ခုကို ရေစွတ်ပြီး သူ့ခြေထောက် မှာပေနေသော ကော်ဖီတွေကို သုတ်ပေးနေသည်။ ရွှေကဗျာကတော့ တွေတွေကြီးရပ်နေပြီး ကွဲသွားသောပန်းကန်ကွဲစတွေကိုလည်း အခုထိ မကောက်သေးပါ။

"ရပြီ အပု"

ရွှေကဗျာ့ကိုခပ်တည်တည် တစ်ချက်ကြည့်ပြီး လှည့်ထွက်လာခဲ့

သည်။ ရွှေကဗျာနှင့်ဦးသန့်စင်ပတ်သက်ပုံကို သေသေချာချာမသိသေးသည့် အတွက် သူ ဘာတစ်ခွန်းမှမပြောတော့။

ဒေါ်သတကြီး အစ်ကိုထွက်သွားမှ ကဗျာ ဝမ်းပန်းတနည်း ငိုချ လိုက်သည်။

“ဘာဖြစ်ကြတာလဲ မကဗျာ”

ကဗျာ တော်တော်နှင့်မပြောနိုင်သေးပါ။ သတိမထားမိသော ကိုယ့် ကိုယ်ကိုယ်ပဲ ဒေါသဖြစ်နေသည်။

“မငိုပါနဲ့ မကဗျာရယ်၊ ကိုလေးကလည်း ဘာမှပြောတာမှမဟုတ် တာ”

“အပုရယ်”

အပုကို ကဗျာဖက်ငိုမိသည်။

ပြောတာထက်တောင်ဆိုးသည့်အစ်ကို့အကြည့်တွေကို ကဗျာ မခံစားနိုင်ပါ။ အစတည်းက မုန်းရသည့်ကြားမှာ ကဗျာအနေအထိုင်မတတ် တာတွေကြောင့် အစ်ကို ပိုကြည့်မရဖြစ်နေသည်။ နောက်တစ်ခါဆို အိမ်ပေါ် က နှင်ချမလားတောင်မသိ။ ကဗျာ အစ်ကို့အပေါ်ထားသည့် သံယောဇဉ် သည် တော်ရုံမဟုတ်ပါ။ ဒါကြောင့်လည်း အနစ်နာခံပြီး ဒီလိုဘဝမျိုးမှာ လာနေခြင်းဖြစ်သည်။

အခုတော့ ရင်ထဲတနင့်နင့်နှင့် သူခံစားနေရသည်။ တကယ်သာ ရွှေကဗျာက ဦးသန့်စင်သမီးဆိုလျှင် သူ့ကိုအားလုံးဝိုင်းပြီးမလိမ့်တပတ် လုပ် တာပဲ။ အိမ်ရှေ့ကို သူထွက်လာတော့ မိချို ညှော်ခန်းမှာ တံမြက်စည်းလှည်း နေသည်။

“မိချို”

“ရှင် ကိုလေး ဘာခိုင်းမလို့လဲ”





“လာဦး နင့်ကိုမေးစရာရှိလို့”

သူ ခြံထဲကိုဆင်းလာတော့ မိချို ကြက်မွေးကြီးကိုင်ပြီး သူ့နောက် ကလိုက်လာသည်။ ခြံထဲက ခုံတန်းလျားလေးမှာ သူထိုင်လိုက်ပြီး

“ရွှေကဗျာကို နင်ဘယ်လိုမြင်လဲ”

“ဘာကိုပြောတာလဲ ကိုလေး”

“ဘာကိုပြောတာလဲဆိုတော့ဟာ မာမီတို့လင်မယားနဲ့လေးလေးက ရွှေကဗျာကို အရေးပေးတယ်မဟုတ်လား”

“ပေးတာပေါ့”

မိချို စိတ်မကောင်းသံလေးနှင့် ဖြေသည်။

“ရွှေကဗျာကို ငါခေါ်လာတာ နင်တို့သိတယ်နော်”

“သိတယ်လေ”

“ဘာလုပ်ဖို့ ခေါ်လာတာလဲဆိုတာရော သိလား”

“ခိုင်းဖို့မဟုတ်လား”

“ဟုတ်တယ် အခု ခိုင်းဖို့ခေါ်လာတဲ့သူက အခုနအိမ်ရှာထားတာ နင်တို့သိလား”

မိချို မျက်နှာ တစ်မျိုးဖြစ်သွားသည်။ ပြီးမှ

“မေမေကြီးတို့က ကိုလေးမရှိတဲ့အချိန်ဆို သူ့ကိုအရမ်းအရေး ပေးတာ”

“အေး အဲဒါအကြောင်းရှိတယ်”

သူ့မျက်နှာကို မိချို ဖျတ်ခနဲကြည့်ပြီး

“ဘာအကြောင်းလဲ ကိုလေး”

“အေး ငါလည်း သေသေချာချာမသိသေးဘူး”

“ကိုလေး”

"ပြော"

မိချို စဉ်းစားသလိုလုပ်နေပြီးမှ

"ကိုလေးကိုပြောလည်းပြောချင်တယ်၊ ကိုယ်ပြောလိုက်လို့မဟုတ်မှာလည်း ကြောက်တယ်၊ အပုကလည်း မသေချာဘဲ လျှောက်မပြောနဲ့တဲ့၊ အိမ်ပေါ်က ခေါင်းနဲ့ဆင်းရလိမ့်မယ်တဲ့"

"ဘာလဲ ပြောစမ်း"

"ဘဘကြီးကို မကဗျာက ဖေဖေလို့ခေါ်လိုက်တာ ကျွန်မကြားတယ်"

"နင် နင် တကယ်ကြားတာလား မိချို"

"ကျွန်မကတော့ သေသေချာချာကိုကြားတာပါ ကိုလေး၊ မကဗျာက တကယ်ပဲ ဘဘကြီးရဲ့သမီးလား"

"ငါလည်း အဲဒါကိုပဲ အရမ်းသိချင်နေတာ"

"ဒါနဲ့ သူ့ကိုခေါ်လာ ကိုလေးလေ၊ သူကတော့ ဆွေမျိုးသားချင်းလည်းမရှိဘူးဆို"

"ဟုတ်တယ်လေ အခုမှ ဘယ်လိုဖြစ်ပြီး ဦးသန့်စင်သမီးဖြစ်သွားတာလဲ မသိဘူး"

"မေမေကြီးနဲ့ဘဘကိုမေးကြည့်ပါလား၊ သူတို့က ကိုလေးကိုသိပ်ချစ်တာပဲ အမှန်အတိုင်း ပြောမှာပေါ့"

"မမေးဘူး ငါ့နည်းငါ့ဟန်နဲ့ စုံစမ်းမှာ၊ နင်တို့လည်း နည်းနည်းသတိထားကြည့်နေ၊ ထူးခြားရင် ငါ့ကိုပြော ကြားလား မုန့်ဖိုးပေးမယ်"

"တကယ်နော် ကိုလေး"

"အေးပါ အပုကိုလည်း ပြောထား၊ ဒေါ်ကြီးသန်းကိုမပြောနဲ့လို့"

"ဟုတ်ကဲ့"





"ကဲ ကဲ နင်သွားတော့"

မိချို အိမ်ထဲဝင်သွားမှ သူ စဉ်းစားစရာတွေ တစ်ပုံကြီးနှင့်ကျန်ခဲ့သည်။ ဒီကိစ္စကိုမာမီနှင့်လေးလေးလည်း သိကိုသိရမည်။ ဘာကြောင့် သူ့ကိုမပြောတာလဲ။ ရွှေကဗျာကရော ဘာကြောင့် ဒီလိုမလိမ့်တပတ်လုပ်ရတာလဲ။ ဘာမှမသိဘဲ အားလုံး၏လှည့်စားခြင်းကို ခံလိုက်ရသည့်အတွက် ခံပြင်းနေသည်။

သိမယ် နှိုင်းမရအကြောင်း သိကြသေးတာပေါ့။

■ ■ ■

## အခန်း (၂၃)

သုံးရက်လောက်အကြာမှာတော့ ကိုမင်းအမေ နေမကောင်းတာ သွားမေးရင်း ကိုမင်းအိမ်မှာ ကားတွေတစ်စီးမှမအား ဖြစ်နေသည်။

"ကျွန်တော့်ကား ယူထားလိုက်လေ မမသီ"

"ရပါတယ် မရရယ်"

အခက်အခဲဖြစ်နေသော ကိုမင်းအစ်မ မမသီက အားနာသံလေးနှင့်ပြော၏။

"ရတယ် မမသီ၊ ယူထားလိုက်၊ ကျွန်တော်လည်း သုံးစရာမရှိဘူး"

"မရ မရ"

ပြောပြီးတာနှင့် သူထွက်လာတော့ မမသီနောက်ကအော်ကျန်ခဲ့သည်။

မာမီတို့လင်မယားနှင့်လေးလေး ပြန်ရောက်နေသောကြောင့် ခြံထဲ





ာ ကားနှစ်စီးလုံးရပ်ထားသည်။

"ကိုယ်လည်းမဆာသေးပါဘူး ဝေရယ်၊ သားကိုစောင့်ရင် စောင့်ပါ"

"ကိုယ်မဆာသေးရင် စောင့်လိုက်မယ်လေ၊ သမီးရော စားပြီးပြီလား"

"မဆာသေးလို့ အန်တီ"

"ဆာရင် စားနော် သမီး၊ အန်တီလည်း ခွင့်လွှတ်သည်းခံပေးတဲ့ သမီးလေးအတွက်တစ်နေ့မှ စိတ်မချမ်းသာပါဘူး"

ဖျတ်ခနဲ သူ သတိရသွားပြီး မာမီတို့မမြင်နိုင်သည့်နေရာသို့ ကွယ်နေလိုက်သည်။

"သမီးကလည်း ကိုယ့်ကိုမခွဲနိုင်၊ ကိုယ်ကလည်း သမီးလေးတစ်ယောက်တည်း စိတ်မချတော့ ဖြစ်လာတဲ့အကြောင်းပေါ့လေ"

"သမီးအတွက် စိတ်ဆင်းရဲမခံပါနဲ့ ဖေဖေနဲ့အန်တီ၊ သမီးနေတတ်ပါတယ်"

"သမီးနေတတ်တာ သိပါတယ်၊ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေလာခဲ့တဲ့ဘဝကနေ အခုလိုမျိုးကြီးလာနေရတော့ အန်တီကိုယ်ချင်းစာပါတယ်"

"ကိုယ် စိတ်အထိခိုက်ဆုံးကတော့ သားလေး ချစ်သူရှိသွားတာကိုပဲ၊ အဲဒီကိစ္စကိုပဲ တွေးလိုက်တိုင်း စိတ်မကောင်းဖြစ်နေမိတယ်"

မာမီ့သက်ပြင်းချသံအတိုင်းသား ကြားရသည်။ ဦးသန့်စင်လည်း တော်တော်စိတ်ထိခိုက်နေသည်။ သူချစ်သူရှိနေတာ သိသွားပြီးတည်းက ဒီလူကြီးမျက်နှာအရင်ကလို ပြုံးပြုံးရွှင်ရွှင် မရှိတော့။

တကယ်ပဲ ရွှေကဗျာက ဦးသန့်စင်သမီးဖြစ်နေတော့ မယုံနိုင်ဖြစ်

နေသည်။ သူကိုယ်တိုင် ခေါ်လာသည့် ရွှေကဗျာက ဦးသန့်စင်သမီးဖြစ်နေတာကိုတော့ သဘောပေါက်သလို ပြုံးလိုက်သည်။ တော်တော်လည်းတတ်နိုင်ကြတာပဲ။ ကိုယ်ညံ့လို့ လှည့်စားခံလိုက်ရသည့်အတွက်ပဲ ဘယ်သူ့အပြစ်ပြောရမှန်းမသိ။

ပြောနေတာတွေကို နားထောင်ရတာ မာမီ့ယောက်ျား ဦးသန့်စင်က သူ့သမီးရွှေကဗျာနှင့်သူ့ကို ရည်မှန်းပုံပင်။

စိတ်ထဲကနေ တက်ခေါက်လိုက်သည်။

ခင်ဗျားတော်တော်လည်ပါလား ဦးသန့်စင်ရယ်။ အမေယူတာအားမရလို့ သမီးကိုပါ သားဖြစ်သူနှင့် ပေးစားဦးမည်။ ဒါပေမဲ့ သူတော်ကောင်းကိုနတ်ကောင်းမသည့်အတွက် သူတော်ကောင်းမလေး ပိုးနှင့်ဆုံဆည်းခဲ့သည်။

တော်တော်လည်း ဟန်ဆောင်ကောင်းကြသည်၊ ဘယ်အထိများဆက်လိမ်ထားကြဦးမည်မသိ။ ဒီကိစ္စ လေးလေးလည်း ကျိန်းသေသိမှာပဲ။ လေးလေးသိလို့သာ လွတ်လွတ်လပ်လပ် ပြောနေကြခြင်းဖြစ်သည်၊ အစ်မကိုချစ်ကြောက်ရှိသေရသော လေးလေးက အစ်မစီစဉ်သမျှလိုက်နာရသူပါ။ လေးလေးကိုယ်တိုင်လည်း ရွှေကဗျာ့ကိုမျက်နှာသာပေးတာ သူတွေ့သားပဲ။ အခုမှပဲ အဖြေမှန်ကိုသိရတော့သည်။

"သမီးမဆာသေးရင်လည်း ဆာတော့မှစားပေါ့၊ ကိုယ် ရေချိုးတော့မယ် ဝေ"

"ချိုးလေ ကို"

ဦးသန့်စင်နှင့်မာမီ အခန်းထဲဝင်သွားတော့ ရွှေကဗျာတစ်ယောက်တည်း ဧည့်ခန်းထဲမှာထိုင်ကျန်ခဲ့သည်။ မီးရောင်အောက်မှာ ရွှေကဗျာ့မျက်နှာလေးက ထင်းထင်းလင်းလင်းနှင့်လှနေသည်။ တွေးကြည့်လျှင် ရွှေကဗျာ





အဖြစ်က သနားစရာတော့ ကောင်းသား။ အဖေရင်းနှင့်လည်းထင်ထင်ပေါ်ပေါ်မနေရဲ၊ အဖေရင်းနှင့်မိထွေးအိမ်မှာ အိမ်ဖော်တစ်ယောက်လို လာနေရသည်။ မာမီကမိထွေးစိတ်မရှိ၍ တော်သေးသည်။

ဒါပေမဲ့လည်း ဒါဟာ သူတို့ဖာသာ ဖန်တီးထားတာပဲ။ ပိုး လာသည့်နေ့ကတော့ ကိုယ့်နေရာနှင့်ကိုယ် နေသင့်သည်။ ဦးသန့်စင်သမီးဆိုတာ သူလည်းသိသေးတာမှမဟုတ်တာ။ ဒါကြောင့် ပိုးကပြောတာ။ လူကဲခတ်တော်သော ချစ်သူလေးကို စိတ်ထဲက ချီးကျူးလိုက်သည်။

ဘယ်လောက်အထိ ဖုံးထားနိုင်မလဲ စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

အခုမှပြန်လာသည့်ပုံနှင့် သူအိမ်ထဲဝင်ခဲ့သည်။ ရွှေကဗျာလှမ်းကြည့်တာကို မသိဟန်ဆောင်ပြီး ခပ်မော့မော့ပင်အိမ်ခန်းထဲအဝင်

"အင့်"

"အမလေးတော်"

"ဟာ မာမီ ကန်တော့ ကန်တော့၊ ဘယ်နားနာသွားလဲဟင်"

အိမ်ထဲက ထွက်လာသောမာမီနှင့်ဝင်တိုးတော့ မာမီမျက်နှာတစ်ပြင်လုံး ရှုံ့မဲ့နေသည်။ မာမီ့ပခုံးနှစ်ဖက်ကိုကိုင်ပြီး သူ အတင်းမေးတော့

"ဒီမှာ ရင်ဘတ်နာသွားတယ်"

မာမီက ရင်ဘတ်ကိုပုတ်ပြပြီး ခပ်ချွဲချွဲလေးပြောတော့ သူ အသည်းတွေယားပြီး မာမီ့ရင်ဘတ်ကို လက်ကလေးနှင့်သပ်ပေးပြီး

"ဥုံဖ ဥုံဖ"

ဟု ခပ်ရွှတ်ရွှတ်လေးပြောပြီး မာမီ့တစ်ကိုယ်လုံးကိုလည်း သိုင်းဖက်ပြီးဖျစ်ညှစ်ပစ်လိုက်သည်။

"မာမီ့သားလေးကလေ သိပ်ချစ်ဖို့ကောင်းတာပဲ"

"ရွှတ်"

သူ့လည်ပင်းကို သိုင်းဖက်ပြီး မာမီ မမီမကမ်းနမ်းတော့ သူလည်း မာမီ့ကိုပြန်နမ်းလိုက်သည်။ ပြီးမှ ကြည့်နေသော ရွှေကဗျာကို ရှက်သွားသည်။ အရင်တည်းက သူနှင့်မာမီက အနမ်းတွေအပြန်အလှန်ပေးနေကြဖြစ်သည်။ ဦးသန့်စင်နှင့်မာမီ ယူလိုက်တော့မှ သူက ခပ်ခွာခွာနေခြင်းဖြစ်သည်။

"ကားသံလည်း မကြားပါလား သားရဲ့"

"ကိုမင်းအစ်မကို ငှားခဲ့လို့ မာမီ"

"ဟုတ်လား သားလေး ရေချိုးတော့၊ ထမင်းစားရအောင်"

"ကိုမင်းတို့အိမ်မှာ စားခဲ့ပြီ မာမီရဲ့"

"ဟွန်း ဘာမှန်းလည်းမသိဘူး စောင့်နေတာကို"

"အတင်းကျွေးလို့ပါ မာမီရယ်၊ စိတ်မဆိုးနဲ့နော်"

မာမီ့ပါးကို မနာအောင်လိမ်ပြီး သူအိမ်ထဲပြေးဝင်ခဲ့သည်။

"ခွေးလေး"

လေးလေးအခန်းရှေ့ရောက်တော့ တံခါးလေးဟကြည့်လိုက်သည်။ လေးလေး အိပ်ပျော်နေတော့ ခြေသံမကြားအောင် ဖွဖွလေးနင်းပြီး လျှောက်လာခဲ့သည်။ အသာအယာလေး လေးလေးဘေးမှာ လှဲချလိုက်သည်။

ဦးသန့်စင်နှင့်ရွှေကဗျာ သားအဖဆိုတာ မယုံနိုင်ဖြစ်နေသည်။ ဒီအကြောင်းတွေကိုသာ ပိုး သိလျှင် ဘယ်လိုမှရှင်းမရဖြစ်မည်။ ဒေါ်လေးကို မာမီတို့နှင့်တွေ့ပေးပြီးတာနှင့် ပိုးနှင့်အမြန်ဆုံးလက်ထပ်ဖို့ စီစဉ်ရမည်။ ပိုး အထင်လွဲမှာ စိတ်စနိုးစနောင့်ဖြစ်မှာတော့ လုံးဝမလိုလားပါ။, အတွေးနှင့်ပင် သူ ဒေါသတွေဖြစ်နေသည်။

နှိုင်းမရဆိုသည့်ကောင်ကို သူတို့လှည့်ချင်တိုင်း လှည့်လို့ရမယ့်





စားလို့ ထင်နေလားမသိပါ။ မာမီနှင့်လေးလေးကပါ ဝိုင်းလိမ်ပေးကြသည်။

မနက်ဖြန်ကစပြီး တွေ့ကြသေးတာပေါ့။

လေးလေး အိပ်ပျော်နေသောအသံ စည်းချက်မှန်မှန် နားထဲဝင်ပြီးနောက်မှာတော့ သူလည်း ဘယ်အချိန်အိပ်ပျော်သွားမှန်းမသိတော့။

■ ■ ■

## အခန်း (၂၄)

အကြံအစည်ရှိသည့်သူက ခါတိုင်းထက် အစောကြီးနိုးနေသည်။ လေးလေးအိပ်တုန်း၊ မာမီတို့လင်မယားလည်း မနိုးသေး၊ ရွှေကဗျာ ဆိုသော သူ့ဇွေးသမီးလည်း နိုးပုံမပေါ်သေးပါ။

ဒေါ်ကြီးသန်းနှင့်မိချို မီးဖိုချောင်ထဲမှာ ချက်ပြုတ်ကြော်လှော်နေသလို အပုဧည့်ခန်းထဲမှာ ဖုန်သုတ်နေသည်။

"ကိုလေး"

သူ့ကိုတွေ့တာနှင့် အပု အားရပါးရလှမ်းခေါ်ပြီးမှ သူ့ပါးစပ်သူ လက်ဝါးဖြင့်အုပ်ပြီး ခပ်တိုးတိုးအသံနှင့်

"မမကဗျာက ဘဘကြီးရဲ့သမီးအစစ်ပဲ"

"အေး ငါလည်းသိတယ်"

"ဟုတ်လား ကိုလေးနဲ့မမကဗျာကိုတောင် ပေးစားမလို့တဲ့"

"အံမယ် သူတို့ပေးစားတိုင်း ငါကယူရမလား၊ ငါ့မှာချစ်သူရှိတာ သိနေတာပဲ"





"ချစ်သူသာမရှိရင် မကဗျာကို ကိုလေးယူမှာလား"

"မယူဘူး"

"မကဗျာက အရမ်းလှတာ"

"ငါ့ချစ်သူက သူ့ထက်တောင် လှသေးတယ်၊ နင်တို့တွေ့တယ် မဟုတ်လား"

"အင်း တွေ့တယ်"

"ကဲ အပု အဲဒီကြက်မွေးကြီးကိုခဏထားလိုက်ဦး"

အပု သူ့ကိုကြည့်ပြီး

"ဘာခိုင်းမလို့လဲ ကိုလေး"

"လေးလေးအခန်းနောက်က ပစ္စည်းဟောင်းတွေထားတဲ့အခန်း သိတယ်မဟုတ်လား"

"သိတယ်လေ"

"အေး အဲဒီအခန်းကပစ္စည်းတွေအကုန်လုံး ကားဂိုထောင်ထဲလွှတ် တဲ့နေရာမှာပုံထားပြီး အခန်းကိုပြောင်နေအောင်ရှင်းထား၊ မိချိုကိုပါ သွားခေါ်၊ လောလောလောလောနဲ့ ဖြစ်သလိုမလုပ်နဲ့နော်၊ သေသေချာချာလုပ်၊ ငါ ခေါ်မချင်း လုံးဝထွက်မလာနဲ့ ကြားလား၊ ရော့ နင်နဲ့မိချို တစ်ယောက် နှစ်ထောင့်ငါးရာယူ"

"ဟုတ်ကဲ့ ကိုလေး စိတ်ချ"

အပု ငါးထောင်ဓာနကိုင်ပြီး ပျော်သွားသည်။

"ကိုလေး ဘဘကြီးတို့ မေမေကြီးတို့ ကော်ဖီသောက်ဖို့ကိစ္စ"

"အဲဒါ ငါ့တာဝန်ထား၊ နင်တို့သာ ငါ ခိုင်းတဲ့အတိုင်းလုပ်"

"မမကဗျာကိုလုပ်ခိုင်းမလို့လား ကိုလေး"

"ဟုတ်တယ် ငါခိုင်းပြမယ် ကြည့်နေ"

"သိပ်မခိုင်းပါနဲ့ ကိုလေးရယ်၊ သူက အိမ်ဖော်မှမဟုတ်တာ သ
ပါတယ်"

"ဟုတ်ဟုတ် မဟုတ်ဟုတ် ငါ့ကိုလိမ်ထားတဲ့အတွက် ငါက
ခိုင်းမှာပဲ"

သူ့ကိုကြောက်လို့သာ အပု ပြန်မပြောတော့ပေမယ့် မျက်
မကောင်း။ ရွှေကဗျာ ဘယ်လိုပေါင်းထားလဲမသိ။

"ကဲ သွားတော့"

အပု ကြက်မွေးလေးထားပြီး နောက်ဘက်ဝင်သွားသည်။

စောသေးသည့်အတွက် သူ ခြံထဲဆင်းပြီး လေ့ကျင့်ခန်းလုပ်သည်။
ဆောင်းတွင်းဆိုလျှင်သူနှင့်မာမီ ထပြေးကြသည်။ ဒီနှစ်ဆောင်းတွင်းကိုတော့
ပိုးနှင့်ပြေးကြမည်ဟု အတွေးရောက်တော့ ကြည်နူးသွားရသည်။

ခြံထဲကတန်းလျားလေးမှာ အမောဖြေပြီး အိမ်ပေါ်တက်လာခဲ့
သည်။ မျက်နှာသစ် သွားတိုက် ရေချိုးပြီး နံနက်စာစားဖို့အတွက် သူအရင်
ရောက်နေတော့ မာမီနှင့်လေးလေး တအံ့တသြဖြစ်နေကြသည်။

"ဟာ သားလေးက စောင့်တောင်နေရပြီကိုး မောနင်း သား"

"မောနင်း မာမီ"

"စောစောစီးစီး ထလို့ပါလား"

"လေးလေးပြောပုံက သားကပဲ တစ်ခါမှ စောစောမထသလိုလို"

လေးလေး ထပ်မပြောပေမယ့် ပြုံးစိစိနှင့်။ ဦးသန့်စင်နှင့်မာမီက
လည်း ပြုံးကြည့်နေသည်။ ဒီလူကြီးကိုတွေ့တိုင်း အမြဲတမ်းပြုံးနေသည်။
စိတ်ဆိုးတယ်ဆိုတာ တစ်ခါမှမတွေ့ဘူးပါ။ သူ့ကိုဆိုလျှင်လည်း နွေးထွေး
သည့်အကြည့်တွေနှင့်ပဲ ကြည့်တတ်သည်။

သူကလည်း မာမီ ဒီလူကြီးနှင့်ယူပြီးကာစကသာ ကော်ဖီအတူ





သောက် ထမင်းအတူမစားပေမယ့် နောက်ပိုင်း လေးလေး အာပေါက်မတတ်
ပြောတာကြောင့်အပြင် မာမီ ဝမ်းပန်းတနည်းဖြစ်နေတော့ စိတ်လျှော့ပြီး
ခင်လိုပြန်နေခဲ့သည်။

"ဟဲ့ အပုနဲ့မိချိုတို့ ဘယ်ရောက်ကုန်ပြီလဲ"

မာမီ ကော်ဖီသောက်ဖို့အတွက် အော်နေသည်။ ရွှေကဗျာကတော့
စံအတိုင်း အနားမှာ မယောင်မလည်နှင့် ဘာတစ်ခုမှ မယ်မယ်ရရလုပ်
သည်မတွေ့။ အရင်နေ့တွေကဆိုလျှင်တော့ သူကမုန့်စား ကော်ဖီသောက်ပြီး
နှင့် ထသွားတတ်သည့်အတွက် ရွှေကဗျာ လုပ်လုပ် မလုပ်လုပ် စိတ်
ဝင်စား။ ဒီနေ့မှ စောင့်ကြည့်နေသည့်အတွက် ရွှေကဗျာ ယောင်ဝါးဝါးလုပ်
နေတာကို သေသေချာချာကိုတွေ့လိုက်ရသည်။

"အပုနဲ့မိချိုကို သားခိုင်းထားတယ် မာမီ"

"ဘာခိုင်းထားတာလဲ သား"

"လေးလေး အခန်းဘေးက စတိုခန်းကိုရှင်းခိုင်းထားတယ်လေ"

ဘာလုပ်ဖို့လဲ သားရဲ့၊ သားတို့လက်ထပ်ပြီးရင် အပေါ်ထပ်မှာပဲ
ကျယ်ကျယ်ဝန်းဝန်းနေလေ"

ဦးသန့်စင် လေးလေးနှင့်ရွှေကဗျာတို့ကလည်း ကြည့်နေကြသည်။

"ဟုတ်ကဲ့ပါ မာမီ၊ အခုဟာက သားကိစ္စရှိလို့ပါ"

"ဒါဆိုလည်း နေ့လယ်ကျမှ ရှင်းခိုင်းတာမဟုတ်ဘူး သားရယ်"

"သားကချက်ချင်းဆို ချက်ချင်းမှ"

"အေးပါ သားရယ် ဟုတ်ပါပြီ"

ထုံးစံအတိုင်း သားဖြစ်သူကို မာမီအလျှော့ပေးသလိုပြောပြီး ကော်ဖီ
ဖို့ပြင်နေသည်။

"မာမီ လုပ်စရာမလိုပါဘူး"

ကော်ဖီကရားကိုင်တော့မည့် မာမီ့လက်ကို သူ ဆွဲဖယ်လိုက်ပြီး ကြောင်ငေးငေးလေးရပ်ကြည့်နေသော ရွှေကဗျာဘက်လှည့်ကာ

"နင် ဘာလုပ်နေတာလဲ ရွှေကဗျာ၊ ဒီမှာ ကော်ဖီလာထည့်လေ"

"ရတယ် သား၊ ရတယ် မာမီပဲထည့်လိုက်ပါမယ်"

"မရပါဘူး မာမီရယ်၊ မာမီနဲ့မဆိုင်ပါဘူး ဒါ သူလုပ်ရမယ့်အလုပ်တွေပဲ၊ ဟိုနှစ်ယောက်မအားတဲ့အတွက် သူလုပ်ရမှာပဲ၊ ဘာလဲ ကော်ဖီတောင် မငှဲ့တတ်ဘူးလား"

ဒီတော့မှ ရွှေကဗျာ ကုပ်ချိုကုပ်ချိုနှင့် ကော်ဖီလိုက်ထည့်ပေးနေသည်။

မာမီမျက်နှာပျက်သွားပြီး ဦးသန့်စင်ကိုလှမ်းကြည့်တာရော သူ့ကို လေးလေး ဆတ်ခနဲ လှည့်ကြည့်တာကိုပါ မသိဟန်ဆောင်နေလိုက်သည်။

"သူ့ကိုသား လမ်းပေါ်ကခေါ်လာတာ အိမ်မှာခိုင်းဖို့ အလှကြည့်ဖို့ မဟုတ်ဘူး၊ မာမီတို့ကဘာဖြစ်လို့ သူ့ကိုမခိုင်းရက်ဖြစ်နေတာလဲ၊ ဒီအိမ်မှာ မိချို အပု သူ အတူတူပဲ"

"လုပ်ပါတယ် သားရဲ့၊ ကဗျာက သိပ်အထာမသိသေးလို့သင်နေတာပါ"

"အိမ်အလုပ်လုပ်တာပဲ အထာသိမှ မဟုတ်ပါဘူး မာမီရယ်၊ အဲဒါဆို သားခိုင်းပြရမလား"

"ရ ရပါတယ် သားရဲ့"

"မရနဲ့မာမီ အခွင့်အရေးပေးတာက တရားလွန်လွန်းတယ်၊ မာမီတို့ခိုင်းရင်ခိုင်း မခိုင်းရင် သားကိုယ်တိုင်ခိုင်းပြမယ်၊ ဒါမှမလုပ်နိုင်ရင် သားကိုယ်တိုင် လမ်းမပေါ်ပြန်ပို့မယ်"

"သား တော်တော့"





"လေးလေး"

"တော်တော့လို့ လေးလေး ပြောနေတယ်နော်"

ဦးသန့်စင်မျက်နှာသွေးမရှိတော့သလို မာမီလည်း ပြောမရသည့်သားကြောင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ် လေးလေး မနေနိုင်တော့ဘဲ ၁င်ပြောသည်။

"အိမ်ဖော်ကို အလုပ်ရှင်ကခိုင်းတာ လေးလေးတို့က ဘာကို အားနာနေရတာလဲ"

"မရ"

လေးလေးမျက်နှာထားတင်းတင်း အသံမာမာနှင့် ထိုသို့ခေါ်လိုက်သျှင် သူထွက်တော့မည့်စကားတွေက လည်ချောင်းဝတွင် တစ်ဆို့သွားဘတ်သည်။ သူ့ဒေါသတွေက ရွှေကဗျာဆီသို့ ရောက်ကုန်သည်။

မူယာမာယာများသည့် ရွှေကဗျာဆိုသောမိန်းမကို ခပ်စိမ်းစိမ်းတစ်ချက်ကြည့်ပြီး ကော်ဖီတောင်မသောက်ဘဲ သူ ထွက်လာခဲ့သည်။ ဘာတွေဖြစ်ကျန်ခဲ့မည်ဆိုတာကိုတော့ သူ မသိချင်တော့ပါ။

တော်ပြီလေ။ သူလိုချင်တာ ဒီပွိုင့်ပဲ။

စိတ်ဆိုးသွားသည့်ဟန်နှင့် ကိုမင်းတို့အိမ်လမ်းလျှောက်လာခဲ့သည်။ ကိုမင်းတို့အိမ်မှာနေ့လယ်ထမင်းစားပြီးမှ ပိုးတို့အိမ်ထွက်လာခဲ့သည်။

"ဟော မောင်လာပြီ"

သူ အိမ်ထဲဝင်လာတော့ ပိုးတို့တူအရီးက တစ်နေရာရာသွားမည့်ပုံနှင့်။

"ဘယ်သွားကြမလို့လဲ"

"မင်္ဂလာဒုံဘက်က ပိုးတို့အမျိုးတစ်ယောက်ဆုံးလို့"

"အခုသွားမှာလား မောင် လိုက်ပို့မယ်"

ပိုးက အဒေါ်ဖြစ်သူမျက်နှာကိုလှမ်းကြည့်၏။

"မောင်နှိုင်းမရ အားလို့လား"

"အားပါတယ် ဒေါ်လေးရဲ့ နောက်ကိုသွားစရာရှိရင် ကြိုပြီးပြော အခုလည်း ဖုန်းဆက်လိုက်တာမဟုတ်ဘူး ပိုးရယ်"

"မနေ့က တစ်နေကုန် ဖုန်းလည်းမဆက် လူလည်းမလာတော့ ဘာကိစ္စများအရေးကြီးလို့လဲဆိုပြီး ဖုန်းမဆက်တာပါ"

အဲဒီလောက်အထိ လိမ္မာသည့်ချစ်သူလေးဖြစ်သည်။

"ဟုတ်တယ် ပိုးရဲ့ မနေ့က ကိုမင်းအမေ ဆေးရုံတင်ရတယ်"

"ဟုတ်လား ဘာဖြစ်လို့လဲဟင်"

"သွေးတိုးပေါ့ ပိုးရယ်၊ အစားမှားပြီး သွေးတွေဆောင့်တက်လို့ သူတို့အိမ်က လူနည်းတယ်၊ မောင်တို့ပဲ ဝိုင်းကူနေရတာ"

"အဲဒါဆိုလည်း ပိုးတို့ကို လိုက်မပို့ပါနဲ့ ကားငှားသွားမယ်"

"ဟုတ်တယ် မောင်နှိုင်းမရ၊ ဒေါ်လေးတို့ကို အားနာစရာမလိုဘူး"

"ရပါတယ် ဒေါ်လေးရဲ့ ခဏလေးပဲ"

ဆက်မပြောတော့ပေမယ့် ဒေါ်လေးရော ပိုးရော မျက်နှာမှာအားနာမှုတွေနှင့်။

ပိုးတို့တူအရီးကို အမျိုးတွေအိမ်ပို့ပေးခဲ့ပြီးနောက် ဆေးရုံတန်းလာခဲ့သည်။ ဝေယံပါရောက်နေတော့ ညအထိအချိန်ဖြုန်းပြီးမှ အိမ်ပြန်လာခဲ့သည်။

မနက်ထဲကထွက်လာပြီး ညတော်တော်မိုးချုပ်သည်အထိ ပြန်မရောက်သေးသော သူ့ကို မာမီနှင့်လေးလေး စိတ်ပူနေမှာ သေချာသည်။ စိတ်ပူအောင်လည်း သူ တမင်ဖန်တီးခြင်းဖြစ်သည်။ ဒါမှလည်း ရွှေကမ္ဘာ အကြောင်းဖွင့်ပြောမည်။ သူကလည်း မာမီတို့ပါးစပ်က ဖွင့်ဟလာမည့် အမှန်တရားတွေကိုပဲလိုချင်သည်။





ကားရပ်ပြီးသည်နှင့် ခပ်တည်တည်ပင် အိမ်ထဲဝင်လာခဲ့သည်။ ကားသံကြောင့် မာမီ အပြေးအလွှားထွက်လာပြီး

"ဘယ်သွားနေတာလဲ သားရယ်၊ မာမီတို့အရမ်းစိတ်ပူနေတာ"

"သားကလေးမဟုတ်ဘူး မာမီ"

သူ ဒါပဲပြောပြီး လေးလေးအခန်းထဲ တန်းဝင်ခဲ့သည်။ ဦးသန့်စင်နှင့်လေးလေးကတော့ ဘာတစ်ခွန်းမှဝင်မပြောဘဲ အကဲခတ်နေကြသည်။ အခန်းထဲရောက်တော့ အင်္ကျီချွတ်ပြီးရေချိုးဖို့ပြင်နေတုန်း လေးလေး ဝင်လာသည်။

"ရေချိုးမလို့လား"

"ဟုတ်"

"ထမင်းမစားဘူးလား"

"စားပြီးပြီ"

မေးတာပဲဖြေပြီး သူ ရေချိုးခန်းထဲဝင်ခဲ့သည်။ ရေချိုးပြီး ပြန်ထွက်လာတော့ လေးလေးထိုင်နေသည်။ ပေါင်ဒါလိမ်း ခေါင်းဖြီး အင်္ကျီဝတ်ခြင်းကို အချိန်ဆွဲလုပ်နေတာကို လေးလေး စိတ်ရှည်ရှည်နှင့်စောင့်နေသည်။ တစ်ခုခု သူ့ကိုပြောတော့မှာ သိသည်။ သူ ခုတင်ပေါ်တက်ပြီး ပစ်လှဲချလိုက်သည်။

"တစ်နေကုန် ဘယ်လျှောက်သွားနေတာလဲ"

"ပိုးတို့အိမ် ကိုမင်းအိမ်"

"သားကို ပြောစရာရှိတယ်"

"ပြောလေ လေးလေး"

လေးလေး သူ့ဘက်သို့လှည့်လိုက်ပြီး

"လေးလေးပြောမယ့်စကားတွေကို သား သေသေချာချာနား

ထောင်ပါ။ လေးလေး ပြောနေတဲ့အချိန်မှာ မေးချင်တာရှိရင် မေးလို့ရတယ်၊ ဒါပေမဲ့ ဝူးဝူးဝါးဝါးတော့ ထမလုပ်ရဘူး''

သူ ခေါင်းညိတ်ပြလိုက်သည်။ စိတ်ထဲကတော့ သိသားပဲဟု ပြောနေမိသည်။

''အစ်ကိုသန့်က တကယ်တော့ သားအဖေအရင်းပဲ''

''ဟမ် ဘာ လေးလေး ဘာပြောလိုက်တယ်''

''ဟုတ်တယ် အစ်ကိုသန့်က သားအဖေအရင်း''

''ဟာ လေးလေးကလည်း မဖြစ်နိုင်တာ မဟုတ်ပါဘူး''

ဝုန်းခနဲ သူထထိုင်ပြီး ခါးခါးသည်းသည်း ငြင်းနေတော့ လေးလေး ခပ်စူးစူးတစ်ချက်ကြည့်ပြီး

''လေးလေး ဘာကြို့ပြောထားလဲ''

သူ စိတ်ကိုလျှော့ချလိုက်ပြီး

''ဆက်ပြောပါ လေးလေး''

''အဲဒီလို လိမ္မာမှပေါ့၊ သားသာအစတည်းက အဲဒီလို လိမ္မာခဲ့ရင် တို့မိသားစုတွေ စောစောစီးစီး စိတ်ချမ်းသာရပြီ''

ဦးသန့်စင်က ရွှေကဗျာ့အဖေမဟုတ်လားလို့ မေးဖို့ပြင်ပြီးမှ မမေးဖြစ်တော့။ လေးလေးပြောလာမှာကိုပဲ စိတ်ဝင်တစား နားထောင်နေမိသည်။

''ဒီလို သားရဲ့၊ သားသဘောပေါက်အောင် လေးလေးပြောပြမယ်၊ အစ်ကိုသန့်ရယ် ကိုမျိုးမောင်ရယ်က သိပ်ချစ်ကြတဲ့သူငယ်ချင်းတွေ၊ ဒီလိုပဲ သားမာမီနဲ့မမသူဇာကလည်း တစ်လမ်းထဲမှာနေတဲ့ ငယ်သူငယ်ချင်းအရင်းကြီးတွေပဲ၊ မမနဲ့မမသူဇာက ချမ်းသာတယ်၊ အစ်ကိုသန့်နဲ့ကိုမျိုးမောင်က ပညာမတတ်ပေမယ့် ဆင်းရဲတယ်၊ တိုတိုပြောရရင်တော့ မမမိဘ(လေးလေး မိဘတွေ)နဲ့ မမသူဇာမိဘတွေက အသိုင်းအဝိုင်းမရှိတဲ့ အစ်ကိုသန့်တို့နဲ့ကို





သဘောမတူဘူး၊ ကျောင်းလည်းပြီးရော အစ်ကိုသန့်နဲ့မမက အရင်ခိုးပြေးကြတယ်၊ တစ်လကျော်လောက်မှာပြန်တွေ့တော့ သားအဘိုးအဘွားတွေက ခွဲပစ်လိုက်တယ်၊ မမမှာကိုယ်ဝန်ပါလာတယ် အဲဒါ သားပဲ''

''ဒါ ဒါဆို သားက တကယ်ပဲ ဦးသန့်စင်ရဲ့သားပေါ့''

သူတော်တော်ကြီးတုန်လှုပ်စွာမေးတော့ လေးလေးခေါင်းညိတ်ပြီး

''ဟုတ်တယ် သား''

''ဒါဆို ဒယ်ဒီ ဦးဝင်းမြကရော''

''လေးလေး ဆက်ပြောမှာပေါ့၊ သားအရမ်း စိတ်လှုပ်ရှားနေပြီ မဟုတ်လား''

''ဟုတ်ကဲ့ လေးလေး၊ သား သား လုံးဝမထင်ဘူး''

''နောက်ထပ်မထင်တာတွေ ကြားရဦးမှာ''

ဝမ်းသာအားရပြောပြနေသော လေးလေးမျက်နှာကိုကြည့်နေပေမယ့် သူ့ကိုတွေ့တိုင်း အကြင်နာပြုံးနှင့်ကြည့်တတ်သော ဦးသန့်စင်မျက်နှာကိုပဲမြင်နေမိသည်။ သူ နောက်ကျပြီးပြန်လာသည့်အတွက် ဦးသန့်စင်မျက်နှာပေါ်တွင် စိုးရိမ်မှုတွေအထင်းသား ပေါ်လွင်နေသည်။

ဒါဆို ရွှေကဗျာနှင့်သူက မောင်နှမလား။

''ဆက်ပြောပါဦး လေးလေး''

ဘာတွေကြားရဦးမလဲ သူ အရမ်းစိတ်ဝင်စားနေသည်။

''သားမိဘတွေက ကိုယ်ဝန်ဖျက်ချမခံဘဲ မိဘတွေပေးစားတဲ့ ကိုဝင်းမြကို လက်ခံလိုက်တယ်၊ ကိုဝင်းမြကလည်း သဘောထားကြီးပါတယ်၊ မမကိုယ်ဝန်က သူနဲ့ရတာမဟုတ်မှန်းသိပေမယ့် သေတဲ့အထိကို သစ္စာရှိရှိ ပေါင်းသွားတယ်၊ သားကိုလည်း သူ့သားအရင်းလိုပဲ ချစ်ခဲ့တယ်၊ သူနဲ့ကလည်း သားသမီးမရတော့ ကံကောင်းသွားတာပေါ့၊ သားကိုမွေးပြီး တစ်နှစ်ကျော်

လောက်မှာ ကိုမျိုးမောင်နဲ့ မမသူဇာလည်း လက်ထပ်လိုက်တယ်၊ သူတို့က တော့ ခွဲလို့မရအောင် အစ်ကိုသန့်စိတ်ညစ်ညစ်နဲ့ ထွက်သွားတဲ့ နယ်စပ် ရွာလေးတစ်ရွာမှာ ဇာတ်မြှုပ်နေကြတယ်၊ တစ်နှစ်လောက်အကြာမှာ ရွှေ ကဗျာလေးကို မွေးတယ်''

''ဒါဆို ရွှေကဗျာက ဦးသန့်စင်သမီး မဟုတ်ဘူးပေါ့''

''မဟုတ်ဘူး ကိုမျိုးမောင်နဲ့မမသူဇာရဲ့သမီးပဲ၊ မင်းက ကဗျာ့ကို အစ်ကိုသန့်သမီးထင်ပြီး ပညာတွေစွတ်ပေးနေတာမဟုတ်လား''

''သား သိတာကို လေးလေးတို့ သိတယ်ပေါ့''

သူ တအံ့တဩမေးတော့ လေးလေးက သူ့နားထင်ကိုလက်ညှိုး နှင့်ထောက်ပြီး

''သိတာပေါ့ ဒီဦးနှောက်လေးနဲ့ လာစမ်းနေတယ်''

သူ ရှက်ရယ်ရယ်ရင်း

''ဆက်ပြောလေ လေးလေး သားအရမ်းစိတ်ဝင်စားတယ် ရင်တွေ လည်းခုန်နေတယ်''

''ဆက်ပြောရမယ်ဆိုရင် မမသူဇာမိဘတွေကလည်း တော်တော် အမှတ်ကြီးတယ်၊ အမွေမဖြတ်ပေမယ့် သမီးနဲ့မြေးကိုပစ်ထားတယ်၊ ကဗျာကို မွေးပြီး သိပ်မကြာဘူး ကိုမျိုးမောင် သွေးတိုးပြီး ရုတ်တရက်ဆုံးသွားတယ်၊ သူ မဆုံးခင် ဝေဒနာခံစားနေတဲ့ကြားကပဲ သမီးနဲ့မိန်းမကိုစောင့်ရှောက်ဖို့ သားအဖေအစ်ကိုသန့်ကို အပ်သွားတယ်၊ မမကလည်း သူ့အိမ်ထောင်နဲ့သူ အဆင်ပြေနေတော့ အစ်ကိုသန့်နဲ့မမသူဇာက ကိုမျိုးမောင် အသေဖြောင့် အောင် ကတိပေးလိုက်တယ်၊ ဒါပေမဲ့ သူတို့က သိပ်အချစ်ကြီးကြ သစ္စာ ရှိကြတာ၊ အစ်ကိုသန့်နဲ့မမသူဇာက မောင်နှမတွေလိုပဲ နေကြတယ်၊ ကဗျာ လေးကတော့ အစ်ကိုသန့်ကို သူ့အဖေပဲထင်နေတာပေါ့၊ ဒီလိုနဲ့ မမသူဇာ





ိဘတွေဆုံးကာနီးတော့ မမသူဇာတို့သားအမိကိုပြန်ခေါ်တယ်၊ အစ်ကိုသန့် ာ မမသူဇာတို့သားအမိကို ပြန်ခေါ်တယ်၊ အစ်ကိုသန့်က မမသူဇာတို့ သားအမိကို မိဘတွေဆီပြန်အပ်တော့ သူတို့မြေးလေးကိုငဲ့ပြီး နေမြဲတိုင်းနေ ပေးဖို့ မမသူဇာမိဘတွေက တောင်းပန်တယ်၊ အစ်ကိုသန့်ကလည်း ကဗျာ လေးကိုသနားပြီး သံယောဇဉ်လည်းရှိတော့ မမသူဇာမိဘတွေတောင်းပန်တဲ့ အတိုင်း လိုက်လျောလိုက်တယ်၊

သားအမေနဲ့လည်း အဆက်အသွယ်ရှိကြပေမယ့် ကိုယ့်စည်းနဲ့ ကိုယ်ထိန်းချုပ်နိုင်ကြတယ်၊ အစ်ကိုသန့်ကတော့ ခံစားရတာပေါ့၊ သားကို သားအရင်းပါလို့ဖွင့်ပြောခွင့်မှမရတာ၊ သူ့မှာ သားကိုမြင်သာမြင်ပြီး မကြင်ရတဲ့ ာဝပါ''

အခုမှပင် အဖေရင်းဦးသန့်စင်ကို သနားသွားတာ ရင်နှင့်မဆံ့အောင် င်။ သူ ပြုမူခဲ့တာတွေကို တနုံ့နုံ့ခံစားနေရသည်။

''ဒီအချိန်မှာပဲ သားအဖေအရင်းလို့ထင်နေတဲ့ ဒယ်ဒီ ဦးဝင်းမြ ဆုံးတယ်၊ နဂိုထဲက ဖြူစင်ခဲ့ကြတဲ့ မမသူဇာက အစ်ကိုသန်နဲ့မမကို ပြန်ပြီး ီးစပ်စေချင်တယ်လေ၊ ဒါဟာ တကယ်လည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့အရာပါ သားကလည်း အစ်ကိုသန့်သားအရင်းပဲ၊ ဒါပေမဲ့ သူတို့တစ်ယောက်အပေါ် ာစ်ယောက်ထားတဲ့မေတ္တာတွေက သိပ်ကြီးကြတော့ အစ်ကိုသန့်ရော မမ ရော လက်မခံဘူး၊ စိတ်ထဲမှာတော့ ရှိမှာပေါ့လေ၊ မမသူဇာကလည်း သူ့ သူငယ်ချင်းလင်မယား မနီးစပ်တာ သူ့ကြောင့်ဆိုပြီး ဖီးလ်ဖြစ်နေတယ်၊ ကဗျာ့ကိုတော့ သိတတ်တဲ့အရွယ်ထဲက အဖြစ်မှန်တွေကို မမသူဇာက ပြောပြထားတယ်၊ ဒါပေမဲ့ အစ်ကိုသန့်ရော ကဗျာလေးကရော အချစ်တွေ မေတ္တာတွေ ပျက်မသွားကြဘူး၊ သားအဖေနဲ့အမေရဲ့ဖူးစာကံကပဲ မကုန်သေး သို့လားမသိဘူး၊ မမသူဇာ ဆုံးသွားတယ်၊ ဒီတော့ စဉ်းစားကြည့်လေ၊

ညည်းဘောင်တွေမရှိတော့ဘဲ လွတ်လပ်သွားတဲ့ သူတို့နှစ်ယောက်က သာမန် ပတ်သက်ခဲ့ကြသူတွေမှမဟုတ်တာ၊ သူတို့နှလုံးသားတွေကို ဘာတွေနဲ့ထိန်း ချုပ်ထားလို့ရမလဲ ပြောလေ''

''လေးလေးရယ် ဒီအကြောင်းတွေ နားထောင်ပြီး သားအရမ်း စားရတယ်၊ သားကိုအစတည်းက ဘာဖြစ်လို့အမှန်အတိုင်း ဖွင့်မပြောတာလဲ''

''အေး အခုမှတော့ ပြောပြီပေါ့၊ ဒီလောက်ပြောမရဆိုမရ ဝုန်းဒိုင်း ကြဲနေတာကို ဒီအကြောင်းတွေသာပြောရင် တမင်ဉာဏ်များပြီး ကလိန် ကကျစ်လုပ်တာလို့ မင်းမပြောဘူးလား ပြောမလား''

လေးလေးပြောသလိုပဲ။ အဲဒီအချိန်တွေတုန်းကတော့ မာမီ့ကို ဆုံးရှုံးရတော့မည်ဆိုသည့်စိတ်နှင့် ဘာစကားမှတိုးဝင်လို့ရမှာ မဟုတ်။

''သူ့ကိုနားလည်တဲ့အချိန်ကျမှ အမှန်အတိုင်းဖွင့်ပြောဖို့ အစ်ကို သန့်က တဖွဖွတောင်းပန်တယ်၊ မမက မိန်းမသားဆိုတော့ လောလောဆယ် သားဖြစ်သူလက်ခံသွားဖို့ပဲတွေးတယ်၊ အစ်ကိုသန့်နဲ့လေးလေး အတင်းနားချ ရတယ်၊ ဒီတုန်းက နှိုင်းမရဆိုတဲ့ကောင် ဂြိုလ်မွှေမှုကြောင့် မမမှာတစ်ခါမှ စိတ်ချမ်းသာရတယ်မရှိဘူး၊ အမြဲတမ်း မျက်ရည်နဲ့နှစ်ပါးသွားနေရတယ်၊ ဒါတောင် အစ်ကိုသန့်ကို မမကမပေါင်းတော့ဘူး လုပ်နေတာ၊ အစ်ကိုသန့်နဲ့ လေးလေး မနည်းဖျောင်းဖျရတယ်၊ အဲဒါ ဘယ်သူ့ကြောင့်လဲ''

''လေးလေးကလည်း''

စိတ်ကျေနပ်ပျော်ရွှင်သည့်အခါ လုပ်တတ်သည့်အတိုင်း လေးလေး ရင်ခွင်ထဲ သူခေါင်းတိုးဝင်လိုက်သည်။

''သွား ချွဲချင်ရင် ကိုယ့်မိဘတွေဆီသွားချွဲ အဖေကိုသွားတောင်း ပန်လိုက်၊ သူ့ခမျာ သားလိမ္မာကြီး ဘာပြောမလဲ တထိတ်ထိတ်စောင့်နေ ရှာတယ်''





''ဘယ်သူလဲ လေးလေး''

''သားအဖေ ဦးသန့်စင်လေ၊ သားဖြစ်သူက အဖေလို့အခေါ်ခံချင် လို့ရှူးနေတာပဲ''

လေးလေးပြောလိုက်သောစကားကြောင့် တစ်ကိုယ်လုံးကြက်သီး တွေထလာပါသည်။ သူ့ကိုသိပ်ချစ်သော အဖေအရင်းဟာ သက်ရှိထင်ရှား ရှိနေသေးတယ်ဆိုတော့ သူ့တစ်ကိုယ်လုံးကျေနပ်မှုတွေနှင့် ပြည့်နေသည်။

''ဖေဖေ''

တိုးတိုးလေး သူခေါ်ကြည့်တော့ နွေးနွေးထွေးထွေးလေး ခံစားသွား သလို လေးလေးကလည်း ပြုံးပြီးခေါင်းညိတ်ပြသည်။

''ကဲ သွားတော့''

''လေးလေးကို ပြောပြခိုင်းထားတာလားဟင်''

''ဒါပေါ့ သားက လေးလေးနဲ့မာမီ့စကားပဲ နားထောင်တာကို''

''မာမီက ဘာလို့ရှင်းမပြတာလဲ''

''သားမာမီလည်း ရင်တွေတုန်နေလို့ပေါ့၊ ကဲ သွားပါတော့ အခု လောက်ဆို တထိတ်ထိတ်နဲ့မျှော်နေကြပြီ''

''လေးလေးပါလိုက်ခဲ့''

''သွားပါ သားတို့မိသားစုပဲ ပျော်ပျော်ပါးပါး ဆုံကြ''

''လေးလေးကလည်း သားတို့မိသားစုဝင်ပဲ၊ အဲဒီလို စိမ်းကားတဲ့ စကားမျိုးတွေ မပြောပါနဲ့''

သူ ပြောလည်းပြော လေးလေးလက်ကိုလည်း အတင်းဆွဲခေါ်နေ တော့ လေးလေး ယက်ကန်ယက်ကန်နှင့်ပါလာသည်။

သူနှင့်လေးလေး ဘွားခန်း ထွက်လာတော့ [illegible] အလန့်တကြား မော့ကြည့်သလို အခုမှ အဖေဟုသိလိုက်ရသော ဦးသန့်စင်

ကလည်း ဆတ်ခနဲတုန်သွားပြီး သူ့ကိုကြည့်နေသည်။

ဖေဖေရယ် ဒီမျက်ဝန်းတွေကို နွေးထွေးနေတာ ကြာပါပြီ။ သား... ခွင့်လွှတ်ပါနော်။ သူက ဖေဖေဦးသန့်စင်ကို ပြန်စိုက်ကြည့်ပြီး မာမီထိုင်နေသော ဆိုဖာခုံအောက်မှာ ငုတ်တုတ်လေးထိုင်ချကာ

"မာမီ"

"သားလေး"

"လေးလေး ပြောတာတွေက တကယ်လားဟင်"

နှုတ်ကစောင် မပြောနိုင်ဘဲ မာမီခေါင်းလေးညိတ်ပြတော့ သူ့ လက်ပေါ်သို့ မျက်ရည်တွေတစ်ပေါက်ချင်း ကျလာသည်။

"ဖေဖေ"

သူ ဖျတ်ခနဲကြည့်ပြီး ခေါ်လိုက်တော့ ဖေဖေက အသင့်ပင် လက်ကမ်းထားပါသည်။

"သားလေး"

ဖေဖေ့ရင်ခွင်ကျယ်ကြီးထဲသို့ တိုးဝင်ပြီးသည့်နောက်မှာတော့ ဖေဖေ သူ့ကိုအတင်းပင် ပွေ့ဖက်ထားသည်။

"သားလေးရယ် ဖေဖေ ဘယ်လိုဝမ်းသာမှန်းမသိဘူး။ သားစိတ်မှ ပြေပါ့မလားလို့ စိတ်ပူလိုက်ရတာ"

"သားကိုခွင့်လွှတ်ပါ ဖေဖေရယ်၊ သားက လူမိုက်ကြီးပါ"

"ဟင့်အင်း သားကလိမ္မာပါတယ်၊ ဖေဖေချစ်တဲ့သားက လူလိမ္မာ လေးပါ"

သူမျက်ရည်တွေ အဆက်မပြတ်ကျလာပြီး ဖေဖေ့ကိုလွှတ်ထွက် သွားမှာစိုးသည့်အလား တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်ရင်း

"ဖေဖေ့ကိုချစ်တယ် ဖေဖေ့ကိုသိပ်ချစ်တယ် ဖေဖေရယ်"





"ဖေဖေကလည်း သိပ်ကိုချစ်ရပါတယ် သားလေးရယ်၊ ဝေ ကိုယ် ...ဂုဏ်လင့်ချက်တွေပြည့်ပြီ အောင်မိုးရယ် မင်းကိုကျေးဇူးတင်ပါတယ်"

လေးလေးက အပြုံးလေးနှင့်ကြည့်ပြီး

"ပြောစရာလား အစ်ကိုသန့်ရယ်၊ ကျွန်တော်လည်း အခုမှပဲ အစ်ကိုသန့်သားလူမိုက်ကြီးအတွက် စိတ်အေးသွားရတော့တယ်"

ဖေဖေအပြုံးလေးနှင့်ခေါင်းညိတ်ပြီး သူ့ကိုကြည့်သည်။

"ဟင် သားငိုနေတယ် ဟုတ်လား၊ ဒါ ငိုစရာလား သားလေးရယ် ဝမ်းသာရမှာ သားလေးရဲ့"

ဖေဖေက သူ့ကိုမျက်ရည်တွေသုတ်ပေးပြီး မာမီဘက်လှည့်လိုက် ကာ

"ဟော မာမီကလည်း ငိုနေပြန်ပြီ၊ ဒီသားအမိတွေနဲ့တော့ ခက်ပြီ"

"ဒါ ဝမ်းသာလို့ငိုတဲ့အငို အစ်ကိုသန့်ရဲ့၊ ငိုကြပါစေ ကဲ မိသားစု တွေ မိုးလင်းပေါက်အလွမ်းသယ်ရင်သယ်ကြ တို့ကတော့ သွားပြီ"

"လေးလေး"

လေးလေးလှည့်မကြည့်ဘဲ လက်ပြသွားသည်။

ဖေဖေက မာမီနှင့်သူ့ကို တတွတ်တွတ်ချော့နေသည်။ ချော့နေ သော ဖေဖေ့မျက်ဝန်းထဲမှာလည်း မျက်ရည်တွေဝိုင်းရံနေပေမယ့် မျက်နှာပေါ် မှာတော့ ကျေနပ်ပြုံးတွေ ဝေနေသည်။

ဒီနေ့သည် သူတို့မိသားစု၏အပျော်ဆုံးနေ့ကလေးတစ်နေ့ ဖြစ် သည်။ ပိုးနှင့်သာလက်ထပ်ပြီးလျှင် ဒီထက်ပိုပျော်စရာကောင်းမှာ။ ထိုအတွေး ရောက်တော့ ရွှေကဗျာကို သတိရသွားသည်။

"ဖေဖေ"

"ပြောလေ"

ဖေဖေရဲ့ကရုဏာသံလေးနှင့် အကြင်နာအပြုံးလေးကို သူ ငေးကြည့်နေတော့

"သားလေး ပြောလေ ဘာပြောမလို့လဲ"

မေမေကလည်း ဘာပြောမလဲဆိုသည့်အကြည့်နှင့် ကြည့်နေသည်။

"ဟို ရွှေကဗျာ"

သူ့စကားတစ်ပိုင်းတစ်စနှင့်ရပ်သွားတော့ ဖေဖေက ခေါင်းတညိတ်ညိတ်လုပ်ပြီး

"သမီးလေးကဗျာ့ကိုပြောတာလား"

"ဟုတ်ကဲ့ ဖေဖေ သူက"

"သား လေးလေးပြောပြပြီးပြီ မဟုတ်လား။ ဖေဖေနဲ့သမီးလေးကဗျာက သားအဖအရင်းလို သိပ်သံယောဇဉ်ရှိကြတယ်၊ အခု သမီးလေးက ဖေဖေနဲ့ လိုက်နေတာသာကြည့်တော့၊ တကယ်တော့ သားက သူတော်ကောင်းလေးပါ။ သားက သိပ်သနားတတ် ကြင်နာတတ်မှန်းသိလို့ ဖေဖေတို့တွေအားလုံးတိုင်ပင်ပြီး သမီးလေးကဗျာ ဒီအိမ်ရောက်လာဖို့ ဒါရိုက်တာလုပ်လိုက်တာပဲ"

"အဲဒီတုန်းက ရွှေကဗျာက သိပ်သရုပ်ဆောင်ကောင်းတာပဲနော်၊ မင်းသမီးလုပ်လို့တောင် ရတယ်"

သူ့ရဲ့မကျေနပ်သံလေးနှင့်အပြောကို ဖေဖေရယ်သလို မာမီလည်းပြုံးစိစိနှင့်။

"မာမီ"

"ဘာလဲ သားလေး"

"သားကို ဘာမှမပြောတော့ဘူးလား"





"ဘာမှပြောစရာမရှိပါဘူး သားရယ်၊ မာမီ အရမ်းဝမ်းသာနေတာပဲပြောတယ်"

"မာမီ့ကိုစိတ်ဒုက္ခပေးခဲ့တဲ့ သားကိုခွင့်လွှတ်ပါနော်"

"ခွင့်လွှတ်ပြီးသားပါ သားရယ်"

သိပ်ချစ်ရသော မာမီ့ကိုကြည့်ပြီး သူ စချင်နေသည်။

"တကယ်လို့ ဖေဖေကသားအဖေရင်းမဟုတ်ဘူးဆိုရင် မာမီ ယူမှာပဲလား"

"သားရယ်"

ဘာဖြေရမှန်းမသိဖြစ်နေသော မာမီ့ကိုကြည့်ပြီး သူ ရယ်တော့ဖေဖေကလည်း သဘောကျနေသည်။

"အလကားပါ မာမီရယ်၊ သားက မာမီ့ကိုချစ်လို့စတာပါ"

အခုတော့လည်း သူတို့မိသားစုဘဝလောက် ပျော်စရာကောင်းတာမရှိပါ။

"သားလေးကို တစ်ခုလောက် မေတ္တာရပ်ခံပါရစေ"

ဖေဖေပြောလိုက်ပုံလေးကို သူ အလွန်အမင်း သနားသွားသည်။

"ဖေဖေရယ် ဘယ်လိုပြောလိုက်တာလဲ၊ သားကိုအဲဒီလိုပြောစရာသားလို့၊ သားက အရင်နိုင်းမရမဟုတ်တော့ပါဘူး။ ဖေဖေနဲ့မာမီရဲ့ပြောစကားကို အမြဲတမ်း နားထောင်မယ့် အလိမ္မာတုံးလေးဖြစ်သွားပါပြီ"

"ဟုတ်ပါပြီ သားရယ်၊ ဖေဖေပြောချင်တာက သမီးရွှေကဗျာကိုလည်း သားညီမလေးလို သဘောထားပေးပါလို့"

"ဒါများ ဖေဖေရယ် ရပါတယ်"

"သားလေးစိတ်ဓာတ်ကို သိပြီးသားပါ"

သူ ပြုံးလိုက်ပြီး

"သားသာ ရွှေကဗျာကိုခေါ်မလာရင် ဖေဖေတို့ဘာဆက်လုပ်ရ မှာလဲ"

"သားကျိန်းသေခေါ်လာမယ်ဆိုတာ မာမီကသိပြီးသား"

မာမီက အပိုင်ကိုဝင်ပြောသည်။

"ဟုတ်တယ်လေ မာမှီသားစိတ်ဓာတ်ကို မာမှီထက်ပိုပြီး ဘယ်သူ သိမှာလဲ၊ သားကဆိုးချင်လို့ဆိုးနေတာမှ မဟုတ်တာ၊ တမင်လူဆိုးကြီးလုပ် နေတာ သိတာပေါ့"

"ဖေဖေ တွေ့လား၊ မာမီကိုယ်တိုင်က သားကိုလူဆိုးဆိုတော့ တခြားသူတွေကလည်း ပြောကုန်ပြီပေါ့"

သူ ခပ်ချွဲချွဲအသံလေးနှင့် ဖေဖေ့ကိုတိုင်တော့ ဖေဖေ ပျာပျာသထဲ နှင့်

"ဝေကလည်းကွာ ကိုယ့်သားကို အဲဒီလို မပြောပါနဲ့"

"ဟွန်း နဂိုထဲက သားကိုဆို သည်းသည်းလှုပ်နေတာ၊ အခုတော့ ပိုဆိုးပြီပေါ့"

"ကိုယ့်မှာချစ်စရာဆိုလို့ ဒီသားလေးတစ်ယောက်တည်းရှိတာ သည်းရမှာပေါ့ ဝေရယ်"

ဖေဖေ့စကားက သူ့ရင်ကိုအရမ်းကို ချမ်းမြေ့စေပါသည်။

"ဟုတ်တယ်နော် ဖေဖေ၊ သားကလည်း ဖေဖေ့ကိုအရမ်းချစ်တာ"

"သားလေးရယ်"

ဖေဖေ သူ့ပခုံးကိုဖက်ပြီး မချင့်မရဲကြီးဖြစ်နေသည်။

"ဒီသားအဖတွေ အမြင်ကိုကပ်တယ်"

"ဖေဖေ မာမီ မနာလိုဖြစ်နေတယ် တွေ့လား၊ သားဖေဖေ့ကို ပိုချစ်မှာစိုးလို့"





မာမီက နှုတ်ခမ်းကြီးစူပြီး ဘာမှမပြော။ ဒါပေမဲ့ မာမီပျော်နေမှာ သိသည်။

"အလကားပါ မာမီရယ်၊ သားက ဖေဖေနဲ့မာမှီကို အတူတူချစ် ပါ၊ သား သွားအိပ်တော့မယ်နော်"

"သွား သွား သားလေး၊ သား လေးလေးစောင့်နေဦးမယ်"

ဖေဖေနှင့်မာမီကို တာ့တာလုပ်ပြီး အိမ်ထဲဝင်လာခဲ့သည်။ သူ့ကို ည့်ပြီး ပြုံးကျန်ခဲ့မှာသေချာသည်။ သူ လက်ခံလိုက်သည့်အတွက် ဖေဖေ ရမ်းပျော်နေတော့ သူ့ရင်ထဲမှာလည်း အရမ်းကိုကျေနပ်နေပါသည်။

ဖေဖေခံစားခဲ့ရတာတွေအတွက် သားကိုခွင့်လွှတ်ပါ ဖေဖေရယ်။

■ ■ ■

## အခန်း (၂၅)

“အဲဒါပဲ ပိုး၊ မောင်ပြောတာတွေ အားလုံး အမှန်တွေချည်းပဲ”

ဖြစ်ခဲ့သမျှ အိမ်တွင်းရေးအကြောင်းတွေကို သူ ပြောပြလိုက်တော့ ဘာတစ်ခွန်းမှပြန်မပြောသည့်အပြင် မတုန်မလှုပ် ပိုးပုံစံကိုကြည့်ပြီး မချင့်မရဲ ဖြစ်သွားသည်။

ပိုးလက်ကလေးကိုဆုပ်ကိုင်လိုက်ပြီး

“ပိုး”

“ဟင်”

ပိုးအနားကိုတိုးကပ်လိုက်ပြီး

“မောင့်ကိုတစ်ခုခု ပြန်ပြောဦးလေ”

“ဘာပြောရမှာလဲ၊ ပြောစရာလိုသေးလို့လား”

ပုံမှန်မဟုတ်သော ပိုးအသံနှင့်ပြောပုံကြောင့် သူ သက်ပြင်းချလိုက်သည်။

မောင့်မျက်နှာကို ပိုးတည့်တည့်ကြည့်လိုက်ကာ





“ဦးသန့်စင်က မောင့်အဖေအရင်းဖြစ်တဲ့အတွက် မောင်နဲ့ထပ်တူ ဆပ်မျှ ပိုး ဝမ်းသာပါတယ်၊ ဒါပေမဲ့ ရွှေကဗျာကတော့ မောင်ခေါ်လာတဲ့ လမ်းပေါ်ကကောင်မလေးမဟုတ်တော့ဘူး။ အဲဒီအတွက်တော့ ပိုး စိတ်အနှောင့်အယှက်ဖြစ်သွားတာ အမှန်ပဲ”

သူ ဘာပြန်ပြောရမှန်းမသိအောင်ကို ပိုးမျက်နှာလေးကို ငေးကြည့်နေမိသည်။ အစဉ်အမြဲ ကြည်ကြည်လင်လင်ရှိနေသော ပိုးမျက်နှာလေး ညှိုးနေတော့ သူ မနေတတ်။ ပိုး စိတ်ချမ်းသာတာကိုပဲ သူမြင်ချင်သည်။

“အဲဒီအတွက် မောင် ဘာလုပ်ပေးရမလဲ ပိုး၊ ဘာလုပ်ပေးရမှ ပိုးစိတ်ချမ်းသာမလဲ”

“ပိုးမပြောတတ်ဘူး မောင်”

သူ့မျက်နှာကိုမကြည့်ဘဲ ပိုး ဖြေ၏။

“ဒါဆို မောင်ပဲပြောမယ်၊ မောင်စီစဉ်တာကိုတော့ ပိုးမငြင်းရဘူး”

မျက်နှာထားတင်းတင်းနှင့် ပိုးတစ်ခွန်းမှပြန်မပြော။ ရွှေကဗျာနှင့်သူ့ကို ပိုးသဝန်တိုနေတာ သိတာပေါ့။ ပိုး သဝန်တိုနေပုံလေးကို ပျော်လည်းပျော် စိတ်လည်းညစ်နေသည်။

“သဘက်ခါဆန်းဒေးပဲ၊ ဒေါ်လေးကိုလည်း မောင့်မိသားစုနဲ့ မိတ်ဆက်ပေးပြီး မောင်တို့နှစ်ယောက် အမြန်ဆုံးလက်ထပ်ကြမယ်”

ဖျတ်ခနဲ ပိုး သူ့ကိုလှည့်ကြည့်ပြီး တွေဝေသွားပုံပင်။

“ဘာတွေစဉ်းစားနေတာလဲ ပိုး၊ မောင်ပြောတာ လက်ခံတယ်မဟုတ်လား”

ပိုးက စိတ်လျှော့သွားသည့်ပုံနှင့်

“အစကတော့ လက်ထပ်ဖို့ အချိန်ခဏဆွဲထားဦးမလို့ပဲ၊ အခုတော့ မောင်ပြောတဲ့အတိုင်း အမြန်ဆုံးလက်ထပ်ကြတာပေါ့”

ပိုးမမြင်အောင် သူ ပြုံးလိုက်ရင်း

"ရွှေကဗျာနဲ့ စိတ်မချလို့ မဟုတ်လား"

"ဟုတ်တယ်"

ပိုး အမုန်အတိုင်းပင်ဝန်ခံတော့ မောင် ပိုးလက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး

"ပိုးရယ် မောင့်ကိုအဲဒီလောက်အထိ သဝန်တိုတယ်ပေါ့"

"ပိုးလေ မောင့်ကိုသိပ်ချစ်တာကို"

ပိုး ညာဘက်ပါးလေးကို ရုတ်တရက် သူနမ်းလိုက်တော့ ရှောင်ချိန်မရ။

"အရမ်းချစ်တယ် ပိုးရယ်"

မောင် ပိုးကိုယ်လေးကို အကြာကြီးပွေ့ဖက်ထားတော့ မရုန်းမိ။ မောင့်ကိုသိပ်ချစ်သည့်အတွက် မောင့်ရဲ့ကြင်နာယုယမှုတွေကို သာယာတာ၊ မောင့်ကိုသဝန်တိုတာ ပိုးအပြစ်မဟုတ်ပါ။

"မောင်"

"ဘာလဲ ပိုး၊ ပြောလေ"

ပိုးကိုဖက်ထားရင်းက မောင်မေးတော့

"မောင့်အဖေက ပိုးနဲ့သဘောတူပါ့မလား"

"ပိုးကလည်း ပိုးနဲ့တွေ့ပြီးပြီလေ"

"ဒါက ဒီအကြောင်းတွေ မောင်မသိခင်ကလေ"

ပိုးပြောလိုက်ပုံလေးကို သူ ရယ်လိုက်ပြီး

"ပိုးရယ် မောင်သိတာ မသိတာနဲ့ ဘာဆိုင်လို့လဲ၊ ဖေဖေသိပြီးသားအကြောင်းပဲ ဘာပြောင်းလဲစရာရှိလဲ"

"မသိတော့ပါဘူး မောင်ရယ်၊ မောင်နဲ့ဝေးမှာပဲ ကြောက်တယ်"





"မောင်တို့နှစ်ယောက် ဘယ်တော့မှမဝေးဘူး ပိုး၊ ကဲပါ ဘာမှစိတ်မပူနဲ့ သဘက်ခါကိုလူကြီးတွေတွေ့ပြီး ညှိကြပစေပေါ့"

ပိုး ခေါင်းညိတ်ပြ၏။ အခုမှပင် ပိုးမျက်နှာလေး လန်းဆန်းသွားသည်။

"မောင် ပြန်တော့မယ်နော်"

"ပြန်တော့မလို့လား မောင်"

ပိုး မေးလိုက်ပုံလေးကြောင့် အနားကမခွာချင်တော့ပါ။

"ဆေးရုံသွားရဦးမယ်လေ ပိုးရဲ့၊ နေ့လယ်ဘက်ဆို ကိုမင်းတစ်ယောက်တည်း၊ ဝေယံကလည်း ဒီနေ့မအားဘူး"

"ဟုတ်လား မောင်၊ ဒါဆိုလည်း သွားလေ"

"ပိုး လိုက်ခဲ့ပါလား၊ တစ်ယောက်တည်း ပျင်းစရာကြီး"

"ပိုးက အမြဲတမ်း တစ်ယောက်တည်းနေနေကြ မောင်ရဲ့"

"စိတ်ချမယ်နော် ပိုး"

ပိုးက ဘာစကားမှပြန်မပြောဘဲ ပြုံးစိစိနှင့်။

"သွားမယ်နော် ပိုး"

နှုတ်ဆက်ရင်း ပိုးနားကိုတိုးလာတော့ နောက်တစ်လှမ်းဆုတ်လိုက်သည်။ သူ မှုန်ကုပ်ကုပ်နှင့်ကြည့်တော့ ပိုးက လက်ညှိုးလေးကွေးလိုက်ဆန့်လိုက်လုပ်ပြီး အိမ်ထဲပြေးဝင်သွားသည်။

သူ မချင့်မရဲဖြစ်ကာ ကားပေါ်တက်ပြီး ပိုးတို့လမ်းထဲက ကားလေးထွက်လာခဲ့သည်။

ဆေးရုံမှာ ကိုမင်းအစ်မတွေရောက်သည်အထိ နေပေးပြီး ညနေစောင်းမှ အိမ်ပြန်လာခဲ့သည်။ လေးလေးတစ်ယောက်တည်း ညှိခန်းမှာ

စာထိုင်ဖတ်နေ၏။

"လေးလေး"

လေးလေး စာအုပ်ဆီက အကြည့်ကိုခွာပြီး

"ပြော"

"ဖေဖေနဲ့မာမီရော"

"ညှော်ခံပွဲတစ်ခုသွားကြတယ်"

လေးလေးဘေးနား သူကပ်ထိုင်လိုက်ပြီး

"ရွှေကဗျာတစ်ယောက် မတွေ့ပါလား လေးလေး"

"ရှိပါတယ် စောစောကတင် တွေ့လိုက်သေးတယ်"

"လေးလေး ထမင်းစားပြီးပြီလား"

"ဟင့်အင်း"

"သား ရေချိုးပြီး စားမယ်လေ"

"သွားချိုး"

ပြောပြီးတာနှင့် လေးလေး စာအုပ်ပြန်ဖတ်နေသည်။

သူ ရေချိုးဖို့ အခန်းထဲဝင်လာခဲ့သည်။ ဖေဖေနှင့်မာမီက ညှော်ခံပွဲမှာစားလာမှာ သေချာသည်။ လေးလေး သူ့ကိုတမင်ထမင်းစားစောင့်နေတာဖြစ်မည်။ လေးလေးဗိုက်ဆာမှာစိုးပြီး ရေကမန်းကတန်းချိုး တွေ့သည့်တီရှပ်တစ်ထည် ကောက်စွပ်ပြီး ထမင်းစားခန်းထဲဝင်လာခဲ့သည်။

"အမ်လေး"

သူ ကမန်းကတန်းအဝင် ထွက်လာသော ရွှေကဗျာကိုဝင်တိုက်တော့ လဲကျသွားတော့မည့် သူမကို လှမ်းထိန်းပြီး

"ဆောရီး"

ဒါပဲပြောပြီး သူ ထမင်းစားခန်းထဲ ဝင်လာတော့ ရွှေကဗျာ ဘာဖြစ်





ခဲ့ကျန်ခဲ့သည်မသိ။

လေးလေးလှမ်းကြည့်နေသလို မိချို မျက်လုံးကြီးကျွတ်ကျသွားမတတ် ကြည့်နေသည်။

"ဆွဲမယ် လေးလေး"

လေးလေးနှင့်ထမင်းစားရင်း တနင်္ဂနွေနေ့ကို ပိုးအဒေါ်လာမည့်အကြောင်းပြောတော့ လေးလေးက အင်းမလုပ်အဲမလုပ်။ ပိုးအဒေါ်နှင့်လေးလေးကို သူ နောက်ပြောင်နေတာကြောင့် လေးလေး ဟက်ဟက်ပက်ပက်မလုပ်ခြင်းဖြစ်သည်။

"လေးလေးနော် အဲဒီနေ့ကျရင် ပိုးအဒေါ်ကို ခပ်တည်တည်ကြီးလုပ်မနေနဲ့"

"ခပ်တည်တည်မနေလို့ သွားဖြဲပြနေရမလား"

"ကိုယ့်တူလေးအဒေါ်ဆိုတော့ ဆွေမျိုးအရင်းကြီးတွေဖြစ်သွားပြီလေ၊ ကိုယ်က အိမ်ရှင်ဆိုတော့ ဝတ္တရားကျေရမှာပေါ့"

လေးလေး လက်သုတ်ပစ်ချပြီး သူ့ကိုခပ်ပေပေ တစ်ချက်ကြည့်ကာ ထမင်းစားခန်းထဲက ထွက်သွားသည်။ သူ တဟားဟား အော်ရယ်ပြီး ထမင်းစားခန်းက ထွက်လာတော့ လေးလေး အခန်းထဲ တန်းဝင်သွားသည်။

ဖေဖေနှင့်မာမီကိုစောင့်ဖို့ ညှော်ခန်းထဲရောက်တော့ ရွှေကဗျာလည်း ဘီဒီကြည့်ရင်း စောင့်နေပုံပင်။ ရွှေကဗျာ၏ဘာဝအမှန်ကို သိသွားပေမယ့် သူက ခပ်တည်တည်ပဲနေသည်။ ဖေဖေနှင့်မာမီက သူနှင့်ရွှေကဗျာကို ရည်ရွယ်ထားကြပုံရသည်။ သူ့မှာချစ်သူရှိသွားသည့်အတွက် လက်လျှော့သွားကြသည်။

ဟော ကားသံ။ ဖေဖေနဲ့မာမီ ပြန်လာပြီ။

သူ့လိုပဲ ရွှေကဗျာလည်း အိမ်ပေါက်ဝကိုလှမ်းကြည့်နေသည်။

"ထူးထူးဆန်းဆန်း ဖေဖေ့သားလေး တီဗီကြည့်နေပါလား"

သူ့ကိုတွေ့တော့ ဖေဖေ တအံ့တသြပြောလိုက်သလို မာမီလည်း ပြုံးနေသည်။

"ဖေဖေနဲ့မာမီ့ကိုစောင့်နေတာ"

ထိုင်ရာက သူ ထသွားပြီး ဖေဖေ့လက်မောင်းကိုကိုင်ကာ ပြောလိုက်သည်။ ဖေဖေ သားဖြစ်သည့်သူ့ကို ပြုံးပြုံးကြီးကြည့်ပြီး ကျေနပ်သံကြီးနှင့်

"အမောကိုပြေသွားတာပဲ သားလေးရယ်"

"သိတယ်လေ ဒါကြောင့် သားစောင့်နေတာ"

"ချစ်ဖို့ကောင်းလိုက်တဲ့ ဖေဖေ့သားလေး"

သူနှင့်ဖေဖေ ချစ်နေကြတာကို မာမီ မျက်စောင်းကြီးထိုးပြီး

"တကတည်းတော် အခုမှ အချစ်နလန်ထနေလိုက်ကြတာ အမြင်ကိုကပ်ရော"

"မာမီ မနာလိုဖြစ်နေပြီ မဟုတ်လား"

"မဖြစ်ပါဘူး"

မာမီ့ပခုံးလေးကို သူဖျစ်ညှစ်လိုက်ပြီး

"မညာပါနဲ့ မာမီရယ်၊ ကိုယ့်မာမီအကြောင်း မသိတာကျနေတာပဲ ဖေဖေ တွေ့တယ်မဟုတ်လား။ ဖေဖေ့ကိုပိုချစ်မှာစိုးလို့ မာမီ မနာလိုတိုရှည်တွေဖြစ်နေတယ်"

ဖေဖေက သူ့ရဲ့ကလေးဆန်ဆန်အပြောကို သဘောကျပြီး သားမျက်နှာကိုပဲ တစိမ့်စိမ့်ကြည့်နေပါသည်။ မာမီကတော့ နှုတ်ခမ်းကြီးစူပြီး ပွစိပွစိနှင့် မလှမ်းမကမ်းမှာရှိနေသော ရွှေကဗျာ သူတို့မိသားစုကိုကြည့်ပြီး မျက်နှာပျက်နေသည်။ အခုမှပင် မာမီ သတိရသွားပုံပင်





"သမီးလည်း မအိပ်သေးဘူးကို၊ ထမင်းစားပြီးကြပြီလား"

"ပြီးပြီ"

"ဟုတ်ကဲ့ အန်တီ"

"ဒါဆိုလည်း နားကြတော့လေ"

ရွှေကဗျာ ခပ်ရှိုးရှိုးလေး အိမ်ထဲဝင်သွားသည်။

သားဖြစ်သည့်သူ့ကိုဖေဖေ အရမ်းချစ်ပြီး ရွှေကဗျာကို သိပ်ဂရုမစိုက်တော့ မျက်နှာမကောင်း။ သဘောထားမပြည့်ဝဘူးပဲပြောပြော သူကတော့ ကျေနပ်သည်။

ငါ့ကိုယှဉ်လို့ရမလား ရွှေကဗျာရယ်။ ငါက သားအရင်းပါ။

■ ■ ■

## အခန်း (၂၆)

"သမီး ကဗျာ"

"ရှင် ဖေဖေ"

မျက်ရည်တွေ ကမန်းကတန်းသုတ်ပြီး ရွှေကဗျာ ထူးလိုက်သည်။ ဦးသန့်စင် ရွှေကဗျာ့အဖြစ်ကိုကြည့်ပြီး သက်ပြင်းချလိုက်သည်။

"ဖေဖေ ဘာပြောမလို့လဲဟင်"

"မနက်ဖြန် သမီးမွေးနေ့လေ၊ တိုက်တိုက်ဆိုင်ဆိုင် ဖေဖေနဲ့သမီး အန်တီရဲ့အိမ်ထောင်သက် (၂၂)နှစ်ပြည့်တဲ့နေ့ပဲ၊ မနက်စောစော ဘုရားသွားကြမယ်၊ အပြင်မှာပဲစားပြီး တစ်နေကုန်လျှောက်လည်ကြမယ် နော် သမီး"

"ဟုတ်ကဲ့ပါဖေဖေ"

ငိုထားသည့်မျက်နှာလေးနှင့် ပြောသမျှ နာခံသော ရွှေကဗျာက သမီးရင်းမဟုတ်သော်လည်း သမီးအရင်းတစ်ယောက်လိုချစ်ရသည့် အချစ်ဆုံး သူငယ်ချင်း၏သမီးလေးပါ။ သမီးကဗျာရဲ့အဖေ မျိုးမောင်နှင့်သူက ဘိန်းမုန့် တစ်ခုကိုနှစ်ယောက်မျှဝေစားရသည့် ချို့ချို့တဲ့တဲ့ဘဝ။ သိပ်ချစ်ကြသော





ယ်သူငယ်ချင်းတွေဖြစ်သလို စိတ်ဓာတ်ခြင်းရော ရည်ရွယ်ချက်ခြင်းပါ တူကြသည်။ ဘဝမှာ ပညာရေးကိုသာအလေးထားသော သူငယ်ချင်းနှစ်ယောက်က နှလုံးသားရေးမှာကျတော့လည်း ရုပ်ချော ချမ်းသာသော အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ကိုမှ တန်းတန်းစွဲ ချစ်ခဲ့မိကြသည်။

ဒီထဲမှာမှ မျိုးမောင်က ကံဆိုးခဲ့သည်။ မျိုးမောင်ဆုံးတော့ ဦးသန့်စင် အရူးတစ်ယောက်လို ခံစားရသည်။ မျိုးမောင် မဆုံးခင် ဇနီးနှင့်သမီးလေးကို ဘစ်သက်လုံးစောင့်ရှောက်ပါမည်ဆိုသော ကတိကိုပေးမှ အသေဖြောင့်သွားသည်။ ဒါပေမဲ့ မျိုးမောင်မိန်းမ သူဇာရော သမီးလေးကဗျာရော ကံဆိုးတယ်ဟု ပြောရမည်။

အသက်မကချစ်ရသည့် ဝေက သူ့အိမ်ထောင်နှင့်သူ အသားကျနေတော့ သူဇာနှင့်သမီးလေးကဗျာကိုပဲ တစ်သက်လုံး ဖြူဖြူစင်စင် စောင့်ရှောက်ဲ့ဆုံးဖြတ်ပြီးမှ ဝေ့အမျိုးသား ဆုံးသည်။ ဆက်တိုက်ဆိုသလို သူဇာလည်း ဆုံးတော့ ဝေနှင့်ပြန်ပေါင်းဆုံဖို့ ဖြစ်လာခဲ့သည်။

ဖအေရင်းကို ပထွေးဟုထင်နေသော သားကြောင့်ပဲ လောလော ဆယ် သမီးလေးကဗျာနှင့်အတူနေခွင့်မရခဲ့။ အတူနေရပြန်တော့လည်း သားကိုလုပ်ကြံဖာတ်လမ်းခင်းပြီး လာရသည့်အတွက် အခိုင်းအစေတစ်ယောက်လို နေခဲ့ရသည်။ ဒီအတွက် တစ်နေ့မှ စိတ်မချမ်းသာခဲ့ပါ။

အဆိုးဆုံးကတော့ သားမှာချစ်သူရှိသွားခြင်းပင်။ သမီးလေးကဗျာက သားကိုကြိတ်ပြီး သံယောဇဉ်ရှိနေတာ သိသည်။ အချစ်ဆုံးသူငယ်ချင်းရဲ့ သမီးဆိုပေမယ့် ငယ်ငယ်လေးတည်းက ကိုယ့်လက်ပေါ်မှာ ကြီးခဲ့ရသည့် ကလေးမို့ သမီးရင်းလေးလိုပင် ချစ်သည်။ သမီးလေး စိတ်ဆင်းရဲနေတာလည်း သိသည်။ သမီးစိတ်ချမ်းသာအောင် ဘာလုပ်ပေးရမလဲဆိုသော အတွေး ရင်ထဲမှာအမြဲရှိနေသည်။

"ဖေဖေ"

ကဗျာ့ကိုတွေတွေကြီးကြည့်နေပေမယ့် ဖေဖေ မထူး။

"ဖေဖေ"

"ဟမ် သ ,သမီး"

ဒုတိယအကြိမ် ထပ်ခေါ်ပြီး ဖေဖေ့လက်မောင်းကြီးကို ကိုင်လှုပ်လိုက်မှ အလန့်တကြားဖြစ်သွားသည်။

"ဘာတွေတွေးနေတာလဲ ဖေဖေရဲ့"

"ဩော် အဟင်း ဟင်း ဘာရယ်မဟုတ်ပါဘူး သမီးရဲ့၊ သမီးလေးမျက်နှာကိုမြင်လိုက်ရင် မျိုးမောင်နဲ့သူ့ဇာကို သတိရသွားလို့"

ပြုံးပြီးပြောနေသော ဖေဖေ့အပြုံးတွေက အသက်မပါသလို ညာပြောနေတာလည်း သိသည်။ အစ်ကိုနှင့်ကဗျာ့ကိုနီးစပ်စေချင်သော ဖေဖေတသားဖြစ်သူမှာ ချစ်သူရှိသွားသည့်အတွက် စိတ်ဆင်းရဲနေတာ ကဗျာသိသည်။

ဖေဖေရယ် သမီးကပိုဆိုးတာပေါ့။

စိတ်ထဲကပြောရင်း ဝဲလာသော မျက်ရည်တွေကို ကမန်းကတန်းသိမ်းလိုက်ရသည်။

"ဖေဖေရယ် စိတ်မကောင်းစရာတွေ မတွေးပါနဲ့၊ မနက်ဖြန် ဖေဖေနဲ့အန်တီရဲ့အိမ်ထောင်သက် (၂၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သမီးဘာလုပ်ပေးရမလဲ"

"သမီးလေးရယ်"

ရင်ထဲမှာ မခံစားနိုင်တော့ပါ။

"သမီးလေး လုပ်ပေးထားတာတွေက ဖေဖေ့အတွက် အဖိုးမဖြတ်နိုင်တဲ့အရာတွေပါ သမီးရယ်၊ သမီးဘာမှထပ်လုပ်ပေးစရာ မလိုအောင်သာလွှန်နေပါပြီ၊ ဖေဖေကသာ သမီးလေးအပေါ် တာဝန်မကျေတာ၊ ဒီ





အတွက် ဖေဖေ့ကို သမီးနားလည်ပေးပါ"

"ဖေဖေရယ် ဘာလို့ စိတ်မကောင်းစရာတွေ ပြောနေရတာလဲ၊ သမီးကလေ ဖေဖေရယ် အန်တီရယ်နဲ့အတူတူနေရရင်ပဲ ပျော်တယ်"

"သမီးလေးရယ်"

ဘယ်လိုမှ ခံနိုင်ရည်မရှိတော့အောင် သမီးလေးကို ရင်ခွင်ထဲမှာကြင်နာစွာထွေးပွေ့ထားလိုက်သည်။

ဖေဖေ့ကိုတင်းကြပ်စွာ ဖက်ထားရင်းက ကဗျာ့ပါးပြင်ပေါ်သို့ မျက်ရည်တွေတစ်ပေါက်ခြင်း တစ်ပေါက်ခြင်း။

ကဗျာ ကျေနပ်ပါသည်။ အစ်ကို့အချစ်ကိုမရပေမယ့် သမီးအရင်းလေးလို ချစ်သော ဖေဖေနှင့်အန်တီကြောင့်ပင် ကဗျာ့ဘဝကို ကျေနပ်သည်။ ဖြစ်ချင်သလိုဖြစ်မလာတော့လည်း ဖြစ်လာသည့်ဘဝကိုပဲ တင်းတိမ်ရောင်ရဲပြီး ပျော်အောင်နေရမှာပေါ့။ ဖေဖေနှင့်အန်တီက ကဗျာ့ရဲ့ဘုနှစ်ပါးဖြစ်သည့်အတွက် အစ်ကိုကလည်း ကဗျာ့ရဲ့အစ်ကိုကြီးပဲဖြစ်သည်။ ဒီတော့ အစ်ကို့ရဲ့ချစ်သူ အစ်ကိုလက်ထပ်မည့်မိန်းမကလည်း ကဗျာ့အစ်မပဲဖြစ်သည်။

အတွေးနှင့်ပင် ကဗျာ့ရင်ထဲ အပျော်လေးတွေ လှိုင်းထသွားသည်။

"ဖေဖေ"

ဖေဖေ့ရင်ခွင်ထဲကခွာပြီး ဖေဖေ့မျက်ရည်တွေကို သုတ်ပေးလိုက်သည်။

"ဒီနေ့ကစပြီး ဖေဖေ့ရင်ထဲ ဘာမှမထားနဲ့၊ သမီးတို့မိသားစု ပျော်ပျော်နေကြရအောင်၊ သမီးက ဖေဖေနဲ့အန်တီရဲ့ သမီးအရင်းလေးဖြစ်တဲ့အတွက် ဖေဖေ့ခံစားချက်တွေအကုန်လုံး ထုတ်ပစ်လိုက်တော့၊ အဲဒီလိုမှမဟုတ်ရင် ဖေဖေ့သမီးရင်းလို သဘောမထားလို့ပဲ သမီးသတ်မှတ်လိုက်တော့မယ်"

အပြုံးဖြင့်ပြောနေသော ကဗျာ့မျက်နှာမှာ မျက်ရည်တွေနှင့်၊

"ကောင်းပါပြီ သမီးလေးရယ်၊ ကောင်းပါပြီ"

ထိုအချိန်မှာပဲ အန်တီရောက်လာတော့ ကဗျာ အပြုံးလေးနှင့် နှုတ်ဆက်လိုက်သည်။

"အန်တီ"

"သမီး"

"ဝေ"

"ကိုယ် သမီးလေးကဗျာပြောတာ ဟုတ်တယ်၊ သမီးကဗျာက ဖေဖေနဲ့မေမေရဲ့ သမီးအထွေးဆုံးလေးပဲ"

"မေမေ"

"သမီးလေး"

သမီးလေး ရွှေကဗျာကိုပွေ့ဖက်ထားရင်း ဒေါ်ဝေဝေမိုး တသိမ့်သိမ့် ရှိုက်ငိုသည်။

"ဟော မေမေက ငိုပြန်ပြီ"

အပြုံးလေးနှင့် ဒေါ်ဝေဝေမိုးပါးပေါ်က မျက်ရည်တွေသုတ်ပေးရင်း ရွှေကဗျာ့ပါးပေါ်မှာလည်း မျက်ရည်တွေနှင့်။ ရွှေကဗျာ့ကို မျက်ရည်တွေ သုတ်ပေးနေသော ဦးသန့်စင်၏အပြုံးမျက်နှာကလည်း မျက်ရည်စတွေနှင့်။ အားလုံး၏အပြုံးမျက်နှာတွေမှာတော့ မျက်ရည်စတွေ ကိုယ်စီနှင့်။

■ ■ ■



အခန်း (၂၇)

ဖေဖေနှင့်မာမီ အပြုံးကိုယ်စီဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း ဘုရားရေသပ္ပာယ်နေကြပုံကို သူ အမိအရဓာတ်ပုံရိုက်လိုက်သည်။ နှစ်ယောက်လုံး လှည့်ကြည့်ပြီး ရယ်ပြနေသည်။ ထိုမြင်ကွင်းလေးက သူ့မျက်စိထဲ ကြည်နူးမဆုံး။

မလှမ်းမကမ်းမှာ ရှိနေသော ရွှေကဗျာကလည်း ပြုံးပြုံးလေး ကြည့်နေသည်။ တကယ်တော့ ရွှေကဗျာက သနားစရာတော့ တော်တော် ကောင်းသည်။ အဖြစ်မှန်တွေကိုသိပြီးထဲက ရွှေကဗျာကို ညီမလေးတစ်ယောက်လိုပဲ သဘောထားသည်။ ဖေဖေကလည်း သားအရင်းဖြစ်သည့် သူ့ကိုပဲဂရုတစိုက်ရှိနေတော့ စိတ်ထဲတော့ ကောင်းမှာမဟုတ်။ ပိုးနှင့်မဖြစ် မနေလက်ထပ်တော့မည့် သူ့အပေါ်လည်း အကြည့်တွေ၊ ဆက်ဆံပုံတွေ ပြောင်းလဲသွားသည်။

ရွှေကဗျာရယ် တကယ်ပဲ ညီမအရင်းလေးဖြစ်လိုက်ပါတော့လား။

"ဆယ့်တစ်နာရီထိုးပြီ သားရေ၊ သွားကြတော့မလား"

ဖေဖေ လျှောက်လာပြီး မေးနေတော့ သူက မာမီ့ဘက်မေးငေါ့ပြလိုက်ပြီး

"မာမီ့ကိုမေးလေ ဖေဖေ"

မာမီက ရွှေကဗျာကိုတွဲလာပြီး

"သွားကြမယ်လေ၊ ထမင်းစားပြီးရင် ဂျုန်းရှင်းတစ်ခုခုမှာ ဝယ်စရာရှိတာတွေ ဝယ်မယ်"

"ပြီးရင်ရော မာမီ"

သူ မာမီ့ကိုနောက်တော့ မာမီမျက်စောင်းကြီးထိုးပြီး

"ပြီးရင် ပြန်မှာပေါ့"

"မသိပါဘူး သားက ရုပ်ရှင်ပါပြမှာလားလို့"

"ကြည့်ချင်ရင် ကြည့်လေ၊ သားကြည့်ချင်လို့လား သမီးရော"

"သားသဘောက ဖေဖေနဲ့မာမီ့သဘော"

မာမီ ကျေနပ်နေသလို ဖေဖေလည်း ပါးစပ်မစိတော့။

"သမီးရော သမီးရော ရုပ်ရှင်ကြည့်ချင်လား"

"မကြည့်ချင်ပါဘူး မေမေ"

မာမီ့အပေါ် အခေါ်အဝေါ်ပြောင်းသွားသော ရွှေကဗျာ့ကို သူ ဖျတ်ခနဲ ကြည့်လိုက်သည်။ အင်္ကျီနှင့်စကပ် မိုးပြာရောင် ခပ်ပျော့ပျော့အသားကို ထက်အောက်ဆင်တူဝတ်ထားသော ရွှေကဗျာက နုနုဖတ်ဖတ်ငယ်ငယ်လေး။ ပိုးသာတွေ့လျှင် ကျိန်းသေ သဝန်တိုမှာပဲ၊ ရွှေကဗျာကို ညီမလေးတစ်ယောက်လိုပဲ သဘောထားကြောင်းကိုတော့ ပိုးကို နားလည်အောင် ပြောပြရမည်။

ဘုရားပေါ်ကဆင်းတော့ မာမီနှင့်ရွှေကဗျာက တစ်တွဲ၊ ဖေဖေနှင့်





သူက တစ်တွဲဖြစ်သည်။ ဂျုန်းရှင်းမှာ ဝယ်စရာရှိတာဝယ်ပြီး အိမ်ပြန်ရောက်သော့ တော်တော်မိုးချုပ်နေပြီ။

လေးလေးဆီတန်းလာတော့ လေးလေးက အိပ်ပျော်နေသည်။

"လေးလေး လေးလေး"

လေးလေးကို မရမက နှိုးလိုက်သည်။ ရှစ်နာရီခွဲပဲရှိသေးသည်။ ဒါတော့ လေးလေး လွန်တာပေါ့။

"လေးလေး"

"ဟာ ဘာလဲကွာ"

လေးလေး မျက်စိမဖွင့်ဘဲ မေးနေ၏။

"ဒီမှာ လေးလေးဖို့ ဖက်ထုပ်ပေါင်းနဲ့ ဝက်နံရိုးကြော်ဝယ်လာဘယ်"

"မစားချင်ပါဘူး အိပ်ချင်လို့"

"ဘယ်အချိန်ရှိသေးလို့လဲ လေးလေးရယ်၊ ဒီမှာ စားစေချင်လို့ဝယ်လာတာကို ထစားပါဦး"

"မနက်မှစားမယ်၊ လုံးဝ မရတော့ဘူး"

မျက်စိမှိတ်ထားရင်းက သူ့ကိုအတင်းတွန်းဖယ်ကာ တစ်ဖက်စောင်းပြီးဆက်အိပ်နေတော့ လက်လျှော့လိုက်သည်။ ချက်ချင်းပင်ဟောက်နေသော လေးလေးကိုကြည့်ပြီး သူ ပြုံးလိုက်သည်။ ဦးလေးပေမယ့် ဖခင်တစ်ယောက်လို မေတ္တာတွေပေးနိုင်သည့် ဒီဦးလေးကို ပိုးနှင့်လက်ထပ်ပြီးမှ ဒါလေးနှင့်ကောင်းကောင်း အောင်သွယ်ပေးမည်။ အတွေးနှင့် သူ သဘောတွေကျမဆုံးတော့။

■ ■ ■

## အခန်း (၂၈)

သူ့ဘဝတစ်လျှောက်လုံး ဒီနေ့အိပ်ရာထတာ အစောဆုံးဖြစ်သည်။ မျက်နှာသစ်၊ သွားတိုက်၊ ကိုယ်လက်သန့်စင် စသော အလုပ်တွေကိုလည်း တက်တက်ကြွကြွ လုပ်နေမိသည်။ အစောကြီးအိပ်သော လေးလေးတောင် အခုမှနိုးလာပြီး သီချင်းတအေးအေးနှင့် မှန်ရှေ့ကမခွာသော သူ့ကိုကြည့်ပြီး ပြုံးစိစိ။

“လေးလေး ဘာပြုံးတာလဲ”

“ဩော် လှပြီးသားလူတွေက ပိုလှချင်တယ်ဆိုတာ ဟုတ်ပါလား လို့ တွေးနေတာပါ”

“သားကိုလှတယ်လို့ ပြောတာပေါ့”

“လှတာပေါ့ ရုပ်ကလေးကလည်းလှ၊ စိတ်ထားလေးကလည်း ဖြူစင်၊ ဖွတ်တရွတ်လုပ်တတ်တာလေးပဲ ရှိတယ်”

“အခု သားလိမ္မာသွားပါပြီ လေးလေးရယ်”

လေးလေး ခေါင်းတညိတ်ညိတ်နှင့်။





“လေးလေး”

“ပြော”

“သား သွားပြီနော်၊ ပိုးအဒေါ်အပျိုကြီး တစ်ခါတည်းခိုက်သွား အောင် အပျံစား ရှိုင်းထား”

“ဟော့ကောင်”

ပြောပြီးတာနှင့် ပြေးထွက်လာတော့ လေးလေး အော်ကျန်ခဲ့သည်။

စောသေးသည့်အတွက် ဖေဖေနှင့်မေမေတောင် ဘရိတ်ဖတ်ဝိုင်း ရောက်မလာသေး။

“တို့ကိုလေးက မိုက်တယ်ဟေ့၊ အုန်းနို့ခေါက်ဆွဲချက်တယ်၊ မြင် ဒိုက်တော့မယ်နော် ကိုလေး”

သူ ထမင်းစားခန်းထဲဝင်လာတာနှင့် မိချိုလှမ်းကြည့်ပြီး နောက် နေတော့ ဒေါ်ကြီးသန်းလည်း အလုပ်ရှုပ်နေရင်းက လှည့်ကြည့်သည်။

“မလုပ်နဲ့ မလုပ်နဲ့၊ ငါ ကော်ဖီတစ်ခွက်ပဲသောက်တော့မယ်”

မိချို ကရားထဲက ကော်ဖီတွေ ပန်းကန်လုံးထဲထည့်ပြီး လှမ်းပေး သည်။

“ဒီနေ့ ငါ့ကောင်မလေးနဲ့ သူ့အဒေါ်လာမှာနော်၊ လူကြီးချင်းစကား ပြောကြမှာ၊ ထမင်းလည်းစားမှာ ဒီတော့ ဟင်းတွေကို လက်ရာကောင်း ကောင်းချက်၊ ငါ မျက်နှာပျက်အောင်မလုပ်နဲ့”

“စိတ်ချပါ ကိုလေးရဲ့”

“ကဲ သွားပြီ သွားပြီ”

ကော်ဖီကို ကမန်းကတန်းမော့ပြီး ကတိုက်ကရိုက် ထွက်လာသော သူ့ကို မိချိုတို့အတင်းပြောကျန်ခဲ့မှာ သေချာသည်။ သူကတော့ ဘယ်သူတွေ ဘာတွေပြောပြော ပျော်နေတာပဲသိသည်။

သူ အိမ်ကထွက်လာတော့ ခုနစ်နာရီတောင်မထိုးသေး။ စောမှန်းသိပေမယ့်လည်း စိတ်စောနေတော့ အိမ်မှာလည်းမနေချင်။ ဆေးရုံဝင်းနှင့် စိတ်ကူးလိုက်သည်။ မနေ့က တစ်နေ့ကုန်မရောက်ဘဲ ဒီနေ့မနက်အစောကြီး ရောက်လာသော သူ့ကို အားလုံးတအံ့တဩ ဖြစ်နေကြသည်။ သူ ဘာမှ မပြောဘဲ ပြုံးနေသည်။

ဆေးရုံမှာ တစ်နာရီလောက်နေပြီး ပိုးတို့အိမ်ဘက် ထွက်လာခဲ့သည်။ မနေ့က တစ်နေ့ကုန် မရောက်သည့်အပြင် ဖုန်းလည်းမဆက်တော့ ပိုး စိတ်ပူနေမှာပဲ။ ပိုးတို့အိမ်ရှေ့ ကားလေးရပ်ပြီး ဆင်းလာခဲ့သည်။

"ဟင်"

ကားရပ်သံကြားတာနှင့် ပိုး ခြံတံခါးလာဖွင့်မှာပဲဆိုသည့်အတွေး ဖြင့် လှမ်းကြည့်တော့ ခြံတံခါးသော့ခတ်ထားသည်။ ပူပန်စိတ်နှင့် ကမန်းကတန်း လျှောက်သွားတော့ တကယ်ပင် သော့ခလောက်ကြီးက ဆီးကြိုနေသည်။ သူ ဒီနေ့လာခေါ်မယ်ဆိုတာ သေသေချာချာပြောထားတာပဲ ဘယ်များသွားကြတာပါလိမ့်။

ပိုး ဈေးသွားလည်း ဒေါ်လေးရှိရမှာ။ မနေ့က တစ်နေ့သာ လူလည်းမလာ၊ ဖုန်းလည်းမဆက်ဖြစ်တာ။ တစ်နေ့ကရော ဒီထက်အရင့်အရင် နေ့တွေကရော ပြောထားပြီးသားကို။ ဘယ်ကိုအရေးတကြီး သွားကြတာလဲ ဆိုတာ စဉ်းစားမရ။

ဘာလုပ်ရမှန်းမသိအောင် ပိုးတို့ခြံဝမှာ ရပ်နေမိသည်။

ညက ဖုန်းမဆက်ဖြစ်သည့်အတွက် ဒီမနက်ဖုန်းဆက်လိုက်ရမှာ သွားခေါ်မှာပဲဆိုပြီး ပေါ့ပေါ့နေလိုက်သည့်အတွက် မချင့်မရဲဖြစ်နေမိသည်။

အရေးတကြီးကိစ္စရှိလို့သာ ပိုးတို့တူအရီးနှစ်ယောက်လုံး အပြင် သွားကြတာ ဖြစ်မှာပါ။





အတွေးနှင့်အိမ်ကို လှမ်းဖုန်းဆက်တော့ လေးလေးလာကိုင်သည်။

"ပြော သား"

"ပိုးတို့ ဘယ်သွားလဲ မသိဘူး လေးလေး။ ခြံတံခါးရော အိမ်တံခါး ပါ သော့ခတ်ထားတယ်"

"ကိစ္စရှိလို့ အပြင်သွားကြတာ ဖြစ်မှာပေါ့ စောင့်နေလိုက်လေ"

"ဟုတ်ကဲ့ လေးလေး သားစောင့်နေလိုက်မယ်နော်"

"အေး အေး"

လေးလေး ဖုန်းချသွားမှ ဖုန်းပိတ်လိုက်သည်။

ကားရပ်ထားသည့်ဆီ ပြန်လျှောက်သွားပြီး ပတ်ဝန်းကျင်ကို အကဲ ခတ်လိုက်သည်။ ပိုးတို့တိုက်နှင့်ခြံဝင်းလေးက သီးသန့်ဆန်နေသည့်အတွက် မျက်နှာချင်းဆိုင်အိမ်နှင့် ခေါင်းရင်းအိမ်ကလူတွေကိုလည်း သိပ်အခေါ်အပြော သိပ်တာမတွေ့ရ။ ခြေရင်းအိမ်ကတော့ လူမနေဘဲ သော့ပိတ်ထားသည်။

လမ်းထဲက ဖြတ်သွားဖြတ်လာများ သူ့ကိုထူးဆန်းသလို ကြည့်သွားတော့ ပိုးတို့လမ်းထိပ်လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့သည်။ လက်ဖက်ရည်တစ်ခွက်မှာပြီး အကြည့်ကို လမ်းမဘက်ပို့ထားသည်။

မာမီ ဖုန်းခေါ်နေသည်။ သူ ဖုန်းလေးဖွင့်ပြီး

"လေးလေးလားဟင်"

"သားလေး မာမီ၊ ပြန်ရောက်ကြပြီလား"

"မရောက်သေးပါဘူး မာမီရယ်"

"ဘာမှစိတ်မပူပါနဲ့ သားရယ်၊ အရေးတကြီးကိစ္စပေါ်လို့နေမှာပါ"

"ဟုတ်ကဲ့ မာမီ၊ သားဆက်စောင့်လိုက်ဦးမယ်နော်"

"စောင့်ပါ သားရယ်၊ ဒါနဲ့ သား ပိုးမှာလက်ကိုင်ဖုန်းမရှိဘူးလား"

"မရှိဘူး မာမီရဲ့၊ အိမ်မှာထားတဲ့ ကြိုးဖုန်းပဲရှိတယ်"

"အေး အေး သားလေး တအားစိတ်ပူမနေနဲ့ဦး၊ ဖေဖေနဲ့လေး လေးလည်း ပြောနေတယ်"

"ဟုတ်ကဲ့ပါ မာမီ"

မာမီ ဖုန်းချသွားသည်။

သူ စိတ်ပူနေတာကို အိမ်ကမိသားစုသိ၍ သတိပေးတာဖြစ်သည်။ ဆယ့်နှစ်နာရီထိုးတော့မည်။ တကယ်ကို စိတ်ပူနေတာပါ။ တကယ်လို့ အရေး တကြီးကိစ္စမဖြစ်မနေ သွားစရာရှိလျှင်လည်း ဖုန်းဆက်ရမှာပါ။ ဒီနေ့က ဒေါ်လေးနှင့်သူ့မိသားစုကို တွေ့ပေးရမည့်နေ့ဆိုတာ သေသေချာချာ ပြော ထားပြီးသားပဲ။

လမ်းထဲကိုဝင်လာသော တက္ကစီကားတွေနှင့် လူအသွားအလာ တွေကိုပဲ လိုက်ကြည့်နေမိသည်။ ပိုးတို့ဖုန်းကိုလည်း ဆယ်မိနစ်တစ်ခါလောက် ခေါ်ကြည့်နေသော်လည်း ဖုန်းကိုင်မည့်သူမရှိပါ။

နှစ်နာရီထိုးကာနီးတော့ လက်ဖက်ရည်ဖိုးရှင်းပြီး ထလာခဲ့သည်။ လမ်းထဲကို ကားလေးနှင့်ပြန်ဝင်လာတော့ ခြံတံခါးကို ခတ်ထားသော သော့ ခလောက်ကြီးကိုကြည့်ပြီး ငိုချင်စိတ်ပေါက်သွားသည်။ စိုးရိမ်ပူပန်မှုတွေက လည်း ရင်ထဲသို့ အလုံးလိုက်ဝင်လာသည်။

"ဟင်း"

ပိုးတို့ခြံဘေးနား ကားလေးထိုးရပ်ပြီး ဘာမှထပ်စဉ်းစားမနေတော့ ဘဲ သော့မခတ်ထားသော ခေါင်းရင်းကခြံထဲ ဝင်လာခဲ့သည်။

သူ ဝင်လာတာကို အိမ်သားတွေတွေ့ပုံရသည်။ မာမီတို့အရွယ် အန်တီကြီးတစ်ယောက် ထွက်လာပြီး

"ဘာကိစ္စရှိလို့လဲကွယ်"

ရိုရိုသေသေ သူ ခေါင်းလေးညွှတ်ပြပြီး





"ဟိုဘက်အိမ်က ပိုးပဝါတို့တူအရီး ဘယ်များသွားလဲဆိုတာ နှ်တီတို့များ သိမလားလို့ လာမေးတာပါခင်ဗျာ"

"ဘယ်သွားတာလဲတော့ မသိဘူး၊ ညထဲက ဟိုင်းလပ်စ်ကား စ်စီးနဲ့ ထွက်သွားကြတယ်"

"ဗျာ ညထဲက"

သူ တအံ့တသြဖြစ်သွားတော့ အန်တီကြီးက ဆက်ပြော၏။

"ဟုတ်တယ် သူတို့ကိုကြည့်ရတာ ခရီးတစ်ခုခုထွက်သွားပုံပဲ"

"ခင်ဗျာ"

အံ့သြလွန်း၍ သူ ဘာပြောရမှန်းတောင် မသိတော့ပါ။ အန်တီကြီး သူ့ကိုခြေဆုံးခေါင်းဆုံး အကဲခတ်ပြီး

"မင်းကို ပြောမသွားဘူးလား"

"မပြောပါဘူး အန်တီ၊ အန်တီ့ကိုရော ဘာမှပြောမသွားဘူးလား"

"ပြောသွားရလောက်အောင်အထိ သူတို့နဲ့အန်တီတို့ မရင်းနှီးကြ ကွဲ့"

"ဗျာ"

သူ အံ့သြလွန်းလို့ တဗျာဗျာနှင့်ဖြစ်နေတာကို အန်တီကြီး ပြုံး ည့်ကာ

"ဒီလိုပါ သူတို့ပြောင်းလာတာ ငါးနှစ်လောက်တော့ ရှိပြီ၊ သူတို့က တ်ဝန်းကျင်နဲ့လုံးဝ အဆက်အစပ်မလုပ်ဘူး"

ဒီတစ်ခါလည်း ထပ်အံ့သြသွားပြန်သည်။

"ပိုးတို့ ဒီမှာနေတာ ငါးနှစ်ပဲရှိသေးတယ် ဟုတ်လား အန်တီ၊ က ဘယ်မှာနေတာလဲဟင်"

"အန်တီ ဘယ်လိုလုပ်သိမှာလဲကွယ်၊ ဒီကိုရောက်လာလို့ ငါးနှစ်

ရှိတာတောင် ဘယ်သူ့ကိုမှအပေါင်းအသင်းမလုပ်ပါဘူးဆို၊ အရင်သူတို့ ဘယ်မှာနေတယ်ဆိုတာ သိဖို့ ဝေးပြီပေါ့''

ဟုတ်သားပဲဟု စိတ်ထဲက တွေးလိုက်သည်။ ပိုးနှင့်ပတ်သက်လျှင် သူ ဘာကိုမှမသိသည့် သူ့ကိုယ်သူလည်း မအံ့ဩမိတော့ပါ။ သူ သိတာ ပိုးကိုချစ်တာတစ်ခုပဲ။

''မင်းက သူတို့အကြောင်း ဘာမှမသိဘူးလား၊ ကောင်မလေးနဲ့ ကော ချစ်သူတွေ မဟုတ်ဘူးလား''

မရဲတရဲလေး မေးပြီး အန်တီကြီးက သူ့ကိုအကဲခတ်နေသည်။

''ဟုတ်ပါတယ် အန်တီ၊ ကျွန်တော်တစ်ခါမှ မေးမကြည့်ဖူးဘူး။ ယယ်ယယ်လေးစည်းက ဒီမှာပဲနေတယ် ထင်နေတာ''

''မင်းနယ်ကွယ် ချစ်သူတစ်ယောက်ဖြစ်ပြီး ဒီလောက်လေးမှသိ မထားဘူးလား''

ကရုဏာဒေါသနှင့် အန်တီကြီး ပြောတာကို သူ စိတ်မဆိုးပါ။

''ပြောရင်လည်း ခံရမှာပဲ အန်တီရယ်၊ ကျွန်တော်က ပိုးကိုချစ်တာ တစ်ခုကလွဲလို့ ဘာမှကိုမသိဘူး၊ သိအောင်စုံစမ်းဖို့လည်း ခေါင်းထဲမရှိဘူး။ အခု အန်တီပြောမှသိရတာ''

အန်တီကြီးက လက်ခံပုံနှင့် ခေါင်းညိတ်ပြီး

''အန်တီတို့က မိန်းမသားနှစ်ယောက်တည်းဖြစ်တဲ့ သူတို့ကို ရိုင်းပင်းပါတယ်၊ ဒါပေမဲ့ စပြောင်းလာထဲက သူတို့ပုံစံက ခပ်တည်တည်နဲ့ ပတ်ဝန်းကျင်နဲ့ပတ်သက်ရမှာစိုးလို့ ထင်ပါတယ်၊ အန်တီတို့က သူတို့နှစ်ယောက်ကို ညီအစ်မထင်နေတာ၊ နောက်မှ အစ်မဝမ်းကွဲတစ်ယောက်က အဒေါ်ဖြစ်သူနဲ့ရွှေတိဂုံဝေယျာဝစ္စအသင်းမှာ အသိတွေဖြစ်နေတယ်၊ ဒါကြောင့် သိတာ၊ သူတို့အကြောင်းနဲ့ပတ်သက်လို့တော့ ဘာတစ်လုံးမှ ပြောမပြဘူးတဲ့''





ချစ်သူဖြစ်သောသူက အန်တီကြီးပြောသမျှကို တငေးတမော ပြန်နားထောင်နေရသည်။

''ဟုတ်ကဲ့ပါ အန်တီ၊ အခုလို သိသလောက်ပြန်ပြောပြပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ် ကျွန်တော့်ကိုခွင့်ပြုပါဦး''

''ကောင်းပါပြီကွယ်''

အန်တီကြီးဆီက ထွက်လာတော့ သူ့ခြေထောက်တွေ မသယ် ချင်အောင် လေးလံနေသည်။

ဘယ်ကိုသွားကြတာလဲ။ ဘယ်လိုအရေးတကြီးကိစ္စတွေများ ရှိလို့ ညဘက်ကြီးသွားရတာလဲ။ သူ့ဆီကိုရော ဘာဖြစ်လို့ အကျိုးအကြောင်း ဖုန်းလေးတစ်ချက်မဆက်တာလဲ။ လားပေါင်းများစွာနှင့် ကားပေါ်တက်ရင်း ပိုးတို့ခြံလေးဘက် လှမ်းကြည့်လိုက်သည်။

ကားလေးဖြည်းညင်းစွာ မောင်းလာရင်းက အန်တီကြီးပြောလိုက် သော စကားကို သတိရသွားတော့ သူ့ကားလေးကို ရွှေတိဂုံဘုရားဘက် ဦးတည်လိုက်သည်။

ရွှေတိဂုံဝေယျာဝစ္စအသင်းမှ ပိုးအဒေါ်အရွယ် အန်တီတစ်ယောက် ကို မေးလိုက်တော့

''ဒေါ်စန္ဒာ ဒီနေ့မလာပါဘူးကွယ်''

ဒါပဲပြောပြီး အ[illegible]းကလှစ်ခနဲ ထွက်သွားသော အမျိုးသမီးကို ကြည့်ပြီး သက်ပြင်းချလိုက်သည်။ ဘယ်သူ့ထပ်မေးမေးလည်း ထူးမှာမဟုတ် တော့ပါ။

ဘာဆက်လုပ်ရမှန်းမသိအောင်ကို တစ်ခါမှမဖြစ်စဖူး ဝမ်းနည်းစိတ် တွေ ရင်ထဲ တလိပ်လိပ်တက်လာသည်။

အော်ဟစ်ပြီးတော့သာ ပိုး မျက်နှာကိုကြည့်ပြီး မေးလိုက်ချင်

သည်။ နာရီကြည့်တော့ သုံးနာရီကျော်နေပြီ။ အိမ်မှာစိတ်ပူပန်စွာ စောင့်နေကြသည့် ဖေဖေ၊ မာမီနှင့် လေးလေးတို့မျက်နှာတွေ မြင်ယောင်လာသည်။ ဘာမှမထူးသည့်အတွက် သူ ဖုန်းမဆက်တာဟုထင်ပြီး မာမီတို့လည်း ဖုန်းမဆက်ပါ။ သူ စိတ်ပူပန်နေမှာကိုသိတော့ ထပ်စိတ်သောကရောက်မှာစိုးလို့ ဖုန်းဆက်မမေးတာဖြစ်မည်။ စိတ်တော့ တအားပူနေကြမှာပါ။

ဘယ်လိုလုပ်လိုက်တာလဲ ပိုးရယ်။ မောင် ရူးတော့မယ်။

အတတ်နိုင်ဆုံး ကားကိုသတိထားမောင်းပြီး အိမ်ရောက်လာခဲ့သည်။ သူ့ကားသံကြားတာနှင့် အားလုံးထွက်ကြိုကြသည်။ ခေါင်းငိုက်စိုက်နှင့်တစ်ယောက်တည်း ဆင်းလာသော သူ့ကိုကြည့်ပြီး အားလုံးမျက်နှာအပျက်ပျက်နှင့်။ ဖေဖေ သားဖြစ်သူမျက်နှာကိုကြည့်ပြီး

"သမီးလေးပိုးတို့ မလာကြသေးဘူးလား သားလေး"

"ဟုတ်ပါရဲ့ သားရယ်၊ ဒီအချိန်လောက်ဆို ညနေစာ စားမှာပဲဆိုပြီး မာမီတို့စောင့်နေကြတာ၊ ပြန်မလာကြသေးတာလား သား"

ဖေဖေနှင့်မာမီက ပါမလာသော ပိုးတို့တူအရီးကို မေးနေသလို လေးလေးလည်းသိချင်ဇောနှင့် သူပြောမှာကို စောင့်နေသည်။ အားလုံး ညှော်ခန်းမှာကိုယ်စီထိုင်ပြီးကြတော့မှ သူ ဝမ်းနည်းသံကြီးနှင့်

"ပိုးနဲ့သူ့အဒေါ် ညထဲက ဘယ်သွားကြလဲမသိဘူးတဲ့"

ပြောရင်းက အသံတိမ်ဝင်သွားသော သူ့ကိုကြည့်ပြီး အားလုံးပျာယာခတ်သွားကြသည်။

"ဘယ်လို သားလေး၊ ဖေဖေ နားမလည်ဘူး"

"ဟုတ်ပ သားရယ်၊ ရှင်းရှင်းပြောစမ်းပါ"

"ဘယ်သူက ပြောလိုက်တာလဲ"

"ပိုးတို့ခေါင်းရင်းက အန်တီကြီးပြောတာ"





"ဘယ်လိုပြောလိုက်လို့လဲ သားလေးရဲ့"

အားလုံး ပူပန်စိတ်တွေဖြစ်ပြီး အတင်းမေးနေကြသည်။

ပိုးတို့ခေါင်းရင်းအိမ်က အန်တီကြီးပြောသည့်အတိုင်း တစ်လုံးမကျန် ...န်ပြောပြလိုက်သည်။

"ညဘက်ကြီးထွက်တာ ဟုတ်လား သား"

သူ ခေါင်းပဲညိတ်ပြလိုက်သည်။

"ဘာကိစ္စအရေးတကြီးပေါ်လို့လဲ မသိဘူးနော်"

မာမီ့စကားကို ဖေဖေ လက်မခံ။

"ဘာကိစ္စအရေးတကြီးရှိရှိ ဖုန်းဆက်ရမှာပေါ့၊ ဒီနေ့က လူကြီးခြင်းတွေ့ပေးရမယ့် အစီအစဉ်ကလည်းရှိနေတာကို"

"ဟုတ်တယ်နော် ဖုန်းလည်းအဆင်သင့်ရှိနေတာကို"

"မနေ့က ဖေဖေတို့မိသားစု တစ်နေကုန်အပြင်သွားနေတာ သိ...ား"

"သိတယ် ဖေဖေ"

"ဖုန်းရော ဆက်လား"

"မဆက်ဘူး ဖေဖေ၊ သားလည်း မနေ့ကတစ်နေကုန် ဖုန်းမဆက် ...ဘူး"

ဖေဖေ ဘာဆက်ပြောရမှန်းမသိစွာ သားဖြစ်သည့်သူ့ကို တွေတွေ ...ကြီးကြည့်နေသည်။ မာမီလည်းထိုအတူပင်။ လေးလေးတစ်ယောက်က ...အချိန်ထိ ဘာမှမပြောသေး။

"သူတို့ဆွေမျိုးတွေ ဘယ်မှာရှိလဲဆိုတာရော သိလား"

ခေါင်းပဲခါလိုက်သည်။

"စဉ်းစားစရာပဲ၊ ဖုန်းမဆက်တာကိုက ဘယ်လိုသဘောလဲ မသိ

ဘူး''

''ပတ်ဝန်းကျင်နဲ့ရော ဘာဖြစ်လို့ သီးသန့်ကြီးနေရတာလဲ မသိ

နော်''

မာမီ သူ့ကိုမေးသလိုလိုအပြောကို ဖေဖေက

''သားလေး ဘယ်သိမှာလဲ ဝေရယ်၊ သားလေးက သူ့ချစ်သူ

ချစ်တာတစ်ခုကလွဲပြီး ဘာမှသိတာမဟုတ်ဘူး''

အားလုံး စဉ်းစားသလို ခဏငြိမ်သွားပြီးမှ လေးလေးက

''ပိုးအဖေက နောက်အိမ်ထောင်နဲ့လို့ သားပြောဖူးတယ်နော်''

''ဟုတ်တယ် လေးလေး''

''သူ့အဖေများ တစ်ခုခုဖြစ်လို့ အရေးတကြီးသွားကြတာ

တယ်''

''ဒါဆိုလည်းဖုန်းဆက်ပြောရမှာပေါ့''

ဖေဖေ ထောက်ပြတော့ လေးလေး ခေါင်းညိတ်ပြီး

''ပိုးအဖေဘယ်မှာနေလဲဆိုတာရော သား မသိဘူးလား''

စိတ်ပျက်လက်ပျက် ခေါင်းပဲခါလိုက်သည်။

''သားရယ် သားက ဘာမှလည်းမသိပါလားကွယ်၊ တကယ်

ပိုးသာ အပျိုမဟုတ်ဘူးဆို ဘယ်လိုလုပ်ကြမလဲ''

''ဟာ မာမီကလည်း''

''မဟုတ်တာ ဝေရယ်၊ သားလေး စိတ်ဆင်းရဲအောင်မပြော

မာမီ မကျေနပ်ချက်တွေ ပွင့်အံလာတော့ သူအရမ်းခံစား

ရသည်။ သားဘက်မှာအမြဲရှိသော ဖေဖေကတော့ အပြောမခံ။ မာမီ

ကို စူစူကြီးကြည့်ပြီး

''သဘောကိုပြောတာပါ၊ ယူပဲယူကြတော့မယ်၊ ကိုယ့်ချစ်သူ





ကြောင်း ဘာမှမသိဘူးဆိုတာတော့ သူများပြောစရာကြီး သားရယ်''

မာမီ ပြောတာဟုတ်နေပေမယ့် သူကဆင်ခြေတော့ တက်ချင်သေးသည်။

''ပိုးက သူ့အဖေအကြောင်းမေးရင် မကြိုက်ဘူး မာမီရဲ့၊ သူ့ဘဝမှာ သူ့အဒေါ်ပဲရှိတာလို့ ပိတ်ပြောထားတာ''

''ဟုတ်ပါတယ် ဝေရယ်၊ သားလေးကို အပြစ်ပြောလို့မရပါဘူး''

သားဘက်က ဆတ်ဆတ်ထိမခံ ဖြစ်နေသော ဖေဖေ့ကို မာမီ မျက်စောင်းထိုးလိုက်ပြီး ဆက်မပြောတော့ပေမယ့် မကျေနပ်မှုတွေကတော့ မျက်နှာပေါ်အထင်းသား ပေါ်လွင်နေသည်။ ဖေဖေ သားဖြစ်သူကို ကြင်ကြင်နာနာကြည့်ပြီး

''ဒီလောက် စိတ်ညစ်မနေပါနဲ့ သားလေးရယ်၊ ဘယ်ပဲသွားသွား ပြန်လာမှာပေါ့''

ခေါင်းငိုက်စိုက်ကျပြီး ငြိမ်နေသော သူ့ကိုလေးလေး လက်ဆွဲခေါ်ပြီး

''ထ အစ်ကိုသန့်ပြောသလိုပဲ ဒါ စိတ်ညစ်စရာမဟုတ်ဘူး။ တစ်ခါတည်း တစ်သက်လုံး ပြန်မလာမှာကျနေတာပဲ''

လေးလေး သဘောအဖြစ်ပြောလိုက်သော စကားက ရင်ထဲတစ်မျိုးကြီး ခံစားသွားရသည်။ လေးလေးခေါ်ရာနောက် အလိုက်သင့်ပါလာရင်း

''လေးလေး''

''ပြောလေ''

''ပိုးတို့ ပြန်မလာရင် ဘယ်လိုလုပ်မလဲ လေးလေး''

''ဘာဖြစ်လို့ ပြန်မလာရမှာလဲ''

"သားစိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ပိုးတို့က အဲဒီလို တစ်ခါမှ သွားနေတာမဟုတ်ဘူး"

"ကောင်မလေးနဲ့ပတ်သက်ပြီး သူ့အဖေ ယောက္ခမလောင်း ဘယ်မှာနေတယ်ဆိုတာတောင် မသိဘူးမဟုတ်လား၊ နောက်ထပ် သားမသိသေးတဲ့အကြောင်းတွေရှိဦးမှာပေါ့"

"ညဘက်ကြီးသွားတာရယ် ဒီနေ့မဖြစ်မနေကိစ္စကိုထားပါ၊ ဖုန်းလေး တစ်ချက်လောက်တော့ မဆက်သင့်ဘူးလား လေးလေး"

"ဘယ်လိုစဉ်းစားရမှန်းတောင် မသိတော့ပါဘူး၊ မိန်းမသားနှစ်ယောက်တည်း ညဘက်ကြီးသွားတာတော့ စိုးရိမ်စရာပဲ"

လေးလေးပြောသလို သူလည်း အရမ်းစိုးရိမ်နေတာကို လေးလေးသိပုံပင်။

"ကဲပါ စိတ်ကိုနည်းနည်းလျှော့ထား၊ ပိုးတို့ပြန်လာတော့ အကြောင်းစုံသိရမှာပေါ့၊ အိပ်တော့ တစ်နေ့လုံး ပင်ပန်းနေပြီ"

သူ ဘယ်လိုလုပ်အိပ်နိုင်မှာလဲ။

လေးလေး ကျောခိုင်းပြီး စာဖတ်နေသည်။

"လေးလေး"

"မအိပ်သေးဘူးလား ဒီမှာ စာဖတ်နေတယ်"

"ပိုးကိုအရမ်းသတိရတယ်၊ စိတ်လည်းပူတယ်၊ ပိုးတို့ပြန်လာမှာပါနော်"

"ပြန်မလာဘဲနေမလား၊ ဒီမှာ အိမ်တစ်လုံးလုံး ရှိနေတာကို"

လေးလေး စိတ်တိုသလိုပြောပြီး စာအုပ်ဆက်ဖတ်နေသည်။

သက်ပြင်းတစ်ချချနှင့် ရင်တွေအဆမတန်ပူနေသည်။ ဘယ်လိုမှလည်း အိပ်လို့မရပါ။ မျက်စိကိုဖွတ်မှိတ်ထားည်း ပိုးပုံရိပ်တွေ အစီအရီ။

■ ■ ■



အခန်း (၂၉)

"ဘယ်လိုဖြစ်တာလဲကွာ၊ စဉ်းစားလို့တောင် မရဘူး"

"အိမ်ကိုတောင် ပြန်မလာဘူးဆိုတော့ ဘာပြဿနာတွေပေါ်လို့လဲ"

ဝေယံနှင့်ကိုမင်း သူ့ကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိ။

"အိမ်ကိုတစ်ခါမှ ပြန်မလာတာ သေချာတယ်နော် မရ"

"ပိုးတို့ခေါင်းရင်းအိမ်က အန်တီကလာတာတွေ့တာနဲ့ ချက်ချင်းဖုန်းဆက်မယ်လို့ ပြောထားတာ မလာပါဘူး"

"အေးကွ ဖုန်းမဆက်တာကိုက စဉ်းစားစရာပဲ၊ သာမန်အဆင့်သည်းမဟုတ်ဘူး"

ဝေယံ သူ့ကိုကြည့်ပြီး

"မရ မင်းနဲ့ဘာပြဿနာမှတော့ မဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူး သောကြာနေ့ညနေကမှ သူတို့အိမ်ကပြန်လာတာ၊

နေ့နေ့တစ်နေ့လုံး ဖေဖေတို့နဲ့အပြင်သွားနေလို့ လူချင်းလည်းမတွေ့ဖြစ်ဘူး ငါပေါ့လိုက်တာပါ၊ စနေနေ့ညက ဖုန်းမဆက်ဖြစ်လိုက်ဘူး''

ဒါကိုပဲ သူ တနုံ့နုံ့ခံစားနေရသည်။

''ဟင်း ဘယ်လိုစဉ်းစားရမှန်းတောင် မသိတော့ပါဘူး''

''အေးလေကွာ ပိုးကမရကို တော်တော်ချစ်တာ၊ ဒေါ်လေး လည်း သူ့တူမနဲ့မရကို အရမ်းသဘောတူတာ၊ မရနဲ့မယူဖြစ်မှာတောင် စိုးရိမ်နေရှာတာ၊ အခုလုပ်သွားပုံက ဘယ်လိုတွေးရမှန်းတောင် မသိတော့ဘူး''

သူ့အပူက သူငယ်ချင်းတွေထံသို့ ကူးစက်ကုန်သည်။

''သိပ်ပြီးလည်း စိတ်သောကရောက်မနေပါနဲ့ သူငယ်ချင်းရယ် ဘယ်လိုအကြောင်းပဲရှိရှိ သူတို့အိမ်ကိုတော့ ပြန်လာမှာပါ၊ ပိုးတို့အိမ်သော့ အန်တီကိုသာ ရောက်တာနဲ့အကြောင်းကြားဖို့ သေသေချာချာ ပြောထား''

ခေါင်းပဲ ညိတ်ပြမိသည်။

''အရင်လို လန်းလန်းဆန်းဆန်းနေပါ မရရယ်၊ မင်းမိဘတွေ လေးလေးလည်း မင်းငိုင်မှိုင်နေတော့ စိတ်ဆင်းရဲနေကြတယ်၊ ယောက်ျား ကွာ ဒီလောက်ကလေးမှ ခံနိုင်ရည်မရှိဘူးလား''

ကိုမင်း စွပ်စွဲချက်က သူ့ရင်ကိုခပ်ပြင်းပြင်း ထိုးနှက်လိုက်သလို

''ဒါတခြားကိစ္စမဟုတ်ဘူး ဟေ့ကောင်၊ ငါ ပိုးကို နက်နက်ရှိုင်း ရှိုင်း ချစ်တာ၊ ပိုး ပျောက်ခြင်းမလှပျောက်သွားတဲ့ကိစ္စကို မင်းမို့မပြော လောက်တဲ့အကြောင်းလေးလို့ စွပ်စွဲရက်တယ်''

''မင်းစိတ်ကို ဖြေနိုင်အောင် ပြောတာပါကွာ''

ငိုသံပါကြီးနှင့်သူပြောတော့ ဝေယံ သူ့ပခုံးလေးကို ကိုင်ပြီး နှစ်သိမ့် သည်။ ကိုမင်းကတော့ နားလည်သည့်အကြည့်လေးဖြင့်သာ။ ဝေယံ လည်





ကဲ့ရည်ဖိုးရှင်းပြီး

''မင်း အိမ်လိုက်ခဲ့မလား မရ၊ တို့လုပ်ငန်းက မစရတာကြာပြီ''

''မလိုက်တော့ဘူး''

''မရကလည်းကွာ၊ ဆိုတဲ့တီးတဲ့အလုပ်ကလည်း ငါတို့အသက် က တန်ဖိုးထားရတဲ့ကိစ္စပဲ၊ လာပါကွာ စိတ်ပြေလက်ပျောက်လည်းဖြစ်တာ ပေါ့''

''ဒီနေ့တော့ ငါ မလိုက်ပါရစေနဲ့ကွာ၊ ညကတစ်ညလုံး အိပ်မရ တော့ အိပ်ရေးပျက်ပြီး အိပ်ချင်နေတယ် မနက်ဖြန်မှနော်''

''အေးပါကွာ အေးပါ မင်းစိတ်ချမ်းသာရင် ပြီးတာပါပဲ၊ ညဘက် တော့ အိပ်ပျော်အောင်အိပ်ပါ၊ ကြာရင် ကျန်းမာရေးထိခိုက်မယ်''

''ဟုတ်တယ် မရ၊ မင်းအခုလိုဖြစ်နေတာတောင် မင်းမိသားစု စိတ်ဆင်းရဲသောက ရောက်နေကြတာ၊ မင်းသာ နေထိုင်မကောင်းဖြစ်ရင် သူတို့တွေ ဘာလုပ်လို့လုပ်ရမှန်းတောင် သိမှာမဟုတ်ဘူး''

''အေးပါ ငါ့စိတ်ကိုငါ ဖြေနိုင်အောင် ကြိုးစားပါမယ်''

''ဒီလိုမှပေါ့ကွာ''

သုံးယောက်သား လက်ဖက်ရည်ဆိုင်ကထွက်ပြီး ကိုမင်းအိမ်ရှေ့ ရောက်တော့ ဝေယံပါဆင်းသည်။

''ငါ ခဏနေဦးမယ်၊ မရ မင်းအိမ်ပြန်မှာမဟုတ်လား''

''အေး''

ကိုမင်းတို့နှစ်ယောက်ကိုနှုတ်ဆက်ပြီး သူ့ကားလေးထွက်လာခဲ့ သည်။

ကားလေး အိမ်ဘက်သို့မသွားဘဲ ပိုးတို့အိမ်ဘက်သွားဖို့ ဦးတည် လိုက်သည်။ ထုံးစံအတိုင်း သော့ခလောက်ကြီးပဲ ဆီးကြိုနေတော့ မောဟိုက်

သွားသည်။ မထူးခြားမှန်းသိပေမယ့် ဖုန်းခေါ်ကြည့်တော့လည်း အမောပဲ။ နောက်ဆုံး ခေါင်းရင်းအိမ်က အန်တီမမြင့်အောင် ပြန်လှည့်လာခဲ့သည်။

ထူးလိုထူးငြား ရွှေတိဂုံဝေယျာဝစ္စအသင်း သွားသွားချောင်းရင်း အဖြူနှင့် ယောဂီဝတ်အန်တီကြီးတစ်ယောက်ကို

"အန်တီ တစ်ခုလောက် မေးချင်လို့ပါ"

"ဘာများလဲကွယ်"

"ဟိုလေ ဝေယျာဝစ္စအသင်းကပဲ ဒေါ်စန္ဒာ မလာဘူးလားခင်ဗျာ သူ့ကိုသိလား မသိဘူး"

"သိပါတယ် သူ မလာတာကြာပြီ"

"ဟို သူ့လိပ်စာလေးများ ပြောပြနိုင်မလား မသိဘူး။ ကျွန်တော်က သူ့တူပါ၊ ခရီးဝေးက အခုမှပြန်လာလို့ပါ"

ဘုရားပေါ်မှာ ယောဂီကြီးကို မုသားတွေသုံးနေရသည့်အတွက် ကိုယ့်ကိုယ်ကိုယ် မလုံပေမယ့် မတတ်နိုင်ပါ။

"သူ ဘယ်မှာနေလဲ အန်တီတို့မသိပါဘူးကွယ်၊ မစန္ဒာက အရမ်းအေးပြီး သူ့အလုပ်သူလုပ်တယ်၊ တခြားအပိုစကားတွေမပြောဘူး၊ ဒါကြောင့် သူနဲ့ခင်တာကလွဲလို့ တခြားဘာမှမသိပါဘူး"

ထိုအန်တီကြီး မကြားအောင် သက်ပြင်းလေးခိုးချလိုက်သည်။

ဒီထက်လည်း ဘယ်လိုမှ မစုံစမ်းတတ်တော့ပါ။

ပိုးရယ် ဘယ်လိုအကြောင်းမျိုးတွေကြောင့် ခြေရာဖျောက်သွားရတာလဲ။

မောင့်မှာရော ဘာအပြစ်ရှိလို့ အဆက်အသွယ်လေးတောင် မလုပ်တာလဲ။

သဘောကောင်းပြီး အေးချမ်းလွန်းသော ပိုးက သူ့ကိုသိပ်ချစ်သလို





ဘဝတစ်သက်တာလုံးအတွက်လည်း အားကိုးသည်။ ချစ်ကြသည့်သက်တမ်းတစ်လျှောက်လုံးလည်း စိတ်ဆိုးစိတ်ကောက်တယ်ဆိုတာ တစ်ခါမှမရှိဘူးပါ။

ချွင်းချက်အနေနှင့် ရွှေကဗျာကိစ္စကလွဲလျှင်ပေါ့။ ဒါကိုလည်း အကျိုးသင့်အကြောင်းသင့် ရှင်းပြတော့ ပိုး လက်ခံသည်။ အိမ်ကမိသားစုကလည်း ဒီလိုလားလား သဘောတူပြီး ဒေါ်လေးနှင့်လူကြီးချင်းတွေ့ပေးဖို့တောင် စီစဉ်နေကြပြီပဲ။

ဒါကို ပိုးတို့တူအရီး ဘာကြောင့် ခြေရာဖျောက်သွားတာလဲ။ ဘယ်လိုကိစ္စမျိုးတွေပဲရှိနေရှိနေ သူနှင့်ပိုးက အသက်ပေးပြီးချစ်ရသည့် ချစ်သူတွေပါ။ နောက်ဆုံး ပိုးတို့ကိစ္စတွေ မပြောလျှင်နေပါ ဘယ်မှာရှိနေတယ်ဆိုတာတော့ ဖုန်းဆက်ပြီးပြောရမည်။

ပိုး ဘယ်မှာလဲကွာ။

ပိုးအကြောင်းအတွေးလွန်နေတော့ လမ်းထဲကထွက်လာသော ကားလေးကွေ့ဖို့ လမ်းတောင်းနေတာကို မမြင်ဘဲ ဆက်မောင်းလာတော့

"ကျွိ"

ဘရိတ်ကမန်းကတန်း အုပ်လိုက်ပြီးမှ သက်ပြင်းချလိုက်သည်။

"ဆောရီး ဆောရီး ညီလေး"

"ရပါတယ် အစ်ကို၊ ဘာတွေစိတ်ကူးယဉ်လာလို့လဲ"

မချိသွားဖြဲလေးပဲ လုပ်ပြလိုက်သည်။ တော်သေးတယ် ကောင်လေးက သဘောကောင်းလို့။ တချို့ ခပ်ရိုင်းရိုင်းကောင်လေးတွေသာဆို အနည်းဆုံး အဆဲတော့ ကျိန်းသေခံရမည်။

အိမ်ရောက်တာနှင့် အဝတ်အစားတောင်မလဲဘဲ အိပ်ရာထဲ ခွေနေလိုက်သည်။ အချစ်ရောဂါသည် တခြားရောဂါနှင့်မတူပါလားနော်။

■ ■ ■

## အခန်း (၃၀)

မိုးလင်းကမိုးချုပ် သူ့ခေါင်းထဲမှာ ပိုးအကြောင်းပဲရှိသည်။ အစားအအိပ်လည်း မမှန်တော့ ဝေဒနာတွေ ခံစားလာရသည်။

"ကိုယ်ခံအားနည်းပြီး အဖျားဝင်တာပါ"

မိသားစုဆရာဝန် ဒေါက်တာကျော်စည် စမ်းသပ်အပြီးပြောတော့ ဖေဖေနှင့်မာမီ စိုးရိမ်သည့်မျက်နှာတွေ ကိုယ်စီဖြင့်

"အဖျား ဘယ်လောက်ရှိလဲ ဒေါက်တာ"

"မစိုးရိမ်ပါနဲ့ နည်းနည်းပါ"

ဖေဖေ ခေါင်းညိတ်ပြီး သူ့ဘက်လှည့်ကြည့်သလို မာမီလည်း သူ့မျက်နှာကိုပဲ ကြည့်နေသည်။

"သားလေး ဘယ်လိုနေသေးလဲ"

"သားနေကောင်းပါတယ် မာမီရဲ့၊ မစိုးရိမ်ပါနဲ့"

"ဆေးတစ်လုံးထိုးလိုက်ရင် ကောင်းသွားမှာပါ"

ဒေါက်တာကပြောပြီးတာနှင့် ဆေးထိုးဖို့ပြင်နေသည်။





စိုးရိမ်ပူပန်ကြည့်တွေနှင့် ကြည့်နေသော ဖေဖေနှင့်မာမီ့ကိုပြုံးပြ...က်သည်။ ဒေါက်တာ ဆေးထိုးပြီးတော့

"ဒီတစ်ရက်နှစ်ရက်တော့ အဖတ်မစားနဲ့၊ ကြက်ပေါင်းတို့ ဒိုဗာ...င်းတို့ပဲသောက်၊ နေကောင်းသွားမှာပါ"

ဒေါက်တာ ပြန်သွားတော့ ဖေဖေပါလိုက်သွားသည်။

"သားလေး ဘယ်လိုနေသေးလဲ"

သူ့လက်ကလေးကိုဆုပ်ကိုင်ပြီး မာမီ ကြင်နာစွာမေး၏။

"ကောင်းပါတယ် မာမီရဲ့၊ မစိုးရိမ်ပါနဲ့ ဒေါက်တာပြောသွားတယ် ...ဟုတ်လား၊ အဖျားနည်းနည်းပဲရှိတာတဲ့၊ အခုဆေးထိုးလိုက်ရင် ပျောက်သွား...ပါ"

မာမီ ဘာမှမပြောဘဲ သူ့မျက်နှာကိုပဲ တွေတွေကြီးစိုက်ကြည့်နေသည်။ မာမီ့မျက်ဝန်းအိမ်ထဲမှာတော့ မျက်ရည်တွေအပြည့်။

"မာမီ သား ဘာမှမဖြစ်ပါဘူး"

ပြောကာမှ မျက်ရည်တွေကျလာတော့ သူ ပြုံးရင်း မာမီ့ပါးပေါ်က ...ျက်ရည်တွေသုတ်ပေးပြီး

"ဒါ ငိုစရာလား မာမီရဲ့၊ ခန္ဓာရှိရင် ရောဂါရှိမှာပေါ့"

ဘယ်လောက်ချော့ချော့ မာမီက ငိုမြဲငိုနေသည်။ ဖေဖေဝင်လာတော့မှ

"ဖေဖေ ဒီမှာ မာမီ့ကိုပြောပါဦး၊ သား ဘာမှမဖြစ်တော့တာကို ...ိတ်ပူနေတယ်"

"ဟုတ်သားပဲ ဝေရယ်၊ သားလေး စိတ်မကောင်းဖြစ်အောင် ...တိတ် တိတ် မငိုနဲ့"

မာမီ့ပါးကမျက်ရည်တွေကို ဖေဖေသုတ်ပေးနေတော့ ရင်ထဲ

တလှိုက်လှိုက်နှင့်ကြည်ကြည်နူးနူး ခံစားနေရသည်။ သူ ထထိုင်လိုက်ပြီး

"သား ဘာမှမဖြစ်တော့ဘူး နေကောင်းသွားပြီ၊ လေးလေးဆီ ဖုန်းဆက်လိုက်ဦးမယ်၊ တော်ကြာ လေးလေး စိတ်ပူနေမယ်"

ပြောရင်းနှင့်ပင် သူ နေကောင်းကြောင်း လေးလေးဆီ လှမ်းဖုန်းဆက်ပြီး မာမီဘက်လှည့်ကာ

"သား ဆေးသောက်မယ်၊ တစ်ခုခုသောက်မယ်"

"အေး အေး သားလေး၊ အပု ကြက်ပေါင်းရပြီလား"

"အဆင်သင့်ပါပဲ မေမေကြီး"

အသင့်ရပ်နေသော အပုက ဖြေသည်။

"ဒါဆို သွားယူလိုက်၊ သား ဆေးသောက်မှာ"

"ဟုတ်ကဲ့"

အပု လှစ်ခနဲ အခန်းထဲက ထွက်သွားသည်။

"ဖေဖေနဲ့မာမီ နားလိုက်တော့၊ ဆေးသောက်ပြီး သားအိပ်လိုက်ဦးမယ်"

"ဝေ နားလိုက်လေ၊ သားအတွက်စိတ်ပူပြီး ဝေ ပင်ပန်းနေပြီ"

"သူကျတော့ မပင်ပန်းတာကျနေတာပဲ၊ သားအတွက်စိတ်ပူပြီး မျက်နှာကိုပျက်နေတာပဲ"

ဖေဖေ ရှက်ရယ်ရယ်နေသလို အကြင်နာတွေပိုနေသော ဖေဖေနှင့် မာမီ့ကိုကြည့်ပြီး ကျေနပ်နေသည်။ ချက်ချင်းဆိုသလို ပိုးကို သတိရစိတ်နှင့် မျက်ရည်တွေဝဲလာသည်။ သူနှင့်ပိုးကလည်း သိပ်ချစ်ကြသည့် ချစ်သူတွေ မဟုတ်လား။

အပု ကြက်ပေါင်းပန်းကန်လေး ယူလာတော့ မာမီလှမ်းယူလိုက်ပြီး





"ကဲ. ဖေကြီးက သားကိုဆေးတိုက်၊ ကြက်ပေါင်းကို မာမီ ကိုယ်တိုင်တိုက်မယ်"

"ရော့ သားလေး"

ဖေဖေ ဆေးလုံးလေးတွေကို သူ့လက်ထဲကြင်ကြင်နာနာထည့်ပေးပြီး ရေခွက်ပါလှမ်းပေးသည်။ မေမေက ကြက်ပေါင်းရည်ကို တစ်ဇွန်းခြင်း ကိုယ်တိုင်တိုက်၏။

"အခုမှ သားက ကလေးပြန်ဖြစ်နေပြီ"

"မာမီမျက်စိထဲမှာတော့ သားက ကလေးပဲ နော် ဖေကြီး"

"ဟုတ်တယ် သားလေး၊ ဖေဖေတို့မျက်စိထဲမှာ သားက အမြဲတမ်း ကလေးပဲ"

ဩော် ဖေဖေနှင့်မာမီ ကလေးလို့ထင်နေသောသူက ပိုးသာပျောက်ချင်းမလှပျောက်မသွားခဲ့လျှင် မိန်းမတောင်ရနေပြီ။ ဒါဟာမိဘမေတ္တာပဲဖြစ်သည်။ အတွေးနှင့်အတူ ရင်ထဲကျင်တက်လာအောင် ခံစားသွားရသည်။ ပိုးနှင့်ချစ်သူဖြစ်တော့လည်း ကြည်ကြည်ဖြူဖြူ သဘောတူပေးသည်။ ပိုး အုပ်ထိန်းသူနှင့်တွေ့ပြီးတာနှင့် ခမ်းခမ်းနားနား လက်ထပ်ပေးဦးမှာ။ အချစ်နာကျပြီးဖျားသည်အထိဖြစ်တော့လည်း နည်းနည်းလေးမှ အပြစ်မပြောသည့် အပြင် စိုးရိမ်စိတ်တွေနှင့် ဂရုစိုက်လိုက်ကြတာ ဒီမိဘတွေလောက် တာဝန်ကျေတာ ရှိပါဦးမလား။

သူကသာ တာဝန်မကျေသည့် သားမိုက်ဖြစ်နေပြီ။

"ဖေဖေ မာမီ"

"ဘာလဲ သားလေး"

"ပြော သားလေး"

"သားကိုခွင့်လွှတ်ပါနော်"

"သားက ဘာလုပ်လို့ ခွင့်လွှတ်ရမှာလဲ သားရဲ့"

မာမီ နားမလည်သလိုမေးပြီး ဖေဖေကတော့ သူ့မျက်နှာကိုပဲ ပြုံးပြုံးကြီး ကြည့်နေသည်။

"ဖေဖေနဲ့မာမီ သားအပေါ် တာဝန်ကျေသလောက် သားတာဝန် မကျေဘူး"

"မဟုတ်တာ သားလေးက ဘာတွေတာဝန်မကျေလို့လဲ"

"ဘာပဲဖြစ်ဖြစ် မာမီရယ် သားအတွက် မာမီတို့စိတ်သောကရောက် ရတယ်၊ သားလိမ္မာတော့မယ်နော်"

"ဖေဖေ့သားက လိမ္မာပြီးသားပါ"

ဖေဖေနှင့်မာမီကိုဖက်ပြီး သူ မျက်ရည်ကျသည်။

"သားလေး ဘာမှစိတ်မကောင်းဖြစ်မနေနဲ့တော့၊ သမီးပိုးကို ရှာ တာလည်း ရှာပေါ့၊ ဒီနေ့ကစပြီး ငိုင်မနေမှိုင်မနေဘဲ တက်တက်ကြွကြွ လူသစ်စိတ်သစ်နဲ့ပဲနေတော့"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ကဲ မေကြီးလည်းစိတ်ချမ်းသာတော့၊ သားလေးပြောတာကြား တယ်မဟုတ်လား"

မာမီအပြုံးနှင့် ခေါင်းညိတ်ပြသည်။

"ဒါဆို သွားကြမယ်၊ သားလေး နားပါစေ"

ဖေဖေ မာမီ့လက်ကိုဆွဲခေါ်သွားတော့ သူ ကျေကျေနပ်နပ်ကြီး ပြုံးကျန်ခဲ့သည်။

ပိုးရေ ပိုး ဘယ်လောက်အထိပြေးမလဲ ပြေးပါ။ ပိုးဘယ်လောက် ပြေးပြေး မောင်ကတွေ့အောင်ရှာမှာပဲ။

■ ■ ■



## အခန်း (၃၁)

"ပိုး သမီးလေး"

ပိုးမျက်ရည်တွေ ကမန်းကတန်းသုတ်ပြီး

"ဒေါ်လေး ဘာဖြစ်လို့ ထလာတာလဲ၊ လှဲနေလေ"

"ဒေါ်လေး သက်သာပါတယ် သမီးရယ်"

"မဟုတ်တာ ဒေါ်လေးရယ်၊ အပြင်မှာအရမ်းအေးတယ်၊ လာ ဒေါ်လေး အိမ်ထဲဝင်ရအောင်"

ဒေါ်လေး လက်ကလေးကို ကြင်နာစွာတွဲပြီး တူရီးနှစ်ယောက် အိမ်ထဲဝင်ခဲ့ကြသည်။

"ကုလားထိုင်ပေါ်မှာပဲထိုင်မယ် သမီး"

ဒေါ်လေးကို ပက်လက်ကုလားထိုင်ပေါ် ကြင်ကြင်နာနာ ပွေ့ဖက် ပြီး ထိုင်ခိုင်းလိုက်သည်။

"သမီးရော ဘယ်လိုနေသေးလဲ"

"ဒေါ်လေးကလည်း သမီးကဘာမှမဖြစ်ပါဘူး၊ အခုမှ အစ ဆေး

သောက်လိုက်ရင်ပြီးပြီ''

မယုံကြည်သည့်အကြည့်တွေနှင့် ဒေါ်လေးကြည့်တော့ ပိုး ရယ်လိုက်ကာ

''ဒေါ်လေး မယုံလို့လား၊ ဒေါ်လေးကို သမီးက ညာပါ့မလား''

ဒေါ်လေး သက်ပြင်းချပြီး

''တကယ်ဆိုရင်တော့ ဒေါ်လေး ဝမ်းသာတာပေါ့ သမီးရယ်၊ သမီးလေးကိုနှိပ်စက်သလိုဖြစ်နေတာ ဒေါ်လေးကိုယ်ဒေါ်လေး အပြစ်ကြီးတစ်ခုကိုကျူးလွန်ထားသလို ခံစားနေရတယ်''

''ဘာတွေပြောနေတာလဲ ဒေါ်ကြီးရယ်''

ပြောရင်း အသံတွေတိမ်ဝင်သွားသော တူမလေးကိုကြည့်ပြီး ဒေါ်စန္ဒာ့ရင်ထဲမချို။ ကိုယ့်ကြောင့် တူမလေးစိတ်ဆင်းရဲသောကရောက်နေတာကိုကြည့်ပြီး တစ်နေ့မှ စိတ်မချမ်းသာပါ။ ဒါကြောင့်လည်း ရောဂါက တစ်နေ့တခြား ပိုတိုးလာသည်။ ဒေါ်စန္ဒာ သေရမှာကိုကြောက်လို့မဟုတ်ပေမယ့် မသေချင်သေးပါ။ ဒီတူမလေးကို စိတ်မချဘူး။ ဟိုအရင်စိတ်မချတာထက် အခုပိုပြီးစိတ်မချပါ။

''ဒေါ်လေး''

''...''

''ဒေါ်လေး''

''ဟင် ဟင်''

''ဘာတွေစဉ်းစားနေတာလဲ ဒေါ်လေးရယ်''

''ဒေါ်လေး မြန်မြန်နေကောင်းချင်တယ်ကွယ်''

''ဒေါ်လေး နေကောင်းရင် ရာသက်ပန်သီလရှင်ဝတ်ပြီး သမီးကို နှိုင်းမရဆီ ပြန်သွားခိုင်းဦးမလို့လား''





''သွားရမယ် သမီး၊ သွားကိုသွားရမယ်''

''ဒေါ်လေးရယ် တိုက်ဆိုင်လို့ သတိရတတ်တာကလွဲရင် သမီး ...ဘတ်နေပါပြီ''

ပိုး ညာနေတာကိုသိသော အကြည့်တွေနှင့်ဒေါ်လေးကြည့်တော့ ...ကိုယ်ပိုး မလုံ။ မောင့်ကို အချိန်နှင့်အမျှ သတိရနေတာ ဒေါ်လေးလည်း ...ရာကကြီးလာသူပီပီ သိမှာပါ။ ဒါပေမဲ့ ရောဂါသည်ဒေါ်လေးစိတ်ဆင်းရဲ ...ကိုမကြည့်ရက်ပါ။ ဒေါ်လေးက အမေဆိုလည်း မမှားဘူး။

''ဒီမှာ သမီး သက်တမ်းအရ ဒေါ်လေးက အစောကြီးသေရမှာ၊ ...လေးသေရင် သမီးဘယ်လိုပဲငြင်းငြင်း သမီးအဖေနဲ့မနေလို့မရဘူး။ မိထွေး ...ယ်လောက်မနေချင်ချင် တစ်ယောက်တည်းမသင့်တော်တဲ့အတွက် နေကို ...မယ်၊ မနေချင်ရင် ထွက်ပေါက်တစ်ခုပဲရှိတယ်၊ အဲဒီထွက်ပေါက်က ...မရပဲ''

''အခုချိန်လောက်ဆို သူနဲ့ရွှေကဗျာ အဆင်ပြေနေလောက်ပါပြီ၊ ...ကဗျာနဲ့သာဆို သူ့အဖေနဲ့အမေကလည်း ဝမ်းသာအားရသဘောတူမှာ၊ ...ဆင်ပြေအသားကျနေတဲ့ သူ့ဘဝလေးက သမီးကြောင့် စိတ်အနှောင့်အ ...က်ဖြစ်မှာ မလိုလားဘူး ဒေါ်လေးရယ်''

''နှိုင်းမရက သမီးကို တော်တော်ချစ်တာ၊ တော်ရုံကိစ္စနဲ့တော့ ...မ်းကိုမေ့မှာမဟုတ်ဘူး၊ သမီးက သူ့အကြောင်းဒေါ်လေးထက်ပိုသိမှာပါ၊ ...မီး နှိုင်းမရကို ဘယ်လောက်အထိချစ်တယ်ဆိုတာလည်း ဒေါ်လေးသိတယ် ...မီး ဒေါ်လေးကိုငဲ့နေတာလား''

ပိုး ဘာတစ်ခွန်းမှ ပြန်မပြောနိုင်။ ဘာပြောရမှန်းလည်းမသိပါ။ ...လေးပြောသလိုပဲ မောင်နှင့်ပိုးက တစ်ယောက်ကိုတစ်ယောက် နက်နက် ...ှိုင်း ချစ်ကြတာ ပိုးတို့နှစ်ယောက်ပဲ သိသည်။

"ပြောလေ သမီး"

"ဟုတ်တယ် ဒေါ်လေး"

"သမီးရယ် ဒေါ်လေးက လူ့ဘောင်ကိုစွန့်ခွာမယ့်သူ သမီးရဲ့ ဒေါ်လေးသွားမယ့်ခရီးကို စိတ်ဖြောင့်ချင်တယ်"

သိပ်ပြီး စိတ်အားထက်သန်နေသော ဒေါ်လေးဆန္ဒတွေကို ပိုး မတားချင်တော့ပါ။ ဒေါ်လေး စိတ်ချမ်းသာလျှင် သက်ရှိထင်ရှား ကျန်းကျန်း မာမာရှိနေလျှင်ပဲ ကျေနပ်ပါသည်။

"ဒေါ်လေး ဆန္ဒအတိုင်းဖြစ်စေရမယ်၊ လောလောဆယ် ဒေါ်လေး ကျန်းမာအောင်နေ"

"တ တကယ်ပြောတာလား သမီး"

ပိုး လက်ကို ကိုင်လှုပ်ပြီး ဝမ်းသာအားရ ဒေါ်လေးမေးနေသော အရိုးပေါ်အရည်တင် ဒေါ်လေးလက်ကလေးကိုကိုင်ပြီး ဝမ်းနည်းလာသည်။

"တကယ်ပါ ဒေါ်လေးကျန်းမာပြီး အားပြည့်လာရင် နှုင်းမရောက် သမီးကိုယ်တိုင် ဒေါ်လေးရှေ့ခေါ်ပေးမယ်"

ဒေါ်လေး ဝမ်းသာလွန်း၍ စကားတောင်မပြောနိုင်ဘဲ ပြုံးပြုံးကြီး ပိုးမျက်နှာကို ကြည့်နေ၏။

"တစ်ရေးအိပ်လိုက် ဒေါ်လေး၊ အိပ်ရာနိုးရင် ဆေးသောက်ရမယ် တစ်ခုခုစားရမယ်"

ဒေါ်လေး အားရပါးရ ခေါင်းညိတ်လိုက်ပုံက လိုချင်တာရသွားသော ကလေးတစ်ယောက်အတိုင်းပင်။ ဒေါ်လေးကို အခန်းထဲက အိပ်ရာထဲတွဲပို့ စောင်ခြုံပေးပြီးတာနှင့် ပိုး ပြန်ထွက်လာခဲ့သည်။

"ဟူး"

"ဘာတွေသက်ပြင်းချနေတာလဲ သမီးရဲ့"





"သြော် ဖေဖေ လာ"

ဦးသက်မင်း သမီးဖြစ်သူဘေးမှာ ဝင်ထိုင်ပြီး

"စန္ဒာ အိပ်နေလား သမီး"

"အခုပဲ အိပ်ဖို့ သမီးပို့ခဲ့တယ်"

"သမီးရော သက်သာရဲ့လား။ မနက်ဖြန် ဆေးခန်းသွားပြမယ့် နေ့နော်"

"ဟုတ်ကဲ့ ဖေဖေ၊ သမီးက အခုမှဖြစ်စ ရှိသေးတော့ ဆေးပုံမှန် စွဲသောက်ရင် သက်သာမှာပါ၊ ဒေါ်လေးကိုသာ သမီးစိတ်ပူနေတာ၊ အခု သမီးကတိပေးလိုက်တော့ ဒေါ်လေး ပျော်သွားတယ် ဖေဖေ"

ဦးသက်မင်း အရောင်လဲ့သော မျက်လုံးတွေနှင့် သမီးဖြစ်သူကို ကြည့်လိုက်ပြီး

"ကောင်လေးနဲ့ဆက်သွယ်ပါမယ်ဆိုတဲ့ ကတိလား သမီး"

"ဟုတ်တယ် ဖေဖေ"

"သမီးကိုဖေဖေ အစတည်းကပြောသားပဲ၊ နောက်မှ သမီးဘာသာ ဆက်သွယ်တာ မဆက်သွယ်တာက သမီးသဘော၊ လောလောဆယ်မှာ သမီးအဒေါ်စိတ်ချမ်းသာဖို့က အရေးကြီးတယ်လေ၊ နှလုံးရောဂါသမားဆိုတာ အရေးကြီးဆုံးက စိတ်ပဲ သမီး"

ဖေဖေပြောတာဟုတ်နေသည့်အတွက် ပိုး ငြိမ်နေလိုက်သည်။

"နှလုံးရောဂါဆိုတာ မျိုးရိုးလိုက်တာမှန်ပေမယ့် သမီးဖြစ်တာ လည်း စိတ်ကြောင့်ပဲ၊ ဘယ်လောက်ပဲ ဆေးတွေပုံမှန်သောက်သောက် စိတ်ထိခိုက်စရာနဲ့ကြုံတွေ့လာရင် ခံနိုင်ရည်မရှိဘူး။ သမီးချစ်သူကို ချစ်လျက်နဲ့ ထိန်းချုပ်နေရတာလည်း စိတ်ဆင်းရဲမှုတစ်မျိုးပဲ၊ ဒါပေမဲ့ သမီးသဘောပါ၊ သမီးဘဝအတွက် သမီးကိုယ်တိုင် ဆုံးဖြတ်ပါ၊ မိဘတိုင်းကတော့ သားသမီး

တွေကို အစစပြည့်စုံနေတာပဲ မြင်ချင်ကြတယ် သမီး''

ပိုး ခေါင်းလည်းမညိတ် ခေါင်းလည်းမခါတော့ ဖေဖေ ဆက်မပြောတော့။

''ဖေဖေ သွားမယ် သမီး''

''ဟုတ်ကဲ့ ဖေဖေ''

ဖေဖေ အိမ်ပေါ်ကဆင်းသွားပြီး ပျောက်သွားသည့်အထိ ပိုး ငေးကြည့်နေမိသည်။

မောင်ရယ် ကာယကံရှင်ပိုးက ပြန်ဆုံချင်တာပေါ့။

အတွေးနှင့်ပင် မောင့်ကိုသတိရ လွမ်းသည့်စိတ်တွေကြောင့် မျက်ရည်တွေတပေါက်ပေါက်ကျလာသည်။

မောင် ပိုးကိုစိတ်နာနေပြီလား။ မောင် မမေ့သေးဘူး တမ်းတနေမယ်ဆိုတာ သိသည်။ ဒါပေမဲ့ မောင့်အဖေနှင့်အမေကတော့ ပိုးကိုလိုလားပါ့မလား။

■ ■ ■

## အခန်း (၃၂)

မာမီနိုင်းသည့်ကိစ္စတစ်ခုကြောင့် တာမွေဘက်သွားပြီးအပြန် ..က်နှာချင်းဆိုင်မှ လျှောက်လာသော ပိုးတို့ခေါင်းရင်းအိမ်က အန်တီမြင့်ကို ..တွေ့တော့ ကားပါကင်ထိုးလိုက်သည်။ အန်တီမြင့်နောက် ခပ်သွက်သွက် ..လေးလိုက်သွားမိသည်။

''အန်တီမြင့်''

''ဟယ် အတော်ပဲ အခုတင် မင်းဆီဖုန်းဆက်တော့မလို့''

သူ့ကိုတွေ့တာနှင့် အန်တီမြင့် ပျာပျာသလဲပြောတော့ ပိုးနှင့်ပတ်သက်ပြီး တစ်ခုခုထူးပြီဆိုတာ သိလိုက်ရသည်။ ရင်တွေခုန်လာပြီး

''ဘာထူးလို့လဲ အန်တီမြင့်''

''မနေ့ညမှောင်စပျိုးလောက်က မီးလင်းနေတာနဲ့ အန်တီလည်းဖြစ်ချင်တာဖြစ် ဝင်သွားလိုက်တာ၊ အန်တီတို့အရွယ် လူနှစ်ယောက်တွေ့

တော့ မင်းကောင်မလေးတူအရီးကို မေးလိုက်တယ်''

''သူ သူတို့က ဘာပြောလဲဟင်''

သူ စိတ်လှုပ်ရှားစွာမေးတော့ အန်တီမြင့် သက်ပြင်းကြီးချလိုက်ပြီး

''မင်းကောင်မလေးတူအရီးက အခုတွေ့တဲ့လူတွေကို ခြံနဲ့တိုက် ရောင်းလိုက်ပြီတဲ့''

''ဗျာ''

''ဟုတ်တယ် အန်တီလည်း မင်းကိုဝမ်းသာစရာစကားပဲပြောချင်တာ၊ ဝယ်လိုက်တာလည်း ပွဲစားကတစ်ဆင့်လို့ ပြောတယ်၊ အိမ်ပိုင်ရှင်က ဖြူသလား မည်းသလားဆိုတာတောင် မသိဘူးတဲ့၊ မသယ်နိုင်တဲ့ပစ္စည်း ကြီးကြီးမားမားတွေပါ ဝယ်လိုက်တာ''

အစအနပျောက်သွားသည့်အတွက် ခေါင်းငိုက်စိုက်ကျပြီး ဘာတစ်ခွန်းမှ ဆက်မပြောနိုင်တော့။

''အန်တီလည်း စိတ်မကောင်းပါဘူး။ မင်းချစ်သူကလည်း ဘယ်လိုကြောင့် ဒီလိုသစ်စိမ်းချိုး ချိုးရတာလဲ၊ အကျိုးအကြောင်းလေးတော့ ပြောရမှာပေါ့''

''ကျွန်တော်လည်းမစဉ်းစားတတ်အောင်ပါပဲ အန်တီရယ်၊ ကျွန်တော် အိမ်ဝယ်လိုက်တဲ့လူတွေနဲ့တွေ့ချင်တယ်''

''သွားတွေ့လေ''

''အခုတစ်ခါတည်းပဲ သွားလိုက်မယ်၊ အန်တီမြင့် ပြန်မယ်မဟုတ်လား၊ လိုက်ခဲ့လေ''

''မလိုက်သေးဘူး သား။ အန်တီသွားစရာရှိသေးလို့ ထူးရင် အန်တီလည်းဖုန်းဆက်ပြောဦးနော်''

''ဟုတ်ကဲ့''





အန်တီမြင့် သူ့လမ်းသူဆက်သွားသလို သူလည်း ကားပေါ်တက်ပြီး ပိုးတို့အိမ်ဘက် ထွက်လာခဲ့သည်။ ခြံရှေ့မှာပဲ ကားရပ်လိုက်ပြီး မဝင်ဘာကြာပြီဖြစ်သော ပိုးတို့ခြံဝင်းလေးထဲ ဝင်လာခဲ့သည်။ သူ ဝင်လာတာကို တွေ့လို့ဖြစ်မည်။ လူတစ်ယောက် အိမ်ထဲကထွက်လာပြီး

''ဘာကိစ္စရှိလို့လဲကွယ်''

''ကျွန်တော့်ကို စကားနည်းနည်းလောက် ပြောခွင့်ပြုပါခင်ဗျာ''

''ရပါတယ် လာလေ အိမ်ထဲဝင်''

ဖိတ်ခေါ်သည့်လူနောက်က လိုက်သွားပြီး တစ်အိမ်လုံး ဝေ့ကြည့်လိုက်သည်။ ပိုးတို့တူအရီးရိုက်ထားသော ဓာတ်ပုံနှင့်ဘုရားစင်ကလွဲလျှင် ကျန်ပစ္စည်းအသုံးအဆောင်အားလုံး ပိုးတို့ပစ္စည်းတွေပင်ဖြစ်သည်။

''ထိုင်ပါ ကလေး အရင်အိမ်ရှင်တွေရဲ့ အသိထင်တယ်''

''ဟုတ်ပါတယ်ဗျာ ဦးကို ဒီခြံနဲ့တိုက်ရောင်းလိုက်တယ်ဆိုတာ အမှန်ပဲလား''

''ခြံနဲ့တိုက်တင်မဟုတ်ပါဘူး။ ပစ္စည်းတွေအားလုံးပါ အပြီးရောင်းခဲ့တာပါ''

''ရောင်းတဲ့အိမ်ရှင်က ဒေါ်စန္ဒာ မဟုတ်လား''

''ဟုတ်ပါတယ် ဒါပေမဲ့ ဦးတို့က အိမ်ရှင်ဒေါ်စန္ဒာကိုမသိပါဘူး၊ ပွဲစားကတစ်ဆင့် စာချုပ်ချုပ် ငွေချေလိုက်တာပါ''

''အဲဒီပွဲစားကို ကျွန်တော်တွေ့လို့ရမလား ဦး''

''သူက အရင်ဦးတို့နေတဲ့တိုက်ခန်းကပဲ ပြောင်းသွားတာကြာပြီ၊ ဦးတို့က သီးသန့်လုံးချင်းလေးနေချင်တာ သူ သိထားလို့ ဖုန်းဆက်ပြီးပြောတာ၊ ဖုန်းနံပါတ်တော့ ရှိတယ်''

အိမ်ရှင်ပေးသော ဖုန်းနံပါတ်လေးကိုမှတ်ပြီး နှုတ်ဆက်ထွက်လာ

ခဲ့သည်။ ခြံထဲကထွက်တာနှင့် ဖုန်းဆက်တော့ ဖုန်းကိုတစ်ဆင့်ရောင်း ကြောင်း ပြောပြီး ဖုန်းချသွားသည်။ အမောဆို့ပြီး ကားပေါ်ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

စိတ်ရှိတိုင်းသာ အော်ဟစ်ပစ်လိုက်ချင်သည်။ သူ လုံးဝ ဆက်သွယ် မရအောင် ပိပိရိရိ ခြေရာဖျောက်သွားတာကလွဲလို့ ဘာဖြစ်ဦးမှာလဲ။

မောင်က ဒီလောက်နဲ့ အရှုံးပေးမယ်လို့ ပိုး ထင်လား။

မျက်နှာမသာမယာ သူ့ကိုကြည့်ပြီး ကိုမင်းနှင့်ဝေယံတို့ မျက်ထုံး ချင်းဆုံသွားသည်။ ခြေပစ်လက်ပစ် ထိုင်ချပြီး တော်တော်ကြာသည်အထိ ဘာစကားမှမပြောဖြစ်ကြသေး။

"ပိုးတို့အိမ်ကို ရောင်းပစ်လိုက်ပြီ"

"ဟင် ပိုးနဲ့တွေ့လာတယ် ဟုတ်လား"

"ဒါနဲ့တောင် မင်းမျက်နှာကြီးက အီးမှန်ထားတဲ့အတိုင်းပဲ"

နှစ်ကောင်သား အားတက်သရောနှင့် သူတို့ထင်ရာတွေပြောနေ ကြသည်။

"ဟေ့ကောင် မရ ပြောစမ်းပါ၊ ပိုးက ဘာတဲ့လဲ၊ အိမ်ကရော ဘာကိစ္စကြောင့် ရောင်းရတာလဲ"

"အေးလေ သိချင်လို့မေးနေတာကို ဈေးကိုင်နေတယ်"

သက်ပြင်းတစ်ချက်ချပြီး အန်တီမြင့်နှင့်တွေ့တာ၊ ပိုးတို့အိမ်ဝယ် လိုက်သောလူနှင့်တွေ့တာ၊ ပွဲစားဆီဖုန်းဆက်တာတို့ကို အစအဆုံးပြောပြ လိုက်သည်။

"ဟင် ဘယ်လိုဖြစ်လို့ အစအနတောင် မကျန်အောင် လုပ်ချယ် လိုက်တာလဲ"

"ဟုတ်ပ ပိုးတို့တူအရီးလုပ်သွားပုံက စဉ်းစားရကြပ်လိုက်တာ"





"မရ မေးပြီးသားပဲထပ်မေးရဦးမယ်၊ မင်းကို ရွှေကဗျာနဲ့ပတ်သက် ပြီးတော့များ ဖီးလ်ဖြစ်တာလား"

"ငါ ရွှေကဗျာကို စိတ်မဝင်စားတာ ပိုး သိပါတယ်"

"ငါတစ်ခုစဉ်းစားမိတယ် သိလား။ မဟုတ်ရင်တော့ ငါငရဲကြီးမှာ ပေါ့"

ကိုမင်း တွေးတွေးဆဆအပြောကို သူနှင့်ဝေယံ စိတ်ဝင်တစား ပြိုင်တူကြည့်လိုက်သည်။

"မင်းမာမီက မင်းကိုရွှေကဗျာနဲ့သဘောတူတယ် မဟုတ်လား၊ မင်းအဖေကတော့ ပိုဆိုးတာပေါ့၊ ဒီတော့ သူတို့များ တစ်ဖက်လှည့်နဲ့"

ကိုမင်း ပြောလက်စ စကားကိုရပ်ထားပြီး သူ့မျက်နှာကို အကဲခတ် သလို ကြည့်လိုက်သည်။

"မင်းပြောချင်တာက ဒီကောင့်အဘိုးကြီးနဲ့အဘွားကြီးက ပိုးတို့ကို သွားမောင်းထုတ်လိုက်တယ်လို့ ဆိုချင်တာမဟုတ်လား"

ဝေယံ ကောက်ခနဲအမေးကို ကိုမင်းက

"အဲဒီလို ရှင်းရှင်းစိုင်းစိုင်းလို့ မဆိုပါဘူး"

"အဓိကကတော့ ဒါပဲမဟုတ်လား"

ကိုမင်း ခေါင်းညိတ်ပြတော့ သူ သက်ပြင်းမောလေးချပြီး

"မင်းတွေးသလို တွေးလို့လည်းရပါတယ်၊ ဒါပေမဲ့ ဖေဖေရော မာမီရော အဲဒီလိုလုပ်မှာမဟုတ်ဘူးဆိုတာ ငါပြောရဲတယ်၊ ရွှေကဗျာနဲ့သဘော အရမ်းတူပေမယ့် ငါ ပိုးကိုပဲချစ်တယ်ဆိုတာ သိတယ်၊ ဖေဖေနဲ့မာမီက ငါ စိတ်ဆင်းရဲအောင်လုပ်မှာမဟုတ်ဘူး"

"ဟုတ်မှာပါ ငါလည်း ငါ့အထင်ကိုပြောကြည့်တာပါ"

"ဟုတ်ပါတယ်၊ ဒီလို ထင်နိုင်စရာအကြောင်းကလည်း ရှိနေတာ

"ကောသီလည်း သိမှာမဟုတ်ဘူးနော်"

"သူလည်း ငါသိသလောက်ပဲ သိတယ်၊ ငါပြောပြတော့ သူ တောင် အရမ်းအံ့သြနေတယ်"

"ပျောက်သောသူ ရှာရင်တွေ့ပါကွာ မင်းနဲ့ပိုးက သိပ်ချစ်ကြတဲ့ ချစ်သူတွေပဲ၊ မင်းတို့မေတ္တာစစ်မှန်တဲ့အတွက် ပြန်တွေ့မှာပါ"

ဝေယံ ပြောသလို ပိုးနှင့်မြန်မြန် ပြန်တွေ့ပါစေဟု သူလည်း ဆု တောင်းရတာအမောပင်။

"ငါ မနက်ဖြန်ကစပြီး ပိုးကိုရင်ထဲကပဲလွမ်းရင်း ဆိုင်လိုက်သွား တော့မယ်"

ဝေယံနှင့်ကိုမင်း ပြိုင်တူပင် သူ့ကိုလှည့်ကြည့်ကြသည်။

"ဟုတ်တယ် အချစ်အတွက်နဲ့ ငါခံစားနေရတာကိုကြည့်ပြီး ငါ့ မိသားစုပါ လိုက်ခံစားနေရတယ်၊ ဒါဟာမဖြစ်သင့်ဘူးကွာ၊ ရည်းစားပူမိပြီး ထိုင်ဆွေးနေတော့ရော ပိုးနဲ့ပြန်တွေ့မလား။ လူပိုကြီးဖြစ်မှန်းမသိဖြစ်နေတဲ့ ငါ့ကိုယ်ငါလည်း ရှက်လာတယ်၊ ပိုးကိုတော့ ငါအသက်ရှူနေသရွေ့ သတိ ရနေမှာ'

ဝေယံ သူ့ပခုံးကိုပုတ်လိုက်ပြီး

"ဝမ်းသာတယ် မရရယ်၊ အဲဒီလိုပဲ ဖြစ်ရမှာပေါ့"

"မင်းနဲ့ပိုး ပြန်တွေ့ရမှာပါ မရ"

သူအပြုံးနှင့် ခေါင်းညိတ်ပြလိုက်သည်။

မနက်ဖြန်မှာ စတော့မည့် သူ့ဘဝသစ်အတွက် အင်အားတွေ ဘယ်လိုရောက်လာမှန်းပင် မသိ။

■ ■ ■



## အခန်း (၃၃)

"သားရေ မရ ပြီးပြီလား။ သွားကြစို့လေ"

"လာပြီ လေးလေး"

မှန်ထဲမှာ ထင်နေသော ကိုယ့်အရိပ်ကိုတောင် ပိုးအရိပ်ကလေးဟု ထင်နေသည်။ သူ အပြေးကလေး အိမ်ရှေ့ထွက်လာတော့ လေးလေး ကားထဲရောက်နေပြီ။

"အစ်ကိုသန့်နဲ့မမကတော့ သူတို့သားအတွက် အရမ်းကို ဝမ်းသာ နေကြတယ်"

လေးလေးပြောတော့ ကားမောင်းရင်း သူ ပြုံးလိုက်ပြီး

"ကိုယ်လုပ်ချင်သလိုလုပ်လို့မှ မရတာ လေးလေးရယ်၊ သားအပေါ် သိပ်တာဝန်ကျေတဲ့ ဖေဖေ မာမီနဲ့လေးလေးတို့အပေါ်လည်း သားကပြန်ပြီး ကျေးဇူးဆပ်ချင်တယ်၊ သားတွေးမိတယ် လေးလေး။ ပိုးသာ အခုလို ရုတ် တရက်ပျောက်မသွားခဲ့ရင် သားတို့နှစ်ယောက်လက်ထပ်ကြမယ်၊ လောလော ဆယ်မှာ မိုးမမြင် လေမမြင်နဲ့နှစ်ယောက်သား အိပ်လိုက်စားလိုက် လည်ပတ်

လိုက်နဲ့ အချိန်တွေကုန်မှာ သေချာတယ်၊ ပိုးကသားကို အချစ်တွေပေးခဲ့သလို ဘဝကိုအဓိပ္ပာယ်ရှိရှိ ဖြတ်သန်းဖို့သင်ခန်းစာတွေလည်း ပေးသွားသူပါ ပိုးကိုတော့ သား အဘိုးကြီးဖြစ်သွားတဲ့အထိကို ရှာနေဦးမှာပဲ''

လေးလေး ခေါင်းတညိတ်ညိတ်လုပ်နေသည်။ လေးလေးမျက်နှာမှာတော့ ကျေနပ်မှုတွေအပြည့်။

သူနှင့်လေးလေး ကားရပ်ပြီး ကားပေါ်ကဆင်းတော့ မာမီဆိုင်ထဲကနေ ထွက်ကြိုနေသည်။

''မာမို့သားလေးလာပြီ၊ အမလေး အင်္ကျီအဖြူလည်ကတုံး ယောပုဆိုးလေးနဲ့ဆိုတော့ မာမို့သားက ခန့်ချောကြီး၊ ကောင်မလေးတွေ ဒီဆိုင်ပိုင်ရှင်လာပြီ ရှိရှိသေသေ ဆက်ဆံကြနော်''

မာမီ ပီတိတဝေဝေနှင့် ဆိုင်ရှိဝန်ထမ်းကောင်မလေးတွေကို လှည့်ပြောကာ သားဖြစ်သည့်သူ့လက်မောင်းကိုချိတ်ပြီး ဆိုင်ထဲတွဲခေါ်လာသည်။ မလှမ်းမကမ်းရှိ ခုံတစ်လုံးမှာတော့ ရွှေကဗျာက ကြော့ကြော့လေး ထိုင်ပြီး ပြုံးကြည့်နေသည်။

ဘဝကိုတည်ငြိမ်အောင် ကြိုးစားနေသည့်အပြင် မိဘနှစ်ပါးနှင့် လေးလေးရဲ့ကျေးဇူးကိုဆပ်ချင်တာကြောင့် ရွှေကဗျာနှင့်ပတ်သက်ပြီး သူ ဘာတစ်ခုမှဝင်မပြောတော့ပါ။ ကိုယ်နှင့်မဆိုင်တော့ဘူးဟုလည်း ယူဆထားလိုက်သည်။

ဆိုင်ကို စလိုက်သည့်နေ့မှာ ဝယ်သူကောင်မလေးတွေ အရမ်းစည်ကားနေတော့ ဆိုင်ကကောင်မလေးတွေ ပိုင်းနောက်ကြသည်။

''အစ်ကိုလေး ဆိုင်စထိုင်တာနဲ့ ကောင်မလေးတွေ တစ်ခါမှ မပြတ် ဘူး''

''ဟုတ်တယ် နောက်ဆို အစ်ကိုလေးပဲ ဆိုင်ထိုင်တော့''





''အဟဲ ဟဲ နင်တို့ကလည်း ပင့်နေပြန်ပြီ၊ သိပ်မပင့်နဲ့ ငါ ပြန်ဆင်းလို့မရဖြစ်နေဦးမယ်''

''တကယ်ပြောတာပါ အစ်ကိုလေးရဲ့''

''တို့ကိုလေးက ရုပ်ကလည်း အမိုက်စားဆိုတော့ ကိုလေးကိုမြင်ပြီး အားပေးသွားကြတာချည်းပဲ၊ ပစ္စည်းမဝယ်ဘဲ ပြန်ထွက်သွားတဲ့သူ တစ်ယောက်မှမရှိဘူး''

တကယ်ပဲ ပြောပြော မြှောက်ပဲပြောပြော တဟဲဟဲနှင့် သူရယ်ရင်း ရွှေကဗျာဆီအကြည့်ရောက်တော့ သူမ ကြည့်နေတာနှင့်ဆုံသည်။ ချက်ချင်းပင်အကြည့်ကိုလွှဲပစ်လိုက်သည်။

''ကောင်မတွေ ငါ့သားကိုမြှောက်နေကြတယ် ဟုတ်လား''

''မေမေကြီးကလည်း တကယ်ပြောတာပါ''

''ကဲ သားရေ ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့ ကျွေးလိုက်''

တစ်ချိန်လုံး ငြိမ်နေသော လေးလေး ဝင်ပြောတော့ သဘောကျကုန်၏။

ဘာပဲဖြစ်ဖြစ် သူပျော်ပါသည်။ အချိန်ပြည့် ပိုးကိုသတိရနေသော စိတ်တွေ နည်းနည်းတော့ လျော့ပါးသွားသည်။

ရယ်နေသော အစ်ကို့မျက်နှာချောချောလေးကိုကြည့်ပြီး ကဗျာ ဝမ်းနည်းနေသည်။ ဘယ်သူနှင့်မဆို အဆင်ပြေသောအစ်ကိုက ကဗျာ့ကိုတော့ အစဉ်အမြဲ တင်းမာနေတာ ဘာကြောင့်လဲ၊ ဖေဖေ သံယောဇဉ်ကြောင့် လာနေရသော ကဗျာ့ကို ဒီလောက် မတင်းသင့်ပါ။

''သမီး''

မေမေ ပခုံးလေးပုတ်ပြီးခေါ်မှ ကဗျာ အတွေးလွန်ရာက သတိ သွားသည်။

"ရှင် မေမေ"

"ဘာတွေစဉ်းစားနေတာလဲ သမီးရဲ့"

"မ မစဉ်းစားပါဘူး အဟင်း ဟင်း အစ်ကိုကပြောလည်း ပြော စရာပဲ တကယ်ချောတာ"

ကဗျာ စကားလမ်းကြောင်း ပြောင်းပစ်လိုက်သည်။

မေမေသဘောကျပြီး သားဖြစ်သူဘက်လှည့်ကြည့်သည်။ အစ်ကို က လေးလေးနှင့်အတူ ရတနာပစ္စည်းတွေကို စိတ်ဝင်တစား လိုက်ကြည့် နေသည်။

ချစ်သူ ရုတ်တရက်ပျောက်သွားသည့်အတွက် အစ်ကို အရမ်းခံစား နေရတော့ ကဗျာလည်း အစ်ကို့အတွက် အရမ်းခံစားရပါသည်။ ချစ်သူ သိပ်ချစ်ပြီး ဘာတစ်ခုမှလိုလေသေးမရှိပြည့်စုံသော အစ်ကို့ကိုပင် ဘယ် အကြောင်းကြောင့် ကိုယ်ရောင်ဖျောက်သွားရတာလဲ။ အရင်ရက်တွေက မစားနိုင် မအိပ်နိုင် တမှိုင်မှိုင်နှင့်အစ်ကို့ကိုကြည့်ပြီး အစ်ကို့ချစ်သူကို အရောက်ခေါ်လာပေးချင်လိုက်တာ။ အချစ်ဆိုတာ ရယူလိုခြင်းထက် ချစ်သူ စိတ်ချမ်းသာအောင် ပေးဆပ်ခြင်းကသာ အဓိပ္ပာယ်ရှိတယ်လို့ ကဗျာ ထင် တယ်။

အစ်ကို စိတ်ချမ်းသာမည်ဆိုလျှင် ကဗျာ ဘာမဆိုလုပ်ပေးချင် သည်။

တက်ကြွပျော်ရွှင်နေသော အစ်ကို့ကိုကြည့်ပြီး ကဗျာ့ရင်ထဲ လည်း အပျော်တွေကူးစက်လာသည်။

■ ■ ■



## အခန်း (၃၄)

ဘာလိုလိုနှင့် ရာသီစက်ဝိုင်း တစ်ပတ်လည်သွားခဲ့သည်။

အလုပ်ချိန်မှာ အလုပ်ထဲစိတ်နှစ်ပြီး ကျန်အချိန်တွေကတော့ ပိုး ကိုလွမ်းသည့်စိတ်တွေက တားမရ။ သားကိုစိတ်ချသွားသော မာမီက ဆိုင်ကို လှည့်မကြည့်တော့ပါ။ သားကိုစိတ်ချသွားသည့်အတွက် တရားအားထုတ် ခြင်း တရားစခန်းဝင်ခြင်း စသည့်အလုပ်တွေကိုပဲ အာရုံပြောင်းသွားသည်။

ထိုအချိန်မှာပဲ မာမီ ရေချိုးမှားပြီး လေဖြန်းသွားသည်။

မာမီ့ကို သည်းသည်းလှုပ်ချစ်သော ဖေဖေ လေးလေးနှင့်သူက ဗျာယာခတ်အောင် ဂရုစိုက်၊ အစိုးရိမ်တွေပိုကြတာကို မာမီအပြုံးမပျက်ဘဲ

"ဖေကြီးရော မောင်လေးရော သားလေးရော အဲဒီလောက်အထိ မစိုးရိမ်ကြနဲ့၊ ဘာမှပြောပလောက်တာမဟုတ်ဘူး၊ မကြာခင် ပြန်ကောင်း သွားမှာ အားလုံးအရင်လိုပဲ ပေါ့ပေါ့ပါးပါးနေကြပါ"

"မာမီရယ် ဘယ်လိုပြောလိုက်တာလဲ၊ မာမီ့ကိုချစ်တဲ့သူတွေက မစိုးရိမ်ရတော့ဘူးလား"

"သားလေးရယ် မာမီ့ကြောင့် ဘယ်သူ့ကိုမှစိတ်သောက မရောက်

ချေချင်ဘူး မာမီ မဆင်ခြင်လို့ဖြစ်သွားတဲ့အတွက်ပဲ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်နေမိတယ်''

''ဖြစ်ချိန်တန်လို့ ဖြစ်တာပါ ဝေရယ်၊ အဲဒီလိုကြီး စိတ်ထဲစွဲမထားပါနဲ့''

မာမီ ဘာမှပြန်မပြောတော့ပေမယ့် ကျကာနီးမျက်ရည်တွေကို ပုတ်ခတ်ထိန်းနေသည်။ မာမီက စိတ်ဓာတ်မာသည်။ သားဖြစ်သည့်သူနှင့်တော့ တခြားစီပင်။ သူက မာမီ့သားပေမယ့် ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ပြင်းပြင်းထန်ထန် မခံစားနိုင်ပါ။ ပိုး ပျောက်သွားစကလည်း ရူးမတတ်ခံစားရသလို အခုမာမီဖြစ်တော့လည်း ဘာလုပ်ရမှန်းမသိအောင် ရင်တစ်ခုလုံး မှုလောင်နေသည်။

''ကဗျာ သမီးလေး နားလိုက်ပါဦး''

''ရပါတယ် မေမေရဲ့''

မာမီရဲ့ခြေဖဝါးလေးတွေကို ဆုပ်နယ်ပေးရင်း ရွှေကဗျာလည်း မျက်ရည်ဝဲနေသည်။

''ခဏသွားနားလိုက်လေ သမီး၊ ဒီမှာ သားလေးရော အောင်မိုးရော ရှိပါတယ်''

''သွား သွား သမီး''

လေးလေးရော ဖေဖေရော ပြောမှ ရွှေကဗျာ ရှုံ့ရှုံ့ကျိုးကျိုးလေး အခန်းထဲကထွက်သွားသည်။

ရွှေကဗျာ့ကို မာမီအပြုံးလေးနှင့် မျက်စိတစ်ဆုံး လိုက်ကြည့်ပြီး

''အရမ်းကိုတော်တဲ့ ကလေးမပါ၊ အရွယ်နဲ့တောင် မလိုက်ဘူး သမီးရင်းလေးသာဆို သိပ်ကောင်းမှာပဲ''

''မမကလည်း အခုလည်း ကဗျာက မမတို့သမီးလေးပဲ''





''ဟုတ်သားပဲ ဝေရဲ့''

သူကတော့ ဘာတစ်ခွန်းမှ မပြော။ ရွှေကဗျာထိုင်သွားသော နေရာသို့ ပြောင်းထိုင်လိုက်ပြီး မာမီ့ခြေသလုံး၊ ခြေဖဝါးလေးတွေကို ကြင်ကြင်နာနာ နှိပ်ပေးနေမိသည်။

''တော်ပြီ သားလေး၊ နားလိုက်ကြဦး မာမီလည်း တစ်ရေးလောက် အိပ်လိုက်ဦးမယ်''

ပြောပြီးတာနှင့် မာမီမျက်စိမှိတ်ထားတော့ လေးလေး သူ့ကိုပခုံးဖက်ပြီး ခေါ်လာသည်။

''လေးလေး''

''ပြောလေ''

''မာမီ ပြန်ကောင်းမှာပါနော်''

လေးလေး ရယ်လိုက်ပြီး

''သားကလည်း အခုရော ဘာဖြစ်လို့လဲ သွေးတိုးရှိတော့ အအေးပတ်သွားတာပါ၊ ဒါက ဆေးမှန်မှန်လိမ်း၊ ဆေးမှန်မှန်သောက်ရင် လူကောင်းအတိုင်းဖြစ်သွားမှာ၊ ကဗျာလေးကို ကျေးဇူးတင်ရမယ်၊ မိဘရင်းနဲ့မခြား သေသေချာချာကိုပြုစုတာ၊ ဆေးလိမ်းပေးနေတာများ စိတ်ရှည်လက်ရှည်ပဲ''

လေးလေး ဘာသဘောနှင့်ပြောနေလဲ မသိပေမယ့် တကယ်လည်း ရွှေကဗျာကို ကျေးဇူးတင်ပါသည်။ မာမီ့ကို တကယ်စေတနာရှိလို့လုပ်ပေးသော ရွှေကဗျာရဲ့မေတ္တာ စေတနာတွေက သူ့ကိုအထပ်ထပ် ချည်နေသလို ခံစားရသည်။

သူ သက်ပြင်းချသံ လေးလေးကြားမည်ထင်သည်။

ရှေ့ဆက် ဘာတစ်ခွန်းမှ မပြောတော့။

■ ■ ■

## အခန်း (၃၅)

ကားရပ်ပြီးတာနှင့် အပုကို အိတ်လှမ်းပေးပြီး မာမို့ဆီအပြေးအလွှား ရောက်လာခဲ့သည်။ ရွှေကဗျာ မာမို့တစ်ကိုယ်လုံး ဆေးလိမ်းပေးနေသည်။

"ဟော သားလေး ပြန်လာပြီ"

"ဟုတ်ကဲ့ မာမီ၊ နေကောင်းတယ်နော်မာမီ"

မာမီအပြုံးလေးနှင့်

"ကောင်းတယ် သားလေး"

မာမို့အပြုံးနှင့် မာမို့အသံလေးကိုမြင်လိုက်ကြားလိုက်ရလျှင်ပဲ အမောတွေအားလုံး ပျောက်သွားသည်။

"ထိုင်လေ သား"

အခုထိ မထိုင်သေးသော သူ့ကို အတင်းထိုင်ခိုင်းနေပြီး ရွှေကဗျာကိုလည်း

"ရပြီ သမီး၊ နားလိုက်တော့ တစ်နေကုန် သမီးအရမ်းပင်ပန်းနေပြီ"





မာမီက ထပ်ချည်နေပြန်ပြီ။ ရွှေကဗျာကတော့ အလိုက်သိစွာ ထွက်သွား၏။

"သား လေးလေးရော"

"ပါတယ် မာမီ"

"သားလေး ပင်ပန်းနေပြီ၊ ကျန်းမာရေးကို ဂရုစိုက်နော် သားလေး"

သူ့နဖူးက ဆံစလေးတွေကို သပ်တင်ရင်း မာမီ ကြင်နာစွာပြောသည်။

"စိတ်ချပါ မာမီရဲ့"

ဆိုင်သွားတိုင်း ပြန်လာတိုင်းကို ကားသတိထားမောင်းဖို့နှင့် ကျန်းမာရေးဂရုစိုက်ဖို့ပဲ အထပ်ထပ်မှာသည်။ ဈေးရောင်းကောင်းလား ဆိုင်အခြေအနေ ဘယ်လိုလဲဆိုတာတောင် မမေးတော့ပါ။ သံယောဇဉ်တွေကို အတတ်နိုင်ဆုံး ဖြတ်ထားပုံရသည်။

"ဖေဖေ ပြန်လာပြီလား မာမီ"

"ပြန်လာပြီ၊ ရေချိုးနေတယ်"

"ထမင်းစားလို့ရော ကောင်းရဲ့လား မာမီ"

"ကောင်းတယ် သား"

မာမီ သူ့ပါးလေးကိုပွတ်ပြီး ကြင်နာမှုအပြည့်နှင့်ကြည့်နေပါသည်။ ဘာကိုပဲသံယောဇဉ်ဖြတ်ဖြတ် တစ်ဦးတည်းသော သားလေး သူ့ကိုတော့ မာမီ ဘယ်တော့မှ သံယောဇဉ်ဖြတ်မှာမဟုတ်ပါ။

"သားလေး သွားနားတော့လေ၊ ရေချိုးနောက်ကျနေဦးမယ်"

ခေါင်းညိတ်ပြပြီး မာမို့ပါးလေးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် နမ်းလိုက်သည်။

"အား သနပ်ခါးနံ့လေးက ရင်ထဲကိုအေးသွားတာပဲ"

"အဲဒါ သမီးလေးကဗျာလေ သားရဲ့ သနပ်ခါးတုံးကို ကျကျနန သွေးပြီး ခြေဆုံးခေါင်းဆုံး လိမ်းပေးတာ"

ခေါင်းပဲညိတ်လိုက်သည်။ ဟုတ်ပါသည်။ ဒါဟာ ရွှေကဗျာရဲ့ကျေးဇူးတွေပါ။ လူနာတစ်ယောက်ဖြစ်သည့် မာမီ့ဆီက ဆေးနံ့အစား သနပ်ခါးနံ့လေးတွေပဲ အမြဲမွှေးနေသည်။ ပိုက်ဆံပေးခေါ်ထားမည့်သူတောင် ရွှေကဗျာလောက် စိတ်ရှည်မည်မထင်ပါ။ မာမီ့ရောဂါသက်သာနေတာသည် ရွှေကဗျာကြောင့်တစ်ဝက်မကပါသည်။

နင့်ကိုရင်ထဲက လှိုက်လှိုက်လှဲလှဲကို ကျေးဇူးတင်ပါတယ် ရွှေကဗျာ။

အဲဒီကျေးဇူးတွေ ဘယ်လိုပြန်ဆပ်ရမလဲဆိုတာကိုလည်း ခေါင်းထဲ အမြဲထည့်ထားသည်။

"သားရေသွားချိုးလိုက်ဦးမယ်နော် မာမီ"

"ရေတစ်ခွက်လောက်သောက်လိုက်ဦးနော် သား"

"ဟုတ်ကဲ့ မာမီ"

အခန်းထဲရောက်တော့ လေးလေးက ဖိတ်စာတစ်စောင်ဖတ်နေသည်။

"မောင်ဝေယံတောင် မင်္ဂလာဆောင်တော့မှာကို"

"ဟုတ်တယ် လေးလေး ကိုမင်းလည်း ဝါကျွတ်တာနဲ့ဆောင်မှာ"

လေးလေးဘေးနားပစ်လှဲချပြီး သူပြောတော့ လေးလေးခေါင်းတညိတ်ညိတ်လုပ်နေသည်။

"မမ နေကောင်းလား"

"ကောင်းတယ် လေးလေး"

-"ပြောစရာရှိတယ်"





"ပြောပေါ့ လေးလေးရဲ့"

"သားကို ကဗျာနဲ့နေရာချပေးချင်တယ်"

ပြောပြီးတာနှင့် လေးလေး သူ့မျက်နှာကိုဖျတ်ခနဲ ကြည့်သည်။ ဘစ်နေ့ ဒီလိုပြောလာမည်ဟု ထင်ပြီးသားပါ။ ပိုးကိုမမေ့ဘူးဆိုတာ သိကြပေမယ့် မဖြစ်နိုင်ဘူးဟု ယူဆထားကြပုံရသည်။

"သား အသက်လည်းမငယ်တော့ဘူးလေ၊ ပိုပြီးတည်တည်ငြိမ်ငြိမ်လေးဖြစ်သွားအောင်"

သူ ဘာမှမပြောတော့ လေးလေး ဆက်ပြောသည်။ ဟိုတစ်နေ့ကတင် ဝေယံနှင့်ကိုမင်းတို့က ရွှေကဗျာကိုလက်ထပ်သင့်ကြောင်း တိုက်တွန်းနေသေးသည်။ ဖြစ်သင့်သည့်အရာပေမယ့် ရွှေကဗျာကိုချစ်လို့မရသလို ပိုးအပေါ်လည်း သစ္စာမဖောက်ချင်ပါ။ တစ်နေ့မှာ ပိုးကိုပြန်တွေ့မှာဟု သူ ထင်နေသည်။

ငိုင်သွားသော သူ့ကိုလေးလေး သေသေချာချာကြည့်ပြီး

"သားခံစားချက်ကို ကိုယ်ချင်းစာပါတယ်၊ ပိုးကိုပြန်တွေ့မယ်လို့ သား မျှော်လင့်နေတယ်မဟုတ်လား၊ လေးလေးကတော့ မထင်ဘူး၊ မတွေ့ချင်လို့ ပုန်းရှောင်နေတဲ့လူတစ်ယောက်ကို ရှာတဲ့သူပဲမောသွားလိမ့်မယ်"

"သားရင်ထဲမှာ ပိုးက တစ်သက်လုံးရှိနေမှာဖြစ်ပေမယ့် တည်ငြိမ်သင့်သလောက် တည်ငြိမ်နေပြီပဲ၊ ဘယ်သူ့ကိုမှ လက်မထပ်ဘဲ ဒီအတိုင်းနေသွားရင်ရော မကောင်းဘူးလား"

"ဘယ်ကောင်းမှာလဲ သားရယ်၊ အိမ်ထောင်ပြုတယ်ဆိုတာ အရွယ်ရှိတုန်းပြုရတာ၊ နောက်တစ်ခုက လေးလေးတို့မရှိရင် သားနဲ့ကဗျာ ဒီအတိုင်းနေကြလို့ သင့်တော်မလား၊ ကဗျာလေးဘက်ကလည်း စဉ်းစားပေး

ချောပေါ့ သားရယ်''

''လေးလေးကလည်း အဝေးကြီးကို ကြိုတွေးနေပြန်ပြီ''

''သတိဆိုတာပိုတယ်မရှိဘူး၊ အစ်ကိုသန့်နဲ့မမကလည်း အရမ်းဖြစ်စေချင်နေတယ်၊ ဒါပေမဲ့ သား ကျေနပ်မှပါ''

ဘယ်လိုပြန်ပြီး ဆင်ခြေပေးရမလဲဆိုတာ စဉ်းစားမရ။ အဖြစ်သင့်ဆုံးကတော့ ရွှေကဗျာကို သူ လက်ထပ်သင့်သည်။ ပိုးမျက်နှာလေးကို မြင်ယောင်လာတော့ ရင်ထဲမောကြပ်လာသည်။ မျှော်လင့်တကြီး လေးလေးမျက်နှာကိုမကြည့်ရဲတော့။

''သား စဉ်းစားပါမယ် လေးလေး''

''စဉ်းစားပါ သား။ ဒါပေမဲ့ သားစဉ်းစားမယ့်အချိန်ကိုတော့ အကန့်အသတ်ပေးရမယ်နော်''

''ရွှေကဗျာ့သဘောကိုလည်း မေးပါဦး လေးလေး''

''ဘာလဲ သားကို လက်ခံမခံလား''

သူ ခေါင်းညိတ်တော့ လေးလေးရယ်လိုက်ပြီး

''သားကို ဒီလောက်ဝေးလိမ့်မယ်လို့ မထင်ဘူး၊ သားကိုမေတ္တာရှိလို့သာ ဟိုအရင် မကြည်ဖြူခင်တည်းက သည်းခံပြီးနေတာပေါ့၊ သူ့မှာမိဘတွေထားခဲ့တဲ့အမွေတွေက နည်းတာမှမဟုတ်တာ၊ တော်ရုံမေတ္တာမဟုတ်လို့ ဒီလို ဒုက္ခခံပြီးလာနေတာပေါ့''

သက်ပြင်းကိုပဲ အထပ်ထပ်အခါခါ ချနေတော့ လေးလေး ကျေနပ်ပြုံးတွေနှင့်။

■ ■ ■



အခန်း (၃၆)

ဝေယံ မင်္ဂလာမဆောင်ခင်တစ်ရက်မှာ သူနှင့်ကိုမင်းကို အကြိုညှော်ခံတော့ ဘီယာနည်းနည်းသောက်ပြီး သူ ရင်ဖွင့်လိုက်သည်။

''ဟာ ဒါအမှန်ကန်ဆုံးပဲပေါ့ မရရယ်၊ ဒါဟာ မင်းမိဘတွေနဲ့လေးလေးကို အကောင်းဆုံးကျေးဇူးဆပ်နည်းပဲ''

''ဟုတ်တယ် ငါတို့က မင်းနဲ့ရွှေကဗျာကိုပဲ လက်ထပ်စေချင်တာ''

နှစ်ယောက်သား ဝမ်းသာအားရ ထဖြစ်ကြသည်။

''ကောင်းတယ် သူငယ်ချင်း အရမ်းဝမ်းသာတယ်ကွာ''

''မင်း မိဘတွေနဲ့ လေးလေးကတော့ အရမ်းဝမ်းသာသွားမှာပဲ''

''အင်း''

မတုန်မလှုပ် သူ့ပုံစံကိုကြည့်ပြီး သူငယ်ချင်းတွေ မချင့်မရဲဖြစ်နေကြသည်။

''မင်းရဲ့ဖူးစာရှင်က ရွှေကဗျာဆိုတာ အစတည်းက ပါလာပြီးသားမို့ ကြံဖန်ပြီး ဖြစ်လာတာ၊ ကဗျာ မင်းကိုချစ်တဲ့အချစ်က ပိုးထက်တောင်သာမယ်ထင်တယ်''

"တော်စမ်းပါ"

ဒါကိုတော့ သူ လက်မခံ။

"ဒီလောကကြီးမှာ ပိုးနဲ့ငါ့လောက် ချစ်ကြတဲ့ချစ်သူတွေရှိမှာ မဟုတ်ဘူး"

"ဒါကြောင့် မင်းကိုပစ်သွားတာ ထင်တယ်"

ဝေယံငေါ်တော့ ရင်ထဲကျင်ခနဲ ဖြစ်သွားသည်။

"ကဲပါ စိတ်မကောင်းဖြစ်မသွားပါနဲ့ နောက်တာပါ၊ ပိုး မင်းကို ချစ်တာ ငါတို့သိပါတယ်၊ ဒါပေမဲ့ ဖြစ်သင့်တာကိုပဲ လုပ်ရမယ် သူငယ်ချင်း မင်းကိုဘယ်လောက်ပဲချစ်ချစ် အချိန်တွေဒီလောက်ကုန်သွားတဲ့အထိ ဘာ သတင်းအစအနမှမရတော့တာ မင်းကိုနောက်လည်း တွေ့ဖို့ကြိုးစားမှာ မဟုတ်တော့ဘူး"

"ဟုတ်တယ် မရ၊ ရွှေကဗျာကိုပဲ ချစ်နိုင်အောင်ကြိုးစားပါ၊ မင်း စိတ်ချမ်းသာရမှာပါ"

မကြားချင်ပါ။ ဘာကိုမှမကြားချင်ပါ။ ရွှေကဗျာနှင့်လက်ထပ်ဖို့ တိုက်တွန်းတာတွေကို သူ လုံးဝမကြားချင်ပါ။

အိမ်ရောက်တော့ ရွှေကဗျာ တံခါးလာဖွင့်ပေးသည်၊ သူပြုံးပြတော့ ရွှေကဗျာကလည်း ဝမ်းသာသည့်မျက်ဝန်းလေးနှင့်ကြည့်ပြီး ပြန်ပြုံးပြ၏။ ကိုယ်တိုင်လမ်းပေါ်က ကယ်တင်လာခဲ့သော သူမဟာ မကြာခင်မှာ သူ့ဇနီး တစ်ယောက်ဖြစ်တော့မည်။ သူ မသိခင်ကဆို အိမ်ဖော်တစ်ယောက်အဖြစ် ဟန်ဆောင်ပေးရသေးသည်။

ဒုက္ခခံပြီး နေပေးတာကလည်း သူမအဖေမဟုတ်။ သူ့အဖေဖြစ် သည်။ သူမ သို့မဟုတ် ရွှေကဗျာရဲ့မေတ္တာကို လေးစားတန်ဖိုးထားသည့် အနေနှင့် သူ့ဘက်က ပြန်ပေးရမှာကတော့ ချစ်ခြင်းမေတ္တာတွေပဲ။ ဒါပေမဲ့





လည်း သူ့ရဲ့အချစ်တွေက ရွှေကဗျာကိုတင်မဟုတ်ပါ။ ဘယ်မိန်းမကိုမှ မပေးနိုင်တော့အောင် ပိုးက အကုန်ယူသွားသည်။

တို့ကိုခွင့်လွှတ်ပါ ရွှေကဗျာ။ ဒါပေမဲ့ မင်းကိုလက်ထပ်မှာပါ။

■ ■ ■

## အခန်း (၃၇)

''သားလေး''

''ဗျာ ဖေဖေ''

''သမီးလေးကဗျာကိုလက်ခံလိုက်တာ သားစိတ်က လိုလိုလားလား ရှိလို့လား''

ဖေဖေ့မျက်နှာကို သေသေချာချာကြည့်လိုက်သည်။ အမှန်အတိုင်းပြောလိုက်ချင်သော်လည်း ဖေဖေ့ရဲ့မျှော်လင့်ချက်တွေကို ရိုက်ချိုးလိုက်သလိုမဖြစ်ချင်။ မာမီဆို ဝမ်းသာလွန်းလို့ ငိုရသည်အထိပင်။ ဒါတွေကို ဘယ်လိုနှလုံးသားနှင့်လျစ်လျူရှုရမလဲ။

''ရှိပါတယ် ဖေဖေ''

''သားလေးရယ် ဖေဖေ ဘယ်လိုဝမ်းသာမှန်းမသိဘူး။ သားကိုအရမ်းကျေးဇူးတင်ပါတယ်''

''ဖေဖေရယ် မဟုတ်တာ၊ သားအဖချင်းကို ဒီလိုပြောစရာလား''

''သိပ်လိမ္မာတဲ့သားဆိုတော့ ပြောရမှာပေါ့ သားရဲ့၊ သားမာမီလည်းအရမ်းဝမ်းသာနေတယ်''





''ဟုတ်ကဲ့ ဖေဖေ''

''မမနဲ့တိုင်ပင်ပြီး စေ့စပ်ဖို့ရက်ရွေးလိုက်တော့ အစ်ကိုရေ''

တစ်ချိန်လုံး ကျေနပ်ပြုံးတွေနှင့် ငြိမ်နေသော လေးလေး ဝင်ပြောတော့ ဖေဖေ ဝမ်းသာအားရနှင့်

''ဟုတ်တယ် အောင်အောင်''

ရင်ထဲမှာ ဘယ်လောက်ထိ ပူလောင်နေသည်မသိ။ ကော်ဖီပူပူတွေကို တစ်ကျိုက်ထဲ မြိုချလိုက်သည်။

■ ■ ■

ပျော်ရွှင်မှုတွေကင်းမဲ့နေတာကြာပြီဖြစ်သောသူက သူနှင့်ရွှေကဗျာစေ့စပ်ကြောင်းလမ်းခြင်းပါသော သတင်းစာလေးကိုကြည့်ပြီး ပိုးကို နင့်နင့်သီးသီး သတိရသွားသည်။

ပိုး ဘယ်မှာလဲ။ မောင် တစ်နေ့မှမမေ့ဘူး။

စေ့စပ်ကြောင်းလမ်းခြင်းသတင်းလေးကို ပိုး ဖတ်မိလျှင် ဖတ်မိမှာပါ။

မောင့်ကိုနားလည်ပေးပါ ပိုးရယ်။

ဒီနေ့မှ ပိုးကိုလှိုက်လှိုက်လှဲလှဲ သတိရနေသည်။

ရွှေကဗျာနှင့်လက်ထပ်ဖို့ တစ်ပတ်အလိုမှာ ဖေဖေက အရင်ဖေဖေနှင့်ရွှေကဗျာတို့သားအမိနေခဲ့သော အိမ်ကြီးနှင့်တကွ အတွင်းပစ္စည်း၊ ဘဏ်မှာရှိသော ငွေတွေအားလုံးကို ရွှေကဗျာ့လက်ထဲသို့ ရှေ့နေနှင့်လွှဲပြောင်းပေးသည်။

''ဒါ သမီးလေးရွှေကဗျာရဲ့ပစ္စည်းအားလုံးပဲ၊ သားနဲ့သမီးကို လွှဲလိုက်ပြီ''

သူနှင့်ရွှေကဗျာလက်မှတ်ထိုးပြီး လွှဲပြောင်းယူလိုက်သည်။

''သားလေးနဲ့သမီး နားလိုက်ဦး''

ရွှေနေကြီး ပြန်သွားတာနှင့် သားနှင့်ချွေးမလောင်းကို ချစ်မဝစွာ ကြည့်ပြီး မာမီပြောသည်။ ဖေဖေ၊ မာမီနှင့် လေးလေးမျက်နှာက အပြုံးတွေကိုကြည့်ပြီး သူ့ရင်ထဲချမ်းမြေ့သွားသည်။

''ဒါတွေအားလုံး အစ်ကိုပဲ သိမ်းထားပါနော်''

''ကဗျာပဲ သိမ်းထားလိုက်ပါ''

ရွှေကဗျာ့မျက်နှာပေါ်က ပျော်ရွှင်မှုတွေကလည်း ဖုံးမရ။

ရွှေကဗျာပေးသော စာချုပ်စာတမ်းနှင့်ပစ္စည်းတွေအားလုံးကို ပြန်တွန်းပို့ပြီး သူ အားလုံးနားက ထလာခဲ့သည်။

သူတစ်ယောက်ရဲ့ခံစားချက်တွေကို ချစ်သောသူတွေအားလုံးရဲ့ ပျော်ရွှင်မှုနှင့်လဲပစ်လိုက်သည့်အတွက် ကျေနပ်ပါသည်။

ဘဝဆက်တိုင်း ချစ်တဲ့သူနဲ့ မဝေးပါရစေနဲ့။

■ ■ ■

## အခန်း (၃၈)

''ကိုသက်မင်း ကိုသက်မင်း မဟုတ်လား''

''အောင်မိုး အောင်မိုး ညီလေး''

''ဟုတ်ပါတယ် ကျွန်တော် အောင်မိုးပါ၊ အစ်ကိုအရမ်းပိန်သွားတယ်နော်၊ ငယ်ရုပ်ကျန်သေးလို့သာ ကျွန်တော်မှတ်မိတာ''

''ဟုတ်တယ် ညီလေး ဘဝကရိုက်ခတ်တဲ့ဒဏ်တွေလေ၊ တကယ်တော့ ဘဝဆိုတာကို သက်သက်လွှဲချနေတာပါ၊ လူတွေက ဖန်တီးနေတာပါ ညီလေးရယ်၊ မင်းကတော့ ပိုတောင်နုနေသေးတယ်နော်''

ဦးသက်မင်းက ဦးအောင်မိုးဘေးက နှိုင်းမရကိုတစ်ချက်ကြည့်ပြီး

''ဒါ မင်းရဲ့သားလား''

''မဟုတ်ပါဘူး ကိုသက်မင်း၊ မမရဲ့သား ကျွန်တော့်တူလေးပါ''

''ဩော် ဟုတ်လား၊ မင်းကရော သားသမီးမရှိဘူးလား''

ဦးအောင်မိုး ရှက်ရယ်ရယ်ရင်း

''ကိုသက်မင်းကလည်း မိန်းမမှမရှိတာ၊ ဘယ်သားသမီးရှိမှာလဲ''

''ဟာ ဒါဆို မင်းက အိမ်ထောင်မပြုဖြစ်ဘူးလား၊ လူပျိုကြီးပေါ့''

လေးလေးအပြုံးနှင့်ခေါင်းညိတ်ပြတာကို လေးလေးမိတ်ဆွေက မယုံသလို သူ့ဘက်သို့ကြည့်လာတော့ ပြုံးလိုက်ပြီး

"ဟုတ်ပါတယ် အန်ကယ် ကျွန်တော့်လေးလေးက တစ်ခါမှ အိမ်ထောင်မကျဘူးသေးတဲ့ လူပျိုကြီးပေါ့"

"ဟာ တကယ်ပြောတာလား"

"လူကြီးကို ညာစရာလား အန်ကယ်ရယ်"

သူကပဲဝင်ပြောပေးတော့ လေးလေး ပြုံးနေသည်။

"ဟာ ဒါဆိုရင်တော့ ဝမ်းသာစရာပဲကွာ"

ဦးသက်မင်းဆိုသော အန်ကယ်ကြီး လေးလေးပခုံးကို အားရပါးရ ပုတ်ပြီးပြောလိုက်သော စကားသည် အဓိပ္ပာယ်တစ်ခုခုတော့ ကျိန်းသေရှိသည်။ လေးလေးမျက်လုံးတွေကလည်း ချက်ချင်းအရောင်တောက်လာပြီး အန်ကယ် ဦးသက်မင်းမျက်နှာကို မျှော်လင့်တကြီး ကြည့်နေသည်။

လေးလေး၏မိတ်ဆွေဟောင်း ဦးသက်မင်းသည် လေးလေးရဲ့ အတိတ်အကြောင်းတစ်ခုခုကို သိထားသူဖြစ်ရမည်။

လေးလေးနှင့်သူက မာမီ၊ လေးလေးရဲ့ညီမဝမ်းကွဲ နှလုံးသွေးကြော ကျဉ်းပြီး ဆေးရုံတင်ထားသည့်အတွက် သတင်းလာမေးခြင်းဖြစ်သည်။ အပြန် မှာလေးလေးမိတ်ဆွေ ဦးသက်မင်းနှင့်တွေ့တာ ဖြစ်သည်။

"အောင်မိုး ငါ့ခယ်မလည်း အိမ်ထောင်မပြုဖြစ်ပါဘူး"

"ဗျာ သူ သူအိမ်ထောင်မပြုဖြစ်ဘူး ဟုတ်လား"

ထင်သည့်အတိုင်း ဇာတ်လမ်းကတော့ စလာပြီ။ ထိုသို့မေးလိုက် တာသည် လေးလေးချစ်သူကို မေးတာကလွဲလို့ တခြားဘယ်သူဖြစ်ဦးမှာလဲ။

လေးလေး လူပျိုကြီး၏အတိတ်အကြောင်းကို သူက အသေအထဲ သိချင်နေသူဖြစ်သည်။ မေးလိုက်တိုင်း ဝေ့လည်ကြောင်ပတ်လုပ်နေသော လေးလေး အခုတော့ ဘာတတ်နိုင်သေးလဲ။





"ဟုတ်တယ် အိမ်ထောင်မပြုဖြစ်ဘူး။ အချစ်ကြီးလွန်းလို့ မာလာ ဘို့လည်း လက်လျှော့လိုက်ကြတယ်၊ မင်းအထင်လွဲပြီး ကိုယ်ရောင်ဖျောက် သွားပြီးတဲ့နောက် နှလုံးရောဂါစဖြစ်တော့တာပဲ၊ အခု သူ့နှလုံးရောဂါက တော်တော်ထုထည်ကြီးနေပြီ၊ စိတ်ဆင်းရဲစရာနည်းနည်းတွေ့တာနဲ့ နလန် မထူနိုင်ဖြစ်ရော"

"အခု သူ သူဘယ်မှာလဲဟင်၊ ကျွန်တော် တွေ့ချင်တယ်"

"တွေ့ချင်ရင် ငါတို့နဲ့လိုက်ခဲ့၊ ဟိုရက်ကတော့ တော်တော်စိုးရိမ် ရတယ်၊ အခုသက်သာနေပြန်ပြီ၊ တော်သေးတာပေါ့ကွာ အချိန်မီလေးပဲ သူ့ရောဂါသက်သာတာနဲ့ ရာသက်ပန်သီလရှင်ဝတ်တော့မှာ၊ မင်းကိုတွေ့ရင် တော့ စိတ်ပြောင်းရင်ပြောင်းသွားမှာပါ"

"လိုက်မယ် လိုက်မယ် အခုပဲလိုက်မယ် သား မရ"

သူကလည်း အလိုက်တသိပင်

"သွားလေ လေးလေး သားလိုက်လို့ရော ဖြစ်မလား"

"လိုက်ခဲ့ပေါ့"

ထိုစကားကိုတော့ လေးလေး မပြောဘဲ ဦးသက်မင်းပြောလိုက် သည်။

"သွားကြမယ်လေ ကိုသက်မင်း"

"ခဏနေဦး ငါ့သမီးပါတယ်၊ သမီးကလည်း မျိုးရိုးလိုက်တာ ဆင်တယ်၊ သူ့အဒေါ်လိုပဲ နှလုံးရောဂါဖြစ်နေပြီ၊ အခုမှစဖြစ်တော့ ဆေးဦး အောင်တော့ ကုနေတာပဲ ဟော ဟိုမှာ သမီးလာပြီ"

ဦးသက်မင်းညွှန်ပြရာဆီ သူနှင့်လေးလေး ပြိုင်တူကြည့်လိုက်တော့ အံ့ဩတုန်လှုပ်မှုတွေဖြင့်

"ပိုး"

ဘယ်လိုဘယ်လို ပိုးနားရောက်သွားမှန်းပင်မသိ။

"ပိုး ရက်စက်လိုက်တာ ပိုးရယ်၊ မောင့်ကိုဘာဖြစ်လို့ ခြေရာ ဖျောက်သွားတာလဲ ပြောပါဦး ပိုးရဲ့ ပိုး"

ပိုးမျက်လုံးအဝိုင်းသားလေးနှင့် စိုက်ကြည့်နေတာကို သူ ဘယ်လိုမှ စိတ်မထိန်းနိုင်ဘဲ ပိုး ပခုံးနှစ်ဖက်ကို ကိုင်လှုပ်လိုက်တော့

"ဟဲ့ ဟဲ့ မင်းဘယ်သူလဲ။ ဘယ်လိုလုပ်လိုက်တာလဲ ပိုးက နေကောင်းတာမဟုတ်ဘူး"

ပိုးကိုတွဲလာသော မိန်းမက မျက်နှာထိမျက်နှာထားနှင့်ပြောတာကို သူ ဂရုမစိုက်နိုင်ပါ။ ထိုအချိန်မှာပဲ လေးလေးနှင့်ဦးသက်မင်း အနားရောက်လာကြသည်။ အေးစက်စက်ပိုးပုံစံကိုကြည့်ပြီး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

"သမီး"

"ဖေဖေ"

အဖေဖြစ်သူရင်ခွင်ထဲမှာ ရှိုက်ကြီးတငင်ငိုနေတော့ ဦးသက်မင်း သူ့ကိုဖျတ်ခနဲကြည့်ပြီး သမီးဖြစ်သူ ပခုံးလေးကို ပွတ်ကာ

"ဘာဖြစ်လို့ ငိုရတာလဲ သမီးရယ်၊ ပြဿနာတိုင်းက အဖြေရှိပါတယ်"

"ပိုးက အန်ကယ့်သမီး ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို ပိုးက စန္ဒာ့တူမပေါ့"

လေးလေး တအံ့တသြမေးလိုက်တော့ ဦးသက်မင်း ခေါင်းညိတ်ပြီး

"ဟုတ်တယ်အောင်မိုး ပိုးက ငါနဲ့မာလာရဲ့သမီး၊ စန္ဒာ့တူမအရင်း





ပါ။ မာလာကတော့ သမီးငယ်ငယ်လေးတည်းက ဆုံးသွားတယ်၊ သူက ငါ့ရဲ့နောက်အိမ်ထောင်ပဲ"

သူနှင့်လေးလေး ပြိုင်တူကြည့်တော့ စောစောကပိုးကိုတွဲလာသော မိန်းမက ခေါင်းညိတ်ပြသည်။

"ဒါဆို သမီးချစ်သူကမင်းအစ်မ ဝေဝေမိုးကမွေးတဲ့ မင်းရဲ့တူပေါ့၊ ဖြစ်မှဖြစ်ရလေကွာ၊ တိုက်ပဲတိုက်ဆိုင်လွန်းတယ်"

ပိုးအဖေပြောသည့် တိုက်ဆိုင်လွန်းသောအဖြစ်ကြောင့် အံ့ဩဝမ်းသာစိတ်တွေနှင့်ချစ်ရသူလေးကိုကြည့်တော့ ပိုးက သူ့ကိုမကြည့်။

"သမီး အဲဒေါ်စန္ဒာက မင်းဦးလေးရဲ့ငယ်ချစ်ဦးဆိုတာကိုတော့ အခုမှသိတာလား"

"ဟုတ်ပါတယ်ခင်ဗျာ"

ယောက္ခမလောင်းကြီးအမေးကို ရိုရိုကျိုးကျိုးဖြေပြီး လေးလေးကို ကြည့်တော့ အပျော်လွန်နေသောမျက်နှာကြီးနှင့် ပြန်ကြည့်နေပါသည်။ သူ့ဘဝတစ်သက်တာမှာ လေးလေးကိုဒီလောက်ပျော်ရွှင်တုန်လှုပ်နေသည့် ပုံမျိုး တစ်ခါမှမတွေ့ဘူးပါ။ သူ ကိုယ်ချင်းစာပါသည်။ သူတောင်ဒီလောက် ကလေးခွဲရတာနှင့် ရင်တစ်ခုလုံး မဆံ့အောင် ခံစားရသေးတာ နှစ်တွေအကြာကြီး ခွဲနေရသော လေးလေးဆို ပြောမနေနှင့်တော့။

ရွှေကဗျာနှင့် မင်္ဂလာဆောင်ဖို့ ငါးရက်ပဲလိုတော့သည်။

ဘုရား ဘုရား သီသီလေးပါလား။

သူ ပိုးဆီအကြည့်ရောက်တော့ ပိုးက ပြန်မကြည့်ဘဲ မျက်ရည်စတွေနှင့်ငြိမ်ငြိမ်လေး ရပ်နေသည်။ သူ ဘယ်သူ့ရှေ့မှ ဂရုလည်းမစိုက်၊ ရှက်လည်းမရှက်နိုင်တော့ပါ။

"ပိုးကို မောင် မေးစရာရှိတယ်၊ ပြောစရာတွေလည်းရှိတယ်"

"ပိုး ဘာမှနားမထောင်ပါရစေနဲ့တော့ ကိုနိုင်းမရ"

"နားမထောင်လို့မရဘူး ပိုး၊ မောင် ဘယ်လောက်မျှော်လင့်ခဲ့တယ် စောင့်ခဲ့တယ်ဆိုတာ လေးလေးကိုမေးကြည့်"

"ဟုတ်ပါတယ် သမီးရယ်၊ သားနဲ့ခဏလောက် စကားပြောကြည့်ပါ"

ပိုးက ခေါင်းကိုတွင်တွင်ခါရမ်းပြီး

"ပိုး ဘာမှမသိချင်တော့၊ ကိုယ့်ဘဝနဲ့ကိုယ် နေသားလည်းကျနေပါပြီ၊ ပိုးကို မေ့လိုက်ပါတော့ ကိုနိုင်းမရ"

"ပိုးကို ဘယ်တော့မှမမေ့ဘူး၊ မောင့်မှာ ဘာအပြစ်မှမရှိဘဲ အသားလွတ်ကြီး သစ်စိမ်းချိုးချိုးပြီး ကိုယ်ရောင်ပါဖျောက်သွားတာ ဒီကကောင်မရှုံးရုံပဲရှိတယ် အဲဒါ ပိုးသိလား"

တော်တော်ကြာကြာ သိမ်းဆည်းထားသော ဝေဒနာတွေကို အခုမှပင် ရင်ဖွင့်နေသော ပိုးအဖေ၊ မိထွေးနှင့်လေးလေးတို့ ဘာလုပ်ရမှန်းမသိဘဲ သူနှင့်ပိုးကိုသာ တစ်လှည့်စီကြည့်နေကြသည်။

"ဟုတ်ပါတယ် သမီးရယ်၊ သမီးတို့တူအရီး ရုတ်တရက်ပျောက်သွားတော့ လေးလေးတူ ခံစားရတာနဲ့ထပ်တူထပ်မျှ တစ်မိသားစုလုံး ခံစားရပါတယ်"

ကိုယ့်ခံစားချက်ကိုနောက်ထားကာ တူဖြစ်သူဝေဒနာကို ဦးအောင်မိုးဦးစားပေးဖောင်ပြနေတော့ ဦးသက်မင်း ခေါင်းညိတ်ပြီး

"သမီး"

ပိုးအဖေဖြစ်သူကိုမော့ကြည့်သည်။

"ကောင်လေးနဲ့ ခဏလောက် စကားပြောကြည့်လိုက်ပါ၊ ပြီးရင် သမီးဘာသာ ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်"





"ဘာမှဆုံးဖြတ်စရာမလိုတော့ပါဘူး ဖေဖေ၊ သူလည်း လက်ထပ်တော့မှာပါ"

သူမအဖေကိုပြောပြီးတာနှင့် သူ့ဘက်လှည့်လိုက်ကာ

"ရွှေကဗျာကိုပဲ လက်ထပ်လိုက်ပါ ကိုနိုင်းမရ၊ ဒါဟာ အဖြစ်သင့်ဆုံးပါ၊ ကိုနိုင်းမရမှာ ဘာအပြစ်မှမရှိဘဲ ရှောင်ပုန်းခဲ့တာကိုတော့ ပိုး တောင်းပန်ပါတယ်၊ နေမြဲတိုင်းပဲ နေကြတာ အားလုံးစိတ်ချမ်းသာရမှာပါ ပိုးကိုသွားခွင့်ပြုပါ"

ပိုးရဲ့ဥပေက္ခာပြုမှုနှင့်အပြောတွေကြောင့် အသားတွေတဆတ်ဆတ်တုန်သည်အထိ သူခံစားနေရသည်။

"ဒီမှာ ပိုး မောင် ပိုးကိုချစ်တာ အပေါ်ယံကြောမဟုတ်ဘူးဆိုတာ ိုး သိပါတယ်၊ ရွှေကဗျာကိုလက်ခံခဲ့တာလည်း ပိုးကိုရှာမတွေ့လို့ ဖြစ်သင့်တာ ုပ်သင့်လုပ်ထိုက်တာကိုလုပ်လိုက်တာပဲ၊ အခုပိုးကိုတွေ့ပြီလေ ပိုးကိုအချိန်မီ တွေ့ရဲ့နဲ့ ရွှေကဗျာကို လက်ထပ်လိုက်ရင် မောင်တစ်သက်လုံး စိတ်ဆင်းရဲနေရမှာ၊ ပိုးရော စိတ်ချမ်းသာမလား"

အသံတွေတုန်ပြီး ငိုသံပါနေသောသူ့ကို ပိုးဖျတ်ခနဲကြည့်ပြီး ခေါင်းငုံ့သွားသည်။ ပိုး မျက်ဝန်းထဲမှာ သံယောဇဉ်မကုန်သည့် အရိပ်တွေတွေ့နေသည်။

"ကဲ သမီး ဖေဖေပြောတာကို နားထောင်ပါ၊ ခဏလောက်တော့ ကားပြောလိုက်ပါ"

"ဟုတ်ပါတယ် သမီးသဘောမတူဘဲ ဘာမှမလုပ်ပါဘူးဆိုတာ လေးလေးတူဘက်က အာမခံပါတယ်"

လေးလေးပါဝင်ပြောတော့ ပိုး စဉ်းစားသလို ငြိမ်နေသည်။

"လာပါ ပိုးရယ်"

"တစ်ဆိုင်ဆိုင်ကို သွားကြမယ်"

ထိုနေရာမှ အခြေအတင်ဖြစ်နေတာကြာသွားတော့ ပိုးအဖေ သတိရသလိုပြောသည်။ သူ့ကားလေးနှင့်ပင် မနီးမဝေး စားသောက်ဆိုင်တစ်ခုသို့ ရောက်လာကြသည်။

ကားမောင်းနေသော လေးလေးဘေးမှ ပိုးကိုပဲကြည့်နေမိသည်။ လေးလေးက သူ့ကိုတော့ စိတ်လှုပ်ရှားနေသည့်အတွက် ကားမမောင်းနဲ့တဲ့။ သူကျတော့ နှစ်ရှည်လများကွဲကွာနေသော ငယ်ချစ်ဦးနှင့်ပြန်တွေ့ရမှာဖြစ်သည့်အတွက်စိတ်လှုပ်ရှားရုံတင်မဟုတ် ရင်တွေလည်းခုန်နေမှာပါ။ အခုမှပင် လေးလေးကို ကိုယ်ချင်းစာသွားပြီး လှည့်ကြည့်လိုက်တော့ မျက်နှာတစ်ပြင်လုံး အပြုံးတွေ ဝေနေသည်။

"ငါတို့ဒီမှာပဲထိုင်ကြတာပေါ့ မင်းကိစ္စထက် မင်းတူနဲ့ငါ့သမီးကိစ္စက ပိုအရေးကြီးနေတော့ ခဏလောက်တော့ ဆက်ပြီး သည်းခံလိုက်ဦး အောင်မိုးရေ"

"ရပါတယ် ကိုသက်မင်းရဲ့"

လေးလေး အရှက်ပြေရယ်ရင်း ပြောသည်။

သူနှင့်ပိုးက လေးလေးတို့နှင့် မလှမ်းမကမ်းမှာပိုင်းမှာထိုင်လိုက်သည်။ မလှုပ်မယှက် ငြိမ်ငြိမ်လေးထိုင်နေသော ပိုးပုံစံကို သူ အားမရနည်းနည်းပိန်သွားတာကလွဲလျှင် ပိုးက အရင်အတိုင်းပင်။ စောစောက ပိုးအဖေပြောတာ သတိရသွားတော့ ထိတ်ခနဲ ဖြစ်သွားပြီး

"ပိုး နှလုံးရောဂါဖြစ်နေပြီဆို၊ အခုဆေးပြတော့ ဆရာဝန်က ဘာပြောသေးလဲ"

"ကောင်းပါတယ်"

အေးစက်စက် ခပ်စိမ်းစိမ်း ပိုးအဖြေကို မကျေနပ်ပေမယ့် ပိုးကို စိတ်မဆင်းရဲစေချင်ပါ။

ပိုးနှုတ်ခမ်းကို တင်းတင်းစေ့ပြီး





"ပိုးတို့ ဘာဖြစ်လို့ ခြေရာပျောက်သွားလဲဆိုတာကို သိချင်တာမဟုတ်လား"

"အဲဒါကို အရင်ပြော ပိုး"

"ကိုနိူင်းမရ မိသားစုနဲ့"

"မောင့်ကို အဲဒီလိုမခေါ်ပါနဲ့ ပိုး"

ပိုး စကားကိုဖြတ်ပြီး သူပြောလိုက်သည်။ ပိုးခေါ်သံကြောင့် အောင့်သက်သက်နှင့်နေလို့မရ။ ပိုးက စိတ်ကိုလျှော့ချလိုက်သလို သက်ပြင်းလေးချပြီး

"ဒေါ်လေးနဲ့မောင့်မိသားစုကိုတွေ့မပေးခင် စနေနေ့ကိုမှတ်မိလား"

"မှတ်မိတာပေါ့ ပိုးရယ်"

သေသေချာချာကြီး အမှတ်တရနေ့ဖြစ်သည့်အတွက် သူ ချက်ချင်းဖြေလိုက်ပြီးမှ ပိုးကိုအားနာသလိုလိုကြီး ခံစားသွားရသည်။

"အဲဒီအချိန်မှာ ဒေါ်လေးက ဘုရားပေါ်မှာရှိတယ်၊ မောင်တို့မိသားစုကိုလည်းမြင်ရော တုန်လှုပ်ချောက်ချားပြီး အိမ်ပြန်လာတယ်၊ မောင့်လေးလေးက ဒေါ်လေးအချစ်ဦးဆိုတာ သိပြီးပြီမဟုတ်လား"

"မောင် အခုမှသိတာပါ"

"ဒေါ်လေးကို ခါးခါးသီးသီးဖြစ်ခဲ့တဲ့မောင့်အမေက ပိုးယောက္ခမလောင်းဆိုတာသိပြီး ဒေါ်လေး သွေးပျက်မတတ်ဖြစ်သွားတယ်"

သူ့မျက်နှာကို ပိုး ဖျတ်ခနဲ ကြည့်သည်။ ဒီအကြောင်းတွေကို လုံးဝမသိခဲ့ပါ။ ပိုးကတော့ ယုံချင်မှယုံမည်။ သိပ်ချစ်ရသော ဦးလေးမှာ အချစ်ဦးရှိခဲ့တာတောင် အခုမှသိရသည်။ ပိုး ဆက်ပြော၏။

"ဒါပေမဲ့ လေးလေးက ဒေါ်လေးကို တော်တော်ချစ်တော့ လာခိုးဘယ်၊ ပိုးအမေနဲ့ ဘွားလေးတို့က မောင်တို့ဘက်ကလူတွေကိုစိတ်နာပြီး

ဒေါ်လေးက သူဌေးသားတစ်ယောက်ကို လက်ခံလိုက်ကြောင်း ပြောလွှတ်လိုက်တယ်၊ အဲဒီနောက်လည်း လေးလေး ခဏခဏလာတွေ့ပေမယ့် ဒေါ်လေးကအတွေ့မခံဘူး၊ နောက်ဆုံး လေးလေးစိတ်နာပြီး ပျောက်သွားတယ်၊ ဒေါ်လေး စိတ်ထိခိုက်ပြီး သေတဲ့အထိကုမရတဲ့ နှလုံးရောဂါရခဲ့တယ်၊ အခု တစ်ခါ ဒီတူမက ထပ်ပတ်သက်မိပြန်တော့ သူ ဘယ်လိုလုပ်ခံစားနိုင်တော့မှာလဲ''

ပိုး ဆက်မပြောဘဲ ငိုရှိုက်နေတော့ သူ့ရင်ထဲ ထိထိခိုက်ခိုက် နာနာကျင်ကျင်ကို ခံစားသွားရသည်။

''ဒါနဲ့ပဲ ခြေရာပျောက်သွားတာလား''

''ဟုတ်တယ်''

''ဘာဆိုင်လို့လဲ ပိုးရယ်''

''ဘယ်လိုပြောလိုက်တာလဲ မောင်၊ ဒေါ်လေးက ဒီမျက်နှာတွေကို ဘယ်လိုသတ္တိမျိုးနဲ့ကြည့်ရမှာလဲ''

''ဒေါ်လေးမှာ ဘာအပြစ်ရှိလို့လဲ မောင်၊ ဒေါ်လေးက ဒီမျက်နှာတွေကို ဘယ်လိုသတ္တိမျိုးနဲ့ကြည့်ရမှာလဲ''

''ဒေါ်လေးမှာဘာအပြစ်ရှိလို့လဲ ရဲရဲရင်ဆိုင်ရမှာပေါ့၊ ထားပါ ပိုးက ရော မောင့်ကိုဘာစိတ်နာစရာရှိလို့ ဒေါ်လေးခိုင်းတဲ့အတိုင်း လိုက်လုပ်ရတာလဲ''

''ဒေါ်လေးကို တစ်ယောက်တည်း လွှတ်ရက်မလား မောင်၊ ပိုးကိုလည်း ဒေါ်လေးတူမမှန်းသိရင် မောင့်အမေသဘောတူမှာမဟုတ်ဘူး''

''ထင်တာနဲ့ မပြောပါနဲ့ ပိုးရယ်၊ အချိန်တွေလည်း ကြာခဲ့ပါပြီ၊ နောက်ပြီး ပိုးကို မာမီ ဘယ်လောက်ချစ်တယ်ဆိုတာ ပိုး သိနေတာပဲ''

''ဒါ ဒေါ်လေးတူမမှန်းမသိလို့ပါ''





''ပိုးကို မောင် စကားနိုင်မလုချင်ပါဘူး၊ ပိုးကမောင်ချစ်သလို မချစ်ပါဘူး၊ ဘာမဟုတ်တဲ့ပြဿနာလေးနဲ့များ ကိုယ်ချစ်တဲ့သူကို ရက်ရက်စက်စက် ပစ်သွားရက်တယ်၊ မောင် ဘယ်လောက်ခံစားရလဲ ပိုးမသိဘူး၊ ကဲပါ ပြီးတာတွေ ထားလိုက်ပါတော့၊ အခုဆို ဘယ်သူဘာပြောပြော ဒေါ်လေးကို လေးလေးလက်ထပ်မှာပဲ၊ မောင်အခုပြန်တာနဲ့ ဖေဖေ မာမီနဲ့ ရွှေကဗျာကို ဖွင့်ပြောလိုက်ပြီး ပိုးကိုလက်ထပ်မယ်''

ပြောပြီးတာနှင့် ပိုးလက်ကလေးကို ကိုင်လိုက်တော့ သူမ တွန့်ခနဲ ဖြစ်သွားပြီး အတင်းပြန်ရုန်းကာ

''မဟုတ်တာ လက်ထပ်ဖို့ ရက်ပိုင်းပဲလိုတော့တဲ့လူတစ်ယောက် က ဒီလိုမလုပ်သင့်ပါဘူး''

''မလုပ်လို့မရဘူး မောင် ပိုးနဲ့ထပ်မဝေးပါရစေနဲ့နော်''

''ရွှေကဗျာဘက်ကိုလည်း ထည့်စဉ်းစားပါဦး မောင်ရယ်''

''မစဉ်းစားနိုင်ဘူး ပိုး၊ ပိုးကိုရှာမတွေ့လို့ သူ့ကိုလက်ခံခဲ့တာ လူကြီးတွေလည်းသိတယ်၊ သူလည်းသိတယ်၊ ပိုး နောက်ထပ်ခွဲရမယ့်စကား မပြောပါနဲ့တော့ ပိုးရယ်''

စိတ်ရှုပ်ထွေးနေပုံရသော ချစ်သူကိုကြည့်ပြီး သူ ဘာလုပ်ရင် ကောင်းမလဲတွေးနေသည်။ ဘယ်နည်းနှင့်မှ ပိုးကိုလက်လွှတ်မခံနိုင်ပါ။ မျက်စိအောက်ကထပ်ပျောက်သွားမှာကိုလည်း အရမ်းကြောက်နေမိသည်။

''ပိုး ဟိုမှာ လေးလေးကလည်း ဒေါ်လေးဆီသွားချင်နေပြီ၊ ကိုယ်ချင်းစာပေးလိုက်ပါ ပိုးရယ် သနားပါတယ်''

''သွားပေါ့ ပိုးက ဘာပြောနေလို့လဲ''

''ပိုးအဖေတို့ကိုပါ သွားခိုင်းလိုက်တော့မယ်လေ၊ ပိုးက မောင်နဲ့ ဒီနေ့တစ်နေ့တော့ လွတ်လွတ်လပ်လပ် လျှောက်လည်ခွင့်ပေးပါ''

''မဟုတ်တာ''

"မောင် ခံစားခဲ့ရတာတွေကို ဒီလောက်ကလေးတောင် မပေးဆပ်ချင်ဘူးလား"

ပိုး ဘာမှမပြောတော့ မောင်က လေးလေးနှင့်ဖေဖေတို့ဆီ လှစ်ခနဲ ထသွားသည်။ ပိုးလည်းသိပ်ချစ်ရသော အချစ်ဦး အချစ်ဆုံးမောင့်ကို မမျှော်လင့်ဘဲတွေ့ရလို့ ဝမ်းသာနေတာပါ။ နောက်ပြီး မောင့်အချစ်တွေက အရင်အတိုင်းပဲဆိုတာသိရတော့ ပြောမပြတတ်အောင် ပိုးကျေနပ်နေသည်။

ဖေဖေတို့ကို မောင် ဘယ်လိုပြောခဲ့သည်မသိ။ ဖေဖေတို့လင်မယား နှင့်လေးလေးတို့ ပိုးကိုလက်ပြပြီး ဆိုင်ထဲက ထွက်သွားကြသည်။ မောင်ကတော့ အေးအေးသက်သာပင် ပိုးဆီကိုလျှောက်လာနေသည်။

"ဖေဖေတို့ကို ဘာပြောလိုက်တာလဲ"

"ဒီနေ့တစ်နေ့တော့ ပိုးနဲ့လျှောက်လည်ခွင့်ပြုပါလို့"

ပိုး နှုတ်ခမ်းစူပြီး

"အဓိပ္ပာယ်မရှိတာတွေ သိပ်လုပ်တာပဲ၊ အဲဒါကြောင့် လူဆိုးလို့ ပြောကြတာ"

"ဘာဖြစ်လို့ အဓိပ္ပာယ်မရှိဘူးလို့ ပြောတာလဲ ပိုးရဲ့"

"လက်ထပ်ဖို့ရက်ပိုင်းပဲလိုတော့တဲ့ လူတစ်ယောက်ဟာ လိမ္မာတဲ့သူဆို အခုလိုမျိုးလုပ်မှာမဟုတ်ဘူး"

"ဒါဆိုလည်း မောင်လူလိမ္မာမဖြစ်ချင်တော့ဘူး"

"ဘာပြောတယ်"

"တိုးတိုးအော်ပါ ပိုးရဲ့၊ သူများတွေဝိုင်းကြည့်ကုန်ပြီ လာ လာ အမြန်ဆိုင်ထဲက ထွက်ကြစို့"

ညာတာပါတေးနှင့် ပိုးလက်ကလေးကိုဆွဲခေါ်တော့ ယက်ကန်ယက်ကန်နှင့်ပါလာသည်။ ဒီတစ်ခါတော့ ပိုးမရုန်းမိတော့ပါ။ မောင်ကားသော့လေးဖွင့်နေတော့





"ကားယူထားတော့ လေးလေးက ဘာနဲ့သွားမလဲ"

"တက္ကစီနဲ့ပေါ့ ပိုးရဲ့၊ အခုအချိန်မှာ ဦးလေးရောဂါထက် တူဖြစ်သူရဲ့ရောဂါကပိုဆိုးတယ်လေ"

ပိုး မျက်စောင်းထိုးပြီး မောင်ဖွင့်ပေးသော ကားတံခါးမှ တက်လိုက်သည်။

ပိုးကားပေါ်ရောက်တာနှင့် တစ်ဖက်က သူလှည့်တက်ပြီး ကားလေးကို အသားကုန်မောင်းနေမိသည်။

ဒီနေ့တစ်နေ့လည်း လည်ဖို့ခေါ်လာတာမဟုတ်ဘဲ တစ်သက်လုံးနေဖို့ခေါ်လာတာဟု ပြောလိုက်လျှင် ပိုး ဘာပြောမလဲ သိချင်သည်။

"ဖြည်းဖြည်းမောင်းပါ၊ ဘယ်ကိုသွားမလို့လဲ"

"ပိုး ကြောက်လို့လား"

"ကြောက်တာပေါ့"

"မကြောက်ပါနဲ့ ပိုးနားမှာ မောင်ရှိနေတာပဲ၊ တစ်ခုခုဆို ပိုးကိုတော့ ဘယ်အဖြစ်ခံမလဲ၊ မောင်ပဲ ခံလိုက်မယ်"

"နိမိတ်မရှိတာတွေ မပြောပါနဲ့"

"အိုကေ အဲဒါဆို နိမိတ်ရှိတာပဲ ပြောတော့မယ်နော်"

ပိုးက ပြုံးပြီးခေါင်းညိတ်တော့ အရဲစွန့်ပြီး

"ပိုးအဖေနဲ့လေးလေးကို ခွင့်သွားတောင်းတာ ပိုးကိုအပြီးအပိုင်ခေါ်ဖို့ ယောက္ခမကြီးက ပိုးကျေနပ်ရင် ပြီးရောတဲ့"

ပိုးအလန့်တကြား မောင့်မျက်နှာကိုကြည့်လိုက်တော့ မျက်နှာငယ်လေးနှင့်ပြန်ကြည့်နေသော မောင့်မျှော်လင့်ချက်တွေကို မဖျက်ဆီးရက်ပါ။

"ပိုး"

ပိုးမထူး။

"ဒီတစ်ခါတော့ မောင်လူဆိုးဖြစ်ရင်လည်း ဖြစ်ပါစေတော့ပိုးရယ်၊ ပိုး မောင့်ကိုချစ်သေးတယ်မဟုတ်လားဟင်"

"ပိုး"

"..."

"ပိုး"

"ဘယ်လိုဖြစ်နေတာလဲ ကားကိုကောင်းကောင်းမောင်း"

"ပိုးက အဲဒီလိုကြီးလုပ်နေတော့ မောင် ဘာကိုမှ ကောင်းကောင်း လုပ်လို့ရမှာမဟုတ်ဘူး"

ကားမောင်းနေသော သူ့အကြည့်တွေက ပိုးဆီသို့သာ။

လမ်းသွယ်လေးထဲက တက်လာသောကားတစ်စီးကို ကျွမ်းကျင်စွာ ကွေ့ရှောင်လိုက်တော့ ပိုးရင်ဘတ်လေးဖိကာ သူ့ကိုကြည့်ပြီး

"မောင် လူဆိုးကြီး"

ကားကိုတံ့ခနဲ ထိုးရပ်လိုက်ပြီး ပိုးတစ်ကိုယ်လုံး အတင်းပွေ့ဖက်ထားလိုက်သည်။

"လွှတ် လမ်းမကြီးမှာ မရှက်ဘူးလား"

"မရှက်ပါဘူး၊ မောင်ဆိုးတာ ပိုးကိုချစ်လို့ဆိုးတာပါ"

"ဒါဆို နှိုင်းမရက လူဆိုးကြီးဆိုတာ တကယ်ပေါ့"

"လူဆိုးလေးပါ ပိုးကိုချစ်လွန်းလို့ နည်းနည်းလေးပဲဆိုးတဲ့ လူဆိုးလေးပါ"

ဒီတစ်ခါ ပိုးက မရှုန်းသည့်အပြင် ပိုတိုးကာဖက်ထားရင်း...။

အားလုံးအတွက်
နတ်သမီး